www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

အကြင်နာများကောင်းကင်ယံသို့လွင့်တပ်ထားသည်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၆၀၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၂၃၁၀၀၇

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

## စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

ညီမ ကိုယ် ညီမမိတ်ဆက်ပါရစေ။ ညီမက နီမာဝင်းပါနော်။ နောက်ဆုံးနှစ် Physics မေဂျာနဲ့ ရတနာပုံတက္ကသိုလ် မန္တလေးမှာတက်နေပါတယ်။ 'ကြယ်ကလေးရဲ့နှင်တံ' စာအုပ်ကို ဖတ်ပြီး မမဆီစာရေးခဲ့တာပါ။ မမရဲ့စာအုပ်ကို ပထမဆုံးဖတ်ဖူးပေမဲ့အရမ်းကြိုက်တယ်။ မမရဲ့ထွက်ပြီးတဲ့စာအုပ်ကိုလည်း ဖတ်နေဆဲပါ။ မမရဲ့စာအုပ်တွေက ဆွဲဆောင်မှုရှိတယ်နော်။ ညီမ အမြဲအားပေးနေမယ်။ မ,တစ်ယောက် စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းလျက် ... ။

နီမာဝင်း
ခ-၈/၃၄၊ အမှတ်(၂)၊
၆၅-၆၆လမ်းကြား၊
[illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့

မမဆုမြတ်မွန်မွန်

'မမမြတ်' လို့ပဲခေါ်ပါရစေနော်။ သမီးက 'မမြတ်'ရဲ့ ပရိသတ်တစ်ဦးပါ။ မမြတ်ရေးတဲ့ 'နှုးညံ့ခြင်းပြိုင်ပွဲ' ဆိုတဲ့ ဝတ္ထု က အရမ်းကောင်းပါတယ်။ ၂၀၀၇ခုနှစ်လ မဂ္ဂဇင်းမှာရေးတဲ့ ဝတ္ထု တိုက အရမ်းကောင်းတာပဲ။ နောက်တစ်ခါကျရင် ဝတ္ထုရှည်တွေ ရေးပေးပါနော်။ နောက်ထွက်မဲ့ဝတ္ထုတွေကိုလည်း သမီးမျှော်နေမှာပါ။ မမ သမီးကို ညီမလေးတစ်ယောက်ခင်တယ်ဆိုရင် စာပြန်ပါနော်။ မမရဲ့ပြန်စာကိုလည်း မျှော်လင့်နေမှာပါ။

ထာဝရဆုတောင်းလျက်

ညီမလေး

သွေး
ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ၊
နှစ်ကရင်ကျေးရွာ၊
[illegible]



မမမွန်

ခင်မင်လေးစားစွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ် ...။ မမမွန်လို့ပဲခေါ်ပါရစေနော်။ ညီမလေးက မမရဲ့စာအုပ်တွေကို လစဉ်ဖတ်ပါတယ် ... ။ မမရဲ့စာအုပ်ထဲမှာ 'နှုးညံ့ခြင်းပြိုင်ပွဲ' ကို အရမ်းကြိုက်တယ်။ လူငယ်တွေထဲမှာ ဖြစ်တတ်တဲ့သဘာဝကို ရေးထားပေးလို့လေ။ မမရဲ့ထာဝရစာဖတ်ပရိသတ်အဖြစ် သတ်မှတ်ပေးစေချင်ပါတယ်။ မမမွန်တစ်ယောက် အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မမမွန်ရဲ့

စာဖတ်ပရိသတ်

မေမော်စိုး
နခ/၄၃၀
အ.ထ.က(၄)ကျောင်းနောက်၊
မင်းလှရပ်ကွက်၊ ဗန်းမော်မြို့၊
ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မမမွန်

ညီမလွင် မိတ်ဆက်စာရေးလိုက်ပါတယ် … ။ ညီမလေး မမမွန်ရဲ့စာအုပ်တွေကို အရမ်းကြိုက်တယ်။ အကြိုက်ဆုံးကတော့ 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်' ဆိုတဲ့စာအုပ်လေးပါပဲ …။ ဇာတ်အိမ်ဖွဲ့ပုံနှင့် ဇာတ်လမ်းလေးကို တအားကြိုက်သွားပါတယ်။ မမမွန်ရဲ့ ထွက်သမျှစာအုပ်တွေကို အမြဲတမ်းအားပေးနေမှာပါ။ ညီမက အခုမှ မိတ်ဆက်စာရေးဖူးလို့ အမှားပါရင်ခွင့်လွှတ်ပါရှင့်။ မမမွန်ကို ထာဝရအားပေးနေမဲ့ ပရိသတ်တစ်ဦးပါ။

M.L.K (or) ညီမလွင်
C/O ဒေါ်သစ်သစ်မြင့်(ကျောင်းအုပ်)၊
(အ.ထ.က) ကျွန်းလှ၊ ကျွန်းလှမြို့၊

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မွန်ကလေးရေ …

မမစာရေးလိုက်တယ်နော်။ မ,ရဲ့စာကိုဖတ်နေရတဲ့အချိန်ကလေးမှာ မွန်တစ်ယောက် သာယာချမ်းမြေ့တဲ့အချိန်ကလေး ဖြစ်ပါစေလို့ မ, ဆုတောင်းပေးလိုက်ပါတယ်နော်။ မွန်ကလေးရေ မွန်ရေးတဲ့ဝတ္ထုအားလုံး အကုန်ဖတ်တယ်။ အရမ်းကြိုက်တယ်။ တစ်အုပ်မှမလွတ်ဘူး။ အားလုံးကောင်းတယ် … ။ ဘယ်နေရာမှ ဟာကွက်မရှိဘူး။ စာအုပ်ဖတ်ပြီးဆိုလည်း ပြီးသွားမှာတောင် အရမ်းကြောက်တယ်။ ကောင်းလွန်းလို့လေ။ တကယ်ပါ။ ဆက်လက်အားပေးနေမှာပါ။ ကြိုးစားနော် ညီမလေး … ။ အကောင်းဆုံး အတော်ဆုံးဆရာမတစ်ယောက်ဖြစ်ပါစေလို့ မ, ဆုတောင်းပေးလိုက်ပါတယ်။

ရွှင်လန်းချမ်းမြေ့ပါစေ … ။

မအေးပြုံးရီ
ရှမ်း။ (၆၀)၊ **ချမ်းသာလမ်း**
လှိုင်တော်မြို့၊ ကယားပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်

ကျွန်တော်က မဆုမြတ်ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ထွက်သမျှစာအုပ်တိုင်းကိုလည်း ဖတ်ဖြစ်ပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တွေထဲကမှ 'နှုးညံ့ခြင်းပြိုင်ပွဲ' စာအုပ်ကို အကြိုက်ဆုံးပါပဲ။ တခြားစာအုပ်တွေကလည်း စွဲဆောင်မှုရှိပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် မဆုမြတ်ရဲ့ဓာတ်ပုံလေးနဲ့ ခင်မင်မှုစာလွှာလေး လက်ဆောင်ပါပေးလိုက်ပါဗျာ ... ။

မဆုမြတ်ရဲ့စာဖတ်ပရိသတ်

ဝင်းမင်းသန့်
အမှတ်(၂)၊ ရန်ကြီးအောင်ရပ်၊
ရွှေကူမြို့၊ ကချင်ပြည်နယ်။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

စာရေးဆရာမ မဆုမြတ်မွန်မွန်

မမလို့ပဲ ခင်မင်မှုအနေနဲ့ ခေါ်လိုက်တော့မယ်နော် ... ။ ကျွန်တော် အရင်က မမရဲ့ဝတ္ထုတွေကို မဖတ်ဘူး။ သူငယ်ချင်းက မင်းဖတ်ကြည့်လို့ပြောတော့ ယူဖတ်လိုက်တာ အခုဆိုရင် မမရေ ... မောင်ကျွန်တော်တို့ဖြစ်နေပြီ။ စာအုပ်ဆိုင်သွားရင် မမစာအုပ်အသစ်ထွက်ပြီလားလို့ မေးရတာလည်း မောပြီ။ မမတို့စာရေးဆရာတွေကို အားကျတယ်။ ဆင်နှဲရဲ့သားဝတ္ထုလေးတွေလည်း ရေးပေးပါဦး။ မမ ရှေ့ဆက်ပြီး အနုပညာစာပေလမ်းခရီးမှာ အောင်မြင်မှုတွေနဲ့ တွေ့နိုင်ပါစေလို့ ဆုတောင်းပေးပါနော်။ ကျွန်တော့်အကျင့်က စာထည့်ပြီးရင် ပြန်စာကို အမြဲမျှော်နေတတ်တယ်။

စာတို့တည်၊ ကလောင်ပျိုဖြင့်
ပြည့်တိုင်းအကျိုး၊ သယ်ပိုးလှိုက်ခတ်
ညံဘဝင်လို့တိုင်ပါစေ ... ။

ဆန္ဒမွန်ဖြင့် ...
မမရဲ့ပရိသတ်တစ်ဦးဖြစ်တဲ့

မောင်ဇူမိုးဦး
B.Ed (Fourth Year)
စစ်ကိုင်းပညာရေးတက္ကသိုလ်၊
PMT 360 ရေကြည်ရပ်ကွက်၊
မြစ်ကြီးနားမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မင်္ဂလာပါ။ ပထမဦးဆုံး မဆုကို မိတ်ဆက်ပါရစေ ... ။ ညီမလေးက Second Year (ပထဝီ) အဝေးသင်နဲ့ တက်နေပါတယ်။ ညီမလေးက ဆုရဲ့ပရိသတ်တစ်ဦးဆိုရင်လည်း မမှားဘူး။ မဆုရဲ့စာအုပ်တွေကို မလွတ်တမ်းဖတ်ခဲ့တယ်။ ဖတ်ပြီးရင်လည်း ရင်ထဲမှာ တစ်ခုခုကျန်နေခဲ့တယ်။ ညီမလေးက 'အနမ်းဆက်တိုင်း' ကို ပိုပြီးကြိုက်တယ်။ မဆုရေးတဲ့ စာအုပ်တိုင်းဟာ အရမ်းကဗျာဆန်တယ် ... ။ ပြီးတော့ စာအရေးအသားတွေကလည်း အရမ်းကောင်းတယ်။ မဆုကို အမြဲအားပေးနေမယ်နော်။ ဒီထက်မကလည်း အောင်မြင်ပြီး စာအုပ်ကောင်းများလည်း ထွက်ရှိပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ...

မဆုရဲ့ပရိသတ်

သီရိချို
အမှတ်(၄၉၆)
နောက်လယ်(၁)လမ်း၊
အောက်ဘလောက်၊
မြိတ်မြို့၊ တနင်္သာရီတိုင်း။

စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မ

မ့ကိုခင်မင်လေးစားမိတယ်။ မ့စာအုပ်တွေထဲက ဇာတ်ကောင်မိန်းကလေးတွေဟာ အရမ်းလေးစားဖို့ကောင်းတယ်။ အချစ်အတွက်နဲ့ ဒူးမထောက်ကြဘဲ အများအားဖြင့် ဘဝတက်လမ်းအတွက် ဦးစားပေးတာကို ရေးတာတွေ့ရတယ်။ ပြီးတော့ မ့ရဲ့စာအုပ်တိုင်းမှာ မှတ်သားစရာဒဿနတွေလည်း တွေ့ရတယ်။ မ့ရဲ့စာအုပ်ဟာ စာပေလောကရဲ့ အမြုတေတစ်ခုပါပဲ။ လေးစားမိပါတယ်။ စိတ်ကူးသစ်တွေနဲ့ ပရိသတ်အပေါ် အကျိုးပြုနိုင်မဲ့ ဇာတ်ကောင်များစွာ ဖန်တီးနိုင်ပါစေ။

မရဲ့ထာဝရပရိသတ်

ဆောင်းမြူ
အမှတ်(ဓ/၅)၊ မြစတ်ရည်(၁)လမ်း၊
မြို့သစ်တံတားဦး၊ မြိတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစ

မဆုမြတ်မွန်မွန်

ခင်မင်မှုများစွာနဲ့ ညီမလေး ဒုတိယအကြိမ်မြောက် စာထည့်လိုက်ပါတယ်။ ညီမလေးဆီကို မဆုမြတ်ရဲ့ဓာတ်ပုံနဲ့ စာလေးကို ပြန်ပေးပါနော်။ ညီမလေးစာဖတ်တိုင်း မဆုမြတ်ရဲ့ စာအုပ်တွေကိုပဲဖတ်တယ်။ မဆုမြတ်ရဲ့စာအုပ်တွေက အရမ်းကောင်းတယ်။ မဆုမြတ်က အင်္ဂလိပ်စာနဲ့ ကျောင်းပြီးတာလား။ အင်္ဂလိပ်လိုတွေညှပ်ရေးထားတာလေးတွေကို အရမ်းသဘောကျတယ်။ မဆုမြတ်ရဲ့ဝတ္ထုတိုင်းကိုကြိုက်တယ်။ 'အညှိုးမြစ်' ဆိုတဲ့ စာအုပ်ကို ပိုကြိုက်တယ်။ ညီမလေးလည်း မဆုမြတ်လို အောင်မြင်တဲ့စာရေးဆရာဖြစ်ချင်တယ်။ ဒါပေမဲ့ မဆုမြတ်လိုမတော်ဘူး။ မဆုမြတ်ကိုအားကျတယ်။

C/O မခင်မာလွင်မှ
စုရှင်းသန့်ထက် ...
ဆေးကျောင်း(၁)လမ်း၊
မီးကုန်းမြို့၊ ပဲခူးတိုင်း။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆုလို့ခေါ်လိုက်မယ်နော်သိလား။ စာအုပ်တွေ အရမ်းဖတ်ပေမဲ့ ဘယ်စာရေးဆရာဆီမှ မိတ်ဆက်စာမရေးဖူးဘူး။ ပထမဆုံးအကြိမ်ရေးဖူးတာ ..., ။ 'လသုံးစင်းနှင့်ကံစုန်ခြင်း' ကို ပထမဆုံးဖတ်ဖြစ်တာ။ ဖတ်ပြီးတော့ စာအုပ်လေးကကောင်းလိုက်တာနော်လို့ ပါးစပ်ကထုတ်ပြောမိတဲ့အထိကို မဆုရဲ့စာအရေးအသားက ကောင်းတာသိလား။ မဆုရဲ့စာအုပ်တော်တော်များများကို ဖတ်ပြီးပြီ။ ဖတ်ပြီးသမျှအကုန်လုံးကို ကြိုက်တယ်သိလား။ ကြိုးစားအားထုတ်မှုနဲ့ညီမျှတဲ့ အောင်မြင်မှုတွေကို ရယူပိုင်ဆိုင်နိုင်ပါစေ ... ။

ဂျူလိုင်မိုး
အမှတ်(၈)ကံ့ကော်လမ်း၊
(၁၀)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊
ဧရာဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မမ

မမလို့ပဲခေါ်မယ်နော်။ သီတာက မမရဲ့ပရိသတ်တစ်ဦးပါ။ မမရဲ့စာအုပ်တွေကိုဖတ်ပြီး ဘယ်သူ့စာအုပ်မှ မဖတ်ချင်တော့ဘူး။ မမမှမမပါပဲ။ မမရဲ့အရေးအသား စကားလုံးဖွဲ့တည်ဆောက်ပုံတွေက အရမ်းကောင်းတယ်။ နောက်ဆုံးဖတ်ပြီးတဲ့ 'ရင်ခွင်ဆီသို့လွေ့ကားထစ်များ' တော်တော်ကြိုက်တယ်။ နောင်အသစ်ထွက်မဲ့ စာအုပ်နာမည်တွေကို ဝတ္ထုထဲမှာထည့်ပြီး ရေးပေးပါလို့ တောင်းဆိုပါရစေ။

ထာဝရအားပေးနေမဲ့

မမရဲ့

ညီမလေး

သီတာဆွေ
အိမ်အမှတ်(၁၀၅)၊
အမှတ်(၅) ရွှေချမ်းသာလမ်း။
ပခုက္ကူမြို့။

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မ

၇

ညီမလေးတို့ရဲ့ ရောအနောက်မြို့တော် (ပခုက္ကူမြို့) မှာ မ,ရဲ့ ဆုမြတ်မွန်မွန်ဆိုတဲ့ စာအုပ်လေးတွေ လူတွေရဲ့နှုတ်ခမ်းဖျားမှာ စီးမျောလာခဲ့ပါပြီ။ မ,ရဲ့အောင်မြင်မှုအစအတွက် မ,နဲ့ထပ်တူ ညီမလေးလည်း အရမ်းကိုပျော်ရွှင်မိပါတယ်။ မ,ယုံပါနော်။ နောင်နှစ်ပေါင်းများစွာမှာလည်း အောင်မြင်မှုတွေနဲ့အတူ မ,ပျော်ရွှင်ပါစေလို့ဆန္ဒပြုရင်း ညီမလေးတို့ရဲ့ ရောအနောက်မြို့လေးကို အလည်လာခဲ့ဖို့ မ,ကိုဖိတ်ခေါ်ပါတယ်နော် ... ။

ထာဝရပရိသတ်များစွာမှ

ညီမလေး

လှိုင်လှိုင်ဦး
အမှတ်(၁၂)ရပ်၊ ရွှေလမ်း။
ပခုက္ကူမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

မဆုမြတ်

ညီမ လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ညီမက နည်းပညာတက္ကသိုလ် (လှိုင်သာယာ) ပထမနှစ်မှာ တက်နေတယ်။ အစ်မစာရေးတာအရမ်းဖတ်လို့ကောင်းတယ်။ အစ်မစာအုပ်တွေ တစ်အုပ်မှမလွတ်အောင်ဖတ်တယ် ... ။ 'မော်ကဗျာရွှေရုပ်' ဆိုတဲ့ စာအုပ်လေးအရမ်းဖတ်လို့ကောင်းတယ်။ အစ်မကို ညီမ တစ်ခု လောက်တောင်းဆိုပါရစေ ... ။ ညီမကို နည်းပညာတက္ကသိုလ် နောက်ခံထားပြီး ... ဇာတ်လမ်းကောင်းကောင်းလေးရေးပါလို့ ဇာတ်ကောင်တွေကို အရမ်းချမ်းသာတာမျိုးမဟုတ်ဘဲနဲ့ သာမန်ဘဝလေးအတိုင်းထားပြီးရေးစေချင်တယ်။ အစ်မ ညီမကို ဆရာလုပ်တယ်လို့မထင်နဲ့နော်။ ပထမဦးဆုံးအကြိမ်စာရေးတာမို့ အမှားပါရင်ခွင့်လွှတ်ပါ။

မဆုမြတ် အောင်မြင်တဲ့စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ... ။

'မဆုမြတ်ရဲ့ ထာဝရပရိသတ်'

T Nar
IHEP . 227
လှိုင်သာယာ၊
နည်းပညာတက္ကသိုလ်။

စေတနာစာပေ
၏
အမှတ်တရ အစီအစဉ်

မဆု

မဆုရေးတဲ့စာအုပ်တွေ အရမ်းကောင်းပါတယ်။ ရင်ထဲကိုလည်း တကယ်ထိတယ်။ တို့က စာအုပ်ဖတ်ရင် ကိုယ်တိုင်ခံစားပါဝင်ခံစားပေးတာဆိုတော့ ညားတဲ့စာအုပ်ပဲဖြစ်ဖြစ်၊ ကွဲတဲ့စာအုပ်ပဲဖြစ်ဖြစ် နက်နက်နဲနဲကို ခံစားလိုက်တာပါပဲ ... ။ မဆု 'ရင်ခုန်ချစ်ခြင်းနဲ့ အတ္တနန်းတော်' လိုစာအုပ်မျိုးကို များများရေးပေးပါနော်။ အဲဒီလို ခေါင်းစဉ်လေးကိုလည်းကြိုက်တယ်။ မဆုရဲ့ စာအုပ်တွေတိုင်း ဇာတ်ကောင်လေးတွေရဲ့ စရိုက်က တစ်မျိုးလေးတွေဆန်းနေလို့ ဖတ်ရတာအရမ်း Perfect ဖြစ်တာပဲ။ မဆု စာပေလောကမှာ ပြိုင်စံမဲ့တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

သူသူနှင့် သူငယ်ချင်းများ
ဈေးလမ်း၊ ဈော်ဝင်းစတိုး၊
သက္ကလမြို့၊ ကဝမြို့နယ်၊
ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

၈၅

## အမှတ်တရအစီအစဉ်

မဆုမြတ်

ညီမလေးစာရေးလိုက်တယ်။ မဆုမြတ်ရဲ့ပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့ဝတ္ထုတွေအားလုံးကောင်းတယ်။ 'အနမ်းဆက်တိုင်း' ဝတ္ထုက ညီမလေးအကြိုက်ဆုံးပဲ။ ဝတ္ထုထဲကပုံ မဆုမြတ်ပုံလားသိချင်လို့ပါ။ ညီမလေးရဲ့စာကို ပုတောအိုမြို့ကဆိုပြီး မပယ်လိုက်ပါနဲ့နော် ...။

မအူရှမ်
အမှတ်(၁၉၂)၊ (၂)ရပ်ကွက်၊
ပုတောအိုမြို့။

စေတနာစာပေ

၈၅

## အမှတ်တရအစီအစဉ်

ဆရာမ မဆုမြတ်ရှင့်

သမီးနာမည်က ဝါဆိုဦးပါ။ သမီးဟာ ဆရာမရဲ့ပရိသတ်တစ်ယောက်ဆိုရင်လည်း မမှားပါဘူး။ သမီးရဲ့သူငယ်ချင်းတွေက ပြောကြလို့ ဆရာမရဲ့စာအုပ်ကို ငှားဖတ်ကြည့်ခဲ့ပါတယ်။ 'နှုးညွှန်ခြင်းပြိုင်ပွဲ' ဆိုတဲ့ စာအုပ်ကိုပါ အဲ့ဒီအချိန်ကစပြီး ဆရာမဟာ သမီးလေးစားရတဲ့ ဆရာမတစ်ယောက်ဖြစ်သွားခဲ့တယ်။ ပရိသတ်ရဲ့နှလုံးသားကို ... တုန်ခါသွားအောင်ရေးသားနိုင်တဲ့အတွက် ဆရာမဟာ နာမည်ကြီးတဲ့ဆရာမတစ်ယောက်ဖြစ်မှာသေချာပါတယ်။ ဆရာမတစ်ယောက် မိုးဆန်းပန်းလိုလန်းဆန်းပါစေ။

သမီးဝါဆိုဦး
ရွှေဟင်္သာအရှေ့ပေါက်၊
ပုဗ္ဗာရုံကျောင်းတိုက်၊
မှယာပင်ရပ်၊ ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏ အမှတ်တရအစီအစဉ်

မြတ်ရေ

ရင်ထဲကရှိတဲ့အတိုင်းခေါ်လိုက်ပြီး စာအုပ်မထွက်ခင်ကြော်ငြာကတည်းက စိတ်ဝင်စားခဲ့ရပါတယ်။ အဲဒါပိုတာမဟုတ်ဘူးနော်။ မြတ်စာပေလောကထဲကိုဝင်လာတာ နည်းလမ်းမှန်သွားတယ်။ မြတ်ရဲ့ဇာတ်လမ်းတွေ နာမည်ပေးတာတွေကို သဘောကျတယ်။ နောက် သူများနဲ့မတူတာက မြတ်ရဲ့ပုံလေးတွေ စာအုပ်တိုင်းမှာပါတယ်နော်။ မြတ်ရဲ့စာအုပ်တွေက ငွားရပါတယ်။ မြတ် စာပေလောကဝင်လာတာ မကြာသေးဘူး။ ပရိသတ်အနိုင်အမာရနေတာ ဝမ်းသာမိတယ်။ မြတ်ရဲ့အောင်မြင်မှုက အံ့မခန်းပဲနော်။ အောင်မြင်မှုလမ်းမှာ ပြုံးပျော်စွာလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ မြတ်ရဲ့နောင်ထွက်မဲ့ စာအုပ်တွေကို ထာဝရမျှော်လင့်ကြိုဆိုနေမဲ့ ...

မြတ်ရဲ့ထာဝရပရိသတ်

မသဇင်လှိုင်
အမှတ်(၉၃)၊ ၂၆ × ၂၇ကြား။
(၇၇)လမ်း၊ ပေဟာမာဆော၊
မန္တလေးတိုင်း။

## စေတနာစာပေ၏ အမှတ်တရအစီအစဉ်

မမြတ်မွန်

ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ စာပေပညာရှင်ရဲ့စာအုပ်တော်တော်များများကို လေ့လာဖတ်ရှုပါတယ်။ မြတ်မွန်ရဲ့စာအုပ်ကို ဖတ်ဖြစ်သွားတာကလည်း ဆရာမင်းမြတ်သူရနဲ့ အနုပညာရှင်များရဲ့ ချီးမွမ်းထားတဲ့စာကြောင့် ဖတ်ဖြစ်သွားတာပါ။ မြတ်မွန်ရဲ့ စာအုပ်တွေဖတ်ရတာ တစ်အုပ်နဲ့တစ်အုပ် စာဖတ်သူတွေရဲ့ လက်ကမချနိုင်အောင်ကို ဖွဲ့ဆောင်မှုကောင်းကောင်းနဲ့ ထိမိတဲ့အရေးအသားတွေကြောင့်လို့ ... ကျွန်တော် သုံးသပ်မိပါတယ်။ လူငယ်လူရွယ်တွေအတွက် အများကြီးအကျိုးရှိတဲ့ ... စာအုပ်ကောင်းတစ်အုပ်ဖြစ်တယ်ဆိုတာကို ကျွန်တော်အကြွင်းမဲ့လက်ခံပါတယ်။ စာရေးဆရာမကောင်းတစ်ယောက်ဖြစ်ပါစေ ... ။

အစဉ်ထာဝရခင်မင်လေးစားလျက် ...

သင့်ရဲ့ဆွေမွန်

မင်းဇော်ဦး
အမှတ်(၅၄)၊ ဦးရေပေါလမ်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်လို့ခေါ်မယ်နော်။ ပထမဦးဆုံးမိတ်ဆက်စာရေးတာမို့ အမှားပါရင်ခွင့်လွှတ်ပါရှင်။ ညီမက မဆုမြတ်ရဲ့ ထွက်သမျှစာအုပ်တိုင်းကို မလွတ်တမ်းဖတ်ဖြစ်ပါတယ်။ အရမ်းဖတ်လို့ကောင်းပါတယ်။ အခုလည်း မဆုမြတ်ရေးတဲ့ 'ကြယ်ကလေးရဲ့နှင်တံ' ဆိုတဲ့ ဝတ္ထုကို ဖတ်ပြီးတာနဲ့ ဒီစာကို တမ်းရေးလိုက်တာပါ။ အရမ်းဖတ်လို့ကောင်းတယ်။ ညီမက မဆုမြတ်ရဲ့ ထာဝရပရိသတ်တစ်ဦးပါ။

လေးစားစွာဖြင့်

နှယ်နှယ်ဝင်း
၇၄ × ၇၅ကြား၊ ၂၉ × ၃၀ကြား၊
ဆေးရုံကြီးဝန်ထမ်းလိုင်း၊
အခန်း(၄) (ဃ)လိုင်း၊
ပြည်သူ့ဆေးရုံကြီး၊
မန္တလေးမြို့ ။

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မင်္ဂလာပါမဆု

မဆုထွက်ပြီးတဲ့စာအုပ်တွေထဲက (၇)အုပ်ဖတ်ပြီးသွားပြီ။ ဖတ်ပြီးတဲ့စာအုပ်တွေထဲက 'ကြယ်ကလေးရဲ့နှင်တံ' စာအုပ်ကိုအကြိုက်ဆုံးပဲ။ စာအုပ်အားလုံးကောင်းပါတယ်။ ဝတ္ထုစလယ်ဆုံးညီမျှပါတယ်။ မဆု ဇာတ်လိုက်မိန်းကလေးရဲ့စရိုက်ကိုကြိုက်ပါတယ်။ မိန်းကလေးတစ်ယောက် ကိုယ့်ဘဝတက်လမ်းအတွက် မာနထားသင့်ပါတယ်။ မဆုရဲ့ဝတ္ထုတွေက အချစ်ကိုချည်းဦးစားပေးမထားဘူး။ မေတ္တာတရားပါထည့်ရေးထားလို့ သဘောကျပါတယ်။ မဆုကို ဆက်လက်အားပေးနေမှာပါ ... ။ မဆုတစ်ယောက် လူငယ်အကျိုးပြုစာအုပ်များ ဆက်လက်ရေးသားနိုင်ပါစေ။ ဘဝနှင့်ဆန္ဒ အညီ အောင်မြင်မှုရပါစေ။

မခင်မူ
C/O ဦးစိန်မောင် + ဒေါ်မျိုးညွှ
လမ်းအမှတ်(၃)၊ ရေနံ့သာရပ်၊
ရေနံချောင်းမြို့၊ မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် မဆုမြတ်မွန်လို့ခေါ်ပါရစေ ... ။ ကျွန်တော်က မဆုမြတ်မွန်ရဲ့ပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့ စာအုပ်တွေက အရမ်းကောင်းတယ်။ 'ရင်ခုန်ချစ်ခြင်းနှင့်အတ္တနန်းတော်'၊ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' နှင့် 'အညိုးမြစ်' ထိ ဖတ်ပြီးပါပြီ။ မဆုမြတ်ရဲ့စာအုပ်တွေက အရမ်းကောင်းတယ်။ ဖတ်ပြီးတိုင်း ရင်ထဲမှာကစ်ခုခုကျန်နေခဲ့သလိုပဲ။ မဆုမြတ် အောင်မြင်မှုသရဖူကိုအမြဲတမ်းဆောင်းနိုင်ပါစေလို့ ... ကျွန်တော် ဆုတောင်းလိုက်ပါတယ်။

အောင်ဆန်းဦး
၇က(၁)ယာဉ်ထိန်းရုံးရှေ့၊
G .E တိုက်တန်း၊ အခန်း(၉)၊
လားရှိုးမြို့။
ဖုန်း – 082-23548

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

မမလို့ပဲခေါ်မယ်နော် ... ။ မမရဲ့ဝတ္ထုတွေက သူများနဲ့မတူအောင် ဆွဲဆောင်နိုင်စွမ်းရှိတယ်။ ကိုယ်ပိုင်ဟန်ရှိတယ် ...။ တစ်ခုပဲပြောဖန်ချင်တယ်။ မမရဲ့ဇာတ်ကောင်တွေဟာ အရမ်းကိုမြင့်မားချမ်းသာတဲ့သူတွေချည်းဖြစ်နေတယ်။ တခြားအဆင့်အတန်းလေးတွေရော ရေးပေးပါဦးလို့ တောင်းဆိုချင်တယ် ...။ 'ကြယ်ကလေးရဲ့နှင်တံ' က 'ရှားလက်ချို' ရဲ့ စိတ်ထားလေးကို ကြိုက်တယ်။

မမရဲ့ပရိသတ်တွေထဲက
တစ်ယောက်

ဦးလှမြင့် + ဒေါ်ဝေဝေထွန်း
ထက်သဉ္ဇာထွန်း (ခ) မုံး
ဘုန်းစိုး (တောင်ပိုင်း)၊
နေဇာလမ်း၊ ဂျွန်မင်းမှန်စီရွှေချအနီး၊
မုံရွာမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်...

မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် ညီမစာရေးလိုက်ပါတယ်။ ညီမက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ ညီမက စာအုပ်ဖတ်ရတာ အရမ်းဝါသနာပါတာ။ မမရဲ့ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ဝတ္ထုကို စဖတ်ရတာပါ။ မမရဲ့ဝတ္ထုတွေကိုဖတ်ရတာ မကြာသေးပေမဲ့ ညီမအရမ်းကြိုက်တာပဲ။ မမကို ထာဝရအားပေးနေမှာ ...

နန်းလွင်ဦး (၁၈ပ - ၁၉)
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊
စာကြည့်တိုက်နှင့် သုတပညာဌာန။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမြတ်မွန်

ခင်မင်ရင်းနှီးမိလို့ မမြတ်မွန်လို့ပဲခေါ်မယ်နော်။ ညီမလေးရဲ့နာမည်က နန်းခမ်းစိုင်ပါ။ ဟိုအဝေးအဝေးကပေါ့။ မမြတ်မွန်ကိုလေ ညီမလေးက ခင်မင်ခွင့်ရချင်လို့ ခုလိုမိတ်ဆက်စာရေးလိုက်တာပါ။ မမြတ်မွန်ရဲ့ စာအုပ်တွေက အကုန်ဖတ်လို့ကောင်းတယ်။ 'အနမ်းဆက်တိုင်း' နဲ့ 'ရင်ခွင်ဆီသို့လှေကားထစ်များ' ကို အကြိုက်ဆုံးပဲ။ ညီမလေးကို မြန်ခင်ပါနော်။ မမြတ်မွန်ရဲ့ ဘဝမှာ အောင်မြင်မှုသရဖူကို အမြဲထာဝရဆောင်းနိုင်ပါစေလို့ ဆုတောင်းလျှက် ... ။

နန်းခမ်းမိုင်
မြို့သစ်၊ စာတိုက်အနီး၊
မိုးမောက်မြို့၊ ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

မမဆုမြတ်လို့ခေါ်ပါရစေ။ မမဆုမြတ် နေကောင်းရဲ့လား။ နေကောင်းကျန်းမာပါစေလို့ အမြဲတမ်းဆုတောင်းလျက်ပါ။ ညီမလေးက မမဆုမြတ်ရဲ့စာအုပ်တိုင်းကို ဖတ်ပြီးပါပြီ။ အောက်တိုဘာလက 'ရင်ခွင်ဆီသို့ လှေကားထစ်များ' ထိ ဖတ်ပြီးပါပြီ။ မမဆုမြတ်ရဲ့စာအုပ်တိုင်းကို အရမ်းကြိုက်တယ်။ ဖတ်လို့ပြီးတိုင်း အမြဲတမ်းပျော်ရွှင်မိတယ်။ မမဆုမြတ် အောင်မြင်မှုများစွာဖြင့် လိုရာခရီးရောက်နိုင်ပါစေ။

တင့်တင့်လှိုင်
ထတ(၁၄၄)၊ ထီးတန်းလမ်း

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

မင်္ဂလာပါနော်။ အခု ဒီစာနဲ့ပါဆိုရင် တတိယမြောက်စာပါ။ ဒီလိုမိတ်ဆက်စာ တစ်ခါမှမရေးဘူးတဲ့အတွက် ရေးတတ်သလိုစိတ်ထဲရှိတဲ့အတိုင်း ရေးလိုက်မိပါတယ်။ အဲဒါကို စဉ်းစားမိတဲ့အတွက် ဒီစာကိုရေးလိုက်ပါတယ်။ မမဆီစာရေးတဲ့သူတွေက နယ်ကများတယ်နော်။ အခု Oct 2007 မှာထွက်တဲ့ 'ရင်ခွင်ဆီသို့လှေကားထစ်များ' ဝတ္ထုကို ဖတ်ပြီးသွားပြီ။ မဝေဖန်တတ်တဲ့အတွက် ကောင်းပါတယ်လို့ပဲပြောရမှာပေါ့နော်။ မမရဲ့ဝတ္ထုတိုင်းက အသိတစ်ခုခု၊ အတွေးတစ်ခုခုပေးထားတာတွေ့ရတယ်။ ဘာဆိုဘာမှဝေဖန်စရာမလိုအောင် မမရဲ့ဝတ္ထုတိုင်းကောင်းနေတာတွေ့ရတယ်။

အမြဲတမ်းစိတ်ကူးသစ်များဖြင့်ဝတ္ထုများများရေးနိုင်ပါစေ။

W.Y.L
1st Year English
အမှတ်(၃၈၇) စတားဝါလမ်း၊
ပုလဲ(၁)မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

ဆုမြတ်မွန်မွန်

စာအုပ်ဆိုင်တွေက ပြောပြောနေကြတယ်။ ပြီးတော့ လူတိုင်းရဲ့နှုတ်ဖျားမှာ Popular ဖြစ်နေကြတယ်။ စာရေးဆရာမ ဆုမြတ်မွန်မွန်တဲ့။ ဆုမြတ်မွန်မွန်ရဲ့ ပထမဆုံးလုံးချင်းကို ဖတ်ပြီးမှ ပိုပြီးပြည့်စုံတဲ့ ဇာတ်လမ်းရဲ့ခံစားမှုတွေကို တွေ့လိုက်ရတော့တယ်။ ဇာတ်သိမ်းပိုင်းမှာ မင်းသားနှင့် မင်းသမီးဆုံတာ မဆုံတာထက် ဘယ်သူက ဘယ်သူ့အတွက် ဘာတွေကို ဘယ်လိုစွန့်ခဲ့ရသလဲ။ စွန့်လွှတ်ခဲ့ရသလဲဆိုတာလေးတွေကို ပိုစိတ်ဝင်စားပါတယ်။ ဆုမြတ်မွန်မွန်ရဲ့ စာအုပ်တော်တော်များများ ဖတ်ပြီးပါပြီ။ စာအုပ်တိုင်းကို သဘောကျမိတယ်။ ကျွန်တော်အနှစ်သက်ဆုံးစာရေးဆရာမအဖြစ် မှတ်တမ်းတင်ထားပါတယ်။ ဒီထက်ပိုပြီး အောင်မြင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ကျူးရှင့်ညီညီ
**3rd Year Myanmar**
စာကြည့်တိုက်မှူးဦးထွန်းနေ
ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊
မြေနုကျေးရွာ၊ မျိုးပင်မြို့၊
ကချင်ပြည်နယ်။

စေတနာ့စာပေ ၏

## အမှတ်တရ အစီအစဉ်

မမမွန်

ကျွန်တော် စိုင်းပါ။ မမမွန်ရဲ့ စာအုပ်တွေကို လစဉ်တိုင်း မလွတ်တမ်း အမြဲတမ်းအားပေးဖတ်နေတာပါ။ မမမွန်ရဲ့ ဝတ္ထုတွေနဲ့အတူ စာရေးသားမှုလေးတွေကို အရမ်းစွဲလမ်းတာပဲ။ အခုလည်း 'ကြယ်ကလေးရဲ့နှင်းတံ' ဖတ်ပြီးလို့ (၁၉)အုပ်မြောက်ရှိသွားပြီ။ မမမွန်ကို ထာဝရအသက်ပန်အားပေးမှာပါ။ ဖြစ်နိုင်ရင်ပေါ့နော်။ မမမွန်တစ်ယောက် မိုးမြင့်ကစုဝဲကြယ်လို ထာဝရ လင်းလက်ထွန်းတောက်နိုင်ပါစေ ... ။

စိုင်းကိုကို
သစ္စာတံခွန်ကျောင်း၊
ပြည်ကြီးတံခွန်မြို့နယ်၊
ရတနာပုံမြို့သစ်(ဆ)ရပ်ကွက်၊
၃၃/၂၆၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

မင်္ဂလာပါ မဆုမြတ်မွန်မွန် ... ညီမနာမည်ကဒီဇင်ဘာနှင်းပါ။ အစ်မရဲ့စာအုပ်တွေကိုလည်း အားပေးဖတ်ရှုနေသူတစ်ယောက်ပါ။ အစ်မရဲ့ဝတ္ထုတွေကို ကြိုက်နှစ်သက်လို့ စာမေးပွဲဖြေခါနီးတောင်မှ အိမ်ကမသိအောင် ခိုးဖတ်ဖြစ်ပါတယ်။ အစ်မက အရေးအသားရော၊ Idea ရော၊ ဇာတ်အိမ်တည်ဆောက်မှုအပိုင်းမှာမှပြောစရာအပြစ်မရှိအောင် သေသပ်ကောင်းမွန်ပါတယ်။ အရေးအသားညက်ညောတာရော၊ ဇာတ်ကောင်တွေရဲ့စရိုက်နဲ့ ထူးခြားတဲ့စိတ်နေစိတ်ထားလေးတွေကြောင့် မဆုမြတ်မွန်မွန်ဆိုတဲ့ ကလောင်ရှင်ကို သတိထားမိပါတယ်။ အစ်မရဲ့ဝတ္ထုဖတ်ပြီးတိုင်း ရသတစ်ခုခုကတော့ ကျန်ရစ်မြဲပါပဲ။ စာဖတ်သူပရိသတ်ကို မရိုးနိုင်တဲ့ခံစားမှုတွေပေးနေတဲ့ မဆုမြတ်မွန်မွန်တစ်ယောက် လျှောက်လှမ်းရာစာပေလမ်းခရီးမှာ အောင်မြင်ခြင်းပီတိတွေ ထာဝစဉ်စားသုံးနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

ဝေဖန်အကြံပြုပေးနေမဲ့ ...

ဒီဇင်ဘာနှင်း
ပထမနှစ်မာတုဗေဒ၊
ပဲခူးဒီဂရီကောလိပ်၊
ပဲခူးမြို့။

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

ခင်မင်စွာဖြင့် မမ

မမကို ခင်လည်းခင်တယ်။ လေးလည်းလေးစားတယ်။ ဒါကြောင့် မမလို့ခေါ်ခွင့်ပြုပါနော်။ စိမ့်သူလေ ဝတ္ထုတော်တော်များများကို ဖတ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်သူ့ဆီမှ မိတ်ဆက်စာမရေးဖြစ်ဘူး။ ဆုမြတ်မွန်မွန်လို့ခေါ်တဲ့ မမဆီကို ပထမဆုံး အကြိမ်ရေးတဲ့အတွက် အမှားပါရင်လည်းခွင့်လွှတ်ပြီး ဖတ်ပေးပါနော်။ မမထွက်သမျှဝတ္ထုအားလုံးကို ကြိုက်ပါတယ်။ 'ကြယ်ကလေးရဲ့နှင်တံ' ကိုတော့ အကြိုက်ဆုံးပါ။ စိမ့်သူတို့မြို့က စာအုပ်ဆိုင်တိုင်းမှာ ဆုမြတ်မွန်မွန်ဆိုတဲ့ စာရေးဆရာမကို လူတိုင်းသိနေပါတယ်ရှင့် အဲဒီအတွက် မမနဲ့ ထပ်တူဝမ်းသာဂုဏ်ယူမိပါတယ်။ မမဆိုသော ဆုမြတ်မွန်မွန် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မမရဲ့ထာဝရပရိသတ်

စိမ့်သူထွန်း
အမှတ်(၁၂)ရပ်ကွက် ရွှေလမ်း၊

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမ

မမနဲ့ခင်မင်ချင်လို့ မိတ်ဆက်စာရေးလိုက်တာပါ။ မမရဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကနေ အခုလထုတ် 'ရင်ခွင်သစ်ဆီသို့လှေကားထစ်များ' အထိ အားလုံးဖတ်ပြီးပြီ။ အားလုံးကြိုက်တယ်။ သမီးက မဝေဖန်တတ်ဘူး။ အားလုံးကောင်းတယ်။ မမက ချစ်ဖို့လည်းကောင်းတယ်နော်။ မမရဲ့စာလေးတွေကိုဖတ်နေရင်း မမကို ပိုပိုခင်လာတယ်။

မမထာဝရအောင်မြင်ပါစေ ... ။

ဟန်စုရီ
**Electrical Power**
နည်းပညာတက္ကသိုလ်၊

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

Happy Birthday ပါ ... မ

(၁၉.၁၀.၂၀၀၇)မှာရောက်ရှိမဲ့ မွေးနေ့မှစပြီး နောက်နှစ်များစွာထိ အဆုံးမဲ့တဲ့ အနုပညာကောင်းကင်မှာ 'ဆုမြတ်မွန်မွန်' ဆိုတဲ့ကြယ်တစ်ပွင့် ထာဝစဉ်လင်းလက်စွာနဲ့ တောက်ပရှင်သန်နေနိုင်ပါစေ။

မရဲ့ထာဝရပရိသတ်

ဝ

**Light Day**

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာ‌ပေ၏

## အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

ခင်မင်ရင်းနှီးစွာနဲ့ပဲမမလို့ခေါ်မယ်နော်။ ညီမလေးကတော့ မမရဲ့စာအုပ်တွေကို မလွတ်တမ်းဖတ်ပြီး မမကိုအားပေးနေတဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့ထွက်ပြီးသားစာအုပ်တွေ အကုန်လုံးဖတ်ပြီးပါပြီ။ ဝေဖန်စရာမရှိအောင်ကိုကောင်းပါတယ် ... ။ အကြိုက်ဆုံးကတော့ ... 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်'၊ 'အနမ်းဆက်တိုင်း'၊ 'အချစ်ဦးနဲ့လွဲပြီးသည့်နောက်(ဖူးစာ)' ပါပဲ။ လတိုင်းမဖတ်ဖြစ်ရရင် မနေနိုင်ပါဘူး။ ဖတ်မိပြီဆိုရင်လည်း လက်ကကို မချချင်တော့ပါဘူး။ မမ ဒီထက်မကအောင်မြင်ကျော်ကြားတဲ့ နိုင်ငံကျော်စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းလျက် .... ။

မမရဲ့ထာဝရပရိသတ်

ညီမလေးဇာခြည်

ဇာခြည်ဝင်း
အိမ်အမှတ်(၈၇၀)၊ ကြော့လမ်း၊
အောင်ဇေယျာ(၁၂)နယ်မြေ၊

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမမွန်

ခင်မင်မှုများစွာနဲ့ စာရေးလိုက်ပါတယ်။ ညီမလေးရဲ့နာမည်က 'မီးမီး' လို့ခေါ်ပါတယ်။ မမမွန်ရဲ့ 'အညှိုးမြစ်' ဆိုတဲ့စာအုပ်က အရမ်းကိုကောင်းတာပဲ။ မမမွန်စာအုပ်ရဲ့ အစပိုင်းကိုက ဖွဲ့နွဲ့ပုံကောင်းလှပါတယ်။ နာမည်လေးတွေကလည်း ဆန်းကြယ်တယ်နော်။ ဒီလိုအတွေးအခေါ်ကောင်းတွေကြောင့် မမမွန် ရှေ့ဆက်ပြီးအောင်မြင်လိမ့်မယ်လို့ ညီမလေးယုံကြည်တယ်။ ညီမလေးကတော့ ပထမဆုံးဖတ်ခွင့်ရတဲ့ 'အညှိုးမြစ်' ဆိုတဲ့ စာအုပ်လေးကိုဖတ်ပြီး မမမွန်ရဲ့ နောင်ထွက်မဲ့စာအုပ်တွေကို မျှော်နေတော့မယ်။ မမမွန်ဒီထက်မကအောင်မြင်ပါစေ။

ထာဝရအားပေးလျက်

မီးမီး

ဦးစံထွန်း + ဒေါ်လွင်လွင်ကြည်
မြို့သစ်ရပ်ကွက်၊
ဘုတာလမ်းခွဲ၊ ချောင်းဦးမြို့၊
စစ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



၏

## အမှတ်တရအစီအစဉ်

ဆုမြတ်

ဆုမြတ်လို့ပဲခေါ်မယ်နော်။ ဆုမြတ်စာအုပ်တွေအားလုံးကို ဖတ်ဖူးပါတယ်။ တကယ်တော်တယ်။ ထွက်သမျှစာအုပ်တွေလည်း လူတွေကိုစွဲဆောင်မှုရှိတယ်။ ဆုမြတ်ရဲ့ အသစ်ထွက်တဲ့ စာအုပ်တွေကိုလစဉ်စာအုပ်ဆိုင်မှာ သွားမေးရတာလည်းအမောပဲ။ ဆုမြတ် (၂၀၀၇) မေလကထွက်တဲ့ 'မှော်ကဗျာရွှေရုပ်' ကို တို့သဘောကျတယ် ...။ မိတ်ဆက်စာကို တစ်ခါမှမရေးဘူးတဲ့ အတွက် အမှားပါရင်ခွင့်လွှတ်ပါနော်။

စာပေခရီးမှာ အနှစ်(၁၀၀)တိုင် အောင်မြင်မှုတွေကည်တဲ့ပါစေ။

စန်းစန်းဌေး (ပင်)
စက်မှုရုံ(၃) ဖန်ချက်ဝန်ထမ်းရှေ့ကို၊
လမ်းတိုင်ရှိဖိနပ်စက်ရုံ၊
အဆင့်မြင့်မှတ်တိုင်၊ လှိုင်သာယာ၊
ရန်ကုန်မြို့။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မဲ့ဆုမြတ်

ကျွန်တော်က မဆုမြတ်ရဲ့ပရိသတ်တစ်ယောက်ပါ။ မဆုမြတ်ရဲ့ ထွက်သမျှစာအုပ်အားလုံးကို မဖတ်ဘူးပေမဲ့ ဖတ်မိတဲ့ စာအုပ်တွေကိုတော့ကြိုက်တယ်။ 'အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်' စာအုပ်ကိုတော့ ပိုကြိုက်တယ်။ ဆုမြတ်ကိုတော့ ခင်ချင်လို့ စာရေးလိုက်ပါတယ်။ ကျွန်တော့်ကိုခင်ရင် ပြန်စာထဲမှာ ဓာတ်ပုံလှလှလေးတစ်ပုံလောက် ထည့်ပေးလိုက်ပါနော် ... ။

ခင်ချင်တဲ့

မောင်ဟေမာန်ထွန်း
ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊
ငွေစာရင်းဌာနခွဲ၊ မြိတ်မြို့။
တနင်္သာရီတိုင်း။

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

www.burmeseclassic.com

သို့

အစ်မဆုမြတ် လေးစားစွာနဲ့ စာရေးလိုက်ပါတယ်။ အစ်မစာအုပ်တွေဖတ်ရတာကောင်းပါတယ်။ အစ်မကို အံကြဲပြုချင်တယ်။ ဝတ္ထုရှည်မရေးဘူးလား။ ဒီဝတ္ထုတွေဖတ်ရတာ အားမရဘူး။ ညီမလည်း စာရေးရတာဝါသနာပါတယ်။ ဗဟုသုတလည်းရတယ်။ မိန်းကလေးအတွက်လည်း မျှော်လင့်ချက်ပန်းတိုင်ကိုဖြစ်စေတယ်။

ညီမ

ဆုမွန်ဖြိုး
ဖော်ဆိပ်အမှတ်(၃)၊ ပေါင်မြို့နယ်၊
မုတ္တမမြို့။

စေတနာစာပေ ၏

အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမွန်လို့ပဲခေါ်မယ်နော်။ စာအုပ်ဆိုင်ကပြောတယ်။ စာရေးဆရာမအသစ်ထွက်နေပြီ၊ ဖတ်ကြည့်ပါလားဆိုလို့ ဖတ်ဖြစ်ခဲ့တယ်။ မမွန်ရဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကနေ 'ကြယ်ကလေးရဲ့နှင်တံ' အထိ ဖတ်ပြီးပြီ။ အရမ်းကောင်းတယ်။ မမမွန်ရယ်။ မမွန်ရဲ့ အရေးအသားတွေက စွဲဆောင်မှုအပြည့်ရှိတော့လက်ကကိုမချချင်လောက်အောင် ဖတ်ဖြစ်ခဲ့ရပါတယ်။ ဆောင်းနှင်းလည်း စာရေးတာကို အရမ်းဝါသနာပါတယ်။ မမွန်လိုပဲအောင်မြင်တဲ့စာရေးဆရာမဖြစ်ချင်တယ်။ မမွန်တစ်ယောက်စာပေလောကမှာ ဒီထက်မကအောင်မြင်ကျော်ကြားနိုင်ပါစေလို့ဆုတောင်းလိုက်ပါတယ် ... ။

အမွန်ကို အစဉ်အားပေးနေမဲ့ ...

ဆောင်းနှင်း
ကိုးဒူကျေးရွာ၊ ဗိုတ်ချိန်းရုံး၊
ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

ဆရာမရေးတဲ့စာအုပ်တွေက သိပ်ကိုဖတ်လို့ကောင်းပါတယ်။ ဆရာမရေးတဲ့စာအုပ်တွေထဲက နာမည်တွေလည်း သိပ်လှတယ်။ ကျွန်တော့်ရင်ထဲမှာ အရင်တုန်းက စာရေးဆရာမတစ်ယောက်ကို လေးစားခဲ့ဖူးတယ် … ။ သူက လွန်းထားထား (ဆေးတက္ကသိုလ်)လေ။ အခု တစ်ယောက်တိုးလာပါပြီ။ ဆရာမ အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ပါစေ။

ဆုတောင်းလျက် ….

ရဲနောင်
အမှတ်(၁၉)၊ ဆန်တန်းလမ်းကြား။
ထန်းပင်ကုန်း၊ ကျိုက္ကနဲ၊
မော်လမြိုင်မြို့။

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

မမမွန်

မမမွန်လို့ပဲခေါ်ပါရစေ။ ခင်မင်မှုများစွာဖြင့် မိတ်ဆက်စာရေးလိုက်တာပါ။ တစ်ခါမှ စာမရေးဘူးတော့ အမှားလေးတွေပါရင် တောင်းပန်ပါတယ်။ အစ်မရေးခဲ့တဲ့ စာအုပ်တွေထဲမှာ ကျွန်တော်စ,ဖတ်ဖြစ်တာက 'နှုးညံ့ခြင်းပြိုင်ပွဲ' ပါ။ ဒီစာအုပ်ဖတ်ပြီးတိုင်း ကျွန်တော် အစ်မရဲ့ပညာကို လေးစားသွားမိတယ်ဗျာ။ ရေးထားတဲ့အရေးအသားတွေ … ဇာတ်လမ်းဇာတ်အိမ်တည်ဆောက်မှုတွေ နာမည်ခပ်ဆန်းဆန်းလေးတွေ ခေတ်စကားလေးတွေက လက်ရာမြောက်တယ်ဗျာ။ အစ်မရေးတဲ့ စာအုပ်တွေ (၆)အုပ်တော့ ဖတ်ပြီးသွားပြီ။ အကုန်လုံးကြိုက်တယ်။ အကြိုက်ဆုံးကတော့ 'ကြယ်ကလေးရဲ့နှင်တံ' ပဲ။ နောင်ထွက်မဲ့စာအုပ်ရဲ့ နာမည်ကိုလည်း စာအုပ်တွေမှာ ထည့်ပေးစေချင်တယ်။ အစ်မကြီး ဒီထက်မကအောင်မြင်မှုသရဖူဆောင်းနိုင်ပါစေဗျာ … ။

သက်အောင်
မိုးဇေယျာသစ်စန်း။
ရမည်းသင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမြတ်

ပထမဆုံးအကြိမ်စာရေးလိုက်ပါတယ်။ မမြတ်ရဲ့အရေးအသားလေးတွေ အရမ်းကောင်းတယ်။ ညီမလေးက မမြတ်ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်' စာအုပ်လေးကို ညီမလေးကြိုက်တယ်။ မမြတ်ရဲ့ နောင်ဆိုရင် လစဉ်တိုင်း မမြတ်ရဲ့စာအုပ်တွေကို မျှော်နေတော့မယ်။ ဇာတ်သိမ်းပိုင်းမှာ ကောင်လေးနဲ့ ကောင်မလေး ပေါင်းစည်းသွားရတာလေး များများရေးနော်။ မမြတ် ဒီထက်မကအောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ထာဝရလေးစားချစ်ခင်လျက် …

မြတ်အိအိဝင်း၊
ပုသိမ်ကြီးမြို့နယ်၊ ရေတွက်ရပ်၊
မန္တလေးတိုင်း။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆုရဲ့စာအုပ်တိုင်းဖတ်ဖြစ်ပါတယ်။ အခုလည်း 'ရင်ခွင်ဆီသို့လှေကားထစ်များ' ဖတ်နေပါတယ်။ စာအုပ်တိုင်း ဖတ်ကောင်းတယ်။ ဖွဲ့ဆောင်မှုရှိလို့ လက်ကတောင် မချနိုင်ဘူး။ အများပါရင် ခွင့်လွှတ်ပါနော်။ ပထမဦးဆုံးရေးတဲ့စာပါ။ မမဆီက ပြန်စာနဲ့ အမှတ်တရဓာတ်ပုံတောင်းပါရစေ။ မဆု ဒီထက်မကအောင်မြင်ပါစေလို့ ဆုမွန်တောင်းလျက် … ။

ထာဝရအားပေးနေမဲ့ …

ဖြူဖြူအေး
Bရုံ ၂၇ – ၂၈ (တနိုင်းဈေးတွင်း)
တနိုင်းမြို့၊ ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

ဆရာမဆီသို့ ကျွန်မ ဒုတိယအကြိမ်မိတ်ဆက်စာရေးလိုက်ပါတယ်။ အခုလထွက်တဲ့ 'ပျင်ခွင်ဆီသို့လှေကားထစ်များ' စာအုပ်ကိုလည်း ဖတ်ပြီးပါပြီ။ ဆရာမ နောင်ထွက်မဲ့စာအုပ်တွေမှာ ဇာတ်ကောင်တွေရဲ့နာမည်ကို ဆန်းဆန်းလေးထည့်ရေးပေးပါ။ ဆရာမ မြန်မာတစ်နိုင်ငံလုံးသာမက ကမ္ဘာကသိတဲ့ Best Seller တစ်ယောက်ဖြစ်ပါစေလို့ ... ။

ငွေးငွေးဝင်း
ဒုတိယနှစ်အဝေးသင်တက္ကသိုလ်၊
(ပထဝီဝင်)၊ အမှတ်(၄၄)၊
ရဲနွယ်စုရပ်ကွက်၊မဏိပူရလမ်း၊
လောကနန္ဒာစေတီရှေ့၊
စစ်တွေမြို့။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ အခုစာက ဒုတိယစာပေါ့နော်။ မမစာကို အမြဲမျှော်လင့်နေမယ်နော်။ မရဲ့ဝတ္ထုကိုဖတ်ရရင် ထမင်းတောင်မေ့တယ် မမရယ် ... ။ အခုလည်း 'နှလုံးသားတစ်ခုအရင်းပြု၍' စာအုပ်ကို ဖတ်မိတော့ ကာဂျူးဆိုတဲ့ မိန်းကလေးကိုသနားမိတယ်။ ၂၀၀၈ခုထွက်လာမဲ့ 'မေတ္တာ ဓာတ်ချူ' ကို စောင့်နေမယ်နော်။ ညီမကိုစာပြန်ပါနော်။ မမရဲ့ဓာတ်ပုံနဲ့ တကွ စာကိုမျှော်လင့်လျက် မမတစ်ယောက် အောင်မြင်မှုပန်းတိုင်အရောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ် ... ။

ထာဝရမမရဲ့ပရိသတ်

ခင်နှင်းဝေ (ခ) နွေတာပေါင်း
စစ်စံထွန်းလမ်း၊
မြင်းချံမြို့ ။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

# အမှတ်တရအစီအစဉ်

ဆရာမလေး ဆုမြတ်

ခင်မင်ရင်းနှီးစွာနဲ့ မဆုမြတ်လို့ခေါ်မယ်နော်။ ညီမလေးက ကျောက်မဲမြို့ကပါ။ ဒါ ပထမဆုံး အစ်မဆီကိုရေးတာပါ။ ဒီလိုရေးရတာကလည်း အစ်မကို မရီးကျူးမလေးစားဘဲ မနေနိုင်လို့ပါ။ မဆုမြတ်ရဲ့စာအုပ်တွေက အတိုင်းထက်အလွန်ကောင်းနေပါတယ်။ 'နှလုံးသားတစ်ခုအရင်းပြု၍' စာအုပ်ကို ဖတ်ပြီးသွားပြီ။ အရမ်းကိုကောင်းပါတယ်။ အစ်မရဲ့စာအုပ်ကို ပထမဆုံးဖတ်တဲ့ စာအုပ်က 'နှုတ်ခမ်းပြိုင်ပွဲ' ဆိုတဲ့ စာအုပ်လေးပဲ။ အစ်မစာအုပ်တွေဖတ်ပြီးတော့ ညီမလေး ပညာတွေလည်းရ၊ ဗဟုသုတလည်းရ၊ ကိုယ့်ကိုယ်ကိုယ်လည်း ပိုပြီးယုံကြည်လာတယ်။ အစ်မ မဆုမြတ်တစ်ယောက် ဒီ့ထက်မကအောင်မြင်ကျော်ကြားပါစေလို့ ... ။

ထာဝရလေးစားလျက် ...

နန်းလှိုင်မျိုးနွယ်
အမှတ် ၂၈/၁၃၄ စစ်စံထွန်းလမ်း၊
(၂)ရပ်ကွက် (မော်ကွန်း)
ကျောက်မဲမြို့၊
ရှမ်းပြည်မြောက်ပိုင်း။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း၊ စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ်ပွင့်ပွင့်




စီစဉ်သူ
မောင်ကျော်လှိုင်(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com



♥ တချို့က မြင်မြင်ချင်း ချစ်တတ်ကြသည်။

♥ တချို့က အမှတ်တမဲ့ တွေ့ဆုံရာမှ အမှတ်တရတွေ ဖြစ်ကာ သတိတရ ချစ်တတ်ကြသည်။

♥ တချို့က အနေကြာလာ၍ သံယောဇဉ်တွေ မွဲ့တည်ချည်နှောင် ရင်း ချစ်သွားတတ်ကြသည်။

♥ တချို့က သနားစိတ်လေးမှတစ်ဆင့် ကရုဏာသက်ကာ ချစ်သွား တတ်ကြသည်။

♥ တချို့က အထင်ကြီး လေးစားရာမှ ချစ်တတ်ကြသည်။

♥ တချို့က ... ... ... ... ... ... ချစ်တတ်ကြသည်။

မည်သို့ပင်ဖြစ်စေ အချစ်ရဆုံး လူတစ်ယောက်၏ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ခွင့်ရခဲ့လျှင် တစ်စုံတစ်ရာ သူးခြားနေတာကို တွေ့ရပါမည်။

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



(ထိုထူးခြားချက်ကို သင်မှလွဲ၍ အခြားသူများ မသိနိုင် ...။

အဘယ်ကြောင့်ဆိုသော် သူ့ကို သင်က ချစ်နေသောကြောင့် ဖြစ်လေသည်။

❤ ✳ ❤





## ၁

လိုက်ဒေးသည် အပျိုစင်မဂ္ဂဇင်းစာအုပ်လေးကို ရင်ထဲ၌ တင်းတင်းပွေ့ကာ လမ်းလျှောက်လာသည်မှာ မြေကြီးနှင့် ခြေထောက်တို့ ထိတယ်တောင် မထင်ရချေ။ လူတစ်ကိုယ်လုံးသည် ဝါဂွမ်းစလေး တစ်စနှယ် လွတ်လပ်ပေါ့ပါး၍ နေသည်။ ဒီနေ့သည် လိုက်ဒေးရဲ့ ဘဝအတွက် အမိပ္ပာယ်အရှိဆုံး၊ ပျော်ရွှင်ကျေနပ်ရဆုံး နေ့တစ်နေ့ပဲ ဖြစ်လေသည်။

ဆယ်တန်း အောင်တုန်းကတောင် လိုက်ဒေးဒီလောက် မပျော်ခဲ့။ စာရေးခြင်းကို အထူးတလည် ဝါသနာပါသော၊ မဂ္ဂဇင်းတွေထဲမှာ ဝတ္ထုတိုလေးတွေ၊ ကဗျာလေးတွေ ရေးပို့ကာ အမြဲအပယ်ခံနေရသော လိုက်ဒေး အတွက် အပျိုစင်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပထမဦးဆုံးအကြိမ်အဖြစ် ဝတ္ထုတိုလေး ရွေးချယ်ဖော်ပြခံရသည်မှာ ကြီးစွာသော ဆုလာဘ်ကြီးတစ်ခုလိုပဲ ဖြစ်၏။

လိုက်ဒေးရဲ့ ပါးစပ်မှာ နားရွက်သို့ပင် တက်ချိတ်၍ နေသည်။ မဂ္ဂဇင်းတိုက် တည်ရှိရာ (၃၇)လမ်းသို့ စာအုပ်လက်ဆောင်နှင့် စာမူခ သွားရောက်ထုတ်ယူစဉ် အယ်ဒီတာ ပြောလိုက်သော စကားသံက နားထဲမှ မထွက်သေးချေ။

"အလင်းရောင်မှာ ဖြစ်နိုင်တဲ့ အရည်အချင်းတွေ အများကြီး ရှိပါတယ်၊ စာများများဖတ်၊ များများအရေးကျင့်ပါ"

အဲဒီလိုလေး အပြောခံရတာကိုပင် လိုက်ဒေးမှာ ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာလျက် ...

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ ကြိုးစားသွားမှာပါ၊ လိုအပ်တာရှိရင်လည်း ဆုံးမပါ၊ ဝေဖန်ပါ၊ အကြံပေးပါဦးနော်"

"ဟုတ်ပါပြီ၊ လက်ရေးလှလှနဲ့ သပ်သပ်ရပ်ရပ် ရေးတတ်တာကိုက အယ်ဒီတာကို ဆွဲဆောင်နေပါပြီ ...

ဆက်ပြီးတော့သာ ကြိုးစားသွားပါ၊ စာများများဖတ်ပါ"

"ဟုတ်ကဲ့ ... ကျွန်မကို ခွင့်ပြုပါဦးရှင်"





ဒီနေ့ကတော့ လိုက်ဒေး အတွက် ဘယ်လိုပျော်စရာကောင်းသော နေ့မှန်းကို မသိချေ။ ဝတ္ထုတိုလေးတွေ၊ ကဗျာလေးတွေ ရေးလာတာ ကြာပြီဖြစ်သော်လည်း တစ်ခါမှ အရွေးမခံခဲ့ရ။ အဲဒီအတွက် စိတ်မကောင်း ဖြစ်ရတာလည်း အကြိမ်ကြိမ်ဖြစ်သည်။

သို့သော် လိုက်ဒေးက ဇွဲမလျှော့ပေ။ မလျှော့သောဇွဲတွေရဲ့ ရလဒ်ကတော့ နာမည်ကြီးမဂ္ဂဇင်းတစ်စောင်ထဲမှာ အခုလို ပါဝင်ခွင့် ရလာတာပဲပေါ့။

ဆယ်တန်း ဖြေပြီးကတည်းက ဝတ္ထုတိုလေးတွေ စတင်ရေးသားခဲ့သော လိုက်ဒေး အတွက် တက္ကသိုလ်တက်ရတော့မည့် အချိန်မှာ ဝတ္ထုတိုလေးတစ်ပုဒ် ရွေးချယ် ဖော်ပြခံရခြင်းသည် အတိတ်ကောင်း နိမိတ်ကောင်းလည်း ဖြစ်သေးသည်။ လုံးချင်းဆရာမဟု အမြဲနောက်ခဲ့သော သူငယ်ချင်းတွေကိုလည်း ခေါင်းမော့ ရင်ကော့ပြနိုင်ပြီ။

အို ... အရာရာဟာ အဓိပ္ပာယ်ရှိလို့နေပြီ။

နာမည်အရင်းကိုပဲ ကလောင်နာမည် ပြန်ယူထားသော အလင်းရောင် ဆိုတဲ့ နာမည်လေးကို ပုံနှိပ်စာလုံးဖြင့် ကဗျာဆန်ဆန် တွေ့ရတာကိုက ကိုယ့်ကိုယ်ကိုယ် တကယ့်စာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးတစ်ဦးနှယ်မခြား ခံစားရစေသည်။ လိုက်ဒေးသည် စာအုပ်လေးကို ငုံ့ကြည့်လိုက်၊ ပြုံးလိုက်၊ ပျော်ရွှင်လိုက်၊ အထဲမှ ဝတ္ထုတိုလေးကို ပြန်ဖတ်လိုက်နှင့် လမ်းတောင် ဖြောင့်ဖြောင့် မလျှောက်နိုင်။

ဒီလို ကိုယ့်အာရုံနဲ့ကိုယ် အလုပ်များနေတုန်းမှာပဲ ကျယ်လောင်သော စက်သံတစ်ခုနှင့် ကားတစ်စင်းဟာ အကွေ့တစ်ခုမှ ဘွားခနဲ ထွက်ပေါ်လာကာ လိုက်ဒေး ထံသို့ တိုက်တော့မတတ် ပြေးလာခဲ့တာ ဖြစ်သည်။ လိုက်ဒေးသည် ကားတိုက်မှာကို စိုးရိမ်သည့်စိတ်ဖြင့် ရုတ်တရက် လမ်းဘေးသို့ ခုန်ရှောင်လိုက်လျှင် ခလုတ်တိုက်မိကာ ဖရိုဖရဲ လဲကျလို့ သွားရသည်။

လွယ်ထားသော အိတ်ရော၊ လက်ထဲမှ စာအုပ်ရောဟာ အားလုံး တစ်ခု တခြားစီ ဖြစ်၍ကုန်သည်။ လိုက်ဒေးမှာ လူလဲကျတာကို အဲဒီလောက် ဂရုမစိုက်အားသေး ချက်ချင်း ဖုတ်ဖက်ခါထကာ မဂ္ဂဇင်းစာအုပ်ကို ကပျာကယာ ရှာရသည်။

ရင်နင့်စရာ ကောင်းသည်မှာ လိုက်ဒေးရဲ့ မဂ္ဂဇင်းစာအုပ်လေးသည် ရေမြောင်းထဲသို့ ပြုတ်ကျသွားခဲ့တာ ဖြစ်သည်။ ဘယ်လိုမှ အဖတ်ဆယ်၍ မရတော့လောက်အောင် ရေစိုနှုးပွကာ





ပျက်စီးသွားပြီဖြစ်သော စာအုပ်လေးကို ကြည့်ကာ လိုက်ဒေးရဲ့ ရင်ထဲတွင် တစ်စုံတစ်ရာ ဆုံးရှုံးနစ်နာသွားရသလို အကြီးအကျယ် ခံစားသွားခဲ့ရ၏။

ကိုယ့်ကြောင့် မဟုတ်ဘဲ တခြား တစ်စုံတစ်ယောက်၏ ပယောဂကြောင့် ဖြစ်ရလျှင် ချက်ချင်းလိုပင် ထွက်လာတတ်ကြသော ဒေါသစိတ်ကြောင့် လိုက်ဒေးသည် တရားခံဖြစ်သော ကားကို လှည့်ကြည့်လိုက်လျှင် အဲဒီကားကလည်း အရှိန်တုံ့ကာ ဒီဘက်ကရော ဘာများဖြစ်သွားသေးလဲဟု ရှုးစမ်းရိပ်ဖြင့် အကဲခတ်နေတာကို ကြုံသည်။

လိုက်ဒေး ထ,လာတော့မှ စိတ်ချသွားဟန်ဖြင့် မောင်းထွက်ဖို့ ပြင်နေသောကားကို မုန်းမုန်းတီးတီးစိတ်ဖြင့် အနားမှာရှိနေသော ရေသန့်ဘူးခွံနှင့် အားကုန်ပစ်ပေါက် ထည့်လိုက်တော့လေသည်။

"ဒေါင်"

လိုက်ဒေးရဲ့လက်က ဒီနေရာမှာတော့ တကယ်ကို ချီးကျူးဖို့ ကောင်းသည်။ အမိုးဖွင့်ပြိုင်ကားမောင်းသူရဲ့ ဦးခေါင်းကို တည့်တည့်သွား၍ မှန်တာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ထိုကားဟာ ရပ်သွားတော့လျက် ကားမောင်းသူက အောက်သို့ဆင်း၍ လာလေသည်။ ပြီးလျှင် သူက လိုက်ဒေးထံ ဒေါသကြီးသော ခြေလှမ်းများဖြင့် တရကြမ်း လျှောက်လာခဲ့တာ ဖြစ်သည်။ ထိုသူသည် လိုက်ဒေးနှင့် မတိမ်းမယိမ်း အရွယ်ရှိလျက် တစ်ခေါင်းလုံးကို ကျစ်ဆံမြီးတွေ ကျစ်ထားသော၊ တီရှပ်ပွပွ ဘောင်းဘီပွပွ ဝတ်ဆင်ထားသော ကောင်လေးတစ်ယောက်ဖြစ်၏။

မြင်တာနှင့်ကို Hip-Hop ဒီဇိုင်းနှင့် သီသာစေသော သွင်ပြင်ဟန်ပန်နှင့် ဖြစ်လေသည်။ သူက ကားပေါ်မှ ဒေါသတကြီး ဆင်းလာကာ ...

"ဟေ့ ... မင်း ဘာလုပ်တာလဲကွ ... ဟမ် ? "

သူ့ပုံစံက လိုက်ဒေးကို စားတော့ဝါးတော့မည့် အတိုင်း။ လိုက်ဒေးသည်လည်း ခါးထောက်၍ မိုက်ကြည့်ပြန်ကြည့် လျက်ရှိကာ ...

"နင်က ကားကိုဘယ်လိုမောင်းလာတာလဲ၊ ဟိုမှာ မြင်လား၊ နင့်ကြောင့် ငါ့စာအုပ် ရေမြောင်းထဲ ပြုတ်ကျသွားတာ ... အားလုံး ရေစိုစုတ်ပြဲကုန်ပြီ"





"ဟာ ... အဲဒါ ငါနဲ့ ဘာဆိုင်လဲ၊ နင့်ဘာသာ ကြောက်လန့်တကြား ခုန်ပေါက်ရှောင်နေတာလေ၊ နင့်ကို ငါ့ကားနဲ့ တိုက်မိလို့လား"

"အို ... တိုက်မိမိ မမိမိ၊ နင် စွတ်ရမ်းပြီး မောင်းလာလို့ ဒီလိုဖြစ်ရတာ၊ နင့် ကားခေါင်းကြီးက ငါ့ဆီ တည့်တည့် ပြေးဝင်လာတဲ့ဟာ၊ ရှောင်မှာပေါ့ ...

နင့်ကားက ငါ့ကို မတိုက်မိဘူးလို့ ပြောနိုင်လား"

"ပြောနိုင်တယ်၊ ငါက ဒီလိုပဲမောင်းတာ၊ ဆယ့်သုံးနှစ်သားတည်းက ကားမောင်းလာတာ၊ တစ်ခါမှ မတိုက်ဖူးသေးဘူး၊ နင်သာ တရုတ်ကားတွေကြည့်ပြီး သိုင်းရူးရူးပြီး ခုန်ရှောင်နေတာ ...

တောက် ... ငါ့ခေါင်းကိုများ ရေသန့်ဘူးနဲ့ ပေါက်ရတယ်လို့ကွာ၊ မိန်းကလေး ဖြစ်နေလို့ပေါ့"

သူက မကျေမချမ်းနှင့် လက်သီးဆုပ်ကာ ဆိုလျှင် လိုက်ဒေးသည် ပါးဖောင်းအောင်ပင် ဒေါပွသွားလျက် ...

"အံမယ် ... မိန်းကလေး ဖြစ်တော့ရော ဘာဖြစ်လဲ၊ နင်က ဘာဖြစ်ချင်တာလဲ၊ ငါက လုံးဝဂရုမစိုက်ဘူး၊ နားလည်လား ...



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် နင့်ခေါင်းကို ခွဲတောင်ပစ်ချင်တာ၊ အနားမှာ ရေသန့်ဘူး ရှိနေတာ ကံကောင်းသွားတယ်မှတ်”

“တောက် ... ဘယ်လိုမိန်းမမျိုးနဲ့ လာတွေ့နေမှန်းကို မသိဘူး”

“အေး ... ငါကလည်း နင်နဲ့တွေ့ရတာ တကယ့် အကုသိုလ်ဝင်တာပဲ၊ နားလည်လား၊ နင့်ကို ငါ လုံးဝမကျေနပ်ဘူး”

“မကျေနပ် သေလိုက်ပေါ့ကွာ၊ သူကများ ပြောရတယ် ရှိသေး”

“နင် မမိုက်ရိုင်းနဲ့နော်၊ ပုံစံကိုက အရူးလို မြောက်ကြွကြွဒီဇိုင်းနဲ့၊ တောက် ... ကြည့်လို့ကို မရဘူး”

“ကြည့်မရရင် ကြည့်မနေနဲ့ပေါ့ကွာ၊ ထွက်သွားပါလား”

“လျှာမရှည်နဲ့၊ ငါ့ဘာသာငါ သွားချင်သွားမယ်၊ မသွားချင် မသွားဘူး”

“တောက်”

သူက တက်တစ်ချက် ပြင်းပြင်းခေါက်ကာ လိုက်ဒေးကို ပေစောင်းစောင်းကြည့်လျက် မကျေမချမ်းပုံနှင့် ချာခနဲလှည့်ထွက်သွားသည်။ ခဲတစ်လုံးကိုပင် ပိတ်၍ကန်လိုက်သေးလေသည်။





ပြီးလျှင် ကားတံခါးကို ခပ်ဆောင့်ဆောင့်ပိတ်လျက် တရကြမ်းမောင်းထွက်သွားသည်။

လိုက်ဒေးသည် မှန်းစရာကောင်းသော သူ့ကားရဲ့ အင်ဂျင်စက်သံ အကြီးကြီးနှင့် သူ့ကို မျက်ဝန်းများ မှေးစင်းကြည့်ကာ ကျန်ခဲ့ရင်းမှ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်မိသည်။ ထို့နောက် ရေမြောင်းထဲမှ စာအုပ်လေးထံ အကြည့်ရောက်သွားလျှင် ငိုချင်လောက်အောင်ကို စိတ်ဆင်းရဲသွားရလေသည်။

ပြန်တော့ ဝယ်လို့ရတာပေါ့။ ဒါပေမဲ့ “ဆရာမအလင်းရောင် အတွက် မေတ္တာလက်ဆောင်”ဆိုသော စာသားလေးက ဘယ်လိုလုပ် ပါဝင်တော့မှာလဲ။ ပြီးတော့ မဂ္ဂဇင်းတိုက်က လက်ဆောင်ရတာနဲ့ အပြင်က ဝယ်ရတာနဲ့ ဖီလင်ချင်းက ဘယ်တူမှာလဲ။

အို ... အဲဒီ မိစ္ဆာအစုတ်ပလုတ်ကို လိုက်ဒေး တစ်သက်မကျေပေ။

❤ ❈ ❤



www.burmeseclassic.com

www.burmeseclassic.com



"နိုင်း လာပြီကွ၊ မိုက်တယ် ... မိုက်တယ်"

သူ့ကား ဝင်လာတာနှင့် တစ်ပြိုင်နက် သူ့သူငယ်ချင်းတွေက ထိုင်ရာမှ တစ်ယောက်တစ်ပေါက် ထ,အော်ကြသည်မှာ ဖွင့်ထားသော သီချင်းသံတွေကိုတောင် လွှမ်းမတတ်ပင်။

သူက စင်တီရီယာတိုင်ကို လှည့်ပတ်ကစားရင်း ဒီကောင်တွေ အုပ်စုနား အရောက်မှာ ကားကို ဘရိတ်ဖမ်းလိုက်သည်။ သူ့ကားခေါင်းအစွန်းနှင့် ပေါက်ပေါက် ဒူးခေါင်းတို့မှာ အပ်တစ်ဖျားစာ အကွာပဲ ရှိတော့သည်။ သူက ကားမောင်းလျှင် အဲဒီလို မထိတထိတွေ လုပ်ရတာကို အလွန်ဝါသနာပါသည်။

အဲဒီအတွက် သူ့ရဲ့ကားမောင်းပညာကိုလည်း ဂုဏ်ယူရသလို၊ သူ့ကား ကောင်းတာကိုလည်း ကျေနပ်ရသည်။ သူက သူ့ကားလေးကို တော်တော် Crazy ဖြစ်ပါသည်။ သူ့ဘဝ





တွင် မြတ်နိုးခုံမင်ရဆုံး အလုပ်နှစ်ခုပဲရှိသည်။ အဲဒါက သီချင်းဆို၊ သီချင်းရေးခြင်းနှင့် ကားအလှဆင်ခြင်း။

သူက ကားတံခါးမဖွင့်ဘဲ ပြတင်းပေါက်မှ ဖျတ်ခနဲ ခုန်ဆင်းလာခဲ့သည်။ မြူးကြွပေါက်ကွဲသော သီချင်းသံက ပျံ့လွင့်ဆဲ။ သူငယ်ချင်းတွေက သူ့ကားအနားသို့ သွားရောက်ကာ car audio တပ်ဆင်ထားတာကို သေချာကြည့်ရှုနေကြသဖြင့် သူ ဘာဖြစ်လာသလဲ ဆိုတာ ဘယ်သူမှ မရိပ်မိကြသေး။

"အခုမှ မိုက်သွားတာကွ၊ ဒါမျိုး တပ်သင့်တာ ကြာပြီ။ Speaker တစ်လုံးတည်းကနေ အသံစုံ ထွက်နေတာထက် ဒီလို Surrond System (အသံလည်ပတ်စနစ်)နဲ့ နားထောင်ရတာ ပိုမိုက်တယ်"

"မင်း ဘယ်မှာလုပ်တာလဲ၊ ကိုဇင့် ဆီမှာပဲလား"

မေးသာ မေးနေတာ သူ့ကို လှည့်ပင်မကြည့်။ ကားပေါ်တက်၍ ဟိုဒီကလိနေကြသည်။

"ဘာတပ်လိုက်လဲ၊ Pioneer ပဲလား၊ ငါ့အစ်ကိုတော့ Denon ကို Original brand တပ်မလို့တဲ့ကွ ...

မင်းဆီတောင် လာကြည့်ဦးမလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းက ဘာတင်းလာတာလဲ၊ ဖားသား ကြီးနဲ့ ကွိုင်လာလို့လား"

သူ့အခြေအနေကို အရင်ဆုံး သတိထားမိတာက ချိုသား ဖြစ်သည်။

သူ့ရဲ့ မှုန်တင်းတင်း ရှုတည်တည် ဖြစ်နေသော ရုပ်ကို တခြားကောင်တွေကပါ မြင်သွားပြီးတော့မှ ကက်ဆက် ပိတ်ပစ်လျက် အနားသို့ ရောက်လာကြသည်။

"နိုင် ... ဘာဖြစ်လာတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ၊ မင်းတို့ဆီကို အလာမှာ အာရုံ နောက်စရာ တစ်ခုနဲ့ တွေ့ခဲ့ရလို့ပါ"

"ဘာလဲ ... ဟိုကောင်တွေ အဖွဲ့နဲ့လား"

"မဟုတ်ပါဘူး၊ ဧော့်းမတစ်ယောက်နဲ့ တွေ့လာတာ"

သူက အဲဒီလို အစချီကာ တွေ့ကြုံလာရသော အဖြစ်သနစ်အစုံကို ပြောပြလိုက်သည်။ သူပြောတာကို ပေါက် ပေါက်၊ မြင့်မြတ်နှင့် ချိုသားတို့က ရယ်ရွှင်ရိပ်မြူးနေသော မျက် လုံးတွေဖြင့် နားထောင်ပြီးနောက် ပြီးလျှင် တဟားဟား ရယ်ကြ တော့သည်။





"ဟား ဟား ဟား ... လက်စသတ်တော့ နိုင်း တစ်ယောက် စင်ပေါ်မတက်ခင်တည်းက ရေသန့်ဘူးနဲ့ အပေါက်ခံနေရ ပြီကိုး"

"တော်စမ်းပါကွာ၊ နိမိတ်မရှိ နမာမရှိ"

"ဟော ... ဟော ... တွေ့လား၊ မင်း အခုတော့ အဲဒီစကား ကိုပြောပြီ၊ နိမိတ်တွေ နမာတွေ မင်း ယုံတယ်မဟုတ်လား...

ဒါကြောင့် ပြောတာ၊ တို့အဖွဲ့နာမည်ကို သြဇာသီး လို့ပဲ ပေးကြရအောင်ပါလို့"

"အာ ... အရေးထဲ ဒီဗေဒင်ရှူးက တစ်မျှောင့်"

သူက စိတ်တိုတိုနှင့် ပေါက်ပေါက်ကို အော်ငေါက် ပစ်လိုက်သည်။ သူတို့သူငယ်ချင်းလေးယောက်မှာ ရှစ်တန်းလောက် တည်းက စတင် အတွဲညီခဲ့ကြသောသူများ ဖြစ်ပြီး သီချင်းဆိုခြင်း ကို ဝါသနာပါကြရာမှာလည်း လုံးဝတစ်ထပ်တည်းကျ၏။

သူတို့ ရှစ်တန်းလောက်တည်းက မြန်မာပြည်မှာ စင်ခေတ်စားခဲ့သော Hip-Hop ဂီတကို တစ်ဖွဲ့လုံး ရူးသွပ်ကြတာ ချင်းလည်း ညီ၏။ အခုလို ဆယ်တန်းအောင်ပြီးသော အချိန်မှာ တော့ သူတို့ရဲ့ ဝါသနာပိုးတွေက တားမရ ဆီးမရ ကြီးထွားလာ ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လေးယောက်ထဲမှာမှ သူနှင့် မြင့်မြတ်က သီချင်းရေးတာပါ ဖြစ်သည်။ သူတို့ရေးစပ်သီဆိုထားသော သီချင်းသုံးလေးပုဒ်ခန့်ကို ပရိဂျူဆာတစ်ယောက်က နားထောင်ပြီး သဘောကျသွားကာ Hip-Hop Live Show တစ်ပွဲမှာ သီဆိုဖို့ ကမ်းလှမ်းထားခံရချိန် ဖြစ်လေရာ ဒီအချိန်မှာ သူတို့ရဲ့ခြေထောက်တွေဟာ မြေကြီးနှင့် မထိချေ။

အခုလောလောဆယ်မှာ အခွေထုတ်ဖို့မစဉ်းစားသေးဘဲ Live Show ပွဲမှာ ဝင်ဆိုရင် ပရိသတ်ရမည်။ ပရိသတ်ကြားထဲ အတန်အသင့် ပျံ့နှံ့တော့မှ အခွေထုတ်ကြမည် ဟူသော ဆုံးဖြတ်ချက်ချင်းလည်း ညီကြသည်။

မညီတာက အရေးကြီးဆုံးဖြစ်သည့် အဖွဲ့နာမည်ကိစ္စပင်။

နာမည်ကိစ္စက ဘယ်လိုမှ စိတ်သဘောထားခြင်း မတိုက်ဆိုင်ကြသေး။ တစ်ယောက်က အင်္ဂလိပ်နာမည်၊ တစ်ယောက်က မြန်မာနာမည်၊ ဗေဒင်ဆို အလွန်ယုံတတ်သော ပေါက်ပေါက်က ဗေဒင်ဆရာ ရွေးပေးသော အမည်မှ ... စသဖြင့် အကြိုက်ချင်းတွေက ဘယ်လိုမှ မတူကြ။





"ဩဇာသီး ဆိုတဲ့ နာမည်က မိုက်ပါတယ်ကွာ၊ ခတ်သဘောအရလည်း ကောင်းတယ်၊ လူစိတ်ဝင်စားခံရမယ့် နာမည်မျိုးပါ ...

နောက် ငါတို့အဖွဲ့ နာမည်ကြီးသွားရင် ဩဇာသီး Logo တံဆိပ်တွေနဲ့ တီရှပ်တွေ ဘာတွေ ထုတ်ပြီး လုပ်လို့တောင် ရသေးတယ် ...

နော်ကွာ ... နော် ... ဩဇာသီးပဲ ပေးကြရအောင်ပါ"

"မင်းကလည်းကွာ၊ သူများတွေ နာမည်လှလှလေးတွေ ပေးနေတာ ဘယ်လောက်မိုက်လဲ"

"နာမည်က အဓိက မဟုတ်ပါဘူးကွာ၊ ကဲ ... ဒါဆို မြေပဲယို ဆိုတဲ့ နာမည်ကျ ဘာလုပ်မလဲပြော၊ မြေပဲယိုဆို ဘယ်လောက် အောင်မြင်သွားလဲ ...

နာမည်ကြားတာနဲ့ စိတ်ဝင်စားကြတာ ...

လုပ်ပါကွာ၊ ဒီအမည်ပဲ ရွေးရအောင်ပါ၊ မင်းတို့လည်း စိတ်ကြိုက် ရွေးထားတဲ့နာမည် မရှိဘူး မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနာမည်နဲ့ ငါတို့အဖွဲ့ ပေါက်ကိုပေါက်မှာ၊ မပေါက်ရင် ကြိုက်သလိုပြော”

ပေါက်ပေါက်သည် ဘာကြောင့်မှန်းမသိ ထိုနာမည်ကိုမှ အသည်းအသန် ဖြစ်၍နေသည်။ သူတို့မှာလည်း တကယ်တမ်း ပြောဆို စိတ်ကြိုက်ရွေးထားသော နာမည်မရှိ။ သူနှင့် မြင့်မြတ်ကလည်း နာမည်ရွေးဖို့ထက် သီချင်းရေးဖို့သာ ပို၍စိတ်ဝင်စားသောသူများ ဖြစ်ကြသည်။ နာမည်ကိစ္စကို အဲဒီလောက် မခံစားကြ။

သူက မြင့်မြတ်ကို ဘယ်လိုလဲ ဟူသော အထာဖြင့် မျက်စပစ်ပြလျှင် မြင့်မြတ်ကလည်း အေးဆေးပဲ ဟူသော ဒိုင်းနှင့် ခေါင်းညိတ်ပြသည်။

ဒါဆို သူတို့နှစ်ယောက်ကတော့ အဆင်ပြေသွားပြီ။ ချိုသားကလည်း ခေါင်းသာမညိတ်တာ လူကပြုံးတုံ့တုံ့။ ပေါက်ပေါက်ခမျာ သူတို့မျက်နှာတွေကို သနားစဖွယ် လိုက်ကြည့်နေရပြီးမှ ...

“ကဲ ... ဘယ်လိုတုန်း၊ ငါပြောတာ လက်ခံပြီလား”

“အေးကွာ ... အေး”





“မင်းတို့အားလုံး သဘောတူတယ်ပေါ့”

“အေး”

“ဟား ... အိုခေ၊ ဒါမျိုးမှပေါ့ကွာ၊ သေချာပါတယ်ကွာ၊ တို့ ဩဇာသီးအဖွဲ့က ပေါက်မှာပါ။ မင်းတို့ဟာက ရှေ့လထဲရောက်ရင် စင်ပေါ်တက်ရတော့မယ်၊ ခုထိ နာမည်မရွေးရသေးတာကတော့ မမိုက်ပါဘူး ...

အင်တာဗျူးတွေမေးရင် ဒီနာမည်ကို ရှစ်တန်းတည်းက ရွေးခဲ့တာလို့ဖြေ၊ ဟား ဟား ဟား”

ပေါက်ပေါက်က အောင်မြင်သော အသံဝါကြီးနှင့် ရယ်နေလျှင် သူ့မှာ ဟက်ဟက်ပက်ပက် လိုက်မရယ်နိုင်သေး။ သူ့ခေါင်းကို ရေသန့်ဘူးနှင့် အပေါက်ခံရတာအား အခုထိ အခဲမကျေနိုင်သေးချေ။

“ဟော့ကောင် နိုင်းဒီပါ၊ ရုပ်ကလည်း တင်းတုန်းပါပဲလားကွ၊ ပြေလိုက်ပါတော့ကွာ ...

မင်းလည်း”

“မပြေနိုင်ပါဘူးကွာ၊ ငါ့ခေါင်းကို အမေရိုက်ရင်တောင် မကြိုက်တဲ့ဟာ၊ ဘာမှမဆိုင်တဲ့ မိန်းမတစ်ယောက်က ရေသန့်ဘူးနဲ့ပေါက်တာ၊ ကျေစရာလား ... လုံးဝပဲ”



www.burmeseclassic.com

"အေးပါကွာ၊ မင်းကို ဩစာသီးအဖွဲ့ရဲ့ အဆိုကျော်တစ်ယောက်မှန်း မသိသေးလို့ နေမှာပေါ့ ...

နောက်ကျမှ ငါတို့ပရိသတ် ဖြစ်လာမှ အံ့ဩသွားမယ် ... ဟဲ ဟဲ"

"ဒီအရူးက တစ်မျိုး၊ ကဲ ... ကဲ ... ဒီနေ့ အဖွဲ့နာမည်ရတဲ့ အထိမ်းအမှတ်အဖြစ် ရွှေခိုင်မှာ အကင်သွားစားကြစို့ ... ဟုတ်ပြီလား"

"မင်းကတော့ အစားပဲ စဉ်းစားနေ"

"ညနေမှ စားမယ်လေကွာ၊ ဒီမှာ ငါနဲ့ နိုင်းနဲ့ သီချင်းတစ်ပုဒ် ရေးနေတာ မပြီးသေးဘူး ...

ကဲ ... နိုင်း၊ မင်းလည်း ဟိုမဒီကို စိတ်ထဲကနေထုတ်လိုက်တော့၊ နောက်မှ မင်း ဖီလင်တွေကို သီချင်းပြန်ရေး၊ ဟုတ်ပြီလား ...

ကားမောင်းရင်းနဲ့ ထွက်သွား xxx အကွေ့မှာ စ၊ တွေ့ရ xxx ထိမလို ငြိမလို ဖြစ်သွား xxx ရေသန့်ဘူးနဲ့ အပေါက်ခံရ xxx နောက်မှန်သဗျ ... အိုး ... ရေး ... ကမ်းမွှန် ..."





မြင့်မြတ်က သူ့အကြောင်းကို လက်တန်းသီချင်းစပ်ကာ ရွတ်ပြလျှင် သူ့မှာ အခုမှပဲ ပြုံးနိုင်တော့တာဖြစ်သည်။ သေချာသည်။ မှန်းစရာကောင်းသော ထိုကလေးမအကြောင်းကို သီချင်းတစ်ပုဒ်တော့ ရေးကို ရေးရဦးမည်။ ဒါမှပဲ သူ့ရင်ထဲမှာ ပေါ့သွားမှာ ဖြစ်လေသည်။

တကယ်တော့ သူတို့ရဲ့ Hip-Hop ဂီတသည် နှလုံးသားရဲ့ ထွက်ပေါက်တစ်ခုလည်း ဖြစ်သေးပါသည်။

❤ ✳ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com



## ၂

လိုက်ဒေးသည် သူငယ်ချင်းမနှစ်ယောက်ကို အကင်သာ လိုက်ကျွေးရသည် စိတ်ထဲမှာတော့ သိပ်၍ဘဝင်မကျလှချေ။ တစ်စုံတစ်ရာကို အစာမကျေနိုင်ဘဲ အီလည်လည် ဖြစ်လို့နေသည်။ ဒါကိုလည်း ပပနှင့် မချူကြာ ရိပ်မိဟန်ရှိသည်။

"လိုက်ဒေးရယ် ... ပြီးတဲ့ဟာက ပြီးသွားပြီပဲ၊ ဘာလို့ ကိုယ့်စိတ်ကိုယ် ညှဉ်းဆဲနေမှာလဲ၊ စား ... စား ... သူငယ်ချင်း ...

အဝသာစား"

ခန္ဓာကိုယ်နှင့်လိုက်အောင် တစ်ဖြန့်စ်ဖြုံစားနေသော ပပကို လိုက်ဒေးက မျက်စောင်းတစ်ချက်ကဲကာ ...





"နင်တို့ကတော့ ဘာအရေးလဲ၊ ငါ့မှာတော့ ခံစားရတာပေါ့ဟဲ့၊ စဉ်းစားကြည့်လေ၊ ပထမဆုံးရတဲ့ စာအုပ်လေး ဒီလိုဖြစ်သွားတာ ငါက မေ့ပစ်ရမှာလားဟဲ့"

"အေးပါဟယ်၊ ဒါသတ္တက်စရာ ကောင်းမှန်းတော့ သိပါတယ်၊ ဒါပေမဲ့ ဘာတတ်နိုင်တော့မှာလဲ၊ ဒီလိုပါပဲဟာ ဒါဟာ နောင်တစ်ချိန်မှာ နင် Best seller ဖြစ်မယ့် အတိတ်နမိတ်ပဲဟဲ့"

ပပ ဆိုသော ဖက်တီးမဟာ အစားအသောက်က သောင်းကျန်းသည့်အပြင် ဇေဒင်ကလည်း အတော့်ကိုယုံသော ကလေးမ ဖြစ်သည်။ အခုလည်း ဘာမှမဆိုင် စာအုပ်ရေမြောင်းထဲ ပြုတ်ကျတာဟာ ဘာအတိတ်ကောင်း နိမိတ်ကောင်း ဖြစ်နိုင်မှာမို့လို့လဲ။

"ဘာမှမဆိုင်ဘူး၊ ငှတ်ကို ဆွဲစိမနေနဲ့"

"ဟာ ... ဘာလို့ မဆိုင်ရမှာလဲ၊ ဒီနေ့ ကမ္ဘာကျော်တွေ မြန်မာကျော်တွေကို လိုက်ကြည့်လိုက်၊ အစပိုင်းမှာ ဘယ်သူမှ မချောမွေ့ခဲ့ကြဘူး၊ ခရောင်းလမ်းချည်းပဲ၊ အတိတ်ကို ပြန်ပြောရင် နာစရာတွေချည်းပဲ ....



www.burmeseclassic.com

www.burmeseclassic.com



နှင့်လည်း ဒီလို အနုပညာခရီး ခြေတစ်လှမ်းအစမှာ ဒီလို အတိုက်အခိုက်တွေ ကြုံရတာဟာ ဒါ နောင်တစ်ချိန် အောင်မြင်မယ့် နိမိတ်ပေါ့ဟဲ့"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ လိုက်ဒေးကတော့ ယုံရတော့မှာပင်။

မချူကလည်း ပပရဲ့စကားကို ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကာ ...

"ဟုတ်တယ် ... ဟုတ်တယ်၊ စာအုပ်က ရေမြောင်းထဲကျသွားပေမယ့် စာမူခက ပိုက်ဆံအိတ်ထဲ ပါလာတာပဲ၊ ဒါ ဖြေစရာပေါ့ ... ဟဲ ဟဲ ...

ဒါကြောင့် အကင်တွေ ဝယ်ကျွေးနေတာပေါ့၊ များသံပရာလေးပါ ထပ်မှာလိုက်မယ်နော် ... ဟီး ဟီး"

"အေး ... လုပ်စမ်းပါဦး ငါ့ဖို့လည်း တစ်ခွက်၊ အင်း ... ငါတို့သူငယ်ချင်း လိုက်ဒေးက တစ်နေ့မှာ နိုင်ငံကျော်စာရေးဆရာမကြီး သေချာပေါက် ဖြစ်မှာပါဟာ ...

ဒီလောက် စိတ်စေတနာကောင်းနေတာ ရုပ်ကိုကစာရေးဆရာမရုပ်၊ ကြီးစား သူငယ်ချင်း ... ကြီးစား"





မြှောက်နေမှန်း သိသော်လည်း လိုက်ဒေးမှာ မပြုံးဘဲ မနေနိုင်ချေ။ မျက်စောင်းတစ်ဖက်ထိုးရင်းမှ ဘာရယ်မဟုတ် လမ်းမဘက်သို့ အကြည့်ရောက်သွားလျှင် မြူးကြွဆူညံ ပေါက်ကွဲနေသော ပြိုင်ကားအမိုးဖွင့်တစ်စီးက ဆိုင်ရှေ့သို့ ဝေါခနဲ ထိုးရပ်လာတာနှင့် ကြုံသည်။

ကားပေါ်မှ ဆင်းလာသူတွေကား လန်းပျံနေသော ခေတ်ဒီဇိုင်းကိုယ်စီနှင့် လူငယ်လေးယောက်။ လိုက်ဒေးသည် အဲဒီလေးယောက်ထဲကမှ တစ်ယောက်ကို မြင်လျှင် မွေးညင်းတွေ ထောင်လာသည်အထိ တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားရသည်။

ဟိုမိစ္ဆာလေ ...။ အခုပဲ သူ့အကြောင်း ပြောနေသည့်သူက ရောက်ချလို့ လာသည်မှာ ရေစက်လား၊ တိုက်ဆိုင်မှုလားတော့ မပြောတတ်တော့။ အို ... ဘုရား ... ဘုရား ... ဒီမိစ္ဆာနှင့်တော့ ရေစက်မပါ,ပါရစေနဲ့။

ခဏဆုံတွေ့တဲ့ တိုက်ဆိုင်မှု တစ်ခုသာ ဖြစ်ပါစေ။

သို့သော် လိုက်ဒေးရဲ့ ဆုတောင်းကား မပြည့်ဝခဲ့ချေ။ မချူသည်လည်း ဆိုင်ထဲဝင်လာသော ထိုအုပ်စုကို မြင်သွားဟန်ဖြင့် ...

"ဟယ် ... ဟစ်ဟော့ပ်တွေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟာစ်ပော့ပ်လဲ၊ အခု ဝင်လာတဲ့သူတွေကို ပြောတာလား"

လိုက်ဒေးက မိစ္ဆာတို့အုပ်စုကို မေးငေါ့ကာပြလိုက်လျှင် မဥ္ဇူက ခေါင်းညိတ်ပြကာ ...

"ဟုတ်တယ်၊ အဲဒီထဲက တစ်ယောက်က ငါတို့လမ်းထဲက လေ၊ သူတို့လေးယောက်က အဖွဲ့တစ်ဖွဲ့ ဖွဲ့ထားတယ်၊ အဖွဲ့နာမည်တော့ ငါလည်း မသိဘူး ...

သူတို့ လေးယောက်စလုံး ငါတို့လိုပဲ UFL တက်မှာ"

လိုက်ဒေးသည် သောက်နေသော ဖျားသံပရာပင် ရှုတ်တံရက် သီးမလို ဖြစ်သွားလျက် ...

"ဗုဒ္ဓေါ ... ဘုရား၊ သူတို့ အကုန်လုံးက UFL တက်မှာ ဟုတ်လား"

"ဟုတ်တယ်၊ မေဂျာလည်း တူတယ်၊ အားလုံး ပြင်သစ်တွေချည်းပဲ၊ ငါတို့လိုပါပဲဆို၊ ဘာဖြစ်လို့လဲ"

"သေရော ... သေရောပဲ၊ နင်တို့ကို ငါ အခုနက ပြောပြတဲ့ မိစ္ဆာကောင်ဟာ အဲဒီထဲက တစ်ယောက်ပေါ့၊ ဖွတ် ... ဒုက္ခတော့ ရောက်ပြီ"





ဒီတော့မှပင် ပပနှင့် မဥ္ဇူတို့သည် အလန့်တကြား ဖြစ်သွားလျက် ...

"ဟင် ... ဟုတ်လား၊ ဘယ်သူလဲ၊ နင် ရေသန့်ဘူးနဲ့ ပေါက်ထည့်လိုက်တာ ဘယ်သူ့ကိုလဲ"

"တီရှပ်အဖြူနဲ့ကောင်"

လိုက်ဒေးက စူပွပွ ဆိုလိုက်လျှင် ပပနှင့် မဥ္ဇူက မသိမသာ လှည့်ချောင်းကြသည်။ သူတို့အုပ်စုမှာ လိုက်ဒေးတို့ကို မမြင်သေးချေ။ လက်ထဲတွင် ခြင်းကိုယ်စီဖြင့် အကင်တံတွေကို သရဲမရဲစီးစွာ ရွေးထည့်နေကြသည်။

"သူလား ... သူက မြင့်မြတ်တို့ အဖွဲ့ထဲမှာ အချမ်းသာဆုံးပဲဟဲ့၊ ဒီကောင်တွေက သီချင်းဆိုရတာကို တော်တော် crazy ဖြစ်တာ၊ သူနဲ့ မြင့်မြတ်က သီချင်းတွေ ဘာတွေလဲ ရေးတယ် ...

သူ့နာမည်က နိုင်းဒီပါတဲ့၊ နင် ရေသန့်ဘူးနဲ့ပေါက်ခဲ့တာ သူလား ...

အမလေး လုပ်ရက်ပါပေ့ လိုက်ဒေးရယ်၊ ဒီလောက်နုဖပ်နေတဲ့ ကောင်ချောလေးကိုများ"

www.burmeseclassic.com



"ဟွန်း ... ဒါကြီးလား နုပ်ချောနေတာ၊ အဆန်ချောင်နေတဲ့ ဘူးသီးခြောက်ကမှ သူ့ထက်နဦးမယ်၊ သူက အဆိုတော် လုပ်ဦးမယ်တဲ့ပေါ့ ...

ခုနစ်ရက် သားသမီးကို သူ့အသံဆိုးကြီးနဲ့ နှိပ်စက်ဦးမယ်"

"ဟယ် ... သူ့အသံက ကောင်းပါတယ်ဟဲ့"

"အောင်မယ် ... နင်က ဘယ်တုန်းက နားထောင်ဖူးလို့တုန်း"

"ဟ ... တို့လမ်းထဲမှာ ညတိုင်း Free show ဆိုနေကျပဲဟာ၊ ဂစ်တာတီးတာလည်း အရမ်းကောင်းတယ်၊ လေးယောက်စလုံး ရုပ်လေးတွေကလည်း ချောကြတော့ သူတို့ သီချင်းဆိုရင် အောင်မြင်မှာပါ"

လိုက်ဒေးသည် အကောင်းမြင်ဘက်က ပြောနေသော မဌူးရဲ့ စကားတွေကို နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်းမှ ...

"အလကား ... ငါကတော့ အဲဒီဟစ်ဟော့တွေကို ကြိုက်လည်း မကြိုက်ဘူး၊ နားလည်း မထောင်ဘူး၊ ဘယ်လိုမှ ခံစားလို့ မရဘူး၊ စာကြောင်းတွေ ဒီအတိုင်း ရွတ်နေတာကို ...





ငါ ဝတ္ထုရေးရင် ဖီးလ်နဲ့ ငြိမ့်နေတဲ့ သီချင်းမျိုးတွေမှ ရေးလို့ကောင်းတာ"

"နင် အစတုန်းက ဟစ်ဟော့ကို ဒီလောက် မဟုတ်ပါဘူးနော်၊ အခုမှ နိုင်းဒီပါ ဆိုတယ် ဆိုတာ သိရတာနဲ့ 'ဟယ်ကွ' တာ မဟုတ်လား၊ ပါဆင်နယ်လ်နဲ့ မရောရှေ့ပ်တန့်သွားဟယ် ... ဟား ဟား ..."

ဟု ခပ်တည်တည် ဟိုကလည်း နင့်ကို တင်းနေမှာပါ၊ နင့်ငှါ ရှိသည့် အကြောင်း သီချင်းတောင်ရေးပြီး ဆိုချင် ဆိုနေတော့ ခမ်းကို

"အေး ... ငါကလည်း သူ့ကို ဘယ်လောက်မုန်းကြောင့် နေ ဝတ္ထုကို ရေးဦးမှာ"

ဒီဘက်က အတင်းတုတ်နေတာကို ဟိုဘက်ကျင် သူ့ ဘယ်လိုစလောင်းနှင့် ဖမ်းသလဲတော့ မသိချေ။ ထိုမှင်တာ ဆန္ဒမအာရုံဖြင့် လိုက်ဒေးတို့ အုပ်စုကိုလည်း မြင်သွားသည်၊ ပြီးလျှင် လိုက်ဒေးကိုလည်း ချက်ချင်း မှတ်မိသွားဟန် တူပါသည်။ မျက်လုံးပြူးကြီးနှင့် ပြူးပြဲကာ စိုက်ကြည့်နေသည်။

သူကြည့်နေတာကို သိသဖြင့် လိုက်ဒေးကလည်း မျက်နှာကို မလွှဲချေ။ လက်ပိုက်လျက် ခပ်တည်တည်ပင် စိန်ခေါ်သလို ပြန်ကြည့်ပေးထားသည်။ ဒီလိုကြည့်နေတော့ သူဟာ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကြ်းသားတွေကို အချက်ပေးလို့ မရတော့။ သို့သော် ကျန်သော
ၥများဟာလည်း ဘယ်လိုရိပ်မိသွားလဲတော့ မသိ။ လိုက်ဒေး
ကွက်ကြည့် ကွက်ကြည့် လုပ်လာသည်။
ဲ့ ... လိုက်ဒေး၊ ဟိုက ငါတို့ကို ရူးရူးရဲရဲကြီး ရှိုးနေ
ဦးမပ ၁်၊ နင်ကလည်း အဲလောက်ကြီး မိုက်ကြည့် ကြည့်
"ဟပ နဲ့ ...
ငါကြောက်တယ်ဟဲ့"
"ဇ ပပက သူ့ခန္ဓာကိုယ်မှ အားမနာ၊ အသည်းငယ်စွာ
"ဲ့သည်။
ဟ ဘာမှကြောက်မနေနဲ့ နင့် ဘော်ဒီနဲ့ဆို အဲဒီဘက်က နှစ်
ယောက်လောက်တော့ အသာလေးပါ"
"ခုတဲ့လူက ပိုအသည်းငယ်တယ်ဟဲ့"
"ဟွန်း ... စားတော့ သူများထက် ပိုစားနိုင်ပြီးတော့၊
ကဲ ... ကဲ ... မြန်မြန်လက်စသတ်တော့၊ သွားမယ်၊ ဒီ
ပတ်ဝန်းကျင်မှာ ကြာကြာမနေချင်ဘူး"

လိုက်ဒေးက လော်ဆော်သဖြင့် ပပနှင့် မဥ္စူမှာလည်း ဖိမ်မဆွဲနိုင်ကြတော့။ ပြီးခါနီး အစားအသောက်များကို အမြန်လက်စသတ်ကာ ပြန်ဖို့ထကြသည်။ သူတို့ဝိုင်းနားမှ အဖြတ်တွင်





လိုက်ဒေးအား ရိသဲ့သဲ့ စောင်းမြောင်းသော စကားသံတစ်ခုကို ကြားလိုက်ရသည်။

"ဟော့ကောင်တွေ ... မင်းတို့ ခေါင်းတွေ ဝပ်ထားကြနော်၊ အမေဖုံတောထဲက လူရိုင်းမက လက်သိပ်ဖြောင့်တယ်ကွ"

လိုက်ဒေးရဲ့ ခြေလှမ်းတွေသည် တုံ့ခနဲ ရပ်တန့်သွားလျက် ချာခနဲ လှူ့ကို လှည့်ကြည့်မိသည်။ သူကတော့ ခပ်တည်တည်ပင်။ ခုခေတ် ဟာစ်ဟော့ကောင်လေးတွေ လုပ်လေ့ရှိသည့် ဟန်အမူအရာအတိုင်း မျက်နှာကို ပင့်ချီထားကာ နှုတ်ခမ်းကို ခပ်လွန့်လွန့် ပြုံးလျက် လိုက်ဒေးကို စိန်ခေါ်ကြည့် ကြည့်နေသည်။

ဒီနေရာမှာ လိုက်ဒေးက လှည့်ထွက်သွားလျှင် သူ့ကို ကြောက်ရာကျတော့မည်။

"ဟဲ့ ... နင် ဘာပြောတာလဲ"

သူက မေးတာကို ချက်ချင်းမဖြေသေးဘဲ သူ့ကို မေးတာလားဟူသော အထာဖြင့် သူ့ကိုယ်သူ လက်ညှိုးထိုးပြသေးသည်။ ပုံစံက တကယ့်ကို ရိုက်ပေါက်ဖြစ်လေသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ ရူးကြောင်ကြောင် လာလုပ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ဘူး၊ ဟုတ်တယ် ... အမေဖုံးတောထဲက လူရိုင်းမဆိုတာ နင့်ကို ပြောတာပဲ"

သူက ပေါ်တင်ပင် ရန်စလေသည်။ လိုက်ဒေးသည် သူ့ ဒီလိုကြီး ပြန်ပြောမယ် မထင်၍ ရုတ်တရက် ဘာပြန်ပြောရ မှန်း မသိချေ။

"နင် ဘာစကားပြောတာလဲ၊ တောက် ... ယောက်ျားဖြစ် ပြီး စောင်းလား မြှောင်းလားနဲ့"

"မစောင်းမြှောင်းရပါလား၊ မင်းကိုပဲ တည့်တည့်ပြောနေ တာလေ၊ ဟုတ်တယ်နော် ... ဟေ့ကောင်တွေ"

သူက စကားပြောတာ ပို၍ဆိုးလာလေသည်။ ဒီလောက်ကြီး အပီအပြင် ဖွဲ့နေသောအခါ လိုက်ဒေးသည် ဒေါသထွက်လွန်းသဖြင့် အသားတွေတောင် တဆတ်ဆတ် တုန် လာရသည်။ သူ့ဘော်ဒါပြိတ္တာများကလည်း ပြုံးစိစိတွေဖြင့် ရပ် တွေကား လုံးဝမခန့်။

အခြေအနေကို ရိပ်မိလေသော မချူက လိုက်ဒေး ကို အသာလက်ကုတ်လျက် ...

"လိုက်ဒေး ... လာ ... လာ ... သွားရအောင်"





"အို ... နေစမ်းပါ၊ နင်တို့က ဘာဖြစ်နေတာလဲ၊ ဟဲ့ ... နင် သိပ်လုပ်ပါးဝနေပြီနော်၊ စကားကို ဆင်ခြင်ပြော၊ သတ္တိရှိရင် ငါ့ကို မျက်နှာချင်းဆိုင် လာပြော၊ ဘေးနားက ဖြတ်လျှောက်တုန်း စောင်းလား မြှောင်းလား မလုပ်နဲ့"

"မစောင်းပါဘူး၊ တည့်တည့်ပြောနေတာပါဆို၊ မဟုတ်ဘူး လား၊ မင်းက သိပ်လက်ဖြောင့်တာလေ"

"တောက်"

လိုက်ဒေးသည် မကျေမနပ်နှင့် တောက်ခေါက်ရုံမှ လွဲ၍ သူ့ကို ဘာမှပြန်မပြောနိုင်ချေ။ သူက ကိုယ့်ကို စော်ကား နောက်ပြောင်နေခြင်းလည်း မဟုတ်သဖြင့် ရန်တွေ့၍လည်း မရ။ ပမာမခန့်လုပ်နေသော သရော်တော်တော် ပြုံးနေသည့် နှုတ် ခမ်းများကို ပလာယာနှင့် ဆွဲညှပ်ပစ်ချင်လောက်အောင် မုန်းတီး နေရသည်။

"ကဲ ... လာပါ လိုက်ဒေးရာ၊ သူတို့နဲ့ဖက်ပြီး ပြောမနေ စမ်းပါနဲ့"

ပပက လိုက်ဒေးရဲ့လက်ကို ဆွဲခေါ်ရင်း ပြောတာ ဖြစ်သည်။ လိုက်ဒေးက ပပ ဆွဲခေါ်ရာသို့ စောင်းငန်း စောင်းငန်း



www.burmeseclassic.com

www.burmeseclassic.com



ပါသွားတုန်းမှာပဲ နောက်ပါးဆီမှ ထပ်၍ရန်စသော စကားသံ တစ်ခွန်းကို ကြားလိုက်ရပြန်သည်။

"ဖက်ပြီး ပြောချင်လည်း ရပါတယ်၊ ဝဲလ်ကမ်း"

"ဘာ ... တောက်"

"ကဲ ... လာပါ လိုက်ဒေးရယ်"

ပပနှင့် မဥ္ဇူက ဆွဲ၍သာ လိုက်ဒေး တစ်ယောက် တရွတ်ဆွဲ၍ ပါလာရသည်။ စိတ်ထဲမှာတော့ ဒီမိန်းကလေးနှင့်တောင် ... ဒီမိဿာကို ဒီတစ်ခါမှာ ဖန်ခွက်နှင့်ကို ပေါက်ချင်နေတာ ဖြစ်လေသည်။ သူ့ကြောင့် ကိုယ့်စာအုပ် ပျက်စီးဆုံးရှုံးရသည့်အပြင် မိန်းကလေးနှင့်တောင် ပြန်၍ ရန်ဖြစ် အတေးအမှတ် ထားတတ်သော သင်းကို လိုက်ဒေးက အတော်ကြီး အမြင်ကတ်နေတာတော့ အမှန်ပဲဖြစ် လေသည်။

❤ ❋ ❤





သူတို့အုပ်စုသည် ထိုကောင်မလေးတွေ ထွက်သွား သောအခါ တဟားဟားနှင့် သဘောတွေကျ၍ ကျန်ရစ်ခဲ့လေသည်။ အခုမှပင် သူတို့ဝိုင်းထဲ၌ ပြောစရာ Topic အသစ် ရသွားလျက် စကားတွေက ပို၍ဝေစည်သွားသည်။

ပြီးတော့ ... သူလည်း အခုမှ နည်းနည်း အစာကြေ သွားရတာဖြစ်၏။

"အဲဒါလားကွ မင်းပြောတာ၊ သူ့ကို ငါ သိတယ်၊ အဲဒီ ထဲက ပိန်ပိန်နဲ့ တစ်ယောက်က ငါတို့လမ်းထဲကလေ၊ မဥ္ဇူတဲ့၊ သူ့ဘော်ဒါတွေပေါ့"

"ဘာဒီဖိုင်းတွေမှန်း မသိဘူး၊ တစ်ယောက်က ဖက်တီး၊ တစ်ယောက်ကဂျပိန်၊ တစ်ယောက်က အမေဇုံက လူရိုင်းမ ... ဟင်း ... ကာရန်အလွဲမတွေ၊ ခံစားစရာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ပျစ်ပျစ်နှစ်နှစ် အပြောကို ပေါက်ပေါက်က ကြားထဲကဝင်၍ နားသည်။ ပေါက်ပေါက်သည် အစ်မတွေ၊ ညီမတွေ၊ အဒေါ်တွေထဲမှာ ကြီးပြင်းလာရတာမို့ စိတ်ကပျော့ချင်သည်။ ဖေဒင်ယုံတာလည်း အဲဒီနေရာတွေ သူပါ,ပါတတ်၍ပင်။ အခြောက်ဖြစ်မသွားတာ ကံကောင်းသည်ဟု ပြောရမည့်သူ ဖြစ်လေသည်။

"မင်းကလည်းကွာ၊ သူများသားသမီးကို ပြောလိုက်ရင် အရမ်းပဲ၊ ဝတုတ်လေးကလည်း ချစ်စရာလေးပါ၊ ပိန်ပိန်လေးကျတော့လည်း မိဒယ်လ်လေးလိုပါပဲ၊ ဟိုတစ်ယောက်ကတော့ ချောပါတယ်ကွာ၊ ထွေးထွေးအစ်အစ်လေး … ဟေး … ဟေး"

ပေါက်ပေါက်ရဲ့ ဝမ်းခေါင်းထဲကလာသော အသံကြီးကို ချိုသားက အော့နှလုံးနာဟန်ဖြင့် တဝေ့ဝေ့ ထိုးအန်သည့် သဏ္ဌာန် လုပ်ပြသည်။ ဒါကို ပေါက်ပေါက်က နောက်ကျောကို ဖိပေးရင်းမှ …

"အန်ချလိုက် သမီးလေး အန်ချလိုက်၊ အမေတို့တုန်းကလည်း ဒီလိုပဲ ခံစားခဲ့ရတာပဲ"





သူက ပေါက်ပေါက်ရဲ့ ပေါတောတောပုံစံကို မချင့်မရဲ ပြုံးကာ …

"ပေါက်ပေါက်ရာ မင်းက နှစ်ဖက်ချွန် နေမှာပါ၊ စိတ်က ဟိုလည်းမပြတ်၊ ဒီလည်းမပြတ်နဲ့၊ တစ်ခုခုကိုလည်း မပြတ်ဘူး"

ပေါက်ပေါက်က သူ့ကို အသံမထွက်ဘဲ ဆဲရေးဆိုသည်။ ပြီးလျှင် တစ်ခုခုကို အမျှင်မပြတ်သော ထုံးစံအတိုင်း

"မြင့်မြတ် … အစောတုန်းက ကိတ်လေးတွေအကြောင်း ဆက်ပြောဦးလေကွာ" သာ

"ဖက်တီးလေးက ပေ တဲ့၊ မိဒယ်ဂဲလ်ကတော့ မဥ္စူပေါ့တွ ဟိုတစ်ယောက်က အလင်းရောင်တဲ့၊ လိုက်ဒေးလို့လည်း ခေါ်ကြတယ်၊အဲဒီ လိုက်ဒေးက စာဂျပိုးကွ၊ စာရေးဆရာမ ရူး ရူးနေတာပေါ့ကွာ"

သူက အဲဒီမှာပင် သူမရဲ့စာအုပ် ရေမြောင်းထဲ ပြုတ်ကျသွားတာကို သတိရသွားသည်။ ဒါကြောင့် ဒီကလေးမဟာ ကဲကဲဆတ်ဆတ် ဒေါသထွက်ပြနေတာကိုး။ ဒါပေမဲ့ ဒီကိစ္စမှာ သူမှားသည်ဟုတော့ မထင်ချေ။ သူ့ကားဟာ သူမကို မတိုက်မိဘူး။ တိုက်မိစရာ အကြောင်းလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးမဟာ သူ့ဘာသာသူ စာအုပ်ငုံ့ဖတ်ရင်း အလန့်တကြားဖြစ်ကာ ရှောင်လင်သိုင်းကွက် နင်းခဲ့တာဖြစ်သည်။ ဒါကို မဆီမဆိုင် သူ့ကို ရေသန့်ဘူးနဲ့ ပေါက်သေးလေရာ သူက အဲဒီအတွက် ပိုတင်းခြင်း ဖြစ်လေသည်။

မိန်းကလေး မြင်တိုင်း ဖွန်ကြောင်တတ်သော ယောကျ်ားမျိုးထဲတွင် သူ မပါဝင်သဖြင့် သူက သူမအပေါ်တွင် အလျှော့ပေးဖို့လည်း ဒိတ်ကူးမရှိခဲ့ပါ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၃

ဒီနေ့ဟာ ကျောင်းစဖွင့်သောရက် ဖြစ်၍ ကျောင်းထဲမှာက အရောင်စုံ အသွေးစုံဖြင့် လှုပ်ရှားသွားလာနေကြသော လူတွေမှ အများကြီးပဲ ဖြစ်သည်။ ပထမဆုံးနေ့မို့ Class တွေမှာ စာမသင်ဖြစ်ဘဲ ဆရာတွေကလည်း မိတ်ဆက်တာ၊ စကားပြောတာလောက်နှင့်ပဲ ပြီးကြသည်။

ကျောင်းသားတွေကလည်း ကိုယ့်အခန်းကိုယ် မနေကြဘဲ တခြားအတန်းတွေဘက် လျှောက်သွားကြကာ ဘယ်သူက ကွင်း(န်)၊ ဘယ်သူက ပရင့်ဆက်စ် စသဖြင့် ရွေးချယ်ရတာနှင့် မအားနိုင်ကြ။ သူ့မေဂျာ၊ ကိုယ့်မေဂျာ အပြန်အလှန် ပြေးလွှားနေကြလျက် ပျော်စရာကောင်းသော မြင်ကွင်းတစ်ခုပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဒေးတို့ သုံးယောက်သားသည်လည်း ကျောင်းဝင်းတစ်ခွင် လေ့လာရေး ထွက်ကြပြီးနောက် ဗိုက်က အချက်ပေးလာသောအခါ၌ မနေနိုင်ကြတော့ပေ။ ပပကဆိုလျှင် အဆိုးဆုံး။

“ဟယ် ... ဗိုက်အရမ်းဆာလာပြီ၊ သွားရအောင် ကန်တင်းကို သွားရအောင်၊ အား ... အမလေး ... အစာအိမ်ထဲက တောင် အောင့်လာသလိုပဲ”

“အဲဒီ ပပဟာလေ၊ စားရသလောက် ဗိုက်ကဆာတယ်၊ ကဲ ... သွားမယ် ... သွားမယ်”

ဒီလိုနှင့် သုံးယောက်သားဟာ ကန်တင်းသို့ ချီတက်လာခဲ့ကြသည်။

ကန်တင်းသို့ရောက်လျှင် စိတ်ဓာတ်ကျဖွယ်ကောင်းလောက်အောင် လူတွေပြည့်ကျပ်နေတာကို တွေ့ရလေသည်။ ပပရဲ့ မျက်နှာမှာ ဆီးရွက်လောက်ပင် ရှိတော့လျက် ...

“ဟဲ့ ... ဆိုင်ထဲမှာ လူတွေကလည်း အပြည့်ပါလား၊ ထိုင်စရာနေရာလည်း မရှိတော့ဘူး လိုက်ဒေးရယ်”

“အေးလေ ... လူကျပ်တာကလည်း ကြိဂံပုံထဲ အဝိုင်းသွင်းထားတဲ့ အတိုင်းပဲ”





မဥ္ဇူက သူ့အရပ် မိုးထိုးဖြင့် နေရာလွတ်ကို ရှာဖွေသည်။ အထူးစုံစမ်းထားမှုအရ ဒီဆိုင်ဟာ တရုတ်အစားအစာကောင်းကောင်းရ၍ အပူအအေး၊ မုန့်မျိုးစုံလည်း စုံလင်သည်။ မနက်စောစောမှာဆိုလည်း မုန့်ဟင်းခါးက တယ်ကောင်းဆိုပဲ။ ဒါကြောင့် လူတွေကလည်း စားပွဲတိုင်းမှာ အပြည့်။ နေရာလွတ်က လုံးဝမရှိချေ။

“နင်တို့က ငါ့ကိုသာ အစားအသောက် သောင်းကျန်းတယ်ပြောနေ၊ ငါ့ထက် ဆိုးတဲ့လူတွေချည်းပါပဲလားဟဲ့”

ပပက မျက်နှာငယ်လေးနှင့် ဆိုလျှင် လိုက်ဒေးသည် သူငယ်ချင်းကို သနားသွားသဖြင့် လှစ်ခနဲ ပြုံးမိသေးသည်။ အဲဒီနောက် ဆိုင်ထဲသို့ ဝင်လာသော လိုက်ဒေးတို့ကို စားပွဲထိုးကောင်လေးက ...

“အစ်မတို့ ခဏလေးနော်၊ ဘာစားမလဲ မသိဘူး”

“စားရအောင် ဘယ်မလဲဟဲ့ ထိုင်စရာက၊ မတ်တတ်ရပ်စားရမှာလား”

“မဟုတ်ပါဘူး အစ်မရဲ့၊ ဟိုမှာ ... ဟိုအစ်ကိုလေးတို့ဝိုင်းက ပြီးနေပြီ၊ လက်စသတ်နေပြီ၊ အဲဒါ သူတို့ပြီးရင် ဝင်လို့ရပြီ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အစ်မတို့ စားမယ့်ဟာကို မှာထား"

"အေး ... ဒါဆိုလည်း ပြီးရော၊ ငါက ထမင်းပေါင်း၊ နောက် စွန်တန်ဟင်းချိုလုပ်ပေး၊ ပပ ပြော၊ မဋ္ဌူရော"

"ငါက ထမင်းဖြူတစ်ပွဲ၊ အခေါက်ကင်၊ နောက် အစိမ်းကြော်၊ လက်ဖက်ရည် ရှယ်ပုံမှန်၊ တိုင်ကီချပေး၊ ကြားလား"

"ဟုတ်ကဲ့ ... ဒီက အစ်မကရော"

"ငါက ခေါက်ဆွဲကြော်၊ Max အချိုရည်၊ ဟိုဟာ ... လိမ္မော်၊ အဲဒါ ယူလာခဲ့ပေးဦး"

စားပွဲထိုးလေးခမျာ ခေါင်းတညိတ်ညိတ်နှင့် မှတ်သားရင်း ခဏစောင့်ဖို့ပြောကာ လွတ်မည့်ဝိုင်းကို ပြသသွားသည်။ အဲဒီတော့မှပင် လိုက်ဒေးသည် ထိုစားပွဲကိုကြည့်လျက် မျက်လုံးပြူးသွားရတာဖြစ်၏။ ထိုစားပွဲဝိုင်းတွင် စားသောက်နေကြတာက ဟို ... မိစ္ဆာတို့အုပ်စု ဖြစ်သည်။

ဒါကို ပပကလည်း မြင်သွားဟန်ဖြင့် ...

"ဟဲ့ ... လိုက်ဒေး၊ ဟိုစားပွဲက နင့်ရန်သူတော်ကြီး နိုင်းဒီပါတို့ပါလား"





လိုက်ဒေးက ဘာမှပြန်မပြောမိခင်မှာပဲ မဋ္ဌူကပါ မြင်သွားလျက် ...

"အေးဟဲ့၊ ဟော ... မြင့်မြတ် ဆိုတဲ့ အကောင်က ငါတို့ကို မြင်သွားပြီ၊ ကြည့် ... ကြည့် ... နိုင်းဒီပါကို သွားပြောနေတယ်၊ အယ် ... ဒုက္ခပဲ ...

နိုင်းဒီပါကြီးက ညစ်တော့မယ်နဲ့ တူတယ်နော် လိုက်ဒေး"

"အိုး ... ဘာညစ်စရာရှိလဲ၊ သူတို့စားပြီးနေပြီပဲဟာ၊ ထရတော့မှာပေါ့"

သို့သော် ဟိုပြိတ္တာလေးဟာ လိုက်ဒေးတို့ ရှိရာဘက်ကို တစ်ချက်လှည့်ကြည့်လျက် မခိုးမခန့် ပြုံးလိုက်တာကို တွေ့မြင်လိုက်ရသည်။ ပြီးလျှင် စားပွဲထိုးတစ်ယောက်ကို ခေါ်ကာ ဘာတွေမှန်းမသိ မှာကြားနေလေသည်။ လိုက်ဒေးသည် ချက်ချင်းသဘောပေါက်လိုက်သည်မှာ ဒီကောင် ယုတ်မာပြီ ဆိုတာပဲဖြစ်သည်။

သို့သော် အခြေအနေက မသေချာသေးသဖြင့် ဘာမှလဲ ပြောလို့မရသေး။ ဆိုင်ထဲတွင် လိုက်ဒေးတို့ သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



သားမှာ မိုးတိုးမတ်တတ်ဖြင့် ရပ်နေရလျက် သူများစားတာတွေ မမြင်ချင်လည်း မြင်နေရကာ လိုက်မျှော်နေသလို ဖြစ်၍နေလေသည်။

မိနစ်အနည်းငယ် ရှိသည်အထိ သူတို့အုပ်စုဟာ မထသေး။ သူတို့စားသောက်ပြီးသော ပန်းကန်ခွက်ယောက်များ ပင်လျှင် လာရောက် သိမ်းဆည်းသွားပြီးနေပြီ။ ဒီတစ်ခါတော့ လိုက်ဒေးက သည်းမခံနိုင်တော့လျက် အဲဒီဝိုင်းကို ဆိုးဆိုးဆတ်ဆတ်ပင် လျှောက်၍ သွားတော့လေသည်။

"ဟဲ့ ... နင်တို့ စားပြီးရင်လည်း ထကြတော့လေ၊ သက်သက် အကျင့်ယုတ်မနေကြနဲ့"

သူတို့အုပ်စုထဲမှ အသားဖြူဖြူနှင့် နွဲ့နွဲ့ပါးပါးရှိသူတစ်ယောက်က ...

"ဗျာ ... ကျွန်တော်တို့ကို ပြောတာလား"

ဟု ရှုးချင်ယောင်ဆောင်ထားသော ဒီဇိုင်းဖြင့် ပြန်၍မေးသည်။

"ဟုတ်တယ်၊ နင်တို့ စားပွဲဝိုင်းကို ငါတို့ ဝင်မယ်မှန်းသိလို့ သက်သက်အကျင့်ယုတ်ပြီး မထကြသေးတာ မဟုတ်လား...





နင်တို့ ယောကျ်ားတွေဖြစ်ပြီး အဲဒီလောက် အကျင့်မယုတ်ကြနဲ့"

"နေစမ်းပါဦး၊ ငါတို့ ထ,မယ်လို့ မင်းကို ဘယ်သူကပြောလို့လဲ၊ ဘာလဲဟ၊ ဘလိုင်းကြီး လာကြမ်းနေတယ်"

ဒီစကားကို ဝင်ပြောတာက အင်မတန် အမြင်ကတ်မှန်းတီးရသော မှင်စာ နှိုင်းဒီပါ ဖြစ်သည်။ လိုက်ဒေးသည် သူ့ကို မခံချိမခံသာကြည့်လျက် ဖြစ်နိုင်လျှင် ကုပ်မှဆွဲကိုင်ကာ ဆိုင်အပြင်ဘက်သို့အထိ လွှင့်ပစ်ချင်လှသည်။

စကားတောင် တုပ၍ မပြောချင်။ သို့သော် မပြော၍ကလည်း မဖြစ်သဖြင့် ...

"ဒီဆိုင်က စားပွဲထိုးက ပြောတာ၊ နင်တို့ စားပြီးသောက်ပြီးလို့ ထ,ကြတော့မှာ၊ ငါလည်း မြင်တယ်၊ ဒါကို ငါတို့ ရောက်နေလို့ တမင် အကျင့်ယုတ်ပြီး ဖယ်မပေးတာမှန်းလည်း သိတယ် ...

နင်တို့ အဲလောက်ထိ ယုတ်မာဖို့တော့ မကောင်းဘူး"

"ဩော် ဟော် ဟော် ... သူတို့က ကိုယ်တို့စားတာကို မျှော်နေကြတာကိုး၊ ကျွတ် ... ကျွတ် ... သနားစရာလေးနော် မောင်မြင့်မြတ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် စကားပြောတာ မရိုင်းနဲ့နော်၊ တောက် ... အဆင့်မရှိကဲ့အကောင်၊ ယောကျ်ားဖြစ်ပြီး ကလိန်ကကျစ်ဉာဏ်နဲ့"

သူက လိုက်ဒေးရဲ့စကားကို အနာပေါ်တုတ်ကျသွားဟန်ဖြင့် စားပွဲကို ဖြန်းခနဲ လက်နှင့်ပုတ်ကာ ...

"ဟိတ် ... မင်း ဘာစကားပြောတာလဲ၊ စကားကို ဆင်ခြင်နော်၊ ဒီတစ်ခါ သိပ်သည်းခံမှာ မဟုတ်ဘူး"

အဲဒီအပြောကို လိုက်ဒေးသည် ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်သွားရင်း လက်သီးလက်မောင်းပင် တန်းကာ ...

"အောင်မယ် ... သည်းမခံချင်ဘော့ နင်က ဘာလုပ်ချင်တုန်း၊ ဘယ်သူက တရားလွန်နေတာလဲ၊ ဘယ်သူက အကျင့်ယုတ်နေတာလဲ ...

တောက် ... နင်က ဘာဖြစ်ချင်လဲ ပြော၊ ငါ့ကို ဘယ်လိုမိန်းမမျိုး ထင်နေလဲ၊ နင် ဖြဲခြောက်တိုင်း ကြောက်မယ့်ဟာမျိုး မှတ်နေလား"

"ဟဲ့ ... လိုက်ဒေး၊ ဟဲ့ ... တော်ပါတော့"

"ခဏလေး ... ခဏလေး နေပါဦး တူမကြီးရဲ့"





လိုက်ဒေးတို့ကိစ္စဟာ ဘယ်လောက်များ ပွဲဆူသွားသလဲတော့ မသိချေ။ ဆိုင်ရှင်တောင် ရောက်လာပြီး ဖျန်ဖြေရတဲ့အထိပဲ ဖြစ်လေသည်။ ဆိုင်ရှင်ရဲ့အမေးကို လိုက်ဒေးသည် ဒေါသတဖြစ်ဖြစ်နှင့်ပင် ရှင်းပြရသည်။

"ဦးလေးတို့ဆိုင်က စားပွဲထိုးလေးက ခဏနေ အဲဒီဝိုင်းပြီးပြီ ဆိုလို့ ကျွန်မတို့ မတ်တတ်ရပ်စောင့်နေတာ၊ အဲဒါကို ထ,မပေးဘူးလေ၊ တမင်ရစ်နေတာ၊ အဲဒါ ကျွန်မမှားလား ... ပြော"

"အေး ... ဟုတ်ပါတယ်၊ တူမကြီး မမှားပါဘူး"

"ဟာ ... ဒါဆို ကျွန်တော်ကရော မှားလို့လား၊ ကျွန်တော်တို့ ထ,မယ်လို့ တစ်ခွန်းမှ မ,ဟသေးဘူး၊ ထမင်းစားပြီးတာ ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ လက်ဖက်ရည်ကော်ဖီ မသောက်ရတော့ဘူးလား ...

အဲဒါသောက်ဖို့ ထပ်ပြီးမှာနေတာ၊ အဲဒါကို သူက သက်သက်ပြဿနာလာရှာတာ၊ ကဲ ... ကျွန်တော်ကရော ဘာမှားနေလို့လဲ ...

ဦးလေးတို့ဆိုင်က အစားအသောက်ကို စုံအောင် မစားရတော့ဘူးတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... စားရပါတယ်၊ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ငါ့တူကြီးလည်း မမှားပါဘူး၊ မှားတာက ဒီကောင်ပဲ၊ မင်းတော့ကွာ"

နောက်ဆုံးတော့ အပြစ်ရှိသူမှာ စားပွဲထိုးလေးသာ ဖြစ်သွားတော့သည်။ ဆိုင်ရှင်က သူတို့ကိုလည်း တောင်းပန်၍ လိုက်ဒေးတို့ကိုလည်း ...

"တူမကြီးတို့ကိုလည်း တောင်းပန်ပါတယ်ကွယ်၊ အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်၊ ဟို ... နေရာလွတ် မရှိတာတော့ ခွင့်လွှတ်ပေးပါ ...

ဒီလိုလုပ်ပါလား၊ နောက်ထဲက စားပွဲမှာ ထိုင်လိုက်ပါလားကွယ်၊ ဦးလေး အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်"

ဗိုက်ဆာလွန်းသဖြင့် ထိုင်ငိုတော့မလို ဖြစ်နေသော ပပသည် ဆိုင်ရှင်၏စကားကြောင့် ချက်ချင်းဝမ်းသာသွားရသော်လည်း လိုက်ဒေးကြောင့် ချက်ချင်းပဲ ပြန်စိတ်ဆင်းရဲသွားရလေသည်။

လိုက်ဒေးသည် နောက်ဖေးက ကြော်လှော်ချက်ပြုတ်နေသော မီးဖိုချောင်ကို တစ်ချက်လှမ်းကြည့်လျက် ...





"အို ... တော်ပြီ ဦးလေး၊ ကျွန်မတို့ အညှော်နံ့တွေလည်း မခံနိုင်ဘူး၊ စားပွဲမှ မရရင် မစားတော့ဘူး ...

ရတယ် ... သွားမယ်"

"ဟို ... ခဏလေး စောင့်လိုက်ပါလား တူမကြီးရယ်"

"နေပါစေဦးလေး၊ ရတယ်၊ သွားမယ် ... မဒ္ဒူ လာ"

လိုက်ဒေးက ချာခနဲ လှည့်ထွက်လာလျှင် ပပနှင့် မဒ္ဒူတို့ကလည်း အပြေးတစ်ပိုင်း ပါလာကြသည်။ လိုက်ဒေးသည် ဆိုင်ထဲမှ အထွက်တွင် ဟိုမိန္ဓာကို မုန်းစိတ်ဖြင့် လှမ်းကြည့်မိလျှင် သင်းက ဘယ့်နှယ်ရှိစ တူခဲသော အပြုံးတေ့သေ့ဖြင့် မျက်ခုံးပင့်ပြတာကိုပင် ကြုံလိုက်ရလျှင် လူသတ်ချင်စိတ် ပေါ်လာအောင်ပင် ဒေါသထွက်ရလေသည်။

လိုက်ဒေးရဲ့ ခြေလှမ်းကျဲကျဲတွေကို အမီလိုက်လာရသော ပပကတော့ အားပြတ်နေပြီဖြစ်သော လေသံဖြင့် ...

"လိုက်ဒေးရယ် ... နောက်ထဲမှာ စားလည်း ဖြစ်တဲ့ဟာကို၊ နင်ကလည်း"

"နင်သာ အဲဒီအထဲ အရှက်မရှိ သွားစားချေ၊ ဒီလောက်ဆူညံပြီး ညှော်နံ့ဟောင်နေတဲ့ နေရာကို၊ ငါတော့ ခေါင်းကိုက်တာနဲ့ သေမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပိုက်ဆံပေးစားတာချင်း အတူတူ ငါတို့က ဘာကိစ္စ မီးဖိုချောင်ထဲ ဝင်စားရမှာလဲ ...

တောက် ... ဒီကောင် သက်သက် ယုတ်မာတာ၊ ယောက်ျားဖြစ်ပြီး အတော်ကွေ့ကောက်တဲ့ကောင်၊ တွေ့မယ် ...

နောက်တော့ ဒီကောင့်ကို တွေ့ရာသင်္ချိုင်း စားမဆိုင်းပဲ၊ ဟင်း ... တောက်"

"ဟုတ်တယ်၊ ငါလည်း လုံးဝမကျေနပ်ဘူး၊ ဟို ... မြင့်မြတ်ဆိုတဲ့ အကောင်ကလည်း တစ်လမ်းတည်းသား ချင်းဆိုတဲ့ မျက်နှာတောင် မထောက်ဘူး ...

မျက်နှာပြောင်ပါ့ဟာ"

မဥ္ဇူကပါ ဒေါသဖြစ်ဟန်ဖြင့် မကျေမချမ်း ဝင်ဆို လေသည်။

"ဟုတ်ပါ၊ မျက်ခွက်တွေကိုက ငှက်ပျောအူတိုင်ကို ဆီ သုတ်ထားတဲ့ မျက်ခွက်မျိုးတွေ ပြောင်တန်းလိုက်တာ ...

ကျောင်းသားအချင်းချင်း စာနာမှုမရှိတဲ့ အကောင် တွေ၊ တွေ့ဦးမယ်၊ တွေ့ဦးမယ်"





လိုက်ဒေးရဲ့ လက်သီးတဆုပ်ဆုပ် ဒေါပွပွ အပြော ကို ပပသည် မျက်နှာရှုံ့မဲ့ကာ နေသည်။ သူကတော့ အစား အသောက် စားရဖို့အရေးသာ ခေါင်းထဲရှိသူဖြစ်လျက် အစားမ စားရလျှင် ဒေါသပင် မထွက်နိုင်။

"တော်ပါတော့ဟာ၊ အဲဒီပြဿနာတွေ မဖြစ်ချင်စမ်းပါနဲ့ တော့၊ ခုတောင် ဘယ်လောက် ဒုက္ခရောက်ရပြီလဲ ...

စိတ်ညစ်လိုက်တာ၊ လုပ် ... လုပ်၊ အပြင်ထွက်ပြီး တစ်ခုခု စားရအောင်၊ ဒီမှာ သေတော့မယ်"

တကယ်တမ်းကျတော့လည်း လိုက်ဒေးရဲ့ ဗိုလ်မှာလည်း အချက်ပြသံတွေက ဗွီဗွမ်ဖြင့် ဆူညံနေပြီဖြစ်သည်။ ဗိုက်ဆာလေလေ ဟိုပြီတွာကို ပို၍ကျိန်ဆဲလေလေသာ ဖြစ်သည်။

နောက်တော့ နီးစပ်ရာ ရှမ်းဆိုင်မှာပဲ ဝင်စားဖြစ် တော့လျက် အင်မတန် နှစ်သက်ရသော အငွေ့တထောင်းထောင်း တမင်းဟင်းနှင့် လွဲခဲ့ရသည့် အတွက်ရော အညစ်ခံရသည့်အတွက် ရော လိုက်ဒေး တစ်ယောက် မှင်စာကို ကြိမ်းဝါး ပြုံးတေးထား ခဲ့တော့လေသည်။

❤ ✳ ❤



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အဲဒီကလေးမကို ကျောပစ်လိုက်ရ၍ သူ့ကိုယ်သူ ကျေနပ်၍ မဆုံးချေ။ ဒီလောက် နှိပ်ကွပ်တတ်တာတောင် ကလေးမသည် သူ့အား တစ်စက်မှ ဖြုံပုံလည်းမရ။ စားသောက်ထဲမှာတောင် လာရောက်ကောနိုင်စွမ်းရှိသော သူမဟာ တကယ့်ကို အချာတော့ မဟုတ်မှန်း အသိအမှတ် ပြုရသည်။ သူကလည်း ဒီကောင်မလေးကိုဆိုလျှင် မြင်တာနှင့်ကို အလိုလို ကလိချင်နေခဲ့တာ ဖြစ်သည်။

သူတို့အုပ်စုထဲက ကြင်နာတတ်သော ပေါက်ပေါက်ကတော့ သူ့လုပ်ရပ်ကို မကျေနပ်သော ဟန်ပန်ဖြင့် ...

"မင်းကလည်းကွာ၊ မကျေနပ်ရင်လည်း တခြားနည်းနဲ့ ဖြေရှင်းပေါ့၊ ဒီလို လုပ်တာမျိုးကတော့ တစ်တန်းတည်းသား အချင်းချင်း မကောင်းပါဘူးကွာ"





"ဟေ့ကောင် ... ဘာမှ အကြင်နာတွေ လာသွန်းဖြိုးမနေနဲ့၊ ရန်သူဟာ ရန်သူပဲ၊ ဒီမိန်းမ လူကြားထဲမှာတောင် ကက်ကက်လန် ရန်စွာနေတာ တွေ့လား ...

တကယ်ဆို ကောင်းကောင်းမွန်မွန် ပြောပါလား၊ လူကိုများ ဝေါက်လား ငမ်းလားနဲ့ လာလုပ်နေတာပဲ"

"ဩော် ... မင်းကလည်း တမင်ညစ်ထားတာကိုး"

"ဒါကတော့ အတိတ်က ရန်ကြွေးပေါ့လေ၊ လက်စားမချေရရင် တမလွန်က ငါ့ကြီးတော်က ကျေနပ်မှာ မဟုတ်ဘူးကွ၊ ဟဲ ... ဟဲ ..."

သူက အတော့်ကို ပီတိကိုစား အားရှိနေသော လေသံဖြင့် ပြောတာဖြစ်၏။ မြင့်မြတ်နှင့် ချိုသားတို့ကတော့ ဒီကိစ္စမှာ ကြားနေဝါဒသမားများ ဖြစ်သော်လည်း ပေါက်ပေါက်ကတော့ ကြားနေ မဟုတ်ခဲ့။

"ငါဖြင့် ဟိုဝတုတ်လေးပုံစံကို မျက်လုံးထဲက မထွက်ဘူးကွာ၊ သနားပါတယ်၊ သူ့ခမျာ တော်တော်ဆာနေတဲ့ပုံပဲ ... သနားတယ်ကွာ၊ ရေလည်သနားတယ်"

"ဟေ့ကောင် ... ဘာမှ ကြွေပြမနေနဲ့၊ မင်းပုံစံနဲ့ အဲဒီ ဂေါ်ဇီလာဒီဇိုင်းနဲ့ဆို လူရယ်ချင်စရာအပေါက် ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ငါတို့က လူရယ်ချင်စရာ၊ မင်းတို့အဖြစ်ကတော့ လူပြောချင်စရာပေါ့ကွာ

နာမည်ကို ကြီးသွားတာပဲ၊ တစ်ရက်တည်းနဲ့ကို၊ ဟုံက မင်းကို အဲဒီနေ့တုန်းက ရေလည်နှာကစ်သွားတာ၊ မင်းကြောင့် သူ့စာအုပ် ရေမြောင်းထဲ ပြုတ်ကျသွားလို့တဲ့ ကွ"

"အဲဒါ ငါ သိသားပဲ၊ သူ့စာအုပ်က ဘာစာအုပ်မို့လို့လဲ၊ ရတနာမြေပုံ အညွှန်းပါနေလို့လား"

"အဲဒီထက် တန်ဖိုးကြီးတယ်တဲ့ မောင်၊ အဲဒီ မဂ္ဂဇင်းထဲမှာ သူ့ရဲ့ပထမဆုံးဝတ္ထုတိုလေး ပါတယ်တဲ့ကွ၊ အဲဒီနေ့က မဂ္ဂဇင်းတိုက်ကနေ စာမူခနဲ့ စာအုပ်လက်ဆောင်ထုတ်ပြီး ပြန်ရောက်လာတာ ...

မင်းကြောင့် သူ အသည်းကွဲသွားရတာပေါ့ကွာ"

"ကွဲပစေကွာ ... သွပ် ... သွပ် ... သွပ် ..."

"ဩော် ... လက်စသတ်တော့ သူလေးကလည်း အနုပညာပိုး ရှိသူလေးပဲကိုး၊ ဒါနဲ့များကွာ ပြေပြေလည်လည် အခင်အမင် ဖွဲ့ကြစမ်းပါ"





"မဖွဲ့ချင်ပါဘူးကွာ၊ ငါ့ကို ဘာမဆိုင် ညာမဆိုင် ရေသနပ်ဘူးနဲ့ ဆော်ပလော်တီးထားတဲ့ မိန်းမကို၊ ဟွန်း ... သူက များ စာရေးဆရာမ လုပ်ဦးမတဲ့၊ ဘာစာရေးဆရာမလဲ၊ သိုင်းဝတ္ထုရေးမယ့် စာရေးဆရာမလား ...

ပုံစံကဖြင့် စွာစိလန်နေတာ၊ တစ်စက်မှ ရိုမန့်ရေးတတ်မယ့်ပုံ မပေါ်ဘူး၊ ရေးလည်း mood မှ မရှိကာ အောင်မြင်မှာကို မဟုတ်ဘူး ...

အကြိမ်တစ်သောင်းလောက် စာမူပို့လို့ အဲဒီတစ်ပုဒ် အရွေးခံရတာ နေမှာပေါ့ကွာ၊ ဒါကြောင့် ဒီလောက် ဖျပ်ဖျပ်လူးနေတာ"

သူက အဲဒီတစ်ယောက်ကို မုန်းမုန်းဖြင့် မညာမတာ ကို ဝေဖန်ပြောဆိုမိလေသည်။ အဲဒီနောက်မှာ သိရတာကတော့ စားသောက်ဆိုင်မှာ ဖြစ်ခဲ့သော အဖြစ်အပျက်သည် တကယ့်ကိုပဲ ကျောင်းမှာ နာမည်ကြီးခဲ့လေသည်။ အထူးသဖြင့် သူတို့ကို ဟာစ်ဟော့အဖွဲ့တစ်ဖွဲ့မှန်း သိစွာ၊ သူမကိုလည်း ပြင်သစ်စာတန်း၏ အချောအလှ Queen အဖြစ် သတ်မှတ်ထားကြရာ (ထိုလူများသည် အမေရိကန်ဗွီးရှင်းနှင့် အမြန်ဆုံး ဆက်သွယ်သင့်သည်ဟု ထင်ပါသည်) သူတို့ကိစ္စက လူပြောချင်စရာ သတင်းတစ်ခု ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေ Class တက်သောအခါ ဆရာမတွေက ကျောင်းသူ ကျောင်းသား အချင်းချင်း ချစ်ခင်ရင်းနှီးစွာနေထိုင်ဖို့၊ တစ်ဦးနှင့်တစ်ဦး အကူအညီလိုအပ်လျှင် ပေးကြဖို့၊ သည်းခံခွင့်လွှတ်ကြဖို့ မှာကြားသွားသည်မှာ သူတို့ပြဿနာ၏ အရင်းအမြစ်ကြောင့်ပဲ ဖြစ်ပါ၏။

မည်သို့ပင်ဖြစ်စေ သူကတော့ အမြင်ကတ်ဖွယ်ကောင်မလေးတစ်ယောက် အကြောင်းကို သီချင်းတစ်ပုဒ်တောင် ရေးပြီးပြီဖြစ်သည်။ အဲဒီသီချင်းကို Fresher Welcome (မောင်မယ်သစ်လွင် ကြိုဆိုပွဲ)တွင်တောင် သီဆိုဖို့ ဆုံးဖြတ်ထားနှင့်ပြီးလေပြီ။

❤ ❈ ❤





၄

လေပြည်တွေက နော့၍ တိုက်ခတ်နေလျှင် လိုက်ဒေးရဲ့ စွန်ကလေးသည် ဟိုးအမြင့်သို့ ပို၍ရောက်ရှိသွားသည်။ စွန်လွှတ်ရတဲ့ အရသာကို လိုက်ဒေးက တော်တော် စွဲလမ်းလေသည်။ လိုက်ဒေး ငယ်ငယ်တည်းက ဦးလေးတစ်ယောက်နှင့် စွန်အတူလွှတ်ခဲ့သဖြင့် စွန်လွှတ်တာ၊ စွန်ချင်းယှဉ်ဖိုက်တာ၊ သူများစွန်ကို ဖြတ်ချတာ စသဖြင့် နည်းလမ်းမျိုးစုံ တတ်ပြီးသားဖြစ်သည်။

အင်းလျားကန်ပေါင်မှာ စွန်လွှတ်ရသော အရသာကိုတော့ လိုက်ဒေးက အကြိုက်ဆုံး။ လိုက်ဒေး စွန်လွှတ်လျှင် ပပနှင့် မဠူတို့ပါ ပါလာတတ်လျက် ဘေးကနေ တော်ကီပွားလိုက်၊ သူများစုံတွဲတွေကို အားကျငေးမောလိုက် လုပ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ကန်စောင်းမှာ ရခိုင်မုန့်တီနှင့် အကြော်စားရတာကို အဲဒီကလေးမများ အနှစ်သက်ဆုံး။

အခုလည်း ဇွန်လွှတ်တာမှ တစ်နာရီ မပြည့်သေး။ အာ‌‌ာူးကြော်နှစ်ထုပ်နှင့် အချိုရည်ဘူး ကုန်သွား၍ ပပက ဂနာမငြိမ် ဖြစ်လာသည်။

"ဟဲ့ ... လိုက်ဒေး၊ မပြီးသေးဘူးလား၊ အကြော်သွားစားရအောင်၊ တော်ကြာ နေရာမရဘဲ နေလိမ့်မယ်"

လွန်ခဲ့သော ကျောင်းစဖွင့်တုန်းက ပြဿနာပြီးခဲ့သည့် နောက်ပိုင်း ပပတွင် အဲဒီစိတ္တဇဝေဒနာ စွဲကပ်သွားခဲ့ခြင်း ဖြစ်သည်။ တစ်ခုခုစားဖို့ ကြံလျှင် နေရာမရတော့မှာ သိပ်တွေးကြောက်တတ်လာသည်။

လိုက်ဒေးက ရစ်ဘီးကို တလိမ့်လိမ့် လျှောရင်းမှ မျက်စောင်းကဲကြည့်ကာ ...

"နင့်မလည်း အဲဒီစိတ္တဇနဲ့ သေမှာပဲ၊ အဲဒီတုန်းက ဟို ပြိတ္တာတွေ ယုတ်မာလို့ပါဟာ၊ အခု ဘာမှအုံးစားမနေနဲ့"

လိုက်ဒေးက ပပကို ချစ်စဖွယ် မျက်စိတစ်ဖက်မှိတ်ပြရင်းမှ ပြောပြီးလျှင် လိုက်ဒေးရဲ့ ကောင်းကင်ယံ မြင်ကွင်းထဲ





သို့ ကြီးမားကျယ်ပြန့်သော ဇွန်ကြီးတစ်ခုက တလွင့်လွင့် တက်၍လာသည်။ ဇွန်မှာလည်း ဘာပုံကြီးမှန်းမသိ ရေးဆွဲထား၍ လိုက်ဒေးဟာ မျက်မှောင်ကုတ် ကြည့်မိသည်။

ထိုဇွန်ကြီးဟာ အခြားဇွန်များထဲကြားတွင် ထိုးထောင်ထောင်နှင့် ဇွန်တွင်ကျယ် လုပ်ချင်သောပုံစံ ဖြစ်သည်။ သူများထက် ပိုထူးကာ အမြီးတွေ အဖက်တွေ တရှည်လျားလျားနှင့် အတော်ဂိုက်ပေးသောဇွန် ဖြစ်သည်။

ဥပမာ ... လူအများကြားမှာ ဟောင်ဖွာ ဟောင်ဖွာလုပ်နေတတ်သောလူစားမျိုးကို လူတွေက သိပ်ကြည့်မရတတ်သကဲ့သို့ ဒီဇွန်ဟာလည်း ဇွန်အများကြားမှာ ထူးနေသဖြင့် သိပ်ကြည့်မရချင်။

ပြီးတော့ သူက တခြားဇွန်တွေကို ထိချင်ကလိချင်သေးသည်။ ကြည့်ရတာ ဒီနေ့မှ အသစ်လွှင့်တင်သော ဇွန်ဒီဇိုင်းပေပဲ။

"ဟဲ့ ... လိုက်ဒေး၊ အဲဒါ ဩဇာသီးအဖွဲ့ရဲ့ ဇွန်ဟဲ့၊ ဟိုကောင်တွေ ဇွန်၊ ဟိုကောင်တွေ"

လိုက်ဒေးလိုပင် ကြည့်၍ အကဲခတ်နေဟန်တူသော မဥ္ဇူက လက်ညှိုးတထိုးထိုး ခုန်ဆွ ခုန်ဆွဖြင့် အော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကို လိုက်ဒေးက နားမလည်သဖြင့် ...

"ဘာသြဇာသီးအဖွဲ့လဲ၊ သြဇာသီးပါတိတ်ကုမ္ပဏီက ပရိုမိုးရှင်း လုပ်တာလား၊ သြော် ... မီးပုံးပျံနဲ့ ကြော်ငြာသလို လေထဲရောက်တာချင်း အတူတူ စွန်လွှတ်ပြီး ကြော်ငြာတာပေါ့၊ ဟုတ်လား"

"ဟွတ် ... နင်ကလည်း ထင်ရာတွေ လျှောက်ပြောနေပြန်ပြီ၊ ဟိုကောင်တွေလေ၊ နင့် ရန်သူတော် နိုင်းဒီပါတို့ သူတို့ ဟစ်ဟော့အဖွဲ့ အမည်က သြဇာသီးတဲ့ဟ၊ အတည်ပြုပြီးသွားပြီ ...

အဲဒါ ဒီကောင်တွေပဲနေမှာ၊ စွန်ကပုံဟာ သြဇာသီးပုံကြီးပဲဟဲ့၊ သေချာကြည့်"

မဍ္ဍူ ပြောမှပင် လိုက်ဒေးရဲ့ စိတ်တွေဟာ အခုနကထက် လှုပ်ရှားလာလျက် ကောင်းကင်က ထိုစွန်ကြီးကို ပြူးပြဲကြည့်မိသည်။

ဟုတ်ပေသည်။ ဒီဘက်သို့ တဖြည်းဖြည်း ရောက်လာသော စွန်ပေါ်၌ သြဇာသီးပုံ ရိုက်နှိပ်ထားသည်ကို သေချာမြင်တွေ့နေရပြီဖြစ်သည်။





ဒီတော့ လိုက်ဒေး ဘာလုပ်မလဲ။ လိုက်ဒေးသည် နှုတ်ခမ်းလေးကော့ရုံပြုံးကာ ထိုစွန်ကို အမျိုးမျိုး ရန်စတော့သည်။ နောက်တော့ သိပ်မကြာခင်မှာပဲ အားရအောင် ကလိပြီး ... ဖြတ်ချပစ်လိုက်တော့လေသည်။

"ဝေး ဟေးဟေး ... လိုက်ဒေးကွ၊ ကောင်းတယ်၊ ကောင်းတယ်"

လိုက်ဒေး စွန်လွှတ်တာကို ဘယ်တုန်းကမှ မချီးကျူးဖူးသော မဍ္ဍူပင်လျှင် လက်ခုပ်လက်ဝါးတီး၍ အားပေးလေသည်။ လိုက်ဒေးဟာ ထိုစွန်ကို ဖြတ်ပြီးတာနှင့် ကျေနပ်ဝမ်းသာသွားကာ ကိုယ့်စွန်ကို ချက်ချင်းပဲ ချလိုက်သည်။ ဒါမျိုးစောင့်နေသော ပပက အဆင်သင့် ပြေးသိမ်းပေးလေသည်။

"ကဲ ... ဒီနေ့အဖို့ မင်္ဂလာရှိသောနေ့၊ အောင်မြင်သောနေ့ ဖြစ်သွားပြီ၊ သြဇာသီးအဖွဲ့လည်း ကျရှုံးသွားပြီ၊ ဟား ... ဟား ...

ဘာတဲ့ ... သူတို့အဖွဲ့ နာမည်က သြဇာသီးတဲ့ ဟုတ်လား။ နာမည်ကိုက မေတ္တာရှိချင်စရာ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ … မုန်းစရာကြီး၊ ကဲ … လိုက်ဒေး၊ ဒီနေ့ နင်က ဩဇာသီးအဖွဲ့ကို ဖြိုနိုင်တဲ့အတွက် ဒီနေ့ နင် ကျွေးရမယ်"

"ဒီလောက်တော့ Child play ပါဟာ၊ သွားမယ် … သွားမယ် … လာ"

လိုက်ဒေးတို့ သုံးယောက်သားသည် ပခုံးတွေဖက်၊ ခါးတွေဖက်ကာဖြင့် အကြော်ဆိုင်သို့ တက်ညီလက်ညီ ချီတက်ခဲ့ကြတော့သည် တမုံ့။

❤ ❈ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၀၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





"တောက် … ဘယ်ကောင်တွေတုန်းကွာ၊ မိုက်ရိုင်းလိုက်တာ၊ ဘလိုင်းကြီး လာငြိနေတာ"

သူက အတော်ပင် မခံချိ မခံသာ ဖြစ်၍နေလေသည်။

အထူးသဖြင့် သူတို့အဖွဲ့ရဲ့ Logo ပါသော ဩဇာသီးပုံနှင့် Custard-apple (ဩဇာသီး)ဟု စာတန်းရိုက်နှိပ်ထားသောစွန်ဖြစ်၍ စိတ်တိုတာဖြစ်သည်။

ကိုယ့်စွန်ဟာ အပေါ်ရောက်လို့မှ သိပ်မကြာသေးချက်ချင်းပဲ ဖြတ်ချခံလိုက်သဖြင့် ပို၍ ဒေါသထွက်တာဖြစ်သည်။ ပြတ်သွားသောစွန်ဟာ တမင်ကျောသွားမှန်း သိသာစွာဖြင့် ချက်ချင်း သိမ်းလို့သွားသည်။ ဒါဟာ တမင်ရန်စသွားခြင်းမှလွဲ၍ တခြားမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားကန်ပေါင်ပေါ်မှာ လွတ်တင်သော စွန် အများစုဟာ ဝါသနာပါ၍ ပျော်၍ လွတ်တာများလျက် တစ်ယောက်စွန် တစ်ယောက် ရန်စ ဖြတ်ချတယ်ဆိုတာ မရှိတာများ၏။ သူများစွန်ကို ဖြတ်ချ၍လည်း ဘာမှ အကျိုးမရှိလေရာ ဘယ်သူမှ မလုပ်ကြ။

တချို့ဆို ဒီနေရာမှာ စွန်လွှတ်ချင်သဖြင့် ကားနဲ့ တောင် တကူးတက လာကြလေ ရာ ဘယ်သူကမှလဲ စွန်တစ်ခု ကို လိုချင်စိတ် ရှိမနေပါ။

"ဘယ်သူတွေ ဖြစ်နိုင်မလဲကွ၊ ဟိုကောင်တွေများ ဖြစ်နေမလား"

သူနှင့် ဘက်အညီဆုံးဖြစ်သည့် မြင့်မြတ်သည် တစ်ခုခုကို စဉ်းစားလျှင် လုပ်နေကျအတိုင်းဖြစ်သည့် မေးစေ့ကို ပွတ်ကာ "သိပ်တော့ မဖြစ်နိုင်ဘူးကွ"ဟု ပြန်ပြောသည်။

"ဒါဆို ဘယ်သူတွေ ဖြစ်နိုင်မလဲ"

"တစ်ယောက်ယောက် နေမှာပေါ့ကွာ"

ဒီစကားကို ဝင်ပြောသူက ပေါက်ပေါက် ဖြစ်၏။

"မင်းဘဘကြီး၊ လွဲနေဦးမယ်"





"ကဲပါကွာ၊ မြင်မှ မမြင်ရဘဲ လျှောက်စဉ်းစားမနေနဲ့၊ မနက်ဖြန်ထပ်လွှတ်၊ အဲဒီကျမှ တစ်ယောက်က သွားချောင်းမယ် ...

လာကွာ ... စွန်လည်း မရှိတော့ဘူး၊ ကန်စောင်းက လက်ဖက်ရည်ဆိုင် သွားထိုင်ရအောင်"

"တောက် ... မနက်ဖြန် ထပ်ဖြတ်ရဲ ဖြတ်ကြည့်ပေါ့ကွာ၊ ဆွဲအထိုးပဲ"

သူက မကျေမနပ်နှင့် ကြိမ်းဝါးကာ နေခဲ့သည်။ သူ့ရဲ့စိတ်သဘောက သူက စတင်၍ ဘယ်သူ့ကိုမှ မစော်ကားထိပါးချေ။ သူ့ကို လာထိလျှင်လည်း လက်တုံ့ပြန်ရမှ ကျေနပ်သော လူစားမျိုးဖြစ်သည်။ မိန်းကလေးဖြစ်ဖြစ်၊ ယောကျာ်းလေးဖြစ်ဖြစ် ဘယ်သူ့ကိုမှ ခွင့်မလွှတ်တတ်။ လူတစ်ယောက်ကို ကြည့်မရလျှင် သူက ဘယ်လိုပညာပေးရမလဲ ချောင်းနေသောသူ ဖြစ်သည်။

မြောက်ကြွ မြောက်ကြွနှင့် Rapping နင်းသလို လမ်းလျှောက်လာသော သူတို့လေးယောက်သားဟာ ကန်စောင်းရှိ လက်ဖက်ရည်ဆိုင်သို့ ရောက်လာသည်။ အဲဒီမှာပင် သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးက ဘေးနားက အကြော်ဆိုင်မှာ ထိုင်နေသော အမေဖုံကွင်း(န်) ကို သွား၍မြင်တွေ့တာဖြစ်၏။

အမေဖုံကွင်း(န်)သည် သူတို့ကို မမြင်တွေ့သေးချေ။ တစ်စုံတစ်ရာကို ကျေနပ်အားရဟန်ဖြင့် စကားတွေ ဖောင်ဖွဲ့ကာ အားပါးတရ ရယ်မောနေသည်။ သူမကိုမြင်လျှင် သူ့၌ စိတ်ကူး ကစ်မျိုး ပြောင်းသွားရကာ ...

"ဟော့ကောင်တွေ အကြော်ပဲ စားရအောင်ကွာ"

"လိုပ်လိုက်လေ ကြာသလားလို့၊ ဒီလိုလည်း ဖြစ်တာပဲ၊ လက်ဖက်ရည် မှာသောက်တာပေါ့"

သူ့ကောင်တွေကလည်း ဒါမျိုးဆို နှစ်ခါမပြောရသူ တွေပီပီ သူမကို မြင်တာနှင့် ချက်ချင်းသဘောပေါက်ကြသည်။ သူတို့လေးယောက်သားသည် လက်ဖက်ရည်ဆိုင်မှ Target (ပစ် မှတ်)ပြောင်းသွားကြကာ အကြော်ဆိုင်ဘက် ရောက်သွားသည်။

ပြီးလျှင် သူမတို့နှင့် ကပ်လျက်ဝိုင်းမှာ နေရာယူပြီး သား ဖြစ်သွားသည်။

ဒီတော့မှ သူတို့ကို မြင်သွားသော အမေဖုံတောသူ များအုပ်စုသည် မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို ရှဲခနဲ ဖြစ်လို့





သွားသည်။ ချက်ချင်းလည်း သတိအနေအထားသို့ ပြောင်းယူလိုက် ဟန်တူသည်။

သူကတော့ ခပ်တည်တည်ပင် ချောင်းတစ်ချက်ဟန့် လိုက်ကာ ...

"အဟမ်း ... ဒီနေ့ ရာသီဥတုက သာယာတယ်နော်"

"သာယာဆို မင်း စိတ်ကောင်းဝင်နေလို့ နေမှာပေါ့"

ပေါက်ပေါက်က ထုံးစံအတိုင်း သူတို့အနေ့ာင့်အသွား မလွှတ်စွာ ပြောသည်။ ပါးစပ်ကသာ ပြောနေသော်လည်း မျက် လုံးက ထောင့်ကပ်ကာ ဝတုတ်ကို ရှိတ်တိတ်တိတ် လုပ်နေတာကို သူက မြင်တွေ့နေရ၏။

ဒါကြောင့် ...

"ဘာလဲ ငပေါက်၊ မင်းက ကြွေနေတာလား"

ပေါက်ပေါက်သည် သူ ဘာဆိုလိုချင်မှန်း သိစွာ ဖြင့် မျက်လုံးပြူးပြလျက် ...

"ဟော့ကောင် မြွေမဖမ်းနဲ့"

"ငါက မဖမ်းပါဘူးကွာ၊ တချို့ကတော့ မြွေဖမ်းတာ အရမ်းတော်တာကွ၊ ငါ ကြည့်ဖူးတဲ့ ကားထဲက တာဖြဲ



www.burmeseclassic.com

www.burmeseclassic.com



လူရိုင်းမပဲ ပြောပါတော့ကွာ၊ သူဆို မြွေဖမ်းအရမ်းတော်တယ် ...

ဟာ ... သစ်ပင်ကူးဆိုလည်း မျောက်နဲ့ နင်လားငါလားပဲ၊ တကယ့် မျောက်လွှဲကျော်မ"

သူက ဒီလိုပြောလိုက်လျှင် နည်းနည်းလေးမှ ကြိုးညှိစရာမလိုသော မြင့်မြတ်သည် စပ်ဖြဲဖြဲနှင့် ပွဲထဲသို့ ဝင်ရောက်လာသည်။

"ဟုတ်လား ... အဲဒီ မျောက်လွှဲကျော်မလေးက ချောလား"

"ဟာ ... ဘာလို့ ချောရမှာလဲ၊ ဘယ်လိုပြောရမလဲကွာ၊ ဟိုငါကြားဖူးတဲ့ စကားပုံတစ်ခုပေါ့၊ ဘီလူးမ သံပရာသီးကိုက်ထားတဲ့ မျက်နှာမျိုးပေါ့ကွာ၊ ဟဲ ဟဲ ... အဲဒီလိုရုပ်မျိုး"

"ဟာ ... အဲဒီလောက်ကြီးလား"

"ဟုတ်တယ်၊ အဲဒီလောက်ကြီး"

"သြော် ... သူက တစ်ကိုယ်တည်း သင်းကွဲနေတာလား"

"တောထဲမှာ နေတာဆိုတော့ တစ်ယောက်တည်းပဲပေါ့ကွာ၊ ဒါပေမဲ့ အဖော်တွေတော့ ရှိတာပေါ့၊ သူ့ရဲ့ best friends တွေကတော့ ဆင်နဲ့ သစ်ကုလားအုတ်ပေါ့ကွာ"





သူက ဘာကိုဆိုလိုချင်မှန်းသိလျှင် သူ့သူငယ်ချင်းတွေသည် ပါးစပ်မပိတ်နိုင်တော့ဘဲ စပ်ဖြီးဖြီးတွေ ဖြစ်ကုန်ကြလေသည်။ ပေါက်ပေါက်ထဲမှဆိုလျှင် မထိန်းချုပ်နိုင်တော့သော ခွီးခနဲ အသံကြီးပင် ထွက်လာသေးသည်။ ဒါမျိုးဆိုလျှင် အဆင်းမှာ သိပ်ဘီးလိုမ့်တတ်သော ချိုသားသည် ...

"နေပါဦး၊ အဲဒီ ဆင်နဲ့ သစ်ကုလားအုတ်ကရော အထီးတွေလား၊ အမတွေလား"

"အာ ... သူက မျိုးတူတွေနဲ့ပဲ အပေါင်းအသင်းလုပ်တာ၊ အမလေးတွေပေါ့၊ ဆင်မလေးနဲ့ သစ်ကုလားအုပ်မလေးပေါ့"

အဲဒီလို ပြောပြီးတာနှင့် တစ်ပြိုင်နက် ခံစားလိုက်ရတာတော့ သူ့နောက်ကျောတစ်ခုလုံး ပူခနဲ ဖြစ်သွားတာပဲ ဖြစ်သည်။ ရုတ်တရက်မို့ သူသည် အကြီးအကျယ် လန့်ဖျပ်သွားကာ ခုန်ပေါက်မိသည်။ အဲဒီအခါမှာ စားပွဲပေါ်ကဟာတွေလည်း ဝရုန်းသုန်းကား ဖရိုဖရဲ ပြုတ်ကျသွားတော့တာ ဖြစ်သည်။

အားလုံးဟာ မိနစ်ပိုင်းအတွင်းမှာ မယုံနိုင်စရာဖြစ်သွားခဲ့တာပင်။ သူသည် ဖျင်းခနဲ ဒေါသဖြစ်မှုနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် ခါးထောက်ကြည့်နေသော သူမကို တွေ့လိုက်ရသည်။

ချက်ချင်းပင် သူမအနားသို့ ဝုန်းခနဲ ရောက်ရှိသွားကာ လူတစ်ကိုယ်လုံးကို ဆွဲမယမ်းရုံတမယ်ဖြင့် ...

"ဟော့ ... မင်း ဘာကိစ္စ ငါ့ကို ရေချွေးပူနဲ့ ပက်ရတာလဲ၊ ပြောစမ်း၊ တောက် ... မင်း ဘယ်လိုမိန်းကလေးလဲ၊ သိပ် လွန်နေပြီနော် ...

မင်း ငါ့ကို နှစ်ကြိမ်တိတိ ကိုယ်ထိလက်ရောက် စော်ကားနေတာ၊ ဟာကွာ ... တောက်"

သူက ပြောရင်းမှ ပိုဒေါသထွက်လာကာ ဖိနပ်ဦး နှင့် မြေကြီးတွေကို ပိတ်ကန်ပစ်သည်။ ဒေါသထွက်လွန်းသဖြင့် အသားတွေတောင် စပ်ဖျဉ်းဖျဉ်း ဖြစ်လာရသည်အထိပဲ ဖြစ်လေသည်။

သူမကလည်း သူ့ကို အခဲမကျေသော အေးစက်စက် မျက်ဝန်းများဖြင့် ပြန်ကြည့်ကာ ...

"နင် ငါ့ကို ဘာဖြစ်လို့ စောင်းမြောင်းနေလဲ"





"ဘာ ... ဘာစောင်းမြောင်း ပြောတာလဲ၊ ငါပြောတဲ့အထဲမှာ မင်းနာမည် ပါလာလို့လား၊ မင်းနာမည်နဲ့ တူတာတောင် မပါဘူး၊ 'ထပ်သရီး ... ဖွတ်ချီးပဲ"

သူက စိတ်တိုတိုဖြင့် အော်ဟစ်လိုက်လျှင် သူမက ဆတ်ဆတ်ထိ မခံနိုင်သော ပုံစံမျိုးဖြင့် မျက်ဝန်းတွေ လက်လက် ဖြာသွားကာ ...

"နင် မမိုက်ရိုင်းနဲ့နော်၊ သိပ်မိုက်ရိုင်းတဲ့လူ၊ အံ့ပါရဲ့၊ ဒီလို လူမျိုးကများ အောင်မြင်ချင်နေသေးတယ် ...

မထိခလုတ် ထိခလုတ်နဲ့ သူများကို စောင်းမြောင်း တတ်တဲ့လူမို့ အစောင်းအမြောင်း သီချင်းတွေပဲ ထွက်လာတာ ...

နင်သာ ဖွတ်ချီး၊ ဖွတ်ကျား၊ ဖွတ်တကာ့ဖွတ်၊ ဖွတ် မင်းနောင် ဖွတ်ခေါင် နားလည်လား"

သူမက သူ မြတ်နိုးရှုးသွပ်ရသော သူတို့ဂီတကို စတင်ထိပါးလာလျှင် သူက ဘယ်လိုမှ သည်းမခံနိုင်တော့ချေ။ ဒီတော့ သူမကိုလည်း တန်ပြန်ထိုးနှက်ဖို့ ဝန်မလေးတော့။

"မင်းကရော ဘာမို့လို့လဲ၊ ဘယ်လောက် တော်နေလို့ ငါ့ ကို လာဝေဖန်နေရတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုလေးတစ်ပုဒ် အရွေးခံရတာကို သိပ်သွေးနား ထင်ရောက်မနေနဲ့၊ ဘာဗဟုသုတ ဘာပညာတွေရှိလို့ စာရေးဆရာမဘွဲ့ ခံချင်နေရတာလဲ ...

အလကား တစ်ကမ္ဘာလုံးမှာရှိတဲ့ စာရေးဆရာတွေထဲ တန်းစီရင်တောင် ဘိတ်ချိုးနေရာ မရမယ့်သူကများ ဖင်ခေါင်းလာကျယ်နေတယ် ...

ဘဝင်မြင့်မနေနဲ့ လုံးဝ အထင်မကြီးဘူး၊ နားလည်လား၊ နောက် ငါတို့ပြောသမျှကိုလည်း မင်းကို ပြောတယ် ထင်ပြီး အပီခံစားမနေနဲ့၊ ဒီက စာရင်းကို မရှိတာ"

သူ့ရဲ့ တရစပ်အပြောတွင် သူမတင်သာမကဘဲ ဘေးကနစ်ယောက်ကပါ သတ္တိလက်လွှတ် မှင်တက်နေကြလျက် ပြီးတော့မှ ဆွေ့ဆွေ့ခုန်သွားကြကာ ...

"ကြည့်စမ်း ... ကြည့်စမ်း၊ နတ်သီးကောင်းလိုက်တာ၊ ရွတ်သွားတာ တတွတ်တွတ်ပဲ၊ ဒါကြောင့် ပါစ်ပေါ့အဆိုတော် ဖြစ်နေတာ"

ပပရဲ့စကားကို သူက ဖျတ်ခနဲ ပါးပျဉ်းထောင်လာရင်း ...





"ဘာပြောတာလဲ၊ ပြဿနာမရှာနဲ့နော်၊ ဝတုတ်၊ ဆင့်ကဲတက်မလာနဲ့ ကွိုင်တွေပိုလောင်ကုန်မယ် ...

ငါတို့ အနုပညာကို ဘယ်တော့မှ လာမစော်ကားနဲ့"

သူက ပပရဲ့မျက်နှာသို့ လက်ညှိုးကြီး တယမ်းယမ်း လာထိုးမိမတတ်ပင် ခြိမ်းခြောက်လေသည်။ လိုက်ဒေးသည် ပပရှေ့မှ ဖျတ်ခနဲ ဝင်ရောက်ကာကွယ်ရပ်လိုက်ကာ သူ့ကိုလည်း လက်ညှိုးငေါက်ငေါက် ပြန်ထိုးရင်း ...

"အေး ... နင်လည်း ငါတို့ကို စောင်လား မြောင်းလား လာမပြောနဲ့၊ မကျေနပ်ရင် တဲ့ရှင်း"

"ကျွတ် ... သူ့ကိုများ စောင်းပြောရဦးမယ်တဲ့ကွာ၊ ပျင်းစရာ ကောင်းလိုက်တာ၊ အထုံညစ်လွန်းလို့ ...

ဒီမှာ မင်းကို ငါ လုံးဝ အာရုံမရှိဘူး၊ သိလား"

"အေးလေ ... နင်က အစောင်းအမြောင်းပဲ တတ်တဲ့ကောင်ပဲ၊ ဘယ်ဝန်ခံချင်ပါ့မလဲ၊ ရတယ် ... ဒါပေမဲ့ ငါက နင်လုပ်သမျှ ငြိမ်ခံနေမယ့် မိန်းမ မဟုတ်ဘူး ...

အဲဒါတော့ မြဲမြဲမှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဒေးသည် ကိုယ်ကဦးအောင် အနိုင်နှင့်ပိုင်း၍ စကားစဖြတ်ခဲ့ကာ ချာခနဲပင် လှည့်ထွက်လာလိုက်တော့လေသည်။ ရင်မှာ ဒေါသဖြစ် စိတ်ဆိုးရသော်လည်း သင်း၏ကျောပြင်ကို ရေနွေးပူနှင့် ပက်လျက် ချိုးချိုးဖွဲ့ဖွဲ့ ပြောခဲ့ရသည့်အတွက်တော့ ကျေနပ်ရလေသည်။

နို့မို့ဆို ဒီနေ့အဖို့ ထမင်းစားဝင်မှာ မဟုတ်။ ဒါတောင် ပြိတ္တာဟာ စွန်ပြတ်သည့် တရားခံသည် လိုက်ဒေးဆိုတာ မသိရသေး။ သိရလျှင်တော့ အရှုံးကြီး ရှုံးနေမယ့် သူ့အဖြစ်သူ ဖင်ဆောင့်၍ ငိုချင်လောက်အောင် စိတ်ခံတက်ကျရှာပေမည်ဟု ကိုယ့်ဘက်ကိုယ်ယက်၍ တွေးမိလိုက်ပါသည်။

❤ ✻ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





✻ ၅ ✻

သူဟာ အမေဖုံကွင်း(န်)ဟု နာမည်ပေးထားသော စာရေးဆရာမရှူး လိုက်ဒေးအား ဘယ်လိုပညာပြန်ပေးရပါ့မလဲ ဆိုတာကို အချိန်ပြည့် တွေးနေတတ်သူ ဖြစ်ပါသည်။ ဒီမိန်းမက သူ့ကို ပထမတစ်ခါ ရေသန့်ဘူးနဲ့ ပေါက်သွားရတာကို အားမနိုင်သေးပဲ ရေနွေးပူနဲ့ပါ ထပ်၍ပက်တာကိုတော့ သူက မကျေနပ်နိုင်ဆုံး။

သူဟာ အမေဖုံကွင်း(န်)ကို တစ်ဆိတ်တော့ အံ့သြရသေးသည်မှာ တစ်ခုခုဆိုလျှင် ဆတ်ဆတ်ထိ မခံတတ်သော စိတ်ဓာတ်ကို ဖြစ်သည်။ ဝိုင်းစက်လဲ့ဖြာနေသော မျက်လုံးများသည် ဒေါသဖြစ်လာလျှင် တစ်ဖက်လူကို စူးစူးရဲရဲ ပြန်ကြည့်တတ်ပုံကတခြား ဘယ်မိန်းကလေးနှင့်မျှ မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဆိုလျှင် သည်းသည်းလှုပ် အရေးပေးတတ်သော မိန်းကလေးများထဲတွင်တော့ လိုက်ဒေးက အသစ်ပဲ ဖြစ်သည်။ အသစ်မှ အလွန်တရာ အမြင်ကတ်ဖွယ်ကောင်းသော အသစ် ဖြစ်လေသည်။ ထိုအသစ်ကို တစ်နေ့တော့ သူက လက်စားချေခွင့် ကြုံခဲ့သည်။

အဲဒီနေ့က သူတို့အဖွဲ့သည် ကန်တင်းမှာ လက်ဖက်ရည်ဆိုင်ထိုင်နေကြစဉ် ဖြစ်သည်။ သူတို့အတန်းထဲမှ ယောကျ်ားတန်မဲ့ အင်မတန် ပျာယီးပျာယာနိုင်သော သော်ဇင်ကိုကို ဆိုသည့် ငတိတစ်ကောင်ဟာ သူတို့ရှေ့မှာတင် MP4 မေ့ကျန်သွားခဲ့တာကို မြင်နေရသည်။

ပထမတော့ သူဟာ အဲဒီကောင်ကို လှမ်းအော်၍ ခေါ်ပေးဦးမလို့ပင်။ သို့သော် အဲဒီအကြံအစည်သည် ဟိုးအဝေးက လာနေသော သူမတို့အုပ်စုကို မြင်တာနှင့် ကင်းစင်ဝေးလွင့်သွားခဲ့ချေပြီ။ သူသည် အကြံတစ်ခုရလျက် ထိုဆိုင်မှ စားပွဲထိုးလေးကို လက်အသာယပ်ခေါ်ကာ စားပွဲပေါ်မှ MP4 လေးကို လက်ညွှန်ပြ၍ ...

"ချာထိတ် ... အဲဒါလေးကို ယူလိုက် ယူလိုက်"





"ဗျာ ... အစ်ကို"

ထိုကောင်လေးက အူကြောင်ကြောင်ဖြင့် ခေါင်းကုတ်နေသည်။ သူက မျက်လုံးပြူးပြကာ ...

"ယူလိုက်လေကွာ၊ မင်း မယူရင် ဆိုင်ရှင် သိမ်းသွားလိမ့်မယ်၊ အဲဒါ ဘယ်လောက်တန်တယ်ဆိုတာ မင်း သိတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

ထိုအခါမှ ကောင်လေးက အဲဒါလေးကို ဖျတ်ခနဲကောက်ယူကာ သူ့ထံသို့ လာပေးသည်။ သူက ခေါင်းတစ်ချက်ယမ်းပြရင်းမှ ...

"ငါက မလိုပါဘူး၊ အဲဒါ MP4 စက်လေးကွ၊ မင်းသဘောကျလား"

"ဟို ... ကျတော့ ကျတယ် အစ်ကို၊ ဒါပေမဲ့ ဒါမျိုးက ကွန်ပျူတာနဲ့ သုံးရတာ မဟုတ်လား၊ ကျွန်တော့်မှာ အသုံးမှ မဝင်တော့ ..."

သူက သူလိုချင်သော အကွက်ထဲ ဝင်လာပြီဖြစ်၍ သဖြင့် တစ်ချက်ပြုံးကာ လက်ဝါးကာပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီဟာကို ငွေနဲ့လဲမလား"

"ဟား ... လဲမှာပေါ့ အစ်ကို"

ဒါမျိုးကျတော့ ကိုယ်တော်လေးက တက်တက်ကြွကြ
ဖြေတတ်သည်။ သူက မလှမ်းမကမ်းဝိုင်းမှာ ထိုင်နေပြီဖြစ်သော
အမေဇုံကွင်း(န်)ကို မသိမသာ လှမ်းပြရင်း ...

"အဲဒီတစ်ယောက်ကို သွားရောင်းလိုက်၊ သူ ဒါမျိုးလိုချ
နေတယ်လို့ ပြောသံကြားတယ်"

"ဟို ... ဘယ်လောက်နဲ့ ရောင်းရမလဲ အစ်ကို"

"ဒါက တန်တာတော့ သိန်းချီတန်တာကွ၊ ဒါပေမဲ့ န
သောင်းနဲ့ပဲ ရောင်းလိုက်ပါကွာ၊ သြော် ... မင်းတဲ့တိုးကြ
သွားမပြောနဲ့နော်၊ နည်းနည်းပါးပါး ငိုရောင်း၊ ငါပြောတ
ပေါက်တယ်မှလား"

"ပေါက်တယ် အစ်ကို ပေါက်တယ်"

ထို့နောက် ကောင်လေးသည် သူတို့အနားမှ လှ
ခနဲ ပျောက်ကွယ်သွားလေသည်။ အမေဇုံကွင်း(န်)တို့ အုပ်စုဟ
သူတို့ကို မမြင်သေး။ သူတို့အာရုံနဲ့သူတို့ မှန့်တွေမှာကာ အလု
ရှုပ်နေသည်။ သူ့ဘော်ဒါတွေ အားလုံးကလည်း သူ့အကြောင်း





သိစွာဖြင့် အဲဒီဘက်သို့ စိတ်ဝင်တစား အကဲခတ်နေကြကာ
ဘယ်သူမှ စကားမပြောကြ။

စားပွဲထိုး ကောင်လေးသည် ထိုစွာကျယ်အုပ်စုအနား
သို့ အသာချဉ်းကပ်သွားကာ ...

"အစ်မတို့ ဘာလိုသေးလဲ မသိဘူး"

"သြော် ... အေး၊ ဟဲ့ ... ဒီမှာ နန်းကြီးသုပ်က နည်းနည်း
ပေါ့နေတယ်၊ အဲဒါ ပြင်ပေးဦး၊ ကြက်သွန်လည်း ထပ်
ထည့်ပေး၊ ငါက ကြက်သွန်စိမ်း များများပါမှ ကြိုက်တဲ့
ဟာကို"

"ကြက်သွန် ဈေးကြီးတယ် အစ်မရဲ့"

"လာမပြောနဲ့၊ တို့ ကျောင်းမတက်ဘူး၊ အဲဒါတွေ နားမ
လည်ဘူး"

"အစ်မ ... အစ်မ"

"ဟေ"

ထိုကောင်လေးက အကျႌအိတ်ကပ်ထဲမှ MP4 လေး
ကို အသာထုတ်ပြကာ ...

"ဒါ ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ! ။ ဒါ MP4 လို့ ခေါ်တယ်၊ သီချင်းနားထောင်တဲ့ဟာ၊ ဘာဖြစ်လို့လဲ၊ ဒါ နင့်ဟာလား"

"ဟို ... ဘယ်လိုပြောရမလဲ၊ ကျွန်တော် ကောက်ရတာ အစ်မ၊ ကျွန်တော် ဒါ ဘယ်လိုသုံးရတယ် ဆိုတာလည်း နားမလည်ပါဘူး၊ ကျွန်တော်တို့နဲ့လည်း မကိုက်ပါဘူး အစ်မရယ် ...

အဲဒါ ကျွန်တော် အစ်မကို ပြန်ရောင်းပါရစေ"

"ဟဲ့ ... ဒုက္ခပဲ"

လိုက်ဒေးသည် ကောင်လေးစကားကြောင့် အလန့်တကြား ဖြစ်သွားကာ ပပတို့ကို မျက်စပစ်ပြမိသည်။ ပပက MP4 စက်လေးကို သေချာယူကြည့်ကာ ...

"Sony ပဲဟဲ့ လိုက်ဒေးရဲ့ အသစ်ပဲ ရှိသေးတယ်၊ မှန်းစမ်း ... နားထောင်ကြည့်ရအောင်"

ပပ နားထောင်ပြီးလျှင် မဉ္ဇူကပါ နားထောင်သည် နောက် လိုက်ဒေးလည်း နားထောင်ကြည့်သည်။ မဆိုးချေ မဆိုးဆိုတာထက် တော်တော်ကို အဆင်ပြေတာကို တွေ့ရလေသည်။ ပုထုဇဉ်ပီပီ ပေါ်ချောင်ကောင်း ရတော့လည်း လိုချင်တယ်ဆိုတာ ဝန်ခံရလေမည်။





ပြီးတော့ ဒါလေးကို ဝယ်လိုက်ခြင်းအားဖြင့် ကောင်လေးကို ကူညီရာလည်း ရောက်မယ်။ ဒါလေး ရောင်းရငွေဟာ ကောင်လေးရဲ့ တစ်လစာ လခငွေလည်း ဖြစ်ချင် ဖြစ်နိုင်မည်။ လိုက်ဒေးသည် ဆုံးဖြတ်ချက်တစ်ခုဖြင့် ခေါင်းညိတ်လိုက်ကာ ...

"ကောင်းပြီလေ၊ ဒါလေးကို အစ်မ ဝယ်မယ်၊ မင်းက ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ကျွန်တော် နှစ်သောင်းလောက်ရရင် ကျေနပ်ပါပြီ အစ်မ"

"ဟယ် ... နှစ်သောင်း"

လိုက်ဒေးတို့ သုံးဦးသားဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးကြပြီးနောက် ပြိုင်တူ ပခုံးတွန့်မိကြလေသည်။ Sony MP4 လေးဟာ သိန်းချီတန်သည် ဆိုတာကို သိတာကြောင့် ပြုံးမိသွားကာ ...

"နှစ်သောင်းနဲ့ ကျေနပ်ရဲ့လား၊ ပြီးမှ နည်းတယ် များတယ် လာမပြောနဲ့နော်"

"ဟာ ... မပြောပါဘူး အစ်မရာ၊ အလကားရတဲ့ပစ္စည်းကို ရောင်းတာပဲ၊ ကျွန်တော့်အတွက်လည်း အသုံးမဝင်တဲ့ပစ္စည်းပါ"

"အုံးခင် ... ဒါဆို ငွေချေမယ်"



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ စာရေးသူ၏ဇာတ်ကောင် လိုက်ဒေးသည် အိုခေ ဟူသော စကားကို အုံးခင်ဟု အမြဲပြောတတ်သူ တစ်ယောက် ဖြစ်ပါသည်။ ဒီစကားကို သူမ၏ သူငယ်ချင်းများက ရိုးနေပြီဖြစ်၍ အုံးခင်ဟု ပြောလိုက်လျှင် အိုးခေဟု သဘောပေါက်ကြသော်လည်း အကြောင်းမသိသူများက နားမလည်နိုင်ကြပါ။

"ဗျာ ... ကျွန်တော့်နာမည် အုံးခင် မဟုတ်ဘူး အစ်မ၊ ကျော်မြပါ"

"အို ... နင့်ကိုပြောတာ မဟုတ်ပါဘူး၊ ကဲ ... ရော့ရော့၊ ဒီမှာ နှစ်သောင်း၊ ဟဲ့ ... နင့်ပစ္စည်းက လမ်းကြောင်းရှင်းပါတယ်နော်"

"ဟာ ... ရှင်းပါတယ် အစ်မ၊ စိတ်ချ ရှင်းပါတယ်၊ အစ်မတို့ကို မသိတာမှ မဟုတ်တာ"

"အုံးခင် ... အုံးခင်၊ ရပြီ ... လစ်တော့"

ထိုကောင်လေးက အူကြောင်ကြောင်နှင့် ထွက်သွားပြီးနောက်ဝယ် လိုက်ဒေးတို့အုပ်စုသည်လည်း စားပြီး သောက်ပြီးသဖြင့် ပိုက်ဆံရှင်းကာ ထ,ကြဖို့ ပြင်သည်။ အဲဒီနောက် သိန်း





ချီတန် MP4 တစ်လုံးကို နှစ်သောင်းနှင့် ရသဖြင့် တက်ကြွသောခြေလှမ်းများဖြင့် သုံးဦးသားဟာ စာသင်ခန်းဆီသို့ ချီတက်ကြတော့သည်။

ဒီမြင်ကွင်းကိုကြည့်ကာ သဘောကျစိတ်ဖြင့် ပြုံးနေသော နိုင်းဒီပါသည် သူ့သူငယ်ချင်းတွေကို လက်မတစ်ချက် ထောင်ပြလိုက်သေးသည်။ ပစ္စည်းတစ်ခုကို မေ့ပြီးလျှင် ဘယ်နေရာမှာ ကျန်ခဲ့သည် ဆိုတာကိုတော့ မှတ်မိတတ်သော အမေ့ကောင်းကြီးဖြစ်သည့် သော်ဇင်ကိုကို ဆိုသည့် ငတိသည် သိပ်မကြာခင်မှာပဲ ပျာယီးပျာယာဖြင့် ပြန်ရောက်လို့ လာတော့သည်။

ပြူးပြူးပျာပျာဖြင့် တစ်ခုခုကို ရှာနေဟန်တူသော သော်ဇင်ကိုကို့,ကို မြင့်မြတ်က လှမ်းခေါ်ကာ ...

"သော်ဇင် ဘာရှာနေတာလဲကွ"

"ငါ့ MP4 မေ့ကျန်ခဲ့လို့ကွ၊ ဒုက္ခပါပဲကွာ၊ ဝယ်ထားတာ တစ်ပတ်ပဲ ရှိသေးတယ်"

"ဒီမှာ ကျန်ခဲ့တာ သေချာလို့လား"

"သေချာတယ်၊ ဆရာ့ကို ပြောစရာရှိလို့ ခဏထားခဲ့ပြီး ပြေးသွားတာ၊ ဆရာက ကိစ္စတစ်ခု ခိုင်းတာနဲ့ ဆိုင်အပြင်မှာပဲ ငွေရှင်းခဲ့ပြီး ပြန်မယူမိတော့ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ မတွေ့မိဘူးလားကွာ"

မျက်နှာငယ်လေးနှင့် မေးလာသော သော်ဇင်ကို သူက သနားစဖွယ်ဟန်ဖြင့် တစ်ချက်ကြည့်ကာ ...

"ငါတို့ စ,ထိုင်တုန်းကတော့ ဒီဆိုင်က စားပွဲထိုးလေးက အလင်းရောင်ကို စပ်နေတာ တွေ့တယ်ကွ၊ သူ ကောက်ရလို့ဆိုလား၊ သိပါဘူး၊ ငါတို့လည်း သိပ်သတိမထားမိဘူး"

"ဟာ ... ဟုတ်လား၊ ဒါဆို ငါ့ဟာက အလင်းရောင် ဆီမှာပေါ့၊ မဖြစ်ဘူး၊ မြန်မြန်သွားမှ၊ ကျေးဇူးပဲကွာ"

သော်ဇင် တစ်ယောက် သုတ်သုတ်ပျာပျာနှင့် ထွက်သွားလျှင် သူတို့လေးယောက်သားသည် တဟားဟား သဘောကျရင်း နောက်က လိုက်လာခဲ့ကြသည်။

အချိုအချောင် လိုချင်သော ငတိမ လိုက်ဒေး ပိုက်ဆံနှစ်သောင်း ပလုံမည့် အရေးကိုတွေးကာ သူ့မျက်နှာက ပြုံးမြမြ ဖြစ်နေသည်။

ထင်သည့်အတိုင်း အတန်းထဲ ရောက်လျှင် သော်ဇင်ကိုကိုနှင့် လိုက်ဒေးသည် အခြေအတင် စကားများနေကြတာကို တွေ့ရလေသည်။





"ကျိန်ဆို ကျိန်ဝံ့ပါတယ်ဟာ၊ ဒါ ငါ့ပစ္စည်း အစစ်ပါ၊ ငါ့မှာ ဘောက်ချာတောင် ရှိပါသေးတယ်၊ နင်မယုံရင် တိုက်စစ်ကြည့်ပါ၊ ဝယ်တာမှ တစ်ပတ်ပဲ ရှိပါသေးတယ် ...

ဆရာ့ကို ပြင်တာနဲ့ စားပွဲပေါ်မှာ ခဏထားခဲ့ပြီး နောက်က ပြေးလိုက်သွားမိတာ၊ ဆရာက ကိစ္စတစ်ခုခိုင်းတာနဲ့ ငါလည်း မေ့ပြီးပြန်မယူမိတော့ဘူး ...

အခု အတန်းတက်မယ်ဆိုမှ သတိရတာနဲ့ ပြန်လာရှာတော့ နင့်ကို အဲဒီက စားပွဲထိုးလေးက ရောင်းလိုက်ပြီဆိုတာကို နိုင်းဒီပါတို့ ပြောတာနဲ့ ငါ လိုက်တောင်းရတာပါဟာ၊ စိတ်မဆိုးပါနဲ့၊ ငါ တောင်းပန်ပါတယ်၊ နင်မယုံရင် အဲဒီထဲက သီချင်းတွေ ငါ အကုန်ရွတ်ပြပါ့မယ်"

လိုက်ဒေးသည် သော်ဇင်ကိုကို၏ စကားကြောင့် မျက်လုံးများ ကျဉ်းမြောင်းသွားရင်း ...

"ဘာ ... ဘယ်သူ ပြောတယ်၊ နင့်ကို ဘယ်သူပြောတယ်"

သော်ဇင်သည် အခုမှ လိုက်ဒေးနှင့် နိုင်းဒီပါတို့၏ မကျေလည်မှုကို သတိရသွားကာ ကိုယ့်ပစ္စည်းနဲ့ကိုယ် စိတ်ညစ်ရလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်တို့ ပြဿနာ မဖြစ်ကြပါနဲ့ဟာ၊ သူကလည်း ငါမေးလို့ ပြောရတာပါ၊ နင့်ကိုလည်း ငါ တောင်းပန်ပါတယ်၊ အဲဒီ ချာတိတ်ဆီက နင် ဘယ်လောက်နဲ့ဝယ်ခဲ့တာလဲဟင်၊ ငါ ပြန်ရွေးပါ့မယ်နော်"

"အို ... ပြန်ရွေးစရာ မလိုပါဘူး"

လိုက်ဒေးက ခပ်ဆတ်ဆတ် ပြန်အော်မိလေသည်။ အဲဒီမှာပဲ အလိုလို သိမြင်လာသော အာရုံအရ အတန်းအပေါက်ဝသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် ဒုစရိုက်ဂိုဏ်း စတားတစ်ယောက်လို မော်ချီစွာ ကြွမြန်းလာသော စေတန်နိုင်းဒီပါကို တွေ့မြင်လိုက်ရလေသည်။

သူ့နှုတ်ခမ်းများက တစ်ယောက်ယောက်ကို ချောက်ချပြီးလျှင် ပြုံးနေကျဖြစ်သည့်အတိုင်း အစွန်းနှစ်ဖက်က ကော့တက်ကာ သရော်တော်တော် ပြုံးနေသည်။ သူတို့ ဟစ်ဟော့စတိုင်လ်အတိုင်း ဘောင်းဘီအပွကြီးထဲ လက်နှစ်ဖက်နှိုက်ကာ ကားယား ကားယား လျှောက်လာလျက် ...

"အဆင်ပြေလားဟေ့ သော်ဇင်၊ တချို့တွေကကွာ ပေါချောင်ကောင်း ရမလားလို့ နှိုက်ကြည့်လိုက်ကြတာပါ၊ ဒီခွင်မျိုး ရှာနေတာ ကြာပြီနဲ့ တူပါတယ်"





သူက ထိုကောင်မလေးကို မသိမသာ စောင်းမြောင်းလိုက်လေသည်။ သူမကလည်း ချက်ချင်းဆိုသလိုပင် နဂါးမျက်စောင်းတွေ တဒိုင်းဒိုင်း ရောက်လာကာ ...

"နင် ဝင်ပြီး လျှာမရှည်နဲ့"

သူက သူမကို ပခုံးနှစ်ဖက် တွန့်ပြကာ ...

"မင်းကို ပြောတာမှ မဟုတ်တာ၊ ငါ့သူငယ်ချင်းကို ငါ ပြောတာပဲ"

သူမက သူ့ကို ရူးရှလက်ဖြာနေသော မျက်လုံးများဖြင့် တစ်ခုခုကို အတပ်သိသလို စိုက်ကြည့်ကာ ...

"ဒီကိစ္စကို နင် မြင်ရဲ့သားနဲ့ သက်သက်ချောက်တွန်းတာ မဟုတ်လား၊ ပြောစမ်း"

"မင်းနဲ့ ငါက ဘာဆိုင်လို့ ပြောရမှာလဲ၊ ဟာ ဟ ...၊ မျှော်လင့်နေသေးတယ်၊ သွပ် သွပ် သွပ် ... ဒီလိုမျိုး ချိုကောင်း ချောင် ကြိုက်တတ်လား၊ ဟုတ်လား၊ ပြောရောပေါ့၊ နော့ ... သူငယ်ချင်းတို့ရာ ...

ဒါမျိုးတွေ ကိုယ့်ဆီမှာ ဘယ်လောက်ရှိလဲ ပြောပြလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မှင်စာက ရှေ့မှ လမ်းကြောင်းပေးလိုက်လျှင် နောက်က ပြိတ္တာများကလည်း တစ်ညီတစ်ညာတည်း ဝိုင်းပြောကြသည်မှာ "အများကြီးပဲ ... အများကြီးပဲ"ဟူ၍ ဖြစ်လေသည်။

လိုက်ဒေးသည် အတန်းထဲမှာ ဖြစ်နေတာရော၊ ကိုယ့်ဘက်က မှားနေတာရောကြောင့် ဆက်ပြောနေလျှင် ကိုယ်ပဲ အရှက်ကွဲတော့မှာကို သိသဖြင့် နှုတ်ခမ်းကို အသာကိုက်ကာ အံကိုတင်းတင်းကြိတ်လျက် သော်ဇင်ကိုကို လက်ထဲသို့ MP4 ကို ထိုးထည့်ပေးလိုက်သည်။

"ကဲ ... ရော့၊ နင့်ပစ္စည်း၊ နောက်ထပ် ဘာမှဗယားလာ မရှုပ်နဲ့တော့"

"ကျေး ... ကျေးဇူးပါဟာ"

လိုက်ဒေးဟာ ဒေါသထွက်လွန်းသဖြင့် မှင်စာကို တစ်ချက် လှပ်မိမှာစိုးကာ အနားကနေ အမြန်ထွက်လာခဲ့ရသည်။ ဒါတောင် နောက်ပါးဆီမှ ကပ်ပါလာသော သင်းအသံက စိတ်ကို မတို့တို့အောင် ဆွပေးနေသလို ဖြစ်၏။

"သာဓုပါဗျာ ... သာဓု၊ အခုလို လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးကို အလှူငွေနှစ်သောင်း စွန့်ကြဲခဲ့တဲ့ ဒါန





ကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းကောင်းမှန်သမျှကို သူခိုးဈေးနဲ့ ရပါစေဗျာ၊ ရပါစေ၊ ဟဲ ဟဲ ..."

"တောက်"

လိုက်ဒေးဟာ တက်ကစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ရုံမှအပ လောလောဆယ် အခြေအနေမှာ ဘာမှမတတ်နိုင်သေးချေ။ သို့သော် လူကို နှိမ်သလို ချိုးဖွဲ့စော်ကားသော ထိုမှင်စာ အစုတ်အနုပ်ကို တစ်စက်လေးမှ မကျေနပ်နိုင်ပါ။ မောမောနှင့် ကန်တင်း ပြန်ရောက်သွားကာ သံပရာရည်တွေကို တဝွပ်ဝွပ်မော့ပြီးမှ စာရေးဆရာမလောင်းပီပီ ဟိုအကောင် သုံးနိုင်သော့ အကြံဉာဏ်တွေကို စဉ်းစားမိလေသည်။

လိုက်ဒေးရဲ့ ခေါင်းထဲတွင် လက်ခနဲ ဖြစ်သွားလျက် အခုနတုန်းက စားပွဲထိုးလေးကို ပြန်ခေါ်ကာ ...

"ဟိတ် ... အခုန MP4 စက်လေးကို မင်း ဘယ်နားက ကောက်ရတာလဲ"

ထိုကောင်လေးက မျက်လုံးပြူးသွားကာ "ဗျာ"ဟု ရေရွတ်ရင်း ဖြေရကျပ်နေသလို ခေါင်းကုတ်နေလေသည်။ လိုက်ဒေးသည် ချော့မော့သည့် အပြုံးလေးဖွက်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါကွ၊ အစ်မက မင်းကို ဘာပြဿနာမှ မလုပ်ပါဘူး၊ ပိုက်ဆံလည်း ပြန်မတောင်းပါဘူး၊ သိချင်ရုံသက်သက်ပါ"

"ကျွန်တော်လည်း စားပွဲတစ်ခုပေါ်မှာ ကျန်ခဲ့တာကို မြင်တာပါ၊ ဟို ... အဲဒါလည်း ကျောင်းသားအစ်ကိုတွေက ပြလို့ပါ"

"ဟင် ... ဟုတ်လား၊ အဲဒါ ဘယ်သူတွေလဲ"

အဲဒီစကားကို စိတ်ဝင်စားစွာဖြင့် ဝင်မေးတာက မဥ္စူ ဖြစ်သည်။ ကောင်လေးက မျက်မှောင်တစ်ချက်ကုတ်ကာ စဉ်းစားရင်း ...

"ဟစ်ဟော့ပုံစံ ပွပွကြီးတွေ ဝတ်ထားတဲ့ လေးယောက်ပဲ၊ အစ်မတို့ကိုတောင် သိတယ်၊ အဲဒါမျိုး အစ်မတို့ လိုချင်တယ် ပြောဖူးတာ သူ သိကာယ်တဲ့၊ အဲဒါနဲ့ ..."

လိုက်ဒေးသည် လက်ဝါးကာပြရင်းမှ ...

"ဟိုး ... ဒီလောက်ဆို သဘောပေါက်ပြီ၊ ရပြီ ကောင်လေး ... ရပြီ၊ အုံးခင်(အိုခေ) သွားလို့ရပြီ"

ထိုကောင်လေး ထွက်သွားပြီးလျှင် လိုက်ဒေးသည် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ဖြစ်ရပ်မှန်ကို တစိမ့်စိမ့်တွေး





၍ သဘောပေါက်လေပြီ။ အဲဒီလိုပဲ သူတို့ကို ဘယ်လိုလက်တုံ့ပြန်မည်ဆိုတာပါ စနစ်တကျ အကွက်ချ စီစဉ်ပြီးပြီ ဖြစ်သည်။

"ငါက သူများကို ဘယ်တော့မှ စပြီး မထိပါးတတ်ဘူး၊ ငါ့ကို လာထိပါးရင်လည်း ပါးစပ်နဲ့တင် တုံ့ပြန်တတ်တဲ့ မိန်းမ မဟုတ်ဘူးဆိုတာ ဒီကောင် ကောင်းကောင်းနား မလည်သေးဘူးနဲ့ တူတယ်"

သွားထဲမှ လေထွက်သံနှင့် ကြိမ်းဝါးနေသော လိုက်ဒေးရဲ့ပုံစံကို ပပက ပန်းအသာကျူ့ကာ ...

"ဘာတွေ လုပ်ဦးမှာလဲ လိုက်ဒေးရယ်၊ ငါက သွေးထွက်သံယို ဆိုရင် ဝက်ခြံညှစ်တာတောင် မကြည့်ရဲဘူးနော်"

"သွေးကြောင်ပါ့ဟာ"

"အေးလေ ... ဒီဖက်တီးမက တစ်ခုခုဆို ဗလကို အားမကိုးဘူး၊ ဟုတ်တယ် ... ငါကတော့ လိုက်ဒေး ဘက်က နေ ထောက်ခံတယ်၊ ဒီကောင် နှင့်ကို သက်သက်ကျပ်သွားတာ ..."

"နင် တစ်ခုခုတော့ တုံ့ပြန်မှ ဖြစ်မယ် လိုက်ဒေး ဘာလုပ်မလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်တော့ သိရမှာပေါ့ဟာ၊ တွေ့ကြသေးတာပေါ့ ဩဇာသီးအပုပ်တွေရယ်"

လိုက်ဒေးသည် မျက်ဝန်းများကို မှေးစင်းကာ ပြုံးလိုက်ရင်း ကိုယ့်ရဲ့အကြံအစည်ကို ကိုယ့်ဘာသာ တိတ်တဆိတ် သဘောကျနေခဲ့သည်။

❤ ⁜ ❤

> ဝတ္ထုတိုမှန်း... ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၆

စထရင်းဟိုတယ်၏ ဟစ်ဟော့ဂီတညသည် မီးရောင်စုံတို့ဖြင့် လှပသက်ဝင်ကာ Ballroom ထဲတွင် မြူးကြွပေါက်ကွဲလို့နေပေသည်။

သို့သော်လည်း ကားပါကင်နားမှာ ယောင်လည်လည် လုပ်နေသော လူနှစ်ဦးလည်း ရှိလို့နေခဲ့ပါသည်။ သူတို့နှစ်ယောက်မှာ လိုက်ဒေးနှင့် မဥ္စူပဲ ဖြစ်လေသည်။

လိုက်ဒေးသည် ဘေးဘီဝဲယာကို တစ်ချက်ကြည့်ရင်း ခပ်တည်တည်ပင် လုပ်ငန်းစလိုက်သည်။ အားလုံးပြီးစီးသေချာပြီဆိုလျှင် မဥ္စူကို လက်မတစ်ချက် ထောင်ပြကာ ထိုနားမှ အသာလစ်ထွက်လို့ လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် စတိတ်ရှိုးဆိုရာ ခန်းမအနားသို့ ရောက် သွားလျှင် အပေါက်ဝမှာ စိုးရိမ်သော မျက်နှာထားနှင့် စောင့်နေ သော ပပကို တွေ့လိုက်ရသည်။ ပပက ကိစ္စအောင်မြင်သလား မမေးဘဲ လိုက်ဒေး တို့ကိုသာ စိုးရိမ်ဟန်ဖြင့် ...

"စိတ်ပူလိုက်ရတာဟယ်၊ ငါဖြင့် လိုက်လာတော့မလို့"

"ဘာမှ စိတ်ပူစရာ မရှိဘူး၊ ငါတို့ကိစ္စက ပြီးပြီ၊ နင့်လူ ကိုရော သေချာမှာပြီးပြီလား"

"အင်း ... မှာပြီးပါပြီ၊ လိုက်ဒေးရယ် ... ငါ တစ်ခုခုကို အရမ်းစိုးရိမ်နေသလိုပဲ၊ ဒါ သာမာန်နေရာ မဟုတ်ဘူးနော် တို့လုပ်တာ ကောင်းပါ့မလားဟယ်"

လိုက်ဒေးသည် ပျော့ညံ့တွေဝေနေသော ပပကို ခပ်ဆတ်ဆတ်ဖြင့် ဝေါက်ငမ်းရသေးသည်။

"ပပ ... နင် ဘာဖြစ်နေတာလဲ၊ ဒီကိစ္စမှာ ငါတို့ပါလို့ ဘယ်ကသက်သေနဲ့ သိနိုင်မှာလဲ၊ နင့် မျက်နှာကိုပြင်ထား_

ကဲ ... ကဲ ... အထဲဝင်မယ်၊ ဒီအကောင်တွေ အရှက်ကွဲခန်းကို အောင်သေအောင်သား စားချင်လို့သာ ကြည့်ရမှာ၊ ဒီလို မိုးတိုးမတ်တတ်နဲ့ ကြည့်ရတာမျိုး စိတ် ပျက်လွန်းလို့ ...





သူတို့အလှည့်က ဘယ်တော့တဲ့လဲ"

"အလယ်လောက်လို့ ပြောတယ်"

"အေး ... ကောင်းတာပေါ့၊ အမလေး ... နားတွေငြီးလိုက် တာ၊ ဘာတွေဆိုနေမှန်းလဲ မသိဘူး၊ ဝဋ် ... ဝဋ် ..."

လိုက်ဒေးသည် စာသမား ကဗျာသမားပီပီ အေးအေး ဆေးဆေး နေတာကို သဘောကျသူဖြစ်၍ ဒီလိုလူတွေ ပွတ်သိပ် နေရခြင်းကို အတော်စိတ်ပျက်၍ နေလေသည်။ တစ်သက်နဲ့ တစ်ကိုယ် ဒီလို ဟစ်ဟော့ရှိုးပွဲသို့ ရောက်ခြင်းမှာ ဒါဟာ ပထမ ဆုံးပဲ ဖြစ်သည်။

ဒီရှိုးပွဲတွင် လိုက်ဒေးရဲ့အချစ်တော် ဩဇာသီးအဖွဲ့ သီဆိုမည်ဟု သတင်းရထားသဖြင့် လိုက်ဒေးဟာ ဘယ်သူမှ တွေးမထင်ထားသော အကြံအစည်ဖြင့် သူတို့ကို နှောင့်ယှက်မှာ ဖြစ်ပါသည်။ သိပ်မကြာခင် ရောက်လာတော့မည့် သူတို့ရဲ့ ကံကြမ္မာကို မြင်ယောင်ကာ လိုက်ဒေးရဲ့ နှုတ်ခမ်းတွေ၌ အပြုံးတွေ ခိုသီး၍ နေခဲ့တော့သည်။

ဒီအချိန်တွင် စတိတ်စင်၏ အောက်ဘက်တွင်လည်း ဩဇာသီးအဖွဲ့သည် ရင်တခုန်ခုန်နှင့် ရှိနေလေသည်။ ဒီပွဲကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ပထမဆုံး ရှိုးပွဲကြီး မဟုတ်သော်လည်း ကြီးကြီးကျယ်ကျယ် စဆိုရသည်မှာ ဒီပွဲဖြစ်သဖြင့် စိတ်လှုပ်ရှားမှုက ကိုယ်စီရှိကြသည်။ သူတို့အုပ်စုထဲတွင် အတည်ငြိမ်ဆုံးပါဆိုသည့် နိုင်းဒီပါသည်ပင်လျှင် ရင်တငြိမ့်ငြိမ့်။

"ဟေ့ကောင်တွေ စိတ်ကို အေးဆေးပဲထားနော်၊ ပေါ့ပေါ့ပါးပါးပဲ ဖြစ်ပစေ၊ သိလား"

"သိပါတယ်ကွာ၊ ဘာမှ စိတ်ပူမနေနဲ့၊ တို့ကျောင်းက ဘော်ဒါတွေလည်း အများကြီးပါတယ်၊ အားပေးကြမှာပါ"

"ကဲ ... အားလုံး ကြိုးစားကြမယ်၊ ဟုတ်ပြီလား ... လာ"

သူတို့လေးယောက်သားဟာ အချင်းချင်း လက်ဝါးချင်းတွေ ရိုက်လိုက်ကြပြီးနောက် အားအင်တွေ စုစည်းလိုက်သလို ခိုင်မာ၍ သွားသည်။ ဒီလိုနှင့် သူတို့ ဖြေဖျော်မည့် အလှည့်သို့ရောက်ရှိလို့ လာခဲ့လေသည်။ အစီအစဉ် ကြော်ငြာသူက သူတို့အဖွဲ့ရဲ့ နာမည်ကို ကြေညာလိုက်လျှင် တီးလိုက်သော လက်ခုပ်သံတွေက ခုနကထက် မြိုင်ဆိုင်လို့သွားသည်ဟု ဆင်မိလေသည်။

တကယ်လည်း သူတို့အဖွဲ့ရှေ့သို့ ထွက်လိုက်လျှင် ကောင်မလေးတွေက သည်းသည်းလှုပ် အားပေးတာကို တွေ့လိုက်





ရသည်။ ကောင်လေးတွေကလည်း သြဇာသီး သြဇာသီးဟု တညီတညွတ်တည်း အော်ကောင်းကောင်းနှင့် အော်နေတာကို တွေ့ရလျှင် သူတို့တစ်ဖွဲ့လုံး ပီတိဖြစ်လို့သွားသည်။

"မင်္ဂလာပါဗျာ၊ အခု ကျွန်တော်တို့အဖွဲ့ ပထမဆုံး ဖျော်ဖြေမယ့် သီခ်င်းက 'ရက်စက်သွားပါ' ဖြစ်ပါတယ်"

"အိုခေ ... စ,မယ်နော်"

သူတို့ သီချင်းစ,ဆိုလျှင် ပရိသတ်တွေက ထင်ထားတာထက်ကို အားပေးကြလေသည်။ အထူးသဖြင့် ကောင်မလေးတွေသည် သူနှင့် မြင့်မြတ်ကို အသည်းဆုံးဖြစ်၏။ ပန်းစည်းတွေ၊ အရုပ်တွေ အများအပြား လက်ခံရရှိကြသည်။

BURMESE CLASSIC .com

ဒီတော့ နောက်တစ်ပုဒ် ဆိုဖို့ရာ အတော့်ကို အားတက် အားရှိသွားကြသည်။ ဒုတိယတစ်ပုဒ် ဆိုရာမှာလည်း ပရိသတ်က အားပေးလေသည်။ ထိုအချိန်မှာပဲ ပရိသတ်ထဲမှ တစ်ယောက်က သူ့ကို အလွန်လှပသော ပန်းစည်းကြီးတစ်ခု ကမ်းပေးတာနှင့် ကြုံသည်။ သူ့လက်ထဲတွင် ပန်းတွေ၊ အရုပ်တွေက များနေသဖြင့် ပေါက်ပေါက်ကပဲ ထိုပန်းစည်းကြီးကို မွေ့ပိုက်ကာ လက်ခံယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်လောက်မှ မကြာချေ။ ပေါက်ပေါက်ထံမှ"အမလေး"ဟူသော အော်သံကြီးနှင့်အတူ ပန်းစည်းကြီးကို ယောင်ယမ်း၍ လွှင့်ပစ်လိုက်တာနှင့် ကြုံလိုက်ရလေသည်။ ရုတ်တရက် ဖောက်ထွက်လာသော အသံနက်ကြီးကြောင့် သူတို့အားလုံး ကြောင်သွားကြသလို ပေါက်ပေါက် မျက်နှာမှာလည်း သွေးမရှိတော့။

"ဟော့ကောင် ... ဘာဖြစ်တာလဲ"

ချက်ချင်းပင် တေးဂီတသံတွေက ရပ်ဆိုင်းသွားကာ သူတို့စကားပြောသော အသံတွေက ဖောက်ထွက်၍လာသည်။

"ဖားပြုတ်တွေ ... ဖားပြုတ်တွေ ... ဟား ... အား ... အား"

ပန်းစည်းထဲက ထွက်ကျလာတာသည် အင်မတန် အသည်းယားစဖွယ်ကောင်းသော ခြေကားယား လက်ကားယားနှင့် ဖားပြုတ်ပေါက်စနေလေးတွေဖြစ်သည်။ သူတို့အားလုံးနားကြပ်တွေတပ်လျက် သီဆိုနေကြတာမို့ စကားပြောလိုက်လျှင် ပရိတ်သတ်တွေကပါ ကြားကုန်လျက် အားလုံးဝရုန်းသုန်းကား ဖြစ်ကုန်တော့သည်။





ပေါက်ပေါက်က အလန့်တကြား ပစ်လွှတ်လိုက်သော ပန်းစည်းကြီးဟာ ပရိသတ်ထဲသို့ ကျသွားသဖြင့် ဖားပြုတ်လေးတွေဟာ ဟိုဟိုဒီဒီ ခုန်ပျံနေကြကာ ကောင်မလေးတွေက ကြောက်လန့်တကြား အော်ဟစ်ကြ၊ တွန်းထိုးကြနှင့် လူတွေအားလုံးမှာ ချက်ချင်းပဲ ဖရိုဖရဲ ဆူညံလို့ သွားလေသည်။

နောက်ဆုံး ပွဲမန်နေဂျာ ထွက်လာကာ ပွဲထိန်းမှပင်တော့သည်။ လုံခြုံရေးတွေပါ ရောက်လာကာ ချက်ချင်းကိုပျာယာခတ်ကုန်ကြတာ ဖြစ်လေသည်။ သူဟာ ပထမတော့ အခြေအနေကို ကြောင်ကာ ဘာဖြစ်မှန်းမသိ။

တဖြည်းဖြည်းနဲ့ ရိပ်မိလာရသည်မှာ တစ်စုံတစ်ယောက်သည် သူတို့ကို အကွက်ကျကျနှင့် ပိပိရိရိ လုပ်ကြံလိုက်သည် ဆိုတာပဲ ဖြစ်လေသည်။ ပွဲခင်းထဲ ကျသွားရှာသော ဖားပြုတ်သူငယ်တို့၏ ကံကြမ္မာလည်း မသက်သာသလို သူတို့အဖွဲ့ရဲ့ ခံစားမှုကလည်း မသက်သာချေ။

မန်နေဂျာတင်သာမက သူတို့အဖွဲ့ပါ ပရိသတ်ကို ထွက် ၍တောင်းပန်ရလေသည်။

အဲဒီနောက် စတေ့ချ်ရှိုးကို ဆက်လက်ကျင်းပသော်လည်း ဘယ်သူကမှ ပန်းစည်းတွေ မယူရဲကြတော့။ ဒီလိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



စတော့ချ်ရှိုးပွဲဟာ ရင်တမမနှင့် ပြီးဆုံးသွားခဲ့သည်။ အစပိုင်းတုန်းကလောက် ပျော်စရာ မကောင်းတော့။ မန်နေဂျာကတော့ သူတို့အဖွဲ့ကို နားလည်စွာနှင့် အားပေးနှစ်သိမ့်ရှာပါသည်။

"ညီလေးတို့ကို ပရိသတ်က အားပေးပါတယ်ကွာ။ ဘာမှ စိတ်မာတ်မကျပါနဲ့။ ဒါ တစ်ယောက်ယောက်က လုပ်ကြံတာပဲ ...

ဒီလောက်ကြီးထိတော့ လုပ်ဖို့မကောင်းဘူးပေါ့ကွာ။ မကျေနပ်ရင် အပြင်မှာ ရှင်းသင့်တာပေါ့ ...

ညီလေးတို့ သစ်ပင်မြင့်လို့ လေတိုက်ခံရတယ်ပဲ သဘောထားပေါ့ကွာ။ အန္တရာယ်ပေးချင်တဲ့စိတ်တော့ မရှိပါဘူး။ ဖားတွေ ထည့်ထားတယ်ဆိုတော့ ဖရိုဖရဲ ဖြစ်သွားအောင်ပဲ တမင်လုပ်တာ နေမှာပါ"

"မင်းကလည်း စွတ်အော်တော့တာပဲ။ နည်းနည်းပါးပါး သတိလေး ဘာလေး ထားပါဦးတော့လား။ ကြောက်တတ်လိုက်တာ"

သူက ပေါက်ပေါက်ကိုပါ မနိုင်,နိုင်ရာ ဖိမာန်မဲလိုက်လျှင် ပေါက်ပေါက်ကလည်း သရဲလို ဖြူဖွေးနေသော မျက်နှာဖြင့် ဆတ်ဆတ်ထိမခံ ပြန်အော်လေသည်။





"ဟ ... ကြောက်တာပေါ့ကွ၊ မင်းအဘတွေက တစ်ကောင်ပြီးတစ်ကောင် နင်ဂျာတွေလို ခုန်ထွက်လာတာ၊ အေးစက်စက် ပျော့စိစိကြီးတွေနဲ့ ...

ဘယ်သူက ဒါမျိုး ကြံဖန်မှာလဲ။ မင်းတို့ မဖြစ်တိုင်း ငါ့ကို လာပြောမနေနဲ့"

ပေါက်ပေါက်က နဂိုတည်းကမှ သူတို့အုပ်စုထဲတွင် စိတ်အပျော့ဆုံးနှင့် အကြောက်တတ်ဆုံး ဖြစ်သည်။ သို့သော် ဒီလိုရှော့ခ်မျိုးကတော့ ဘယ်သူမဆို ကြုံနိုင်သည်မို့ အပြစ်မဆိုသာပါ။

"အေးလေကွာ၊ ဟုတ်သားပဲ၊ ပေါက်ပေါက် ကြောက်ရှာမှာပေါ့၊ သနားပါတယ်၊ ငါ့သူငယ်ချင်း ကျူရှိုးလေး တော်သေးတာပေါ့၊ နလုံးလေဖပ်ပြီး မဂန့်သွားတာ ...

တောက် ... ဘယ်က အလေနတောတွေများ ဒီလို လုပ်လည်း မသိပါဘူး။ ပေါက်ပေါက် ပန်းစည်းပေးတာ ဘယ်သူလဲ၊ မှတ်မိလား"

"ဘယ်မှတ်မိမလဲကွ၊ ဒီလောက်မီးတွေရှုးနေတာ၊ ယောကျ်ားလေးလား၊ မိန်းကလေးလားတောင် မကွဲပြားဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖျတ်ခနဲပင် မျက်လုံးထဲ၌ အမေဓုံကွင်း(နဲ့)ကို သွား၍မြင်သည်။ သို့သော် ဒါဟာ တစ်ယောက်ယောက်က ချောက်ချတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ ဘယ်သူ့ကိုမှတော့ အတပ်ပြော၍ မရချေ။

သူတို့တစ်ဖွဲ့လုံးကတော့ တော်တော်ကို စိတ်တိုနေကြတာ ဖြစ်လေသည်။ ပရိသတ်က အနိုင်အမာ အားပေးပါလျက်နှင့် သီဆိုခွင့် မရတော့တာလောက် ရင်နာဖွယ်ကောင်းတာ မရှိတော့ပြီ။

"ကဲ ... ပြန်ကြမယ်ကွာ၊ လာ ... ကလပ်သွားမယ်၊ ညစ်နေတာတွေ အားလုံး ခုန်ပေါက်ပစ်လိုက်မယ်၊ အိမ်တော့ မပြန်ချင်သေးဘူး"

"ဟုတ်တယ်၊ အားပါးတရ ခုန်ပေါက်ပြီးမှ Ralax ဖြစ်မှာ"

သူတို့လေးယောက်စလုံး ဆန္ဒတူညီစွာဖြင့် အိမ်သို့ပြန်ချင်စိတ် မရှိကြသေးသဖြင့် စိတ်လွတ် ကိုယ်လွတ် ခုန်ပေါက်လို့ရမည့် နေရာသို့ သွားဖို့ပြင်ကြသည်။ တစ်ခုခုကို စိတ်ညစ်လာလျှင် ဒီလို စိတ်ဖွင့်ပေးခြင်းအားဖြင့် ခံစားချက်တွေ ပေါ့သွားတတ်ပါသည်။





သူတို့ လေးယောက်စလုံး ကားပေါ်တက်ပြီးတာနှင့် ဝေါခနဲမောင်းထွက်လာခဲ့ကြလျှင် ကားကအမိုးဖွင့်ထား သဖြင့် လေတဟူးဟူး တိုက်ခတ်ကာ ခံစားချက်တို့ နည်းနည်းတော့ သက်သာသွားသည်။ ညဆယ်နာရီထိုးခါနီးပြီမို့ ကားတွေရှင်းနေပြီဖြစ်သဖြင့် သူက လက်စွမ်းပြမောင်းနှင်လာခဲ့သည်။ သူ့အတွက်တော့ စိတ်တွေ သိပ်တင်းကျပ်လာလျှင် ကားကို ခပ်ကြမ်းကြမ်းမောင်းရတာလည်း စိတ်ထွက်ပေါက်တစ်ခုပဲ ဖြစ်လေသည်။

ဒီလိုနှင့် ဒစ္စကိုသို့ ရောက်လာလျှင် သူတို့အားလုံး စိတ်လွတ်ကိုယ်လွတ် ခုန်ပေါက်ကြတော့၏။ ခုန်ပေါက်ရင်းနှင့် သူတို့ ခံစားလာမိသည်မှာ ယားယံမှုတစ်ခုပဲ ဖြစ်သည်။ ပထမတော့ သိပ်မသိသာသေး။ ကလိုက် ဟိုနား ဒီနားက ယားလျှင် ကသလိုလိုနှင့် လူမသိအောင် ကုတ်လိုက် လုပ်လို့ရနေသည်။ စိတ်ကလည်း ဘာကိုမှ သံသယမဖြစ်မိချေ။

နောက် ယားတာက သာမန်မဟုတ်ချေ။ ကရင်းနှင့် ကုတ်၊ ကုတ်ရင်းနှင့် ကရ၏။ ထို့နောက်တွင်တော့ အကနှင့် အကုတ်တွင် အကုတ်က ပိုလာလေသည်။ သူတင်ပဲလား ဆိုတော့လည်း မဟုတ်။ ဟိုကောင်တွေ ရှိရာသို့ ကြည့်လိုက်လျှင်လည်း အခြေအနေ မဟန်တာကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ရိပ်ပြကာ ဒစ္စကိုတီးလုံးတွေနှင့် ဝေးရာသို့ ခေါ်သွားရင်း ...

"ဟော့ကောင်တွေ၊ မင်းတို့ ဘာဖြစ်နေကြလဲ"

"မသိဘူးကွ၊ ဘာလို့မှန်း မသိဘူး၊ တစ်ကိုယ်လုံး အရှမ်းယားနေတယ်၊ မင်းရော"

"အေး ... ငါလည်း အဲဒီလိုပဲ၊ ယားလိုက်တာကွာ၊ ကျွတ်ဝဲများပေါက်နေလား မသိဘူး"

ပေါက်ပေါက်က တစ်ကိုယ်လုံးကို မျောက်လိုကုတ်ဖဲ့ရင်း ဖြေလေသည်။

"မင်း ဘာဘကြီး ဝဲပေါက်ရမှာလား၊ ဝဲက ခုချက်ချင်း ထပေါက်မလား၊ ထူးတော့ ထူးဆန်းတယ်ကွ၊ ငါတို့လေးယောက်စလုံး ယားနေကြတာ၊ ဘာဖြစ်တာလဲ မသိဘူး"

"ငါတို့ Sea Foods တွေလည်း မစားမိပါဘူး"

"စားလည်း ဘယ်တုန်းက ဘာဖြစ်ဖူးလို့လဲ၊ တောက် ... ဒါလည်း တစ်ယောက်ယောက်က လုပ်ကြံထားတာ နေမှာပဲ၊ ဟာ ... ငါ အရှမ်းဒေါသထွက်လာပြီကွာ ...

တောက် ... ဘယ်ခွေးသားတွေလဲ မသိဘူး၊ သန့်ဇင်တို့ အုပ်စုများ ဖြစ်မလားကွ ... ဟမ်"





သူက စိတ်တိုလေလေ တစ်ကိုယ်လုံးက စပ်ဖျဉ်းဖျဉ်းဖြစ်၍ ပိုယားလာသလိုပဲ ဖြစ်လေသည်။ ဒေါသထွက်ရသည့်အထဲ ကုတ်ရတာက အလုပ်တစ်ခု ပိုလာကာ မကုတ်ဘဲနဲ့လည်း နေလို့မရ။ စိတ်ညစ်ပြေအောင် ကလပ်လာကာမှ မပြေသည့်အပြင် ဒေါသထွက်စရာနှင့် ထပ်၍ ကြုံနေရလျှင် သူသည် တစ်လောကလုံးကို မွှေ့ယမ်းပစ်ချင်လောက်အောင် စိတ်တိုနေရပြီဖြစ်သည်။

ကျောတွေကို မမှီတမီ လှမ်းကုတ်နေရသော မြင့်မြတ်ကတော့ ...

"လောလောဆယ် အိမ်ပြန်ပြီး ရေချိုးတာ ကောင်းမယ်ထင်တယ်ကွာ၊ ကြာရင် ကုတ်တာနဲ့ အသားတွေ ပွဲကုန်တော့မှာပဲ"

"ဟုတ်တယ် နိုင်း၊ လစ်စို့ကွာ၊ ငါ့အိမ် အရင်ဝင်လိုက်၊ ရေချိုးမှ ဖြစ်တော့မယ်"

ဒီလိုနှင့် သူတို့လေးယောက်သားဟာ စိတ်မပြေပျောက်သည့်အပြင် ဒေါသများ၊ ယားယံကုတ်ဖဲ့ခြင်းများကို ထုပ်ပိုးသိမ်းဆည်းကာ အနီးဆုံးဖြစ်သည့် ချိုသား အိမ်မှာ ရေဝင်ချိုး



www.burmeseclassic.com

www.burmeseclassic.com



ကြတော့သည်။ ချိုသားက မသက်သာသဖြင့် သူ့ကားထဲကို စစ်ဆေးလျှင် အမှုန့်လေးများကို တွေ့ရလေသည်။ ဒါဟာ ခွေးလှေးယားသီးမှုန့်မှလွဲ၍ တခြားမဖြစ်နိုင်တော့ချေ။

သူတို့ရဲ့ ပထမဆုံးရှိုးပွဲမှာ ကြီးစွာသော အနှောင့်အယှက် ဖြစ်သည့်အပြင် သူတို့ကိုပါ ဒီလို ဒုက္ခပေးသွားသော တရားခံဟာ ဘယ်သူဖြစ်မလဲ ဆိုတာ အဲဒီညတွင်းချင်းပဲ ခေါင်းချင်းဆိုင် အဖြေထုတ်ကြသည်။ ကျေနပ်လောက်သော အဖြေကား ထွက်မလာချေ။

သံသယဖြစ်ဖွယ် အကောင်းဆုံး နှစ်ဦးကတော့ သူတို့နှင့် မတည့်သည့် သန့်ဇင်တို့ အုပ်စုရယ်၊ သူ အမြင်ကတ်ရသည့် အမေဖုံကွင်း(န်)ရယ်သာပဲ ရှိသည်ဟု မှတ်ချက်ချရလေသည်။

အယားပြေသွားသော်လည်း ထိုတစ်ညလုံး ဒေါသစိတ်ကြောင့် အိပ်မပျော်ခဲ့ပေ။

❤ ❊ ❤





လိုက်ဒေးသည် ဂျာနယ်ကိုဖတ်ကာ ကိုယ်ကိုလှုပ်သည်အထိ တဟားဟားနှင့် ရယ်မောလျက် သဘောကျရလေသည်။ ဩဇာသီးအဖွဲ့ကိုပေးသော ပန်းစည်းထဲတွင် ဖားပြုတ်တွေပါလာသဖြင့် ပွဲခင်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်ရပုံကို ဂျာနယ်က ရေးသားထားတာဖြစ်၏။ ဒါ့အပြင် အဲဒီအကြောင်းဟာ အပြင်လောကမှာလည်း တော်တော်ရေပန်းစားသော သတင်းတစ်ပုဒ် ဖြစ်သွားခဲ့သည်။

သင်းတို့အုပ်စုအတွက် အဆိုးထဲမှ အကောင်းကတော့ ဩဇာသီးဆိုသော နာမည်ကို လူတွေပိုသိသွားခြင်းပဲ ဖြစ်လေသည်။

"အကောင်များနှယ် ကံကကောင်းချင်တော့ နေရင်းထိုင်ရင်း အချောင် နာမည်ကြီးသွားသေးတယ်၊ ဒါပေမဲ့ ကုတ်ရတာနဲ့တင် တန်နေပါပြီဟာ"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဒေးရယ် ... နင်မို့ ဒီအိုက်ဒီယာတွေ ရတယ်နော်၊ ငါတို့မှန်း ရိပ်မိနေရင် ဘယ်လိုလုပ်မလဲ"

"ရိပ်မိတော့ရော သူတို့ ဘာလုပ်လို့ ရမှာလဲ၊ ငါတို့ပါလို့ ဘယ်ကသက်သေနဲ့ ပြမှာလဲ၊ ဒီမယ် ဒီကိစ္စဟာ ငါတို့သုံးယောက်ပဲ သိတဲ့ကိစ္စ၊ နင်သာ အမှုအရာ မပျက်စေနဲ့"

ပပကတော့ မနိုင်တော့ဘူးဟူသော ပုံစံဖြင့် အသာခေါင်းယမ်းကာ ပခုံးတွန့်ပြလေသည်။ လိုက်ဒေးရဲ့ ရန်သူတော်နိုင်းဒီပါသည် ဘယ်ဘဝက ကုသိုလ်ကံ အကြွင်းအကျန်ကြောင့်ရယ်တော့ မသိ။ ထိုရှိုးပွဲမှဖြစ်သော ကိစ္စက အစပြုကာ သူတို့အုပ်စုကို လူတွေက ပိုသတိထားမိသွားကြသည်။ ထို့နောက် သူတို့အဖွဲ့ဟာ ဟိုပွဲ၊ ဒီပွဲတွေမှာ မကြာခဏ ပါဝင်သီဆိုခွင့်ရကာ နာမည်ရစ ပြုလာလေသည်။

ဒီလိုပဲ ... ရပ်တန့်မနေခဲ့သော လိုက်ဒေး တစ်ယောက်ဟာလည်း ဝတ္ထုတိုလေးတွေ ကြိုးစားပမ်းစားရေးကာ မဂ္ဂဇင်းတိုက်တွေသို့ တစ်တိုက်ဝင် တစ်တိုက်ထွက် ပို့လျက်၊ အချိန်ရှိသရွေ့ အားထုတ်ကြိုးပမ်းလျှင် ဝတ္ထုတိုချစ် ပရိသတ်များ၏ အသိအမှတ်ပြုအားပေးမှုကို ခံရလျှင် လိုက်ဒေး အဖို့ ပီတိဖြစ်၍ မဆုံးတော့ချေပြီ။





အံ့သြစရာကောင်းသော တိုက်ဆိုင်မှု တစ်ခုမှာ ယူအက်ဖက်အယ်လ်၏ ပြင်သစ်စာတန်းမှ ဟာစ်ဟော့အဖွဲ့(သြဇာသီး)နှင့် စာရေးဆရာမပေါက်စလေး အလင်းရောင်တို့သည် ထူးခြားစွာ မတည့်ကြသော အနုပညာရှင်လေးများအဖြစ် အများက အသိအမှတ်ပြုထားပေးကြခြင်းပဲ ဖြစ်လေသည်။ အဲဒီအတွက်ကြောင့်ပဲ လိုက်ဒေးတို့ဟာ လူပို၍ စိတ်ဝင်စားခံရသလားတော့ မသိပါ။

လိုက်ဒေးတို့ တစ်တွေကတော့ ပထမနှစ် ကျောင်းစာမေးပွဲတွေ ဖြေသည်အထိ တစ်ယောက်နှင့် တစ်ယောက်ကြည့်လို့တောင် မရခဲ့ကြချေ။

သူကဆိုလျှင် ယောက်ျားလေးတန်မဲ့ လိုက်ဒေးတို့ကိုမြင်တာနှင့် ရှုပုပ်ဆောင့်အောင့်ကာ တစ်ဖက်သို့ လှည့်သွားတတ်စမြဲ။ ကားကို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း မောင်းသွားတတ်ကာ ကျောသွားတတ်စမြဲ။

ဒီလိုဆိုလျှင် ဘယ်တော့မှ အကျောမခံတတ်သော လိုက်ဒေးကလည်း သူ့ကားမှန်ပေါ်တွင် ကြက်ဥတွေ ရိုက်ခွဲကာ သွားပုံချထားခြင်း၊ ကားဘီးထဲသို့ သံမှိုလေးများ သွားမြှုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းလောက်ကတော့ အသာလေး လုပ်ဖြစ်လေသည်။ ဘယ်ဘဝက ရေစက်မှန်းကို မသိပါ။ သူနှင့် လိုက်ဒေးဟာ တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုမှ ကြည့်မရအောင် အမြင်ကတ်ကြသူများ ဖြစ်လေသည်။

ပပကတော့ အစားအသောက်ကလွဲလျှင် ရင်ထဲမှာ ဘာကိုမှ တေးမှတ်မထားတတ်သူပီပီ မှတ်ချက်ချပေးသည်မှာ ဤသို့ဖြစ်၏။

"လိုက်ဒေးနဲ့ နိုင်းဒီပါတို့ တစ်ယောက်ကို တစ်ယောက် ဒီလောက်ကြည့်မရ ဖြစ်နေတယ်သာ ပြောတယ်၊ နင်တို့နှစ်ယောက်များ ရည်းစားဖြစ်ရင် ချစ်လိုက်ကြမှာ နေစရာတောင် ရှိမယ် မထင်ဘူး"

လိုက်ဒေးသည် ပပ စကားကြောင့် ဆတ်ဆတ်ထိအောင် နာသွားရင်း ...

"ဘာ ... ဘာပြောတယ်၊ ပပနော် သေချင်ပြီနဲ့တူတယ်၊ ဒီဘဲခေါင်းခြောက်ရုပ်ကိုများ ဒီလောက်မုန်းနေတဲ့ဟာ။ နင်သာ အဲဒီထဲက ကျူရှီးလိုအကောင်ကို ကျိတ်ကြွေနေတာ မဟုတ်လား"





လိုက်ဒေးက တမင်နာအောင် ပြောလိုက်သော်လည်း ပပကဖြင့် ဘယ်နဲ့မှ မှုဟန်မတူပေ။

"ကျိတ်မကြွေပါဘူး၊ ငါကတော့ ပေါ်တင်ပဲ၊ သူ့ရုပ်က ချစ်စရာလေး၊ နိုင်းဒီပါလို ဆောင့်ကြွားကြွားလည်း မဟုတ်ဘူး ...

အပြစ်ကင်းတယ်၊ ခင်စရာ ကောင်းတယ်၊ သူ့အသံကိုလည်း ကြိုက်တယ်၊ ဩဇာသီး အဖွဲ့ကိုလည်း အားပေးတယ်"

"ဟယ် ... ဟယ် ... အမလေး ပပ၊ ရှင်က ဒီဩဇာသီးပုပ်တွေကို အားပေးတယ်၊ သီချင်းတွေကို ခံစားတယ်၊ ဟုတ်လား ...

ဟင်း ... အံ့ဩတာပဲ"

"မအံ့ဩနဲ့၊ နင်သာ မကြိုက်တာ၊ သူတို့အဖွဲ့ကို ကြိုက်တဲ့ ကောင်မလေးတွေဆိုတာ သည်းသည်းကို လှုပ်နေတာပဲ ...

အခု သူတို့အဖွဲ့ တော်တော် နာမည်ထွက်လာတယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာနာမည်ထွက်တာလဲ၊ လူဆိုးသတင်းလား"

"ထွက် ... နင်က သြဇာသီးတွေကို မကောင်းမြင်ဖို့ လောက် ချောင်းနေတာကိုး"

"အိုး ... မမြင်နိုင်ပါဘူး၊ ငါ့ကို ဒီလောက် နှိပ်ကွပ်ထားတဲ့ကောင်ကို ငါက ဘာကိစ္စ အားပေးနေရမှာလဲ၊ အားပေးဖို့နေနေသာသာ ဘော်ဒါကတ္တာတောင် စာရင်းထဲမရှိဘူး၊ မုန်းလိုက်တာများ"

"မိပပနော် ... ညည်းက အဲဒီအဖွဲ့ထဲက ကျူရိုးကို ကြွေနေပြီနဲ့တူတယ်၊ ဟုတ်လား၊ ရုပ်ကိုက အချိုးမပြေဘူးနော်"

မဥ္ဇူကပါ ပပကို မာန်မဲပြောဆိုလျှင် ပပက အသည်းယားစဖွယ်ပြုံး၍သာ နေလေသည်။ ရုပ်ကိုက မချိုမချဉ်ရုပ် ဖြစ်နေသည်မို့ လိုက်ဒေးသည် ပပကို မျက်စောင်းတစ်ချက်ပျစ်ပျစ်နှစ်နှစ်ထိုးကာ ...

"ဟုတ်ပါ၊ သူကများ ဒီကျူရိုးကို ကျိတ်ခိုက်နေသေးတယ်၊ ဘယ်နားက ဗလကို ရင်ခုန်တာလဲ၊ ခန္ဓာတုတ်ချောင်း၊ ခေါင်းစပုတ်တံ၊ လက်မောင်းမြူစွမ်၊ ပေါင်ကြာဆံဆိုတာနင့်အကောင်ကို ပြောတာနေမှာ ..."





နင်တို့နှစ်ယောက်သာ ဖြစ်လို့ကတော့ ရာဇဝင်အိုးကို အိမ်မြှောင်ကပ်နေတဲ့အတိုင်း ဖြစ်နေမှာပဲ၊ ဟား ဟား ဟား ... အရမ်းလိုက်မယ့်အတွဲ"

လိုက်ဒေးနှင့် မဥ္ဇူသည် ထိုစကားကို အူလှိုက်သည်းလိုက် ရယ်မောမိသလောက် မင်းကတော့ နှုတ်ခမ်းစူကာ တကယ်ကို စိတ်ကောက်သွားလေသည်။ ဒီကျူရိုးကိုများ သူမို့ မက်မက်စက်စက်။

❤ ✻ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

ကျောင်းတွေ ပိတ်ထားသည်မို့ လိုက်ဒေးတို့ သူငယ်ချင်းသုံးယောက်မှာ မဆုံဖြစ်ကြတော့ချေ။ မဥ္ဇူက သူ့အမေနှင့်အမျိုးတွေရှိရာ တောင်ငူကို အလည်သွားနေသလို ပပကလည်း ကျောင်းပိတ်တုန်း သူ့အဖေပွဲရုံမှာ ကူပေးနေရသဖြင့် မအား။ ဒီတော့ ထိုကလေးမများဟာ လိုက်ဒေး စွန်လွှတ်ရာသို့ မလိုက်ပါနိုင်ကြတော့ချေ။

သူတို့ မလိုက်သော်လည်း သိပ်တော့ ကိစ္စမရှိလှပေ။ လှည်းတန်းမှာနေသော လိုက်ဒေး အဖို့ ညနေစောင်းလျှင် စက်ဘီးတစ်စီးဖြင့် အင်းလျားကန်ပေါင်သို့ စွန်လာလွှတ်ဖို့ရာ ဘာမှအခက်အခဲမရှိ။





ထိုအချိန်လေးဟာ လိုက်ဒေးအတွက်တော့ တကယ့်ကို Paradise (ပါရာဒိုက်စ်)။ အင်းလျားကန်ပေါင်ပေါ်က ချစ်သူစုံတွဲတွေဟာ လိုက်ဒေးအတွက် စာရေးစရာ ကုန်ကြမ်းများဖြစ်သလို ကောင်းကင်သို့ ရောက်နေသည့် စွန်လေးထံမှာ ကိုယ့်ရဲ့ စိတ်ဥာဉ်ကို သွားရောက် ပူးကပ်ထားခြင်းအားဖြင့်လည်း အဆုံးမရှိသော လွတ်လပ်ပျော်ရွှင်မှုကို ရစေသည်။

အဲဒီညနေခင်းဟာလည်း သူတို့ ရောက်မလာခင်ချိန်ထိတော့ လှပနေခဲ့သေးပါသည်။ ပထမတော့ လိုက်ဒေးဟာ သူတို့ ရောက်လာတာကို မသိသေးချေ။ ကိုယ့်အာရုံနှင့်ကိုယ်မို့ သတိမထားမိ။

တခြားအုပ်စုတစ်စု ကိုယ့်ဘေးမှာ စွန်လွှတ်ဖို့ ပြင်ဆင်နေတယ် ဆိုတာလောက်ပင်။

စကားသံတချို့ကို နားထောင်ပြီးမှ ဩဇာသီးပုပ်တွေမှန်း သိတာဖြစ်ပါသည်။

"ဟော့ကောင်တွေ ... ရာသီဥတုကတော့ ကိုယ့်ဘက်ပါတယ်ကွာ၊ ဘယ်လိုလဲ၊ ဆရာကြီးနဲ့တူတယ်၊ ချဲလင့်ခေါ် လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်လေ၊ ညှိကြည့်ပေါ့"

"ဟော့ကောင် မြင့်မြတ်၊ သွားမြှောက်ပေးနေပြန်ပြီ၊ အေး ဆေးနေနော် နိုင်းဒီပါ၊ အမျိုးသမီးရေးရာက သိပ်အစွမ်း ထက်တယ်"

"တို့က သူများလို ထောင်ချောက်တွေ၊ လက်နက်ပုန်းတွေ မသုံးတတ်ပါဘူးကွ၊ အေးပေါ့လေ ... တောတွင်းနေ ကြာဖံမ အဲ ... တာဖံမ ဆိုတော့လည်း တောကျင့်တွေပဲ လုပ်မှာပေါ့ ...

ငါ မပြောဖူးဘူးလား၊ မြွေဖမ်းသိပ်တော်တာပဲဆို၊ မင်းက မယုံဘူး"

ဒီလိုစကားသံတွေ ကြားလျှင် လိုက်ဒေးသည် ရစ်ဘီး ကို လျှော့နေရာမှ အသာငဲ့လို့ ကြည့်မိသည်။ အဲဒီအခါတွင် New Era ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းက စောင်ပေပေကြည့် နေသော သူ့ကို တွေ့လိုက်ရတာဖြစ်၏။

သူသည် လိုက်ဒေး လှည့်ကြည့်လိုက်တာနှင့် တစ် ပြိုင်နက် ...

"ဘာကြည့်တာလဲ"





ဟု ခပ်ဆတ်ဆတ်ဖြင့် ရန်စသလို မေးလေသည်။ သူတို့က လေးယောက်၊ လိုက်ဒေးက တစ်ယောက်တည်း ဖြစ် သော်လည်း တစ်စက်လေးမှ မဖြုံပါ။

"ငါ့မျက်လုံးနဲ့ ငါ ကြည့်တာ ဘာဖြစ်လဲ၊ ငါ့ဘေးနားလာ ပြီး စောင်းလား မြောင်းလား, လာမလုပ်နဲ့နော်၊ ရှောင် ကွင်းသွား"

သူက လိုက်ဒေးမုန်းသော ပုံစံမျိုးဖြင့် ဟားခနဲ ရေ ချွတ်ကာ မျက်နှာကို မဲ့ရွဲ့ပြသည်။ ပြီးတော့မှ လိုက်ဒေးအနား သို့ ပိုမိုနီးကပ်အောင် လျှောက်လာရင်း ...

"ငါတို့ကို ရှီးပွဲမှာ ပြဿနာဖြစ်အောင်လုပ်တာ၊ ကားထဲ ကို ခွေးလှေးယားသီးမှုန့်တွေ ဖြူးထည့်ထားတာ မင်း မဟုတ်လား ...

မကြောက်တတ်ဘူး ဆိုရင် အမှန်အတိုင်း ဝန်ခံ လိုက်"

သူ့ရဲ့ နောက်ဆုံးစကားသည် လိုက်ဒေးကို စိန် ခေါ်လိုက်သလို ရှိသော်လည်း လိုက်ဒေးဟာ ဟန်ကိုယ့်ဖို့လုပ် ရင်း ခပ်တင်းတင်းပင် ...



www.burmeseclassic.com

www.burmeseclassic.com



“ဘာဆိုင်လို့ ဝန်ခံရမှာလဲ၊ နင်တို့ကို ကြည့်မရတဲ့သူက ငါတစ်ယောက်တည်းမှ မဟုတ်တာ၊ ဘာလာစွပ်စွဲနေတာလဲ”

“စွပ်စွဲတာ မဟုတ်ဘူး၊ အပိုင်ပြောနေတာ၊ ငါတို့နဲ့မတည့်တာ ယောကျ်ားတွေပဲရှိတယ်၊ အေး … ဒီကောင်တွေကလည်း မကျေနပ်ရင် လက်သီးချင်းပဲ ဖြေရှင်းတယ်၊ မိန်းမလို မိန်းမရ ကိစ္စတွေ မလုပ်ဘူး …

ဒီလိုလုပ်မှာ မင်းပဲရှိတယ်၊ မညာစမ်းပါနဲ့၊ ဝန်ခံစမ်းပါ”

လိုက်ဒေးသည် မျက်လုံးထဲကို တစိမ့်စိမ့် စိုက်ကြည့်ကာ အကဲစမ်းသလို မေးနေသော သူ့မျက်လုံးများကြောင့် ဒေါသတွေ အလိပ်လိုက် ထွက်လာရသော်လည်း ဝန်ခံသင့် မခံသင့် စဉ်းစားနေတုန်းဖြစ်သည်။ သူတို့ကို ကြောက်လို့တော့ မဟုတ်ချေ။ ပြဿနာဖြစ်လာလျှင် ဘယ်လိုဖြေရှင်းရမလဲဟု တွေးတောနေ၍ ဖြစ်လေသည်။

အဲဒီအခါမှာပဲ သူက လိုက်ဒေးရဲ့အနားသို့ တိုးကပ်ကာ လျှာဖျားမှလာသော လေသံဖြင့် …





“ဟော့ … ပြောလေ၊ ဘာလဲ ကြောက်လို့လား၊ မကြောက်ပါနဲ့၊ ဘာမှမလုပ်ပါဘူး”

သူ ပြောနေပုံက လိုက်ဒေးရဲ့ ပါးအနားသို့ပင် ကပ်လုမတတ်ဖြစ်ကာ လေတွေတောင် ပါးသို့လာထိမတတ်ဖြစ်နေသဖြင့် ချက်ချင်းပင် သူ့ကို ဆောင့်တွန်းပစ်လိုက်လေသည်။

အဲဒီနောက် ရစ်ဘီးကိုလည်း အောက်သို့ပစ်ချကာ တစ်ဆက်တည်းပင် ခါးထောက်ပစ်လျက် …

“ဟုတ်တယ်၊ အဲဒါ ငါပဲ၊ ပြော … ဘာဖြစ်ချင်လဲ၊ နင့်ကို သေအောင် အမြင်ကတ်လွန်းလို့ လုပ်တာ …

ဘာဖြစ်လဲ … ပြော”

သူကလည်း ရုတ်တရက်ကြီး ဆောင့်တွန်းခံရသဖြင့် ဟန်ချက်ပျက်၍ စိတ်တိုသွားကာ …

“ဟ … ဘာဖြစ်လို့ လူကို လာတွန်းနေရတာလဲ၊ ငါ့အသားကို မထိနဲ့နော်”

လိုက်ဒေးသည် သူ့စကားကြောင့် မီးဝင်းဝင်းတောက်အောင် ဒေါသထွက်သွားကာ …



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... ငပြူးက လာပြုံပြနေသေးတယ်၊ နင့်အသားကို ထိချင်လွန်းလို့ ထိတယ်များ ထင်နေလား၊ လက်တောင် သနသေး ...

ဘယ်သူကစ,ပြီး ရန်လာစတာလဲ၊ ပြဿနာကို နင်ကပဲ အမြဲတမ်း ယူ,ယူလာတာ"

"အေး ... ဒါပေမဲ့ မင်းကလည်း ငါတို့ကို လုပ်ထားတာကြည့်ဦးလေ၊ တောက် ... သူ့ကိုယ်သူများ စာရေးဆရာမတဲ့၊ ဘာစာရေးဆရာမလဲ၊ သူများကို ညစ်ပတ်ဖို့ အကောက်ကြံဖို့ အကြံညာဏ်တွေပဲ ထွက်တဲ့ စာရေးဆရာမ၊ ဉာဏ်နီဉာဏ်နက် ဉာဏ်ပြာ ဉာဏ်ဝါ ဉာဏ်ရောင်စုံထုတ်ပြီး ညစ်ပတ်ဖို့ ချောင်းနေတာ ...

ကွာ ... ဒါလား အနုပညာသမား၊ ဟင် ... အနုပညာအမျိုးတော်ရတာ ရှက်လိုက်တာ"

"အောင်မာ ... အောင်မာ၊ အနုပညာအမျိုးတော်ရအောင် နင်က ဘာကောင်ကြီးမို့လို့လဲ၊ ဘာအနှစ်သာရရှိတဲ့ သီချင်းတွေကို ဆိုနေတာမို့လို့လဲ ...

နင့်လောက်တော့ ကလေးတောင် သီချင်းရေးတတ်တယ် ...





ဟွန်း ... သူ့ကိုယ်သူများ အနုပညာသမားတဲ့၊ ရှက်လည်း မရှက်ဘူး၊ ပြောထွက်လိုက်တဲ့ ပါးစပ်ကြီး"

သူက ဒီစကားကိုတော့ ဖားကိစ္စ၊ ချွေးလေ့ယားသီးကိစ္စတို့ထက် ဖျပ်ဖျပ်လူးအောင် နာသွားဟန်ဖြင့် ရှူးရှူးရှဲရှဲဖြစ်ကာ ရှေ့သို့တောင် တိုးလာလေသည်။ သူ့သူငယ်ချင်း ပိန်ရှည်လမြော တစ်ကောင်က ဖွတ်အတင်း ဝင်ဆွဲကာ ဖျန်ဖြေတာဖြစ်သည်။

"ဟာ ... တောက်၊ ဒီမိန်းမတော့ကွာ၊ ပြောပြန်ပြီ ဒီစကား"

"အောင်မယ်၊ နင်ကများ ငါ့ကို၊ ဘာဖြစ်ချင်လဲ ... ဟမ်၊ လာစမ်းပါ၊ ငါ့အသားကို ထိရဲထိကြည့်စမ်း၊ နင် မီးပွင့်သွားမယ်မှတ်"

"ဟာ ... ဟိတ် ... ဟိတ်၊ ဟော့ကောင် နိုင်း၊ တော်ပြီကွာ ဆက်မပြောနဲ့၊ အလင်းရောင် ... နင်လည်း ဆက်မပြောနဲ့တော့ဟာ၊ ငါ ကြားထဲကပဲ တောင်းပန်ပါတယ် ...

တစ်တန်းတည်းသားချင်းတွေပဲဟာ အလျှော့ပေးသည်းခံကြပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ပေါက်ပေါက်၊ မင်းက ဘာဆိုင်လို့ သွားတောင်းပန်နေရတာလဲ၊ တောက် ... ဘာတောင်းပန်စရာလို့လဲ၊ အောက်ပါ့ကွာ ...

ဒီလောက် စော်ကားတဲ့ မိန်းမကို"

"ဘာစော်ကားတာလဲ၊ နင်က စပြီး ငါ့ကို ရန်လာစတာလေ၊ တောက် ... လူပါးဝလို့ အစုတ်ပလုတ်ကများ"

"မင်းရော ... မင်းကရော ဘယ်လောက် ကောင်းနေတဲ့ မိန်းမမို့လို့လဲ၊ တောက် ... သူကလည်း ထိခိုက်စော်ကားသေးတယ်၊ ရန်တွေ့လိုက်တာလည်း ကက်ကက်လန်၊ ဘယ်လိုမိန်းမမှန်းကို မသိဘူး"

"ဟာ ... နိုင်း၊ လာပါကွာ၊ ဟိုမှာ လူတွေကြည့်နေပြီ။ မင်းကို သိတယ်နော် နိုင်း၊ တော်ကြာ ဂျာနယ်တွေမှာ ပါလာနေဦးမယ် ...

လာစမ်းပါကွာ သွားရအောင်ပါ"

"ပါပါကွာ၊ ဒါမှ ဒီမိန်းမ ဘယ်လောက် စိတ်ပုပ်ကြောင်း တစ်တိုင်းပြည်လုံးသိအောင် ကြော်ငြာလိုက်မယ်၊ ဉာဏ်နီ ဉာဏ်နက် အပြည့်နဲ့ စာရေးဆရာမ အရှုးမ ဆိုပြီး"

"တောက် ... နင် ... နင်နော်"





လိုက်ဒေးသည် ဒေါသထွက်လွန်းလာလျှင် မျက်လုံးတွေ ပြာဝေသွားသည့် ထုံးစံအတိုင်း ဘာမှမမြင်မိတော့ဘဲ သူ့ကိုသာ တစ်ခုခုလုပ်ပစ်ဖို့ ကြံစည်မိတော့ရာ၊ အခုချိန်မှာတော့ အနားမှာ ရေသန့်ဘူးခွံလည်း ရှိမနေ၊ ရစ်ဘီးသာ ရှိနေသည်မို့ အဲဒီရစ်ဘီးကိုလည်း ကောက်ကိုင်ပြီးမှာတော့ သူ့ကိုလည်း သူ့အုပ်စုက ဆွဲ၍ပြေးပြီးသား ဖြစ်တော့လေသည်။

ရင်ဘတ်တွေ နိမ့်ချီမြင့်ချီဖြင့် ဒေါသတွေ အလိပ်လိုက် ဖြစ်ကျန်ခဲ့သော လိုက်ဒေးမှာသာ အကျည်းတန်ညနေခင်း တစ်ခုကို သူ့ကြောင့် ပိုင်ဆိုင်သွားခဲ့ရတာ ဖြစ်ပါသည်။

လိုက်ဒေးကိုသာမက လိုက်ဒေးရဲ့ အနုပညာ၊ ဝါသနာကိုပါ ချိုးချိုးဖွဲ့ဖွဲ့ စော်ကားသွားသော် သူ့ကို လိုက်ဒေး ဘယ်လိုအမြင်ကတ် မုန်းတီးမှန်းကို မသိချေ။ ဒီအတွက်လည်း တစ်ခုခုကို တုံ့ပြန်ဦးမှဟု စေးမှတ်ထားလိုက်သေးသည်။ ဒါဟာ ရန်စကို ရှည်စေကာ ကိုယ့်အတွက် မကောင်းဘူးဆိုတာကို သိသော်လည်း မတတ်နိုင်တော့။

သေချာတာတော့ ညဖောသီးပုပ်ကို လုံးဝမကြောက်တတ်ခဲ့တာ ဖြစ်လေသည်။

❤ ✻ ❤



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဒီကို လာခဲ့ဦး"

ကျွတ် ... သွားပြန်ပြီကွာ။ သူက ဖားသားကြီး မရှိဘူး အထင်နှင့် စိတ်လွတ် ကိုယ်လွတ် ထွက်လာကာမှ ဘိုးတော်သည် တကယ့်ကိုပဲ ဘိုးတော်တစ်ပါးလို တိုင်ကွယ်ဆီက ဖျတ်ခနဲ ကိုယ်ထင်ပြ၍ လာလေသည်။ ဒီအချိန်မှာတော့ သူဟာ ဘယ်နေရာမှ ပြေး၍လွတ်မှာ မဟုတ်တော့ချေ။ ရင်ဆိုင်ရုံသာပင်။

ရင်ဆိုင်သည် ဆိုရာမှာလည်း သူဟာ လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် မျက်နှာကို အောက်ငုံ့ချထားသော အနေအထားနှင့် ရင်ဆိုင်တာ ဖြစ်သည်။

"မင်း ဘယ်ကိုသွားမှာလဲ"

"စတူဒီယိုကိုပါ ဖေဖေ"





"နေစမ်းပါဦး၊ မင်းမျက်နှာကို မော့စမ်းပါ၊ သီချင်းဆိုရင် ကြည့်တဲ့ပုံစံအတိုင်း ကြည့်စမ်းပါ"

ဖားသားကြီးက သူ့ကို စတင်၍ ရစ်နေပြီဖြစ်သည်။ ဘယ်အကြောင်းအရာကို ရစ်တော့မည်ဆိုတာ သိသော်လည်း သူ့အတွက်ကတော့ ဓာတ်ပြားဟောင်းတစ်ချပ်သာ ဖြစ်၏။ သူသည် မရှည်နိုင်လွန်းသောစိတ်ကို တတ်နိုင်သမျှ ဆွဲဆန့်ထုတ်ထားကာ ဖခင်ဖြစ်သူ၏ မျက်နှာကို မော့ကြည့်လိုက်သည်။

"ပြောပါ ဖေဖေ"

"မင်း ဒီသီချင်းဆိုတဲ့ အလုပ်ကို ဘယ်အထိ ဆက်လုပ်ဖို့များ ရည်ရွယ်ထားလဲ"

"ရည်ရွယ်ထားပါတယ် ဖေဖေ"

"အေး ... ငါမေးနေတာလည်း ဘယ်အချိန်ထိ ဆက်လုပ်ဖို့ ရည်ရွယ်ထားသလဲလို့ မေးနေတာလေ၊ ပြော ... မင်းဖြေ"

သူက ခေါင်းကိုကုတ်ကာ အဖြေကို တော်တော်နှင့် မပေးနိုင်ချေ။ တကယ်တော့ သူ့တွင် အဖြေက တိတိကျကျ ခိုင်ခိုင်မာမာ ရှိပြီးသား ဖြစ်သည်။ ဒါကို ဖေဖေလည်း သိပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်နှင့် သူ့ကို ဘာ့အတွက်ကြောင့်များ ရစ်နေသနည်း ဆိုတာတော့ သူ တွေးကြည့်လို့ မရပါ။

"ဟော့ကောင် ... မေးနေတာ ဖြေလေ"

သူက တွေးနေတုန်း အော်ထည့်လိုက်သဖြင့် ဆတ်ခနဲပင် တုန်သွားမိကာ ...

"ဗျာ ... ဘာလဲ ဖေဖေ"

"ဟာ ... ဒီကောင် ငါ့ကို ရူးချင်ယောင် ဆောင်နေပြန်ပြီ။ မင်းတော့ နာတော့မယ်ကွာ၊ မင်း ဒီအရည်မရ အဖတ်မရ အလုပ်တွေကို ဘယ်အချိန်ထိ လုပ်နေမှာလဲ ... ပြော ...

ဘာတုံး ... တစ်နေ့ တစ်နေ့ ဂစ်တာခေါက်လိုက် အပြင်ထွက်လိုက်၊ မိုးချုပ်မှ ပြန်လာလိုက်နဲ့ ဒါနဲ့ပဲ အချိန်ကုန်နေတာ၊ ကျောင်းပိတ်ထားတုန်း အလုပ်ထဲဝင်ပြီး လေ့လာပါ၊ သင်ပါ ဆိုတော့လည်း ပေကတ်ကတ်နဲ့၊ ဟိုမှာ ကျောင်းသွားတက်ပါ ဆိုတော့လည်း မတက်ချင်ဘူး ...

ဒီမှာပဲ ဝေလေလေ လုပ်နေတယ်၊ ဘာမှ ဖြစ်ထွန်းတာလဲ မဟုတ်ဘူး"





"ဒီလိုတော့ မပြောပါနဲ့ ဖေဖေ၊ ကျွန်တော်လည်း ကြိုးစားနေတာပါပဲ၊ ကျွန်တော် ဆိုးပေတေနေတဲ့ မကောင်းတာ လုပ်နေတဲ့သူ မဟုတ်ပါဘူး ...

ကျွန်တော့် ဝါသနာကို အားမပေးချင်ရင်နေပါ ဒါပေမဲ့ မပိတ်ပင်ပါနဲ့"

"အောင်မာ ... ငါ လုပ်လိုက်ရ သေတော့မယ်၊ ဒီဝါသနာက မင်းကို ထမင်းကျွေးမှာမို့လို့လားကွ ... ဟေ ...

အရူးလိုလို ငပေါတွေလိုလိုနဲ့ ဘောင်းဘီပွပွကြီးကားယား ကားယားနဲ့ တစ်စက်မှ အချိုးမပြေဘူး ...

မင်းအတွက် ငါ ဘာဂုဏ်ယူရတာရှိလဲ၊ ရှေ့လထဲဆို ကျော်အောင်စည် ပြန်လာတော့မယ်၊ သူ့အဖေကို ဝင်ကူတော့မယ်၊ ဘယ်လောက် အားရစရာကောင်းလဲ၊ ဟိုမှာ သားတစ်ယောက် မွေးထားတာ တစ်ယောက်ဆို ဆိုသလောက် အားကိုးနေရပြီ ...

မင်းမှာတော့ကွာ ... ထွတ် ... မွတ်ချိုးပဲ"

ဖေဖေ့ရဲ့ အဆုံးသတ်စကားသည် သူ့ရင်ကို ခြေထောက်နှင့် ပိတ်ကန်လိုက်သကဲ့သို့ ရှိလေသည်။ သူက အံကို



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းကြိတ်ထားသော်လည်း ဘာမှ ပြန်မပြောမိချေ။ ဖေဖေ ဟာ သူ့ကိုဆိုလျှင် ဘယ်တော့မှ အထင်မကြီး။ သူကလည်း အထင်ကြီးမှုထက် နားလည်မှုလေး တစ်ခုကိုပဲ တောင့်တမျှော် လင့်တာ ဖြစ်ပါသည်။

သို့သော် ဖေဖေ့ထံက နားလည်မှုကို ဘယ်တုန်းက မှ သူ မရခဲ့ဖူးချေ။

မရရုံမျှမက သူ့ကိုဆိုလျှင် နှိမ်လိုက်တာများ ရစရာ ကို မရှိချေ။

"ဖေဖေ ပြောချင်တာ ဒါပဲလား"

"တောက် ... ဒါပဲ ဟုတ်ကောင်၊ မင်း ဒီအလုပ်ကို လုပ် နေတာကို ငါ နည်းနည်းမှ ကြည့်မရဘူး၊ လုံးဝအားမပေး ဘူး ဆိုတာတော့ မင်း စိတ်ထဲ မြဲမြဲမှတ်ထား၊ နားလည် လား ...

နောက်ပြီးတော့ ဒီအလုပ်ကိုလည်း မင်း တစ်သက် လုံး လုပ်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်မထားနဲ့၊ ကျောင်းမ ပြီးသေးလို့ မင်းကို ငါကြည့်နေတာ ...

ကျောင်းပြီးတာနဲ့ ငါ့ရုံးမှာ တန်းလုပ်ရမယ်မှတ်"





ဖေဖေက ထုံးစံအတိုင်း သူပြောချင်ရာ ပြောပြီးသွား လျှင် ဒေါကြီးမောကြီးဖြင့် အနားမှ ထွက်ခွာသွားလေသည်။ သူ သာ နေရာမှာ မလှုပ်မယှက်နှင့် မတ်တတ်ရပ် ကျန်နေရစ်ခဲ့ရ သည်။

ဖေဖေဟာ သူ ဖြစ်ချင်တာတွေကို ဘယ်တော့မှ ပံ့ပိုးကူညီပေးဖို့ နေနေသာသာ နားတောင်လည်မပေးတတ်ခြင်း ဟာ သူ့အတွက်တော့ ဘယ်ဘဝက ကံဆိုးမှုတစ်ခုလဲတော့ မပြောတတ်ပေ။ အဲဒီထက် ကံဆိုးတာတစ်ခုက သူ့မှာ မေမေ မရှိတော့ခြင်းပဲ ဖြစ်သည်။

မေမေသာရှိလျှင် သူ့ ဒီလို အထီးကျန် ဝမ်းနည်း အားငယ်နေရလိမ့်မည် မဟုတ်။ လေးငါးတန်း အရွယ်အထိ ညစဉ်ညတိုင်း တေးဆိုကာ ချော့သိပ်တတ်ခဲ့သော မေမေသည် ဂီတကို ဝါသနာပါသော သူ့အတွက် အားပေးဖော် မဟုတ်လျှင် တောင် နားလည်ပေးဖော်၊ ဖေဖေ့ကို ဖျောင်းဖျပေးဖော်တော့ ရလိမ့်မည်ဟု မျှော်လင့်၍ ရနိုင်သေးသည်။

အခုတော့ သူ့ဘဝဟာ ဂီတသာ မရှိခဲ့လျှင် ဘာမှ အဓိပ္ပာယ်ရှိမှာတောင် မဟုတ်တော့ချေ။ သူသည် စိတ်ပျက်လက်



www.burmeseclassic.com

www.burmeseclassic.com



ပျက်နှင့် တစ်ချက် ငိုင်တွေကာ နေပြီးကာမှ ကားပေါ်တက်
မောင်းထွက်လာခဲ့သည်။ သူတို့ရဲ့ Home Studio အဖြစ် ဖန်တ
ထားသော ချိုသား၏အိမ်သို့ ရောက်လျှင် မျက်နှာမသာယာလ
သော သူ့ကို သူငယ်ချင်းတွေက ချက်ချင်းရိပ်မိကြလေသည်

"ဟေ့ကောင် ... ဘာဖြစ်လာတာလဲ၊ ဘိုးတော်က ဒေ
လိုက်လို့လား"

သူက ဘာမှပြန်မဖြေဘဲ မှုန်တင်းတင်း လုပ်ထ
လျှင် အညှော်ခံထားရတာ သေချာပြီမှန်း သဘောပေါက်ကြသည်

"မင်းဖားသားကြီးကလည်းကွာ၊ ခုထိ နားလည်မပေး
သေးဘူးလား၊ ငါတို့တွေက ဆိုးပေပြီး ထင်ရာစိုင်းနေ
လူငယ်တွေလည်း မဟုတ်ပါဘူး၊ ကိုယ် ယုံကြည်ရာ
ရဲရဲဝံ့ဝံ့ ကြိုးစားနေကြတာပါ ...

အခုလည်း အကိုင်းအတာ တစ်ခုအထိ ပရိသတ်
အသိအမှတ် ပြုပေးထားတာပဲ။ ငါတို့ တစ်ကိုယ်တေ
အခွေ ထွက်ပြီးရင် အခြေအနေက ဒီ့ထက်ကွဲပြားမှာပါ

အခုရော ဘိုးတော်က ဘာတဲ့လဲ"

"ထုံးစံအတိုင်းပေါ့ကွာ၊ မေရှင်ဓာတ်ပြားဟောင်းကြီးပဲပေ





"မင်းက ဓာတ်ပြားသစ် ဖွင့်မပြလိုက်ဘူးလား"

"ပြောချင်စိတ်လည်း မရှိတော့ပါဘူးကွာ၊ လူကြီးနဲ့လူငယ်
ဆိုတာ အယူအဆတွေ၊ ခံယူချက်တွေ၊ အမြင်တွေ ကွဲပြား
ကြပေမယ့် ညှိယူရင် ဖြစ်တဲ့ကိစ္စ၊ နားလည်မှုရှိရင် ပြီးနေ
တဲ့ကိစ္စမှာ သူ ပြောချင်တာတွေချည်းပဲ စွတ်ပြောနေမှတော့
ဘာပြောပြော အရာကို မထင်နိုင်ဘူးပဲ ...

ထားလိုက်ပါကွာ၊ ခွန်အားတွေပေါ့ ... ကျ

လူဆိုတာ ချီးမြှောက်အားပေးမှ ခွန်အားတွေ
မဟုတ်ပါဘူး၊ အထင်သေး အမြင်သေးတာ ခံရရင်လည်း
ကြိုးစားပြချင်တဲ့ ခွန်အားတွေ ရတာပါပဲ"

သူ့စကားကို မြင့်မြတ်က သဘောကျသွားဟန်ဖြင့်
လက်မတစ်ချက် ထောင်ပြသည်။

"စိတ်ဓာတ်မကျပါနဲ့ကွာ၊ ငါတို့ ကျော်ပြီးကဲ့ အချိန်
လောက်ကျရင် တို့အဖွဲ့က တော်တော် settle ဖြစ်နေ
လောက်ပါပြီ ...

ဒီအချိန်ကျ မင်းဖားသားကြီးရဲ့ စိတ်ကူးစိတ်သန်း
လည်း ပြောင်းချင် ပြောင်းသွားမှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဒါနဲ့၊ ငါတို့အဖွဲ့ကို မီဒီယာမဂ္ဂဇင်းတအင်တာဗျူးဖို့ ချိန်းထားတယ်ကွ၊ အဲဒါ ဘယ်နေ့ ဒိတ်ပေးမလဲ"

"ဒီတစ်ပတ် ဆန်းဒေး ပေးလိုက်ပေါ့ကွာ"

"ဩော် ... ပြီးတော့ လူငယ်စကားဝိုင်းအတွက် မဂ္ဂဇင်းတစ်ခုက ဆွေးနွေးဖို့ ပြောထားတာလည်း ရှိသေးတယ်၊ ငါတို့အဖွဲ့ရယ်၊ မော်ဒယ်နှစ်ယောက်ရယ်၊ နောက် ..."

နောက်ဟု အစချီကာ ပေါက်ပေါက်က ဆက်မပြောဘဲချေ။ သူက သီချင်းစာရွက် ဖတ်နေရာမှ မျက်လုံးလှန်ကြည့်လိုက်လျှင် ပေါက်ပေါက်က သူ့ကို မျက်လုံးတစ်ဖက် မှိတ်ပြကာ ...

"မင်းရဲ့ အသည်းကျော်ကြီးလည်း ပါမယ်တဲ့ကွ"

"ဘယ်သူလဲကွာ၊ ပဟေဠိဖွက်မနေနဲ့"

"လိုက်ဒေးလေကွာ၊ အလင်းရောင်ကို ပြောတာ၊ ဘယ်လိုလဲ၊ သူတို့အိမ်ရှေ့ သီချင်းသွားဆိုမလား၊ သန်းခေါင်ယံ ညဥ့်နက်ထဲ xxx ကြယ်စင်များလည်း လင်းလက် xxx အလင်းရောင် xxx အလင်းရောင် xxx ...





ဆိုပြီးတော့လေ"

ပေါက်ပေါက်သည် ငုံလေးဖြူ၏သီချင်းကို ပျက်စီးသွားအောင်ပင် သံသေးသံကြောင်ဖြင့် အော်ဟစ်ပြလိုက်သေးသည်။ သူကတော့ ရှုံ့မဲ့နေသော မျက်နှာထားဖြင့် ...

"သူက ဘာကိစ္စ ပါလာဦးမှာတုန်း၊ ဒုက္ခပါပဲကွာ"

"ဟ ... သူလည်း အနုပညာရှင်လေးပဲလေကွာ။ ဘာပဲပြောပြော ပရိသတ် သတိထားမိနေတဲ့ သူတစ်ယောက်ဖြစ်နေပြီပဲ ...

သူ့ဝတ္ထုလေးတွေ မဂ္ဂဇင်းတွေထဲမှာ ခဏ ခဏပါနေတာပဲ၊ ဟိုတစ်လောတုန်းက Image ထဲမှာပါတဲ့ ဝတ္ထုတိုလေး တော်တော်ကောင်းတယ် ...

မဆိုးပါဘူး၊ တော်ပါတယ်၊ သူ ရေးနိုင်တာ"

ပေါက်ပေါက်က အကောင်းမြင်ဝါဒီသမားပီပီ တခုတ်တရ ချီးမွမ်းနေလျှင် သူကတော့ ထိုစကားသံတွေကို အော့နှလုံးနာ၍ လာလေသည်။ သူတင်မက သူတို့တစ်ဖွဲ့လုံးကိုပါ အကြီးအကျယ် နှောင့်ယှက်ပေးထားသော သူမကို သူ့ကောင်တွေက အမြတ်ကတ်နေဟန် မရှိတာတော့ ထူးဆန်း၏။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ ဘယ်လိုလဲ၊ တို့ စကားဝိုင်းလုပ်လို့ ဖြစ်ပါ့မလား
မဂ္ဂဇင်းတိုက်ကတော့ တစ်ကျောင်းတည်း တစ်တန်းတည်း
ဆိုပြီး ဖိတ်လိုက်တာပဲ ...

မင်းတို့နှစ်ကောင်က ဟို ... လူရှေ့သူရှေ့ရောက်မှ
ထ,သတ်နေမှ အကုန်လုံး တိုင်းကျော် ပြည်ကျော် ဖြစ်နေ
မှာစိုးလို့ ပြောတာ”

“ဒါဆိုလည်း လက်ခံမနေနဲ့ပေါ့ကွာ”

“ဟာ ... အဲဒီလိုကျတော့လည်း ဘယ်ကောင်းမလဲကွ၊ ငါ
တို့က ဘာမှဖြင့် မဖြစ်သေးဘူး၊ ဖင်ခေါင်းကျယ်တာလား
ဆိုပြီး အမြင်ကတ်သွားမှာပေါ့၊ ခက်တယ်ကွာ”

“နေပါဦး၊ အဲဒီမဂ္ဂဇင်းက ဘာအကြောင်း ဆွေးနွေးခိုင်း
မှာတဲ့လဲ”

“လူငယ်တွေရဲ့ မျှော်လင့်ချက်ပေါ့ကွာ၊ ငါတို့တွေက
အခုမှ ကြိုးစားကြတုန်း၊ ကိုယ်စီ အသီးသီး မဟုတ်လား၊
သူဆိုရင်လည်း အခုမှစပြီး ကြိုးစားတုန်း၊ ငါတို့ဆိုလည်း
ကြိုးစားတုန်း၊ ဟို ... မော်ဒယ်နှစ်ယောက်ဆိုလည်း အခု
မှ ကြိုးစားတုန်း ...





အဲဒီလို စာပေ၊ ဂီတနဲ့ မိုဒယ်လောက,က လူငယ်
တွေကိုစုပြီး ကိုယ့်အိပ်မက်တွေအကြောင်း ဆွေးနွေးခိုင်း
တာပေါ့ကွာ ...

ဒါပါပဲ ... ပြဿနာဖြစ်စရာ အကြောင်းတော့ မရှိ
ပါဘူး၊ သူလည်း နားလည်မှာပါ”

“ဟင်း ... ကြည့်တာပေါ့ကွာ၊ လက်ခံလိုက်ပါ၊ ငါတို့က
ငြင်းနေရင် သူ့ကို ကြောက်တယ် ထင်နေဦးမယ် ...

သူ့ဘက်ကရော ဘယ်လိုတုံ့ပြန်မလဲ ကြည့်သေးတာ
ပေါ့ ...

သို့သော် သူမဘက်ကလည်း ထိုကမ်းလှမ်းချက်ကို
ငြင်းဆိုခြင်း မရှိဘဲ လက်ခံလိုက်လေသည်။ ထို့ကြောင့် မဂ္ဂဇင်း
တိုက်က ချိန်းပေးသော တိတ်ဆိတ်အေးချမ်းသည့် စားသောက်
ဆိုင်တစ်ခုတွင် သူတို့၏ လူငယ်စကားဝိုင်းကဏ္ဍကို လုပ်ဖြစ်ခဲ့
ကြသည်။

သူမသည် အမြင်ကတ်ဖွယ် ကောင်းလောက်အောင်
သူတို့အုပ်စုကို မသိသလို ခပ်တည်တည်ကြီး လုပ်၍နေလေသည်။
စကားဝိုင်းမှာသာ ပြောနေသော်လည်း သူတို့ဘက်သို့ ဦးတည်
ပြောခြင်း မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မဂ္ဂဇင်းက အင်တာဗျူးဝါကတော်င် ...

"အလင်းရောင်နဲ့ ဩဇာသီးအဖွဲ့တို့က တစ်ကျောင်းတည်း တစ်မေဂျာတည်းလို့ သိရတယ်နော်"

ဟု သတင်းနိုက်သလိုလိုနှင့် မေးလေသည်။ သူမက ထိုအခါတွင် သူ့ထံသို့ အကြည့်တစ်ချက် ဖျတ်ခနဲ ရောက်လာပြီးနောက် ချက်ချင်းပင် လွှဲသွားကာ ...

"ဟုတ်ပါတယ်"

ဟု မပွင့်တပွင့်သာ ဖြေ၏။ ဒီတော့ ဟိုက အင်တာဗျူဝါကလည်း နပ်သည်။ အခံတစ်ခုခုတော့ ရှိမည်ဟု သဘောပေါက်ကာ စကားလမ်းကြောင်းကို ရုတ်တရက် ပြောင်းယူလိုက်သည်။

"အလင်းရောင်က ကိုယ်တိုင်လည်း အချစ်ရသဝတ္ထုလေးတွေ ရေးဖြစ်နေတော့ လူငယ်ဂုတစ်ယောက်ပီပီ အချစ်အပေါ် ဘယ်လိုသဘောထားလဲ၊ ခံစားတတ်ပြီလား ဆိုတာလေးရော ပြောပါဦး"

သူမက ထိုမေးခွန်းကို မျှော်လင့်မထားဟန်ဖြင့် အံခနဲ ဖြစ်သွားသည်ကို သူက ကျိတ်၍ ဝမ်းသာလိုက်လေသည်။





ဒီခေါင်းစဉ်က အခုမှ ရောက်လာခြင်းဖြစ်သလို သူမကို အရင်မေးခြင်းအတွက် ကျန်သည့်လူများက စဉ်းစားဖို့ အချိန်ရသွားခဲ့သည်။

သူမသည် ဘာမှ မဖြေတတ်လျှင် လုပ်လေ့လုပ်ထရှိသူတွေ၏ ထုံးစံအတိုင်း ရယ်ကျဲကျဲဖြင့် "အဟင်း ဘယ်လိုပြောရမလဲ"ဟု စကားစလေသည်။

သူသည် သူမကိုမှ မကလိရလျှင် မနေတတ်သူပီပီ ...

"ဘယ်လိုပြောရမလဲ စားတယ်ပေါ့နော်၊ အဟင်း ... ပဲဟင်းနဲ့ပေါ့နော်၊ လက်ကြီးနဲ့ပေါ့နော်"

ဟု စလိုက်လျှင် သူမထံမှ မျက်စောင်းက ဒိုင်းခနဲ ရောက်ရှိလို့လာလေသည်။ သို့သော် ဘာမှတော့မပြော။ တခြားသူတွေက ရယ်ကြသော်လည်း သူမကတော့ မရယ်ချေ။ ပြုံးတောင်မပြုံး။ ခပ်တည်တည်ကြီးနှင့် နှုတ်ပိတ်နေသဖြင့် မဂ္ဂဇင်းကလူကပင် ...

"နိုင်းဒီဂါက* ခပ်တည်တည်နဲ့ နောက်တတ်တယ်နော်၊ ကဲ ... ပြောပါဦး လိုက်ဒေးရဲ့"

"အဟင်း ... လိုက်ဒေး သိပ်တော့ပြောမပြတတ်ပါဘူး၊ အချစ်ဆိုတာ ကြုံလည်း မကြုံဖူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဖြစ်နိုင်ပါ့မလား။ ဒီတော့ လိုက်ဒေး စာရေးရင် ဘယ်လိုခံစားချက်နဲ့ mood ထည့်ရေးလဲ"

"အင်း ... အဲဒါက ပြောရခက်တယ် အစ်မရဲ့။ mood ကတော့ ဒီလိုပဲ သွင်းယူတာပေါ့နော်။ ကိုယ်က အဲဒီအချစ်တွေ ဘာတွေထက် ဓာတ်လမ်းလေးတစ်ပုဒ် အတွေးထဲရောက်လာပြီဆိုရင် ဒါလေးကို ဖတ်ကောင်းအောင် ဘယ်လိုရေးမလဲ၊ ဘယ်လိုစကားလုံးတွေနဲ့ တန်ဆာဆင်မလဲ အဲဒီစိတ်ကူးနဲ့ ကြိုးစားရေးတာပေါ့ ...

အဲဒီလောက်ပဲ ..."

"ဒါဖြင့်ရင် စာရေးဆရာတစ်ယောက်မှာ အချစ်ခံစားချက်လုံးဝမရှိဘဲနဲ့လည်း ရသမြောက်တဲ့ အချစ်ဝတ္ထုတွေကို ဖန်တီးနိုင်မယ်ပေါ့ အဲလိုလား"

"အဲ ... ဒါတော့ အားလုံးကို ကိုယ်စားပြုပြီး လိုက်ဒေးမဖြေလိုပါဘူး။ စာရေးဆရာတိုင်းမှာတော့ ကိုယ့်ခံစားချက်နဲ့ကိုယ် ရှိကြမှာပေါ့ ...

လိုက်ဒေးလည်း လိုက်ဒေးရဲ့ စတိုင်လ်နဲ့ပေါ့နော်။ ဓာတ်လမ်းတစ်ပုဒ် ရင်ထဲရောက်လာရင် အကောင်းဆုံးဖြစ်





အောင် ကြိုးစားရေးဖွဲ့တယ်။ အဲဒါကို ပရိသတ်သတ်အသိအမှတ်ပြုပေးရင် ကျေနပ်တယ်၊ ပျော်ရွှင်တယ်"

"ဟုတ်ပါပြီ နိုင်းဒီပါကရော ပြောပါဦး။ သီချင်းတွေရေးဖွဲ့ရာမှာ ခံစားချက်နဲ့ပဲ ရေးဖွဲ့သလား၊ အချစ်ကိုခံစားရင်း ရေးတာလား"

သူ ထင်ထားသလိုပင် အင်တာဗျူဝါက သူ့ဘက်သို့ လှည့်၍လာလေသည်။

သူက ဒီလိုမေးမယ်မှန်း ကြိုသိသဖြင့် သူမလို ထစ်အမနေဘဲ သူမနှင့်လည်း ဆန့်ကျင့်ဘက်အဖြေကို သွက်သွက်ကြီးဖြေဆိုလိုက်လေသည်။

"ဟာ ... ကျွန်တော်ကတော့ ဖီလင်သမား အစ်မ၊ အနုပညာအလုပ်ဆိုတာ ဖီလင်ရှိမှ လုပ်လို့ရတာ၊ ခံစားချက်ရှိမှအစစ်တွေ ထွက်လာတာ ...

ဥပမာ L ဆိုင်းဇီရဲ့ "လှည့်ကြည့်ပါဦး" လို သီချင်းမျိုးဆို တကယ့် real တွေ သူ့ခံစားချက် အစစ်တွေကိုကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုတော့ တစ်ပုဒ်ဆို ဆိုသလောက်ပရိသတ် ထိတယ်၊ ငြိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း ကြိုက်တယ်၊ ဘယ်သူမဆို ခံစားလို့ရတယ်၊ အနုပညာဆိုတာ ခံစားချက်လိုတယ် အစ်မ၊ မပါဘဲနဲ့ မရဘူးလားဆိုတော့ ရတော့ရတယ်၊ ဒါပေမဲ့ တစ်ခုလိုနေမှာပဲ။ လိုနေတာလည်း ခံစားချက်ပဲ"

သူက အပီအပြင် ဖြေလိုက်လျှင် သူ့အဖြေကို သူမကလွဲ၍ အားလုံးက သဘောကျ ထောက်ခံကြလေသည်။ သူမ မျက်နှာကတော့ မသိမသာ ရှုံ့မဲ့သွားတာကို တွေ့ရသည်။ သို့သော် လူရှေ့သူရှေ့မှာ ဘာမှမပြောချေ။

အားလုံးပြီးစီး၍ ဓာတ်ပုံစုရိုက်ကြတော့မှပင် သူက ရိုက်ပြီးသားပုံများကို ဒစ်ဂျစ်တယ်ကင်မရာထဲမှာ ပြန်ကြည့်ရင်း ...

"အားလုံး အဆင်ပြေတယ်ကွာ၊ တစ်ယောက်ပဲ မျက်နှာက ခံစားချက်မဲ့နေတာ အသက်မပါဘူး၊ ရေခဲရိုက်ထားတဲ့ ငါးသလောက်ပုပ်ဒီဇိုင်းဖြစ်နေတယ်"

သူမက စောင်းပြောမှန်း ချက်ချင်းသိသည်။

"နင့်ရုပ်ကတော့ ဘယ်လောက်လှနေလို့လဲ၊ ဖားပြုတ်မတ်တက်ရပ်နေတဲ့ အတိုင်းပဲ"





သူမက သူ့ မျက်လုံးအနည်းငယ်ပြူးတာကို တမင်စောင်းပြောတာဖြစ်လေသည်။ သူက ပခုံးတစ်ချက်တွန့်ကာ ...

"ဒါတောင် ခါကျနေရတာ"

"ယင်တွေ မဟုတ်လား။ အထင်ကိုမကြီးဘူး"

"မကြီးမှန်းသိပါတယ်၊ မကြီးလို့လည်း ဘယ်သူကမှ မကြိုက်လို့ တစ်ယောက်တည်း ငေါင်နေတာ ခံစားချက်မဲ့နေရတာပေါ့။ သနားပါတယ် ရှာပေးရမလားဟင်"

"ဘာစကားပြောတာလဲ ဩဇာသီးပုပ်ရဲ့၊ နှာချင်ပြီနဲ့တူတယ်"

သူတို့ချင်း ကျိတ်ကျိတ် ကျိတ်ကျိတ် ဖြစ်နေတာကို သူငယ်ချင်းတွေက တဟားဟားနှင့် သဘောကျ၍ နေလေသည်။ အင်တာဗျူဝါသမားကတောင် အကဲခတ်လျက် ...

"နိုင်းဒီပါနဲ့ လိုက်ဒေးနဲ့က တော်တော်ခင်ကြတာပဲနော်"ဟူ၍ စ,သလိုလို နောက်သလိုလိုနှင့် ပြောသွားသေးသည်။ သူမက တစ်ယောက်တည်းလာတာမို့ ပေါက်ပေါက်က သွား၍ "လိုက်ပို့ရမလား"ဟု လောကွတ်လုပ်တာတောင် "မလိုဘူး"ဟု တုံးတိပြော၍ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်ထွက်သွားသော ကောင်မလေးကို ကြည့်ကာ သူက စိတ်ထဲမှ နှာခေါင်းတစ်ချက်ရှုံ့၍ ကျန်ခဲ့ပါသည်။ ဘယ်ဘဝက ရေစက်မှန်းကို မသိ။ သူဟာ သူမကို မြင်လျှင် အလိုလို ကလိချင်လျက် သူမ ဒေါသထွက်ရင်လည်း ဝမ်းသာ ကျေနပ်တတ်သူ ဖြစ်လေသည်။

❤ ⁂ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သာကေတမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





❋ ၈ ❋

လိုက်ဒေးသည် ကိုယ့်စာမူပါသော စာအုပ်လေးကို ရင်မှာပိုက်ကာ တစ်လှမ်းချင်း အေးအေးဆေးဆေး လျှောက်လာ ရင်းမှ နောက်ပါးဆီမှ ကာဟွန်းတီးသံ ကြားလိုက်လျှင် ဘေးသို့ ပိုကပ်ပေးလိုက်သည်။

အဲဒီလို ကပ်ပေးရင်းမှ ဟိုး ပထမဆုံး စာမူပါလာ တုန်းက အဖြစ်အပျက်ကို သတိရမိသွားကာ တစ်ကိုယ်တည်း နှာခေါင်းရှုံ့မဲ့မိလေသည်။

အဲဒီအဖြစ်အပျက်ဟာ အခုချိန်ထိ လိုက်ဒေးရဲ့ အာရုံထဲမှ ထွက်ခွာမသွားသေးချေ။

"တီ တီ တီ ... တီ တီ တီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွတ် ... ဒီကားကလည်း ဘာဖြစ်နေတာလဲမသိ။ ဒီလောက် ဘေးကပ်ပေးထားတာတောင် ဟွန်းက တတီတီ ထပ်၍ တီးနေသေးသည်။ လိုက်ဒေးက စုပုပ်ပုပ်နှင့်တွေးကာ ခြေစုံရပ်၍ ကြည့်စဉ်မှာပဲ ထိုကားဟာ လိုက်ဒေးရဲ့ဘေးမှာ အသာထိုးရပ်သွားလေသည်။ ကားပေါ်မှ သပ်ရပ်မွန်ရည်သော လူတစ်ဦးသည် လိုက်ဒေးကို ပြုံးပြနေကာ ...

"ကျွန်တော် တစ်ခုလောက် မေးချင်လို့ပါ။ ဦးတင့်လွင်နဲ့ ဒေါ်ခင်မှီတို့အိမ်က ဘယ်နားမှာပါလဲခင်ဗျာ"

သူ့အမေးစကားကြောင့် လိုက်ဒေးရဲ့ မျက်ခုံးတို့ဟာ ပင့်မိတော့မလို ဖြစ်သွားရသည်။ သို့သော် ချက်ချင်းပင် ...

"ရှေ့ကိုချိုးလိုက်ဦး၊ ဘယ်ဘက်အခြမ်းက သုံးအိမ်မြောက်က အဲဒီအိမ်ပဲ၊ ခြံဝင်းတံခါးအပြာရောင်နဲ့။ အိမ်နံပါတ်က (၃၆)"

သူက တိကျသော လိုက်ဒေးရဲ့အဖြေကို သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၊ မျက်နှာမှာလည်း အပြုံးကို လိုက်လိုက်လဲ့လဲ့ ထုတ်ဖော်ပြသထားသေးသည်။

ဘယ်လိုလူကြီးလဲ ... ပြုံးပဲ ပြုံးနိုင်လွန်းလှတယ်။





"ဟုတ်တယ် အိမ်နံပါတ်က (၃၆)၊ အဲဒီအိမ်နဲ့ သိတယ်နဲ့ တူတယ်"

ကားပေါ်မှ ကိုယ်တော်ချောသည် သိချင်တဲ့ကိစ္စ သိရလည်း ထွက်ခွာမသွားသေးဘဲ မောင်ကြီးမပြန်နိုင် လုပ်၍နေသေးသည်။ လိုက်ဒေးဟာ ရယ်ချင်စိတ်ကို မနည်းချိုးနှိမ်ထားလျက် ...

"ဟုတ်ကဲ့ သိပါတယ်"

"ဪ ... ကျေးဇူးပဲနော်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျ"

"ကောင်းပါပြီ"

သူက လိုက်ဒေးကို ခေါင်းညွှတ်ပြုံးပြရုံသာမက လက်တစ်ဖက်ပါ ထောင်ပြလျက် နှုတ်ဆက်သွားသေးလေသည်။ သူ့ကား ထွက်သွားတော့မှ လိုက်ဒေးက အေးအေးဆေးဆေး ဆက်၍ လျှောက်လာခဲ့သည်။

ငါးမိနစ်ကျော်ကျော်ခန့် လျှောက်ပြီးလျှင် လိုက်ဒေးလည်း အိမ်သို့ ရောက်လာပြီဖြစ်သည်။ ခြံဝင်းတံခါး အပြာရောင်ရေးကို တွန်းဖွင့်၍ မဝင်ခင် အိမ်ရှေ့မှာ ရပ်ထားသောကားကို တစ်ချက်နှစ်ချက် အကဲခတ်ခဲ့သေးသည်။ မကျဉ်းမကျယ် ခြံဝင်း



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှာ တစ်ထပ်တိုက်ခွဲလေး ဆောက်ထားသော လက်ဒေးတို့ရဲ့ အိမ်ထဲသို့ ဝင်လိုက်စဉ်မှာပဲ မေမေ့ရဲ့ ဆီးကြိုနှုတ်ဆက်သံကို စ၍ကြားရသည်။

"ဟော ... သမီးတောင်ပြန်လာပြီ။ လာ ... သမီး။ အဆင်ပြေခဲ့လား"

"ပြေပါတယ် မေမေ"

လိုက်ဒေးက ဧည့်ခန်းဝမှာ ဖိနပ်ချွတ်တုန်းမှာပဲ သိထားနေနှင့်ပြီးသော ဧည့်သည်ဟာ လိုက်ဒေးကို ငဲ့၍ ကြည့်လာလေသည်။ လိုက်ဒေးဟာ သူ့ကို ကြိုသိနေပြီးသားမို့ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့လုပ်ကာ အိမ်ထဲသို့ လှမ်းဝင်လာလိုက်သည်။

သူက လိုက်ဒေးကို အံ့ဩသလိုကြည့်ကာ ...

"အခုနက တွေ့ခဲ့တဲ့တစ်ယောက် မဟုတ်လား"

လိုက်ဒေးက ဘာမှ ပြန်မဖြေဘဲ ပြုံးနေစဉ်မှာပင် မေမေက ဝင်ရောက်ကာ ...

"ဟုတ်လား သမီးနဲ့ ဆုံဖူးကြလား"

လိုက်ဒေးသည် ဘာမှ မဖြစ်သလိုပင် မေမေ့အနားမှာ ဝင်ထိုင်ကာ ပေါ့ပေါ့ပါးပါးပဲ ရှင်းပြလိုက်လေသည်။





"လမ်းချိုးမရောက်ခင်လေးမှာ တွေ့တာပါ။ လိုက်ဒေးကို ဦးတင့်လွင်အိမ်က ဘယ်နားမှာလဲလို့ မေးတာလေ မေမေ"

"သြော် ... ဖြစ်ရတယ်၊ ဒါ အန်တီ့ သမီးလေ။ အလင်းရောင်တဲ့ ...

ယူအက်ဖ်အယ်မှာ ပြင်သစ်စာတက်နေတာ၊ ပြီးတော့ သူက စာရေးဆရာမ"

မေမေသည် သူကိုယ်တိုင်လည်း စာပေကို ဝါသနာပါသည်နှင့်အညီ လိုက်ဒေးကိုလည်း ဝါသနာကို ပံ့ပိုးပေး၊ ဂုဏ်ယူတတ်သော မိခင်တစ်ဦးဖြစ်လေရာ အိမ်သို့ ဘယ်ဧည့်သည်လာလာ ကြားရတာ အမောပဲဖြစ်လေသည်။

"အို ... မေမေကလည်း လူအထင်ကြီးအောင် လျှောက်ပြောနေပြန်ပါပြီ"

"သြော် ... ဟုတ်တာ ပြောပြတာပဲ။ ဒါ သမီးရဲ့ အန်တီလေး လှုကြိုပေးလိုက်တဲ့ ပစ္စည်းတွေကို လာပေးတာကွယ်။ သူ့နာမည် မောင်ကျော်အောင်စည်လို့ခေါ်တယ်။ သမီး ဖေဖေနဲ့ သူ့ဖေဖေနဲ့ကလည်း ပတ်သက်ရာပတ်သက် ကြောင်း မိတ်ဆွေတွေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ အမျိုးစပ်ပြနေတာကို လိုက်ဒေးသည် တဟုတ်ဟုတ် တဟင်းဟင်းဖြင့် ခေါင်းညိတ်ပြနေရသည်။ ဟို အပြုံးမင်းသားဟာလည်း ပြုံးလိုက်တာမှ ပါးစပ်မှ နားရွက်သို့ တက်ချိတ်နေသည့်အလား ပြန်ကိုကျုံ့မလာတော့ချေ။

အခုမှ ပြောစရာစကားရသွားသလို ဖြစ်ကာ ...

"အလင်းရောင်က စာရေးဆရာလား ကလောင်နာမည်က ရော ကျွန်တော်က စာဖတ်တော့ဝါသနာပါတယ်။ ဒါပေမဲ့ ဟိုမှာ ကျောင်းတက်နေတာဆိုတော့ မြန်မာပြည်က စာအုပ် တွေနဲ့ နည်းနည်းအလှမ်းဝေးသွားတယ် ...

စာရေးတာ ကြာပြီလား"

သူက အထင်တကြီးဖြင့် မေးမြန်းနေလျှင် လိုက်ဒေး သည် အရင်လို ခေါင်းမော့ရင်ကော့လျက် တဟားဟား အော် ရယ်ချင်စိတ်ကို အထူးချုပ်နှိမ်ထားရသည်။ ဒါတောင် တဟင်းဟင်း နှင့် ရယ်လိုက်သေးလျက် ...

"အခုမှ ကြိုးစားတုန်းပါ။ ဝတ္ထုတိုလေးတွေပဲ ရေးဖြစ်နေ တာပါ။ ဝတ္ထုတိုလေးတွေ ကဗျာလေးတွေပေါ့ ...

ကျွန်မက အညတရတစ်ယောက်ပါ"





"ဟာ ... ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ ကျွန်တော်က စာရေးဆရာဆို အားလုံးလေးစားတယ်။ အထူးသဖြင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ကြိုးစားရေးနေတဲ့ စာရေးဆရာတွေဆို ပိုအားပေးပါတယ် ...

အလင်းရောင်ရဲ့ ဝတ္ထုတိုလေးတွေ ကျွန်တော့်ကို ပေးဖတ်မလား"

လိုက်ဒေးကတောင် ပါးစပ်မဟရသေး။ ဒါမျိုးဆို လက်မနှေးတတ်သော မေမေသည် တက်တက်ကြွကြွကြီးပင် ...

"ရတယ် ... ရတယ် ... အန်တီ ငှားလိုက်မယ်"ဟု ဝင်ပြောလေသည်။

အဲဒီနောက် သူ ပြန်ခါနီးတွင် လိုက်ဒေးရဲ့ ဝတ္ထုတိုပါ သော မဂ္ဂဇင်းလေးအုပ်ကို သူ့အားငှားလိုက်သေးသည်။

လိုက်ဒေးမှာ သူ့ကို မေမေနှင့်အတူ ခြံဝထိ လိုက်ပို့ ရလျက် နှုတ်ဆက်ရသေးသည်။ အိမ်ကို ဧည့်သည်လာလျှင် ရွှန်း ရွှန်းစေတတ်သော မေမေကတော့ အမေရိကားတွင်ရှိသော အန်တီ လေး၏ လက်ဆောင်များကို အိမ်တိုင်ရာရောက် လာပို့သော သူ့ကို ကျေးဇူးတင်စကားတွေ အထပ်ထပ်ဆို၍မဆုံးတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲနော် သား။ နောက်လည်း လာလည်ပါ။ တစ်နေ့ကျမှ သားတို့မိသားစုအားလုံးကို ထမင်းစားဖိတ်ဦးမယ် ...

သား မေမေကိုလည်း အန်တီက နှုတ်ဆက်တယ်လို့ ပြောပေးဦးနော်"

"ဟုတ်ကဲ့ခင်ဗျ။ ဟုတ်ကဲ့ အန်တီ သွားပါဦးမယ်"

"အေး ... အေး ... ဖြည်းဖြည်းပဲမောင်းသွား သား"

"ဟုတ်ကဲ့ အလင်းရောင် သွားပြီနော်"

သူက ပြုံးစစနှင့် နှုတ်ဆက်လျှင် လိုက်ဒေးမှာ ပြုံးရင်း ခေါင်းညိတ်ရပြန်သည်။

သူ့ကားထွက်ခွာသွားတော့မှ လိုက်ဒေးသည် မေမေ့ကို တွန်းလှုပ်ရင်း စုစုနွဲ့နွဲ့ဖြင့် ...

"မေမေကလည်း အခုမှတွေ့တဲ့လူကို ဘာတွေစွတ်ကြွားနေမှန်းမသိဘူး။ လိုက်ဒေး သိပ်မျက်နှာပူတယ်"

"အိုအေ ... ဘာပူစရာရှိလဲ။ မဟုတ်တာတွေ ပြောတာမှ မဟုတ်တာ။ သူ့မျက်နှာကိုလည်း ကြည့်ဦး၊ သမီးကို အဖွဲ့ကျခင်မင်ချင်နေတဲ့ပုံ ...





အဲဒါ သမီး ဖေဖေရဲ့ မိတ်ဆွေ ဦးအောင်ကြည်ရဲ့ သားလေ၊ အမေရိကားမှာ ကျောင်းသွားတက်နေတာ၊ အခု ဘွဲ့ရလို့ ပြန်ရောက်လာတာပေါ့။ ဟိုမှာလည်း သမီး အန်တီလေးတို့နဲ့ ကွန်ဒိုတစ်ခုထဲ အတူနေတာ၊ သမီးထက် နှစ်နှစ်ကြီးတယ်"

"မေမေ သူ့ကို အခုမှ စတွေ့ဖူးတာတော့ ဟုတ်ပါတယ်နော်"

မေမေက လိုက်ဒေးကို မျက်စောင်းတစ်ဝက်လောက် ထိုးကာ ...

"အဲဒါ ဘာဖြစ်လဲ၊ မေမေ့မှာ ထူးချွန်တဲ့ သမီးလေး တစ်ယောက်တည်း မွေးထားရတော့ ကောင်းကောင်းကန်းကန်းဆို မျက်စိဖွင့် နားစွင့်ထားရတာပေါ့"

"အို ... တော်ပါ မေမေရယ်။ လိုက်ဒေး ဒါမျိုးတွေ စိတ်မဝင်စားပါဘူး။ အေးအေးနေပါရစေ။ လိုက်ဒေးရဲ့ ရည်မှန်းချက်တွေ အောင်မြင်ပါရစေဦး"

"ဟဲ့ ... ညည်း ရည်မှန်းချက်တွေကို ဘယ်သူက ပိတ်ပင်နေလို့လဲ။ ဒါပေမဲ့လည်း ဘဝဆိုတာ မိသားစုနဲ့မှ ပျော်ရွှင်ပြည့်စုံတာလေ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အဖြစ်မရှိတဲ့ ငါ့သမီး လိုက်ဒေး။ ရည်းစား ဆိုလို့ မူးလို့ရူးစရာတောင် မရှိတဲ့သူ။ ဒါနဲ့များ သူက ဝတ္ထုတွေရေးသတဲ့။ ဘယ်လိုခံစားချက်နဲ့များ ရေးနေလဲ မသိဘူး"

"ဟာ ... လာပြန်ပြီ ဒီခံစားချက်။ တော်ပြီဗျာ ဆက်မပြော နဲ့တော့"

"ပြောရမှာပဲ ပြောမှာပဲ"

လိုက်ဒေးသည် ဒီခေါင်းစဉ်ကို ရောက်လာလျှင် ချက်ချင်း နားကိုပိတ်ကာ ရှေ့မှ ဖွတ်ထွက်ပြေးဖို့ပြင်သည်။ မေမေကလည်း တစ်ဧကမှ မျက်ခြည်ပြတ်မခံဘဲ နောက်မှ ထက်ကြပ်မကွာ လိုက်လာကာ အော်ဟစ်ပြောဆိုလာလေသည်။

လိုက်ဒေးရဲ့ မေမေလို မိခင်မျိုးကတော့ ရှာမှရှားပင်။ မေမေသည် လိုက်ဒေးကို အပျိုကြီးဖြစ်မှာ သိပ်စိုးရိမ်ရှာသာမက အခုချိန်ထိ ရည်းစားမရှိသော သမီးကို ငါ့သမီးလေး တော်လိုက်တာဟု ဘယ်တော့မှ မပြော။ အဖြစ်မရှိတဲ့သူတဲ့။ မေမေ ဖြစ်စေချင်သော ပုံစံမှာ လိုက်ဒေးကို အမျိုးကောင်းသားလေးတစ်ဦးနှင့် မေတ္တာမျှကာ တည်ငြိမ်အေးဆေးသောဘဝ၌ အမြန်အခြေကျစေ လိုခြင်းပဲဖြစ်လေသည်။





မေမေ ကိုယ်တိုင်လည်း တစ်ဦးတည်းသောသမီး၊ သူ့အလှည့်မှာလည်း တစ်ဦးတည်းသောသမီး မွေးထားရသော မေမေဟာ လိုက်ဒေးကို အသက်ကြီးမှ အိမ်ထောင်ပြုတာမျိုးလည်း မဖြစ်စေလိုပါ။ မေမေနှင့် လိုက်ဒေးဟာ အသက်နှစ်ဆယ်ပဲ ကွာ သည်ဟူသော ဖြစ်ရပ်လိုလည်း မေမေက ဂုဏ်ယူချင်သေးတာ ဖြစ်၏။

"ဘာလုပ်မှာလဲအသက်တွေ သုံးဆယ်ကျော်မှ ကလေးတွေ မွေး၊ ကိုယ်ကကြီးကြီး ကလေးတွေက ပေါက်စီတွေး ...

တချို့သားအမိတွေ ညီအစ်မလို ဖြစ်နေတာ ငါက သိပ်သဘောကျတာ၊ တိုင်တိုင်ပင်ပင်နဲ့ အားကိုးလို့လည်းရ ဘယ်လောက်ကောင်းလဲ"

"မကောင်းပါဘူး၊ ငယ်တုန်းရွယ်တုန်းမှာ ကလေးကြီးက တိုးလိုးတွဲလောင်းနဲ့ ဘယ်သွားသွား တန်းလန်းကပါတယ်၊ စိတ်ပျက်စရာကြီး"

"ဟဲ့ ... အဲဒါ ကိုယ်နဲ့လည်း ဆိုင်တယ်လေ၊ ကိုယ်က လည်း စီစဉ်တတ်ဦးမှပေါ့။ ဘယ်အရာမဆို အကောင်းချည်း ပဲ ဘယ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး မေမေရယ်၊ လွတ်လပ်တဲ့ ဆင်ဂယ်ဘဝလောက် ကောင်းတာရှိဦးမှာလား၊ ဘာအပူအပင်မှ မရှိတဲ့ဘဝကို လူတိုင်း လိုချင်လို့နေတာ၊ လိုက်ဒေးကတော့ ယောက်ျား ယူရမှာ စိတ်ကုန်တယ်"

"အမလေး မိလုံ ်ဒေး၊ ညည်းက အပျိုကြီးများ လုပ်ဖို့ စိတ်ကူးထားလို့လား၊ လုံးဝပဲနော် လုံးဝပဲ၊ ကျောင်းပြီးရင်တော့ ညည်းကို ယောက်ျားပေးစားမှာ ...

ဒီကြားထဲ ကျောင်းတက်နေတုန်း ညည်း ကြိုက်တာ တွေ့မလားလို့ ငါ စောင့်နေတာ၊ တွေ့ရင်တော့တွေ့ မတွေ့ရင်တော့ ငါ ပေးစားတာ ယူရမယ်မှတ် ...

တစ်ဖက်ကလည်း ညည်းကို ချစ်ခင်မြတ်နိုးမှု အပြည့် ရှိတယ်၊ ငါ ကိုယ်တိုင်ကလည်း သဘောကျတယ် ဆိုလို့ကတော့ ညည်း ယောက်ျားရပြီသာ မှတ်ပေတော့"

လိုက်ဒေးသည် မျက်နှာတစ်ခုလုံးကို စပရိန်လို တွန့်လိမ်ရှုံ့တွပြလိုက်လေသည်။ သူ ပေးစားတိုင်း ယူမှာကျနေတာပဲ။

"ပြောင်စပ်စပ်လုပ်ပြမနေနဲ့၊ နင့်မှာသာ အချစ်ရှိရင်လေ ရေးတဲ့ဝတ္ထုတွေ ဒီထက်ပိုကောင်းသွားမယ် သိလား"





လုပ်လာပြန်ပြီ။ ဒီအယူအဆကို လိုက်ဒေး လုံးဝ လက်မခံပါချေ။ သို့သော် မေမေက အဲဒီလို ပြောလိုက်စဉ်မှာ လိုက်ဒေးသည် ပြောခဲ့ဖူးသော ဩဇာသီးပုပ်တစ်လုံးကို သွား၍ သတိရမိသွားလျှင် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိသွားသေးသည်။

ဩော် ... ရန်သူဆိုတော့လည်း ဒီလိုပဲပေါ့။

❤ ❊ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖေဖေနှင့်မေမေတို့ မရှိသည့်အချိန်များ တမင်ရွေးလာလေသလား ထင်ရအောင်ပင် နောက်တစ်ပတ် စနေနေ့၌ ပေါက်ချလို့လာလေသည်။ ထိုနေ့ မနက်ခင်းတွင် ဖေဖေရော မေမေရော အိမ်မှာ မရှိကြ။ လိုက်ဒေးနှင့် ကောင်မလေးသာ ရှိနေကြချိန်ဖြစ်သည်။

လိုက်ဒေးကလည်း အခန်းထဲမှာ စာရေးနေလေရာ ညည်သည်လာတယ်ဆို၍ ထွက်တွေ့လိုက်လျှင် သူ ဖြစ်လို့နေပါသည်။ အိမ်နေရင်းမို့ စပန့်ဘောင်းဘီတိုနှင့် လိုက်ဒေးသည် သူ့ကို မြင်ရသောအခါ နောက်ထဲပဲ ပြန်ဝင်ပြေးရတော့မလိုလို ထိုင်ပဲ ထိုင်ရတော့မလိုလိုနှင့် တဒင်္ဂတော့ ဦးနှောက်စားသွားလေသည်။ အမှန်တိုင်းပြောရလျှင် သူ ရောက်လာလိမ့်မည်ဟုလည်း မထင်ချေ။ မထင်ဆို သူ့ကို လုံးဝ မေ့လျော့နေမိခဲ့တာဖြစ်၏။





"အဲ ... ဟို ... လာလေ ထိုင်ပါ"

ရုတ်တရက်မို့ သူ့နာမည်ကိုလည်း လိုက်ဒေးက မမှတ်မိပေ။ သူကလည်း ဒါကို သဘောပေါက်ဟန်ဖြင့် လှစ်ခနဲ ပြုံးကာ ...

"ကျွန်တော့်နာမည် ကျော်အောင်စည်ပါ။ ခင်မင်တဲ့သူတွေကတော့ ကိုစည်လို့ ခေါ်ကြပါတယ်"

အမလေးဟဲ့ သူ့ကိုပဲ ဒီက ကိုစည်ဟု ခေါ်ရတော့မည်ပုံ။ ကိုစည်တဲ့ ... ဘာစည်တာလဲ၊ လူစည်တာလား။ ဒီလို အပြုံးမျက်နှာဖုံးကြီးတပ်ကာ တပြုံးပြုံးနှင့် ဖိုးပြုံးချို လုပ်နေရင်တော့ လူစည်မှာ အမှန်ပါပဲ။

လိုက်ဒေးသည် ကိုယ့်အတွေးထဲမှာတော့ စုံအောင် ပြောထည့်လိုက်လျက် မျက်နှာကိုတော့ အပြုံးတစ်ချက်နှင့် ခေါင်းညိတ်ပြကာ သူ့ရှေ့မှာ ဝင်ထိုင်လိုက်ရသည်။

"ဟုတ်ကဲ့။ ဘာကိစ္စများ ရှိလို့လဲဟင်"

သူက စာအုပ်တွေကို စားပွဲပေါ် တင်ပေးရင်း "စာအုပ်တွေ ပြန်လာပေးတာပါ"ဟု ဆိုသည်။ သူ့ပုံစံကြည့်ရတာ စာအုပ်ပြန်ပေးပြီးလည်း ချက်ချင်း ထပြန်မည့်ပုံမပေါ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဒေးက ကောင်မလေးကို ကော်ဖီတစ်ခွက် စီစဉ်ခိုင်းရပြန်သည်။ ဒါလည်း အားနာပါးနာနှင့် မငြင်းချေ။ ကြည့်ရတာ ကော်ဖီကို တစ်စက်ချင်းသောက်လျက် စကားများမည်ပုံ ပေါ်၍ နေလေသည်။

"အလင်းရောင်ရဲ့ ဝတ္ထုလေးတွေက တော်တော်ကောင်းတယ်နော်။ ကျွန်တော်က ကိုယ်တိုင်တော့ စာမရေးတတ်ပေမယ့် စာဖတ်အားတော့ သန်ပါတယ်။ ဒါကြောင့် နည်းနည်းတော့ နားလည်တယ် ပြောရမလားပဲ ...

ဝတ္ထုတိုလေးတွေက ကျစ်ကျစ်လစ်လစ်နဲ့ ကောင်းတယ်"

"ဟုတ် ... ကျေးဇူးတင်ပါတယ်"

"ဘယ်အရွယ်ကစပြီး စာစ,ရေးတာလဲဟင်"

"အင်း ... ပိုးထနေတာတော့ ရှစ်တန်း ကိုးတန်းလောက်တည်းကပါ။ တကယ်တမ်း သေချာရေးဖြစ်တာတော့ ဆယ်တန်းဖြေအပြီးမှာပေါ့"

"လုံးချင်းတွေ ဘာတွေ ထုတ်ဖို့ရော အစီအစဉ် မရှိဘူးလား"





လိုက်ဒေးသည် ဤမေးခွန်းကိုတော့ ဟက်ခနဲ ရယ်ချလိုက်မိရင်း ...

"အဲဒါက အဝေးကြီးလိုပါသေးတယ်"ဟုသာ ပြန်ဖြေပေးလိုက်ရသည်။ တကယ်တော့ လိုက်ဒေးရဲ့ ရင်ထဲမှာ စာရေးခြင်းနှင့်ပတ်သက်၍ ရည်မှန်းချက်တွေ အိပ်မက်တွေ အများကြီးရှိလေသည်။ သို့သော် ဒါကို သူ မေးတိုင်း ပြောပြစရာလား ...

"မဟုတ်ဘူးလေ၊ ကိုယ် ပြောတာက တကယ်ဝါသနာပါတဲ့လူဆိုရင် ရည်မှန်းချက်တော့ ထားကြတာပဲ မဟုတ်လား။ တချို့ဆို အရမ်းဝါသနာကြီးကြတယ်၊ ဖြစ်ချင်တဲ့စိတ်ရှိကြတယ်လေ ...

အလင်းရောင်ရဲ့ လက်ရာက လုံးချင်းရေးမယ်ဆိုရင် ဖြစ်နိုင်တယ်လို့ထင်တယ်"

သူ့ပုံစံက လိုက်ဒေးကို ရောချင်တာသက်သက်မဟုတ်ဘဲ တကယ်ကို စာပေဝါသနာပါစွာဖြင့် အားပေးနေတယ်ဆိုတာ သူ့မျက်လုံးတွေကို ကြည့်တာနှင့် သိသာလေသည်။ ဒီလို အလေးအနက်ထား ဆိုလာသောအခါ လိုက်ဒေးက ကချော်ကချွတ် ပြန်ဖြေဖို့ မဖြစ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဆိုတာတွေကလည်း အဖော်ကောင်းရင် ကျောက်ပန်းတောင်းထိ ပါသွားတတ်ကြတာမျိုး မဟုတ်လား။

"လိုက်ဒေးမှာ ရည်မှန်းချက်တော့ ရှိပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက် အရည်အချင်းမရှိသေးဘူးလို့ ထင်လို့ပါ ...

ဝတ္ထုတိုလိုင်းမှာ ကိုယ့်လက်ကိုလည်း နည်းနည်းလောက် စိတ်တိုင်းကျလာပြီဆိုရင်တော့ ဖျကြည့်ရမှာပေါ့"

"အင်း ... ကြိုးစားရမှာပေါ့။ ရေးကြည့်ထားတာတွေများ ရှိသေးလား"

"ရှိတော့ရှိပါတယ်၊ သိပ်စိတ်တိုင်းမကျဘူးပေါ့နော်"

"ဝတ္ထုတိုနဲ့ ဝတ္ထုရှည်ရေးရတာ ဘယ်ဟာက ပိုခက်လဲ အလင်းရောင်"

လိုက်ဒေးသည် သူ့မေးခွန်းကြောင့် မျက်ခုံးတွေ ပင့်ခနဲဖြစ်သွားကာ ဒီလူဟာ မခေတော့ မခေဘူးဟုလည်း လက်ခံရလေသည်။

လိုက်ဒေးသည် သူ့မေးခွန်းကိုတော့ တက်ကြွစွာဖြင့် ...





"နှစ်ခုစလုံးက ခက်တယ်လည်းမဟုတ်သလို လွယ်တယ်လည်း မဟုတ်ပါဘူး။ ဝတ္ထုတိုကတော့ ပေးချင်တဲ့ မက်ဆေ့ချ်ကို တိုတိုနဲ့ ထိထိမိမိ ပေးရတာမျိုးပေါ့။ အရှည်ကျတော့လည်း သူက ကိုင်တွယ်ရရာ ကျယ်ဝန်းသွားပြီ ...

ဝတ္ထုတစ်ပုဒ်လုံးကို ပရိသတ်က စိတ်ဝင်စားအောင် ရိုးမသွားအောင် သယ်သွားဖို့ဆိုတာ နည်းတဲ့ပညာလား ...

နှစ်ခုစလုံး ပညာပါတယ်"

"အင်း ... အလင်းရောင်က တော်တော်ဝါသနာပါတာပဲ၊ ဒါနဲ့ ကလောင်နာမည်က ဘာလို့ အသစ်ထပ်မရွေးတော့တာလဲ"

"ပထမတော့ မျိုးစုံပေးကြည့်ပါသေးတယ်။ ဒါပေမဲ့ စိတ်ထဲမှာ ကိုယ့်နာမည်အရင်းလောက်ဘယ်နာမည်မှမကြိုက်ဘူး ...

စိတ်တဲမှာ ဖန်မလီယာ မဖြစ်ဘူးလို့ ခံစားရတယ် ဒါကြောင့် ..."

လိုက်ဒေးက ဆက်မပြောတော့ဘဲ ဒါကြောင့်နှင့် အဆုံးသတ်လိုက်လျှင် သူကလည်း သဘောပေါက်နားလည်သွားဟန်တူပါသည်။ လိုက်ဒေးကို ရှုန်းရှုန်းစားစားနှင့် ပြုံးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ပုံမှာ မရှိးသားပါဟုတော့ ပြောရှုမရ။ ဒါပေမဲ့ သဘောကျစိတ်တွေ အထင်းသားပါဝင်နေသည် ဆိုတာကိုတော့ ပြောရပေမည်။

"လိုက်ဒေး နိုင်ငံခြားစာအုပ်တွေရော ဖတ်လား"

"အမှန်အတိုင်းပြောရရင်တော့ သိပ်မဖတ်ဖြစ်ပါဘူး။ ပြီးတော့ မြန်မာပြည်က စာရေးဆရာကြီးတွေရေးတဲ့ ဝတ္ထုတွေကို ပိုကြိုက်တယ်"

"နောက်ရက်မှ လိုက်ဒေး ဖတ်ဖို့ စာအုပ်တွေ ယူလာပေးဦးမယ်၊ ကိုယ့်ဆီမှာ ဘာသာပြန်စာအုပ်တွေ ရှေးရှေးက စာအုပ်တွေ တော်တော်များများရှိတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

လိုက်ဒေးက အပြုံးလေးစွက်ကာ ပြောရင်း ရှေ့မှ ကော်ဖီခွက်ကို သောက်ပါဦး သဘောမျိုးနှင့် ညွှန်ပြလိုက်လျှင် သူက ကော်ဖီကို တစ်ချက်ယူသောက်သည်။ ပြီးတော့ သူဖတ်ထားသော လိုက်ဒေးရဲ့ ဝတ္ထုလေးပုဒ်စလုံးကို ဘယ်ဟာက ဘယ်လို၊ ဘယ်နားက ဘယ်လိုရှိရတယ်ဆိုတာ သူ့ထမင်း သူစားလျက် ဝေဖန်အကြံပေးတော့သည်မှာ စာရေးသူ လိုက်ဒေးပင်လျှင် မျက်လုံးပြူးရလေသည်။





လိုက်ဒေးရဲ့ သူငယ်ချင်းတွေတောင် ဖတ်သာဖတ်လျက် ဘာမှ မဝေဖန်တတ် မပြောတတ်ချေ။ ကောင်လား မေးရင် ကောင်းတယ် ပြောတတ်သောသူများဖြစ်လေရာ လိုက်ဒေးသည် သူနဲ့ကျမှ ကိုယ့်ဝတ္ထုတိုတွေအကြောင်း တစ်နာရီကျော်ကြာအောင် ဆွေးနွေးရသည်မှာ ခါးတွေညောင်းလာသည်အထိပင်။

နောက်ဆုံး မေမေတို့ ပြန်ရောက်လာတော့မှပင် သူနှင့် လိုက်ဒေးတို့ရဲ့ စကားစကပြတ်တော့သည်။ ဒီလောက်ကြီး စကားပြောပြီးကြသောအခါ သူနှင့် လိုက်ဒေးမှာ တစ်ထိုင်ချင်းပင် ရင်းနှီးခင်မင်လို့သွားလေသည်။

သူက မေမေ့အနားသို့ ကပ်၍ပင် ...

"လိုက်ဒေးကို လုံးချင်းတွေပါရေးဖြစ်ဖို့ အားပေးပါ အန်တီ၊ သူ့မှာ Talent ရှိတယ်"

ဟု တိုက်တိုက်တွန်းတွန်း ပြောသွားသေးသည်။

သူကား လိုက်ဒေးရဲ့ စာအုပ်တချို့ကို ထပ်ငှားပြီး ပြန်သွားလျှင် မေမေသည် လိုက်ဒေး မကြိုက်သော အပြုံးကြီး တစ်မျိုးပြုံးကာ ... လိုက်ဒေးကို ကြည့်သော မျက်လုံးများ၏ အဓိပ္ပာယ်ကို လိုက်ဒေးနှင့်မေမေသာ သဘောပေါက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လိုက်ဒေးက အရေးမပါဟန်ဖြင့် မသိချင်ဆောင်ကာ အသာလေးနေလိုက်သည်။ လိုက်ဒေးရဲ့ စိတ်ထင်တော့ အချစ်မရှိတဲ့ဘဝက ပို၍ ပျော်စရာကောင်းသည်ဟု ထင်ပါသည်။

(ကျေနပ်တတ်မယ် ဆိုရင်ပေါ့ ... )

❤ ✳ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





ကျောင်းဖွင့်ခါနီးဖြစ်၍ လိုက်ဒေးတို့ သူငယ်ချင်းတွေ အားလုံး ပြန်၍ဆုံကြလျှင် ထုံးစံအတိုင်း တစ်ခုခု သွားစားဖို့ စီစဉ်ကြသည်။ မိုးဦးပိုင်းရောက်ပြီမို့ ပပက ကြေးအိုးသွားသောက်ဖို့ဆွယ်လျှင် ကျန်တဲ့နှစ်ယောက်ကလည်း နှစ်ခါမခေါ်ရချေ။

မဥ္ဇူရဲ့ကားကို လိုက်ဒေးက မောင်းပေးလျက် လှည်းတန်းမှနေ၍ ရန်ကင်းကြေးအိုးဆိုင်သို့ ချီတက်ကြသည်။ ဆိုင်ရောက်လျှင် တစ်ယောက်တစ်မျိုး စကားတွေများကြလျက် အတွေ့အကြုံတွေ ဖလှယ်ကြလေသည်။

"မဥ္ဇူ တောင်ငူမှာ ဘဲတွေ ဘာတွေ ရခဲ့တယ်နဲ့တူတယ်။ ညည်းရုပ် သန့်ပြန့်လာတယ်"

"အသာနေစမ်းပါအေ၊ ဒီနေ့ ငါ ကျွေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူက သူ့ကို လှတယ်ပြောတာကို အရေးမပါဟန်ဖြင့် ပြန်ဖြေသည်။ ပပကတော့ ထုံးစံအတိုင်း ကြေးအိုးမလာခင် အာလူးကြော်တစ်ထုပ် အဆာပြေဝါးနေလျက် ...

"ကျောင်းပိတ်ထားတာ ပျင်းတော့ ပျင်းစရာပေ။ ငါဖြင့် ဖားသားကြီးကြောက်လို့သာ ပွဲရုံလိုက်ပေးနေရတာ စိတ်ကို မပါဘူး။ အထူးသဖြင့် လိုက်ဒေးနဲ့ နိုင်းဒီပါတို့ရဲ့ ရန်ပွဲလေးတွေနဲ့ ဝေးနေရတာ ပိုပျင်းဖို့ကောင်းတယ်"

"ထွတ် ... ဒီသြဇာသီးပုပ်ကို ထည့်ပြောဖြန်ပြီ"

"အံ့မယ် ... နင် လုပ်ထားတာတွေကျတော့ သူတို့ မခံရတာမှတ်လို့၊ သူတို့အဖွဲ့လည်း တော်တော်နာမည်ရလာတယ်ဟ ...

ငါ့ ပွဲရုံက ကောင်လေးတွေဆို သူတို့သီချင်းကို သိပ်ကြိုက်ကြတာ၊ ဟို "ရက်စက်သွားပါ" သီချင်းဆို တော်တော်ပေါက်တယ်နော်"

"အေးဟ ... တောင်ငူမှာလည်း ကြိုက်ကြတယ်။ ဟဲ့ ... နင်တို့ chat room လုပ်ထားတဲ့ အစီအစဉ် မဂ္ဂဇင်းထဲမှာ ငါ ဖတ်လိုက်ရတယ် ...





ဘာတဲ့ နိုင်းဒီပါကလည်း အလာကြီးပဲ၊ သူက အားလုံးကို ခံစားချက်နဲ့ ဖန်ဆင်းတယ်ဆိုပဲ။ ကေ့ လိုက်ဒေးကိုလည်း ခံစားချက်နဲ့ ဖွဲ့နေတာနဲ့တူတယ်"

"ဟုတ်ပါ့၊ သူတို့ရန်ပွဲကို ငါတောင် ထပ်ကြည့်ချင်လာပြီ"

"အလကားပါဟာ၊ သက်သက်လျှောက်ပြောနေတာ၊ သင်းလား ခံစားချက်ရှိတဲ့အကောင်၊ မိန်းကလေးတစ်ယောက်ကို ဘယ်လိုစောင်းမြောင်းရမယ်ဆိုတာလောက် တွေးနေတာ ...

ဘာခံစားချက်နဲ့ သီချင်းရေးတာလဲ ရွှီးနေတာ"

"ကောင်မလေးတွေကတော့ သူ့ကို ကြိုက်တယ်ဟေ့၊ သူ့ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်ဆိုတော့ ပြောမရဘူးနော်၊ နောင်တစ်ချိန် ရုပ်ရှင်မင်းသားတွေ ဘာတွေ ဖြစ်သွားနိုင်တယ် ...

လိုက်ဒေးနော် အဲဒီအချိန်ကျ နင်ကလည်း best seller ဖြစ်ချင်ဖြစ်နေမှာ၊ အဲဒီကျမှ နင့်ဝတ္ထုကို သူက မရိုက်နိုင်ဘူးလို့ ငြင်းနေမယ် ...

အခုတည်းက ငြိမ်းချမ်းရေး ယူထားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... သေတောင်မယူဘူး။ သူ့ဘာသာ နာမည်ကြီးမင်းသားမကလို့ ဟောလီးဝုဒ်ပဲရောက်ရောက် အထင်ကိုမကြီးတာ ...

သူ့ကိုယ်သူမှ အကောင်းထင်ပြီး သူများကို အပုပ်ချတဲ့သူ အောင်မြင်လည်း ခဏပဲ၊ ခွေးရူးကောင်းစားတစ်မွန်းတည့်ပေါ့ဟာ"

"အဲဒီ လိုက်ဒေးဟာလေ စာရေးဆရာမလို့ မပြောရဘူး၊ စကားပြောလိုက်ရင် စကားပုံနဲ့မှ။ ညည်း မြန်မာစာမေဂျာယူဖို့ကောင်းတယ်"

"ဒါတော့ ယောက်မတို့နဲ့ မခွဲနိုင်လို့ပေါ့ဟယ်၊ ကဲ ... စားကြ စားကြ။ ဒီကပြီးရင် အင်းလျားမှာ စွန်သွားလွှတ်ဦးစို့။ အာရုံသစ်ဖွင့်ရအောင်၊ ဝတ္ထုတစ်ပုဒ် ရေးမလို့ဟဲ့"

"ဘာလဲ ... ဒီစာရေးဆရာမက အတွဲချောင်းပြီးရေးမှ mood ဝင်တာလား၊ သနားစရာ အဖြစ်မရှိတဲ့ စာရေးဆရာမ"

"အတွဲချောင်းချင်ရင် ဒဂုံတက္ကသိုလ် ကွန်ဗိုကေးရှင်းနောက်ကိုသွား၊ mood တွေ အပြည့်ဝင်လာပြီး ရည်းစားမရှိတဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ် ပေါက်သွားမယ်"





"ညည်း ဖြစ်ဖူးတာတွေ ပြောမနေနဲ့။ အတွဲများ မချောင်းချင်ပါဘူး။ လူအိုကြာကွေးတွေ စိတ်ပျက်စရာ၊ ကဲ ... စားကြပါ မမတို့ရဲ့"

လိုက်ဒေးက လောဆော်တော့မှပင် မရွှေချောတို့မှာ ကြေးအိုးပူပူတွေကို တရှူးရှူး တရှဲရှဲဖြင့် မှုတ်သောက်ကြသည်။ ပင်လယ်ပြင်မှာ မုန်တိုင်းရှိနေ၍ ညို့တိုတိုဖြစ်နေသော ရာသီဥတုသည် လိုက်ဒေးကို အင်းလျားကန်ဘောင်ပေါ်မှာ လေတံခွန်လွှတ်တင်ဖို့ အထူးလှုံ့ဆော်၍နေသည်။

အဲဒီလို စိတ်လွှတ်ကိုယ်လွှတ် စွန်လွှတ်ပြီးလျှင် စာရေးရာမှာ ဘယ်လိုရေးကောင်းမှန်းမသိ။ စာရေးဆရာတွေဟာ တစ်ယောက်တစ်မျိုးစီ mood တွေ ထည့်ယူတတ်သည်ဟု ကြားဖူးသည်။ ဘယ်သူတွေက ဘယ်လိုနည်းတွေနှင့် mood ထည့်သလဲဆိုတာတော့ လိုက်ဒေးသည် မသိချေ။ လိုက်ဒေးရဲ့ mood ကတော့ စိတ်ဝိညာဉ်တစ်ခုလုံး ကောင်းကင်မှာ ဝဲပျံတက်သောနည်းပဲ ဖြစ်ပါသည်။

သုံးယောက်စလုံးဟာ ကိုယ့်အာရုံနှင့်ကိုယ် ကြေးအိုးတွေကို ငုံ့သောက်လျက်ရှိနေရာ စားပွဲရှေ့မှာ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လာရပ်နေသည်ကိုတောင် ချက်ချင်း သတိမထားမိချေ။ ပုပက လိုက်ဒေးရဲ့ တံတောင်ဆစ်ကို လာတွန်းတော့မှသာ မော်ကြည့်မိလျှင် မျှော်လင့်မထားသော မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။

"ကိုကျော်အောင်စည်"

သူက ထုံးစံအတိုင်း အမြဲချိုသာပြုံးရွှင်နေသော မျက်နှာထားဖြင့် ...

"စားသောက်နေတာ အနှောင့်အယှက်ဖြစ်သွားရင် ဆောရီး၊ မြင်လိုက်လို့ လာနှုတ်ဆက်တာပါ"

"သြော် ... ဟုတ်။ တစ်ယောက်တည်းလားဟင်"

"သူငယ်ချင်းနဲ့ ချိန်းပြီးလာစားတာ။ သူက ပြန်သွားပြီ"

"သြော် ..."

လိုက်ဒေးက သြော် ... အဲ နှင့် ဖြစ်နေလျှင် သူက သဘောပေါက်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ...

"ကိုယ်က ဒီကပြီးရင် လှည်းတန်းသွားမလို့ စိတ်ကူးထားတာ။ လိုက်ဒေးရဲ့ စာအုပ်တွေ လာပေးမလို့လေ။ ပြီးတော့ ကိုယ့်စာအုပ်တွေလည်း ငှားမလို့ ..."

"ဟုတ်လား ... ဒါဆို အခု ပေးလိုက်ပါလား"





"လိုက်ဒေးက အိမ်မပြန်သေးဘူးလား"

"အင်း ... ဒီကပြီးရင် အင်းလျားဘက် ခဏဝင်မလို့၊ ပြီးရင်တော့ ပြန်မှာပါ"

"အင်းလျားဘက် ! ..."

သူက လိုက်ဒေးရဲ့ စကားကို သံယောင်လိုက်ရင်း အမေးသဘောမျိုးဖြင့် ပြောတာဖြစ်လျှင် လိုက်ဒေးမှာ သူ့ကို သံတော်ဦးတင်ရပြန်သည်။

"သြော် ... ကန်ပေါင်ပေါ်မှာ စွန်လွှတ်ကြတာပါ"

စွန်ဟူသော စကားသံကြားတာနှင့် သူ့မျက်နှာက ဝင်းလက်သွားကာ ...

"ဟုတ်လား ... ကိုယ်ရော လိုက်လို့ရမလားဟင်၊ စွန်လွှတ်တာ ကိုယ်လည်း ဝါသနာပါတယ်"

"အင်း ... ရပါတယ်"

"ဟို ... ကိုယ် လိုက်လာတာ လိုက်ဒေးတို့အတွက် အနှောင့်အယှက်တော့ မဖြစ်ဖူးမဟုတ်လား"

"မဖြစ်ပါဘူး၊ ကိုကျော်အောင်စည်မှာ ကားပါတယ် မဟုတ်လား၊ ရှေ့ကသွားနှင့်လေ၊ လိုက်ဒေးတို့ နောက်က လိုက်ခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ဒါဆို ကိုယ် အရင်သွားနှင့်ပြီနော်"

သူက လက်အသာပြ၍ အပြုံးတစ်ချက်နှင့် နှုတ်ဆက်သွားသည်မှာ ဆိုင်ရှေ့တောင်မရောက်သေး မစပ်စုတို့သည် လိုက်ဒေးရဲ့ အနားသို့ အတင်းတိုးဝင်ပူးကပ်ကြတော့လျက် မျက်လုံးပြူး မျက်ဆန်ပြူးတွေဖြစ်ကာ တစ်ယောက်တစ်ပေါက် မေးခွန်းထုတ်ကြတော့သည်။

"လိုက်ဒေး လျှိုမ၊ အဲဒါဘယ်သူလဲ ပြောစမ်း၊ ဘယ်အချိန်တည်းကကြည်နေတာလဲ၊ တော်တော်ဟုတ်နေတယ်ပေါ့လေ"

"အေးလေ ... အိမ်တောင်သွားဦးမှာဆိုတော့နည်းတဲ့အဆင့်လား၊ ဒီမိန်းမက စွန်လွှတ်တဲ့နေရာတောင် ခေါ်လိုက်သေးတယ်ဆိုတော့ ဟင်း ... ပြီးတော့ ငါတို့ကိုလည်း သတင်းအမှောင်ချထားသေးတယ်၊ လိုက်ဒေး လုံးဝမရိုးသားဘူး"

"ဟ ... ဘာတွေ ဖြစ်နေကြတာလဲ၊ စွပ်စွဲလှချည်လား၊ ကိုယ့်စိတ်ထဲမှာ ကျွတ်ကြွသွားပြီနော်"

"အံမယ် ... အံမယ် ... ပြောတော့ ဟစ်ဟော့ကို မကြိုက်ဘူးလေး ဘာလေးနဲ့ စိုင်းစိုင်း သီချင်းကျတော့ လာရွတ်ပြနေတယ်၊ ဒီလို ရှောင်မထွက်နဲ့"





"မထွက်ပါဘူး၊ သမီးက စိုင်းစိုင်းကိုတော့ ကြိုက်ပါတယ်"

"နိုင်းဒီပါကိုသာ မကြိုက်တာပေါ့လေ။ ကဲ ... ပြောတော်မူ မလိုက်ဒေး၊ အဝါရောင်လေးက ဘယ်သူလဲ ဘယ်ကလဲ"

လိုက်ဒေးသည် တကယ်ကိုပင် အဝါနုရောင် စပို့ရှပ်ဝတ်ကာထားသော သူ့ပုံစံကို ပြန်မြင်ယောင်ကာ မဥ္ဇူရဲ့စကားကိုသဘောတူကျ ရယ်မိသေးလေသည်။ သူသည် ရုပ်ရည်က ချောမောသည်[illegible]မဆိုနိုင်သော်လည်း ကြည်လင်သော အသားအရေ၊ အဆင့်အတန်းမြင့်သော ဥပဓိရုပ်တစ်ခုနှင့် ယောကျ်ားပီသသော သွင်ပြင်တို့ကြောင့် မြင်လိုက်တာနှင့် လူသိနိုင်သောပုံစံဖြစ်သည်။

အဝါနုရောင် ပိုလိုစပို့ရှပ်တစ်ထည်ကို ဂျင်းဘောင်းဘီတစ်ထည်နှင့် ခပ်ရိုးရိုး တွဲဖက်ဝတ်ဆင်ထားသော်လည်း ရင့်ကျက်တည်ငြိမ်စပြုနေသည့် လူငယ်တစ်ယောက်အဖြစ်ပဲ မြင်စေသည်။

"ငါ့ကို အထင်တွေစွတ်ကြီးမနေပါနဲ့ဟယ်။ သူ့နာမည်က ကျော်အောင်စည်တဲ့။ အမေရိကားမှာ ကျောင်းတက်လာတာ၊ အန်တီလေးနဲ့ ကွန်ဒိုတစ်ခုထဲ တူတူနေကြတာ၊ သူ့ဖားသားကြီးနဲ့ ငါ့ဖေဖေနဲ့ကလည်း သိကြတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အန်တီလေး ထည့်ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကို ပြီးခဲ့တဲ့ နှစ်ပတ်လောက်က အိမ်လာပို့ရင်းနဲ့ ခင်သွားရတာ။ မေမေ့ကောင်းမှုကြောင့် ငါ စာရေးတာ ဝါသနာပါတာကိုသိပြီး စာအုပ်တွေငှား ဘာညာနဲ့"

"ဒီလိုနဲ့ စာရေးဆရာမ အနားကို ချဉ်းကပ်လာပြီပေါ့"

"မချဉ်းကပ်ပါဘူးအေ။ သူကလည်း ဝါသနာပါလို့ပါ"

"အေးပေါ့ မပါလည်းပါရတော့မှာပေါ့။ ပုံစံကရှေ့တော့ မိရှာပါတယ်။ ငါစိတ်ထင်တော့ လိုက်ဒေးကို သဘောကျနေတဲ့ပုံပဲ"

"တော်ကြစမ်းပါဟာ။ ကဲ ... သွားစို့"

"မောင်ကြီးတစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေမှာ စိုးတယ်ပေါ့လေ၊ သူလည်း ချောပါတယ်။ ဒါပေမဲ့ နိုင်းဒီပါနဲ့ လိုက်ဒေးနဲ့က ပိုပြီး လိုက်ဖက်မှုရှိသလိုပဲဟေ့"

လိုက်ဒေးသည် ပပကို မျက်စောင်းအကြီးကြီးထိုးရုံသာ တုံ့ပြန်လိုက်၍ ကားကို အင်းလျားကန်ပေါင် အနောက်ဘက်ခြမ်းဆီသို့ ဦးတည်ပြီး မောင်းလာခဲ့လေသည်။

ဟိုရောက်လျှင် ခပ်ပြုံးပြုံးလုပ်ကာ စောင့်နေသော သူ့ကို အဆင်သင့်တွေ့ရသည်။ ဒီတစ်ခါတော့ လိုက်ဒေးက



သူ့ကို သူငယ်ချင်းတွေနှင့်ပါ မိတ်ဆက်ပေးလိုက်လေသည်။

"ဒါက လိုက်ဒေးရဲ့ သူငယ်ချင်းတွေလေ၊ သူက ပပတဲ့၊ သူက မဋ္ဌူ၊ ကျောင်းလည်း အတူတူပဲ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်မတို့လည်း ပျော်ပါတယ်"

ဒီလိုနှင့် တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းသွားလျှင် သူနှင့် လိုက်ဒေးကား စွန်လွှတ်ကြလေသည်။ အထူးသဖြင့် စွန်လွှတ်တာ ဝါသနာပါသည်ဆိုသော သူဟာ စွန် လုံးဝမလွှတ်တတ်ကြောင်း သိရလျှင် လိုက်ဒေးအဖို့တော့ ရယ်စရာတွေနဲ့ချည်းသာ ကြုံရလေသည်။

လိုက်ဒေးသည် သူ ညာမှန်း အခုမှသိကာ မျက်စောင်းမထိုးတထိုးဖြင့် ...

"ဒီလိုဆိုရင်ဖြင့် ကိုစည် စာဖတ်ဝါသနာပါတယ် ဆိုတာ ယုံရခက်ခက်ပဲနော်"

သူက ပြုံးစိစိ မျက်နှာပေးဖြင့် ဖြေသည့်မှာ ...

"စာဖတ်တာက စွန်လွှတ်တာလောက် မခက်ခဲဘူးလေ လိုက်ဒေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... အံ့သြစရာပဲ"

သူက လိုက်ဒေးရဲ့ အပြောကို သဘောတကျဖြင့် ရယ်ကာနေလေသည်။ လိုက်ဒေး စိမ်ပေးလိုက်သဖြင့် ကောင်းကင်မှာ ဝဲပျံနေပြီဖြစ်သော စွန်ကလေး၏ ရစ်ဘီးကို သူက အသာထိန်းထားနေရင်းမှ ...

"ဒီလောက် လွတ်လပ်တဲ့ ခံစားမှုမျိုးကို ကိုယ် အခုမှ ခံစားဖူးတယ်ဆိုရင် လိုက်ဒေး ယုံမလားမသိဘူး။ အင်းလျားကန်ပေါင်ပေါ်မှာ စွန်လွှတ်ရတာ ဒီလောက်ပျော်စရာကောင်းမှန်း ကိုယ် မသိခဲ့ရတာ တော်တော်ရင်နာစရာကောင်းတယ်နော်"

"ရှင်က လွတ်လပ်မှုတွေ ဆုံးရှုံးခဲ့ရလို့လား ကိုစည်ရဲ့"

"ဆုံးရှုံးတယ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ဘဝမှာ ဖြစ်သင့်တာကိုပဲ ဦးစားပေးခဲ့တာဆိုတော့ ပျော်စရာ စိတ်ချမ်းသာစရာဆိုတာလည်း သိပ်မရှိခဲ့ဖူးဘူး ထင်တာပဲ၊ ဘဝက သမားရိုးကျ ဖြစ်နေတယ်လေ"

သူက လိုက်ဒေးကို အသာငဲ့ကြည့်ရင်း ပြောနေမှန်း သိသော်လည်း လိုက်ဒေးက သူ့ကို ပြန်မကြည့်ဖြစ်ချေ။ ကောင်းကင်မှာရှိနေသော စွန်လေးကိုသာ အမျိုးမျိုး လိုရာဆွဲကစားနေမိသည်။

"ကိုယ်ကတော့ လိုက်ဒေးရဲ့ ဘဝလေးကိုပဲ အားကျနေမိတယ်"

"ဟယ် ... ပေါက်ပေါက်ရှာရှာကြီး"

"ဟုတ်တယ် တကယ်ပြောတာ၊ လောကမှာ ကိုယ် ဘာဖြစ်ချင်လဲ၊ ဖြစ်ချင်တာကို ဖြစ်ခွင့်ရတဲ့သူက လူတော်ပဲ၊ အဲဒီထက်ပိုတာက ကိုယ့်ရဲ့ အသွေးအသားထဲက ဝါသနာနဲ့ အောင်မြင်စွာ ရပ်တည်ခွင့်ရတဲ့သူတွေက ကံကောင်းသူတွေတဲ့ ...

လိုက်ဒေးက ကံကောင်းတဲ့သူတစ်ယောက် ဖြစ်လာမယ်လို့ ထင်တယ်။ ဒါကြောင့် လိုက်ဒေးရဲ့ဘဝကို အားကျတယ်။ လိုက်ဒေးရဲ့ ဘဝက ဖြစ်သင့်တာတွေ ဦးစားပေးဖို့ မလိုဘူး။ ဖြစ်ချင်တာတွေကို အကောင်အထည်ဖော်ဖို့ပဲလိုတာ"

သူ့စကားတွေသည် ဘာမှန်းညာမှန်း မသိသော်လည်း လိုက်ဒေး နားလည်ခံစား၍ရလေသည်။ ဒါကြောင့် သူ့





စေတနာ၁၀၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



ဘက်လှည့်၍ စိတ်လိုလက်ရ တစ်ချက်ပြုံးပြလိုက်လျှင် သူက လိုက်ဒေးကို ပြုံးစိုက်ကြည့်နေတာနှင့် ကြုံရ၏။

"စာရေးတာနဲ့ စွန့်လွှတ်တာနဲ့က အတူတူပဲလို့ မထင်မိဘူးလား လိုက်ဒေး"

"ဟုတ်တယ် အဲဒီလို ခံစားမိတယ်"

"ဒါဆို စာရေးတာလည်း လွှတ်လပ်မှုတစ်ခုပဲပေါ့"

"သိပ်မှန်တာပဲ၊ စာရေးရတာ အရမ်းငြိမ်ချမ်းတယ်၊ အထူးသဖြင့် တိတ်ဆိတ်တဲ့ညတွေမှာဆို တစ်လောကလုံးမှာ ကိုယ်နဲ့ ဇာတ်ကောင်တွေပဲ အသက်ဝင်နေတဲ့ ခံစားချက်မျိုးကို အရမ်း အကြိုက်ဆုံးပဲ ...

ဇာတ်ကောင်တွေကို ကိုယ့်စိတ်ကြိုက် အသက်သွင်းရတာလည်း ရင်ခုန်စရာတစ်ခုပဲလေ၊ စွန်ကလေးကို ကိုယ်လိုရာရဖို့ လှမ်းထိန်းကျောင်းရသလို ဇာတ်ကောင်တွေကိုလည်း ထိန်းကျောင်းရတာပဲ မဟုတ်လား ...

စွန့်လွှတ်တာနဲ့ တူတာမျိုး နောက်တစ်ခု ရှိသေးတယ်"

"အဲဒါ ဘာလဲဟင်"





သူက အမောတကောမေးသည်။ လိုက်ဒေးသည် ဒီဇကို မဖျောက်နိုင်စွာဖြင့် နှာခေါင်းရှုံ့ပြကာ ...

"ဘာလို့ ပြောပြရမှာလဲ"

သူက လိုက်ဒေးရဲ့ စကားနှင့် အမူအရာကို ဟက်ဟက်ပက်ပက် ရယ်လေသည်။ အဲဒီလိုဖြင့် ကျော်အောင်စည်ဆိုသော လူတစ်ယောက်နှင့် လိုက်ဒေးတို့ရဲ့ ခင်မင်မှုက ရင်းနှီးစွာ စိမ့်ဝင်သွားခဲ့ကြသည်။

❤ ❋ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ ခံစားချက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၉

အခုဆိုလျှင် သူတို့ရဲ့ ဩဇာသီးအဖွဲ့သည် နာမည်လေး တစ်စတစ်စ ရလာသလို အခွေလည်း စ,လုပ်နေပြီဖြစ်သဖြင့် အလုပ်တွေက ရှုပ်လျက်ရှိ၏။ ဒါ့တွေအပြင် သူ့ကို ဖေဖေကလည်း ပို၍ဩော်ကောင်းနေပြီ ဖြစ်လေသည်။ ဒီအတွက် သူ့မှာ ဖေဖေနှင့် မျက်နှာချင်းမဆိုင်မိအောင်နေသည်။ ဖေဖေကလည်း အလုပ်အင်မတန်ရှုပ်သူတစ်ယောက်ဖြစ်၍ သူ့အတွက်က နည်းနည်းအသက်ရှုချောင်စေတာဖြစ်လေသည်။

အထူးသဖြင့် သူ့ကို ဖေဖေ ပို၍ ကြည့်မရခြင်းမှာ သူ့အစ်ကိုဝမ်းကွဲဖြစ်သော ကျော်အောင်စည်တစ်ယောက် အမေရိကားမှ ပြန်ရောက်လာကာ သူ့အဖေ အလုပ်တွေကို ကူညီနေပြီ





ဖြစ်သောကြောင့်ပင်။ ဒီအတွက် ဖေဖေဟာ အောင်စည်နှင့်နှိုင်း၍ သူ့ကို သုံးစားမရအောင် ပြောတတ်သည်။

ယခုလည်း သူ အပြင်သွားခါနီးမှာ အောင်စည်က ရောက်လို့လာသဖြင့် သူ့မှာ မထွက်နိုင်သေးချေ။ သူနှင့် အောင်စည်ဟာ အသက်အားဖြင့် နှစ်နှစ်ခန့်သာ ကွာသောကြောင့်ရော၊ သူငယ်ချင်းလို ပေါင်းသောကြောင့်ရော မင်းနဲ့ငါပဲ သုံးနှုန်းလေ့ရှိကြသည်။

"မင်းကလည်းကွာ ငါ ပြန်ရောက်ခါစလေးတောင် အချိန်က မပေးနိုင်ဘူးလား။ ဘာတွေ အရေးကြီးနေတာလဲ"

"အချိန်ပေးရအောင် မင်းက ငါ့ရဲ့ ဘာမှ,မှ မဟုတ်တာ"

သူ ရေချိုးစဉ်တည်းက ရောက်နေသော အောင်စည်က ရေချိုးပြီး အဝတ်အစားလဲ ပြင်ဆင်နေသော သူ့ကို ကြည့်ရင်း ရယ်သည်။

"ငါ မင်းအတွက် 501 တွေ ဆွဲလာသေးတယ်ကွ၊ ဒါနဲ့နေပါဦး၊ မင်းက ငါ့ကို အချိန်မပေးနိုင်ဘူးဆိုတော့ အချိန်ပေးရမယ့်သူတွေများ ရှိနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူက အောင်စည်စကားကို ပြန်မဖြေဘဲ နှုတ်ခမ်းတစ်ချက်သာ မဲ့ပြလိုက်လျှင် အောင်စည်က တဟားဟား အော်၍ ရယ်မေလသည်။

"မရှိသေးဘူးလားကွ၊ သိပ်တော့ မဖြစ်နိုင်ပါဘူးကွာ။ မင်းက နာမည်ကြီး ဖြစ်နေပြီပဲဟာ"

"မရှိပါဘူးကွာ၊ မင်းကလည်း ဘာတွေ လာအစ်နေတာလဲ၊ ရုပ်က ပြုံးစိစိနဲ့ ငါ့ကို လာရစ်မနေနဲ့၊ ငါ မအားဘူး၊ ရှိကော်ဒင်းရှိတယ်"

"လိုက်မယ်လေကွာ၊ အဲဒီရိကောဒင်းကို"

"ဟ ... ဘာလိုက်လုပ်မှာလဲ၊ ပြီးတော့ မင်းကို ပြောထားဦးမယ်၊ ဘိုးတော်ရှေ့ကျရင် ပညာခန်းတွေ သိပ်မပြနဲ့ကွာ ...

နဂိုကမှ ဘိုးတော်က မင်းကို အထင်တွေ့ကြီးပြီး ငါ့ကိုတော့ နှိမ်ချင်နေတာ၊ ခုတော့ ဘာပြောကောင်းမလဲ၊ မစော စလောင်းဖုံးပဲ ...

မင်းက သားလိမ္မာလုပ်တာ အရေးမကြီးဘူး၊ ငါ့မှာ အသေအဲ့ညှော်ခံနေရတာ"





အောင်စည်က သူ့စကားတွေကို တဟားဟားနှင့်ပဲ ရယ်၍နေလေသည်။ ဒီကောင်က သူ့လို မှန်တိတိနှင့် ရိုက်ပေါက်ရုပ် မဟုတ်ချေ။ မျက်နှာက sweetဖြစ်ကာ တည်တည်ငြိမ်ငြိမ် နေတတ်သဖြင့် သမီးရှင်ကြိုက် ဒီဇိုင်းမျိုးဖြစ်သည်။

"ငါလည်း အန်ကယ်ဦးကို ပြောပါတယ်ကွာ။ အန်ကယ်ကလည်း မင်းကို လုံးဝ ပိတ်ထားတာမှ မဟုတ်တာ ...

ငါက သားလိမ္မာလုပ်ရတာ မဟုတ်ပါဘူး။ ငါ့မှာ မင်းလို crazyဖြစ်ရတဲ့ ဝါသနာမှ မရှိတာ။ ဒီတော့ လုပ်ရိုးလုပ်စဉ်အတိုင်းပဲပေါ့။ ငါ့ဘဝက ပျင်းစရာကြီးပါ"

သူက အောင်စည်ကို ယောက်ျားတန်မဲ့ မျက်စောင်းတစ်ချက်ထိုးလိုက်သေးသည်။ သို့သော် အောင်စည်က ဆက်ပြောသေးသည်မှာ ...

"အခုတော့ ပျော်စရာလေးတစ်ခုကို တွေ့လာပြီကွ"

သူက အောင်စည်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် ဒီကောင်က သူ့ကို ကြည့်မနေပေ။ သူ့ခုတင်ပေါ်မှာ ကန့်လန့်ဖြတ်လှဲလျက် မျက်နှာကြက်ကိုသာ ချစ်သူ့မျက်နှာအလား ရွှန်းရွှန်းစားစား မော့ကြည့်နေလျက် ပြောချင်ရာတွေ ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



၍နေသည်။ သူက ပခုံးတစ်ချက်တွန့်ကာ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်သည်။ ဆံပင်ကို မုစ်လိမ်းတာ၊ ရေမွှေးဆွတ်တာ၊ မျက်နှာကို UV ကာကွယ်သော ခရမ်လိမ်းတာ စသဖြင့် ကိုယ့်ကိစ္စနှင့်ကိုယ် ရှုပ်နေသည်။

"သူလေးကို ငါက စတွေ့တည်းက စိတ်ဝင်စားသွားခဲ့တာကွ၊ ဘာမှ မသိခင်တည်းက၊ နောက်တော့ ကံတရားက ငါ့ကို ကူညီတဲ့အနေနဲ့ အတီအကျဆုံခွင့်ပေးပြန်ရော ...

သူက အရမ်းချစ်စရာကောင်းတယ်ကွာ၊ ချောတယ်လှတယ်ဆိုတာထက် ကျက်သရေရှိတာကွ၊ ဟော့ရှော့လည်း မဟုတ်ဘူး၊ ဒါပေမဲ့ ခေတ်မီတဲ့ပုံစံလည်း ရှိတယ် ...

သူနဲ့ စကားပြောကြည့်တော့မှ သူ့မှာ ထူးခြားတဲ့ စရိုက်လေးတွေ၊ ချစ်စရာကောင်းတဲ့ အပြုအမူလေးတွေ ..."

"ဟော့ကောင်"

သူက ဖြတ်၍ ခေါ်လိုက်လျှင် အောင်စည်သည် ပြုံးပြုံးကြီး ခြွေနေရာမှ ဖိးလ်ငုတ်သွားသလို မျက်မှောင်တစ်ချက် ကြုတ်ကာသွားသည်။ သူက လက်မှ နာရီကို တစ်ချက်ထောင်ပြကာ ...





"အချိန်မရှိတော့ဘူးကွ၊ ငါ နှစ်နာရီချိန်းထားတာ"

"ဒီပါ မင်းက သိပ်အီးပေါက်တဲ့ကောင်ပဲ။ ဘာမှ ကာရန်ညှိလို့မရဘူး။ ဘာအနုပညာသမားလဲ။ လုံးဝ နှလုံးသားမရှိဘူး။ ငါ့အသည်းလေးနဲ့ ကွာလိုက်တာ"

"ဟာ ဟ ရှုးပါ့ကွာ။ ထားပါတော့ ကဲ ... ငါ လစ်တော့မယ်၊ မင်း လိုက်မှာလား"

"လိုက်မှာကွာ ... ဆက်ပြောဦးမှာ"

"ပြီးရော ကယ်မနိုင်တော့ဘူး"

သူက ဆက်၍ ရင်ဖွင့်ချင်နေသေးသော အောင်စည်ကို ကားပေါ်တင်ခေါ်လာရသည်။ ကားမောင်းလာစဉ်တစ်လျှောက်လုံး အောင်စည်ဟာ သူတွေ့သော ကောင်မလေးအကြောင်း မမောနိုင် မပန်းနိုင် ပြော၍လာသည်ကို သူ့မှာ အတော်ကြီးသည်းခံကာ နားထောင်ပေးရသည်။

ပြီးလျှင် ဘာမှ မဆိုင်သော မေးခွန်းကို မေးလာပြန်သည်။

"ဒီပါ မင်းတို့ကျောင်းတွေ ဘယ်တော့ဖွင့်မှာလဲ"

"ရှေ့လဆန်းကွာ၊ ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းတို့ကျောင်းကို လာလည်မယ်နော်"

"ဘာကိစ္စလာမှာလဲ၊ ဟော့ကောင် မင်း ဘာဖြစ်နေတာလဲ၊ မင်း ပြောချင်တာ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါကွာ၊ ဘာအဓိပ္ပာယ်မှန်းကို မသိဘူး"

"ငါ ကြွေနေတဲ့ ကောင်မလေးက မင်းတို့ ပြင်သစ်စာတန်းကကွ"

ဒီလိုပြောမှပင် သူက အခြေအနေအရပ်ရပ်ကို သဘောပေါက်ရတော့သည်။ လက်စသတ်တော့ အောင်စည်တစ်ယောက် ပြုံးစိစိ စပ်ဖြဲဖြဲနှင့် သူ့အနားကို တောက်တဲ့လို လိုက်ကပ်နေခြင်းမှာ ထိုအကြောင်းအရာကိုး။

"ဒါများ လျှောက်ဝှေ့နေသေးတယ်။ ငါ့ဆီက အင်ဖော်မေးရှင်း နှိုက်မလို့ဟုတ်လား၊ မင်းလည်း အဘိုးကြီးတွေနား ကပ်နေလို့နဲ့ တူတယ် ...

လိုရင်းကိုမရောက်ဘဲ ဝှေ့တတ်လာပြီး ကဲ ... ပြော ပြင်သစ်စာက ဘယ်ရီးယားကလဲ၊ ဖိုင်နယ်တွေ ဘာတွေဆို ငါ မသိဘူး"

"နီး ... နီး ... မင်း သူ့ကို သိကိုသိမှာပါ"





အောင်စည်ရဲ့ အကဲပိုနေသော မျက်နှာနှင့် အသံကို သူက အတော်အမြင်ကတ်၍လာသည်။

"ရုပ်ကြီးက အော့နှလုံးနာစရာကောင်းလိုက်တာ၊ ဟော့ကောင် ဘယ်သူ ဘယ်ဝါ မသိခင် တစ်ခါတည်း ကြိုပြောထားမယ်နော်၊ အောင်သွယ်တော်တော့ လုံးဝ လုပ်မပေးနိုင်ဘူး၊ မင်း ကြိုက်ရင် မင်းဘာသာလိုက်"

"လိုက်မှာပါကွာ၊ ဒီလောက်လည်း ဂိုက်ခံမနေစမ်းပါနဲ့၊ သူနဲ့ ငါနဲ့က မင်း အောင်သွယ်ပေးမှဖြစ်မှာ မဟုတ်ပါဘူး။ ရင်ဘတ်ချင်း နီးပြီးသားပါ"

"ဟူး ... မောင်အောင်စည် တစ်ယောက်တော့ မိန်းမကို သရဲ အမဲသားမြင်သလို ငမ်းငမ်းတက်ဖြစ်နေရှာပြီကိုး ...

ကဲ ... ပြော ... ပြော ... အဲဒီတစ်ယောက်က ဘယ်သူလဲ၊ တို့ပြင်သစ်စာတန်းမှာတော့ ဒီလောက်စွမ်းတဲ့ ကလေးမ မရှိဘူးလားလို့ပဲ"

"ချစ်ရတဲ့သူရဲ့နာမည်က အလင်းရောင်တဲ့"

"ဘာ ... ဘာ ... ဘယ်သူ"

"အလင်းရောင်လေကွာ၊ စာရေးဆရာမပေါက်စလေးပေါ့၊ လိုက်ဒေးလို့လည်း ခေါ်ကြတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို မင်း သိမှာပါ၊ မင်းတို့ချင်း ခင်တယ်မဟုတ်လား၊ သူငယ်ချင်း မဟုတ်လား ဟင် ဟော့ကောင်”

သူသည် အောင်စည် ဆက်ပြောသော စကားတို့ကို မကြားတော့၊ သူ့မျက်လုံးထဲတွင် သူ့နောက်စေ့ကို ရေသန့်ဘူးက ဒေါင်ခနဲ လာမှန်ပုံ၊ ကျောကို ရေနွေးပူနှင့် အပက်ခံရပုံ၊ စထရင်းဟိုတယ်၏ ရှိုးပွဲကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားအောင် မြွေဖမ်းထည့်ပေးလိုက်ပုံ၊ တစ်ကိုယ်လုံး ဝဲပေါက်နေသလို လက်မနားတမ်း ကုတ်ဖွဲ့ခဲ့ရပုံ ...

အထူးသဖြင့် နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် သူတို့ ဂီတကို ချိုးချိုးဖွဲ့ဖွဲ့ပြောခဲ့သော အမေ့ဖုံကွင်းန်၏ ပုံရိပ်တို့ကို မျက်လုံးထဲတွင် ရုပ်ရှင်ပြသလို ပြန်မြင်ယောင်၍လာလေသည်။

ဒီလောက် ဆိုးသွမ်း ကြောက်စရာကောင်းတဲ့ အမေ့ဖုံကွင်း(န်)ကို အောင်စည်က အပီအပြင် အိန်ဂျီလေးဆိုပါလား။

အို အသင်လောက ... အချစ်ဆိုသောအရာကို သူ လိုက်မမီတော့ပါ။

❤ ⁕ ❤





အောင်စည်သည် ရုတ်တရက် နှုတ်ပိတ်သွားကာ မျက်နှာကြီးတင်းသွားသော နိုင်းဒီပါကို ကြည့်လျက် နားမလည်နိုင်အောင် ဖြစ်သွားရ၏။

ဒီကောင့်ပုံစံကြည့်ရတာ လိုက်ဒေးကို မသိတဲ့ပုံလည်း မဟုတ်၊ သို့သော် ဘာဖြစ်မှန်းမသိသောမျက်နှာဟာ သူ့ကို ဇဝေဇဝါ ဖြစ်စေသည်။

ပိုက်ဒေးလို ဉာဏ်ပညာ ထက်မြက်ထူးချွန်ကာ ခင်မင်စရာကောင်းလှတဲ့ မိန်းကလေးတစ်ယောက်ကို ဒီကောင်က ဘာလို့ တင်းရတာပါလိမ့်။

“ဟော့ကောင် ဘာဖြစ်သွားရတာလဲ ... လိုက်ဒေးကို သိတယ် ဟုတ်လား”

“သိပ်သိတာပေါ့ကွာ၊ အမေ့ဖုံကွင်းန်ပဲဟာ”



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ တနင့်တပိုးပြောသံကြီးကို အောင်စည်က မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်၍သွားသည်။

"ဘာ... ဘယ်လို ... အမေဖုံကွင်းနဲ့ ဟုတ်လား၊ ယူအက်ဖ် အယ်လ်ကွင်းနဲ့ မဟုတ်ဘူးလားကွာ"

"ဖွီ ... ဘာ ယူအက်ဖ်အယ်လ်ကွင်းနဲ့လဲ။ အရှုံးတွေ ပေး ထားတာ၊ နေပါဦး ... မင်းနဲ့ အဲဒီငနဲမနဲ့က ဘယ်လိုလုပ် ငြိသွားရတာလဲ"

"ဟာ ... ဘယ်လိုကြီးလဲကွာ ပြင်းထန်လှချည်လား၊ လိုက်ဒေးနဲ့ မင်း ကြားမှာ ပြဿနာကြီးကြီးမားမားတစ်ခု ရှိတယ်ထင်တယ်"

"တစ်ခုကိုမကဘူး အံ့ပါရဲ့ကွာ၊ မင်းက သူ့ကိုများ ကြွေ တယ်ဟုတ်လား၊ မင်း မိန်းမ မမြင်ဖူးတဲ့သူကျနေတာပဲ ...

ဒီလောက် အကျင့်ယုတ် စိတ်ပုပ် စွာစိလန်ကိုများ ဘာတွေ ခံစားရတာလဲ၊ အဲဒီဟာမလေးက နည်းနည်းမှ အကျင့်ကောင်းတဲ့ဟာမလေး မဟုတ်ဘူး"

"ဟာ ... ဘယ်လိုပြောလိုက်တာလဲ ဒီပါရှာ၊ မင်း ပြော တာလည်း ရက်စက်လိုက်တာ"





သူက အတော်ကြီး မသက်မသာဖြစ်သွားသော အောင်စည်ကို ကြည့်ကာ နှုတ်ခမ်းတစ်ချက်မဲ့ရင်း သူမနှင့် စတင် ဆုံစည်းပုံ၊ တွေ့တွေ့ချင်းမှာပဲ ရင်ဝကို ဖနောင့်နှင့် ဆောင့်ကန်ခံရသလို လုပ်ခဲ့သည့် အပြုအမူများအကြောင်း၊ သူတို့အဖွဲ့ကို ဘယ်လို စိတ်ပုပ်စွာ ကြံစည်ခဲ့ကြောင်းတို့ကို ပြည့် ပြည့်စုံစုံ (ပိုပိုသာသာ) ပြောပြလိုက်လေသည်။

အောင်စည်သည် သူ ခံရသော အလှည့်တွေမှာ တဟားဟားနှင့် ဩဘာပေးသည်မှာမှန်းဖွယ်ပင် ကောင်းသေးတော့။

"ဟား ဟား ဟား ... လက်စသတ်တော့ မင်းက မင်း ခံရလို့ လိုက်ဒေးကို မုန်းနေတာကိုး။ လိုက်ဒေးက ချစ် စရာကောင်းပါတယ်ကွာ၊ မင်းက သူ မြတ်နိုးတဲ့အရာတစ်ခု သွားဖျက်ဆီးလိုက်တာကိုး ...

ဒုက္ခပါပဲကွာ၊ ဒါဆို မင်းနဲ့ လိုက်ဒေးနဲ့က ကျောင်း တော်ကရန်စတွေ ရှိတယ်ပေါ့၊ မင်းနဲ့ အမျိုးတော်မှန်းသိရင် ငါ့ကိုတောင် တင်းသွားမလားပဲ၊ တော်သေးတာပေါ့၊ ငါ သွားမပြောထားတာ"

"ပြောချင်လည်းပြောပေါ့၊ သူ့စိတ်ဓာတ်ကို သိရတာပေါ့။ သူ့စိတ်က နော်မယ်ဆိုရင် ဘာပြဿနာမှ ရှိမှာမဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ကန့်စီထားမှာပဲ၊ စိတ်ပုပ်မဆိုရင်တော့ မင်းလည်း ချော်ဝင်မှာမဟုတ်ဘူး"

"တော်ပြီကွာ၊ ငါက မင်းဆီမှာ သူ့သတင်းလေးဘာလေးများ ရှိမလားလို့၊ သူ့မှာ ရည်းစားရှိလားဟင်"

"မရှိပါဘူး၊ ဒီရုပ်ကြီး ဘယ်သူက ကြိုက်မှာလဲ"

"ဒီလောက်လည်း မဟုတ်ပါဘူးကွာ၊ မင်းက ကြည့်မရလို့ ဖြစ်မှာပါ။ ဟူး ... ပြဿနာပဲကွာ၊ မင်းနဲ့ တစ်ကျောင်းတည်း၊ တစ်တန်းတည်း၊ တစ်မေဂျာတည်းမို့ အားကိုးရမလားမှတ်ပါတယ် ...

ရန်သူတော် သွားဖြစ်နေကြတာကိုး၊ ငါ ဘယ်လိုလုပ်ရပါ့"

သူက အောင်စည့်ကို ငုံ့ကြည့်ကာ ...

"ခေါက်ပစ်လိုက်ပေါ့ကွာ"

"အာ ... ဘာကိစ္စ ခေါက်ရမှာလဲ။ ငါက အမှန်အကန်ငြိနေတာ၊ မင်းလည်း လိုက်ဒေးနဲ့ အဆင်ပြေအောင်နေပါကွာ၊ မင်းအကြောင်းလည်း မသိရင်ခက်မယ်၊ တစ်ဖက်သားကို သိပ်ကလိတတ်တဲ့ကောင် ...





မင်းကလည်း သူ့ကို ဘယ်လို Lessons တွေပေးထားမှန်းမှ မသိတာ။ နောက်ကို သူနဲ့ မင်းနဲ့က အမျိုးတော်ရင် တော်နေရမှာ၊ ခင်ခင်မင်မင်ဆက်ဆံ"

သူက ဆရာကြီးလိုလိုဖြင့် အမိန့်တွေပေးကာနေသော အောင်စည်ကို အမြင်ကတ်စွာဖြင့် နှုတ်ခမ်းတစ်ချက်မဲ့ပြကာ ...

"ဟေ့ကောင် တောထဲက ကျားမကြီးကို မျက်နှာသစ်ပေးပြီး သွားတိုက်ပေးချင်ပေးမယ်၊ အဲဒီဟာမလေးနဲ့တော့ မဟာမိတ်မဖွဲ့နိုင်ဘူး ...

သူကမှ မင်းကို ချစ်လွန်းလို့ ငါ့ကို အောက်ကျို့လာရင်တောင် တစ်နှစ်စဉ်းစားဦးမယ် ဒါပဲ။ နောက်ထပ်ဘာမှ လာမနှယ်နဲ့တော့"

သူ့အပြောကို အောင်စည်က အံ့သံမထွက်ဘဲ ဆဲကာလက်သီးထောင်ပြလေသည်။ သူက ဟက်ခနဲ ရယ်မိကာ အမေဖုံ့ကွင်းန်ကိုမှ ကြွေမိရှာသော ကံဆိုးသူ မောင်စည်ကိုပဲ ရင်ထုမနာဖြစ်၍နေတော့သည်။

❤ ✻ ❤



www.burmeseclassic.com

www.burmeseclassic.com



ဒုယိယနှစ်ကျောင်းတွေ ပြန်ဖွင့်ပြီး သိပ်မကြာမီ အချိန်တွင် ကျောင်းမှနေ၍ သူတို့ ကျောင်းသား ကျောင်းသူတွေ အတွက် ပျော်ရွှင်ဖွယ် လေ့လာရေးခရီးစဉ် တစ်ခုကို စီစဉ်ပေးခဲ့လေသည်။ အဲဒါကတော့ ပြင်ဦးလွင်သို့ အပန်းဖြေလေ့လာရေးခရီးစဉ်ပဲဖြစ်သည်။ အဲဒီအတွက် ကျောင်းသားတော်တော်များများဟာ လိုက်ဖို့စာရင်းပေးကြရာဝယ် သူတို့အဖွဲ့က ထိပ်ဆုံးမှဖြစ်သည်။

အခုချိန်မှာ ဒီလို အုပ်စုလိုက်သွားကြတာတွေဟာ ရှားပါးနေပြီဖြစ်သဖြင့် သူတို့ ပြင်သစ်စာတန်းဟာ ဒီခရီးအတွက် အလွန်လှုပ်ရှားတက်ကြွလို့နေကြလေသည်။ ကျောင်းသူ ကျောင်းသားတွေအတွက် Express ကားကြီးသုံးစင်း စီစဉ်ထားလေရာ သူတို့အဖွဲ့သည် ကံဆိုးစွာနှင့် အလင်းရောင်တို့နှင့် တစ်ဖွဲ့တည်း ကျ၏။





သို့သော် သူကသာ အုံးစားနေသော်လည်း ပေါက်ပေါက်ကတော့ ရာဝင်အိုးနှင့် နီးစပ်တော့မည်မို့ ပျော်တပြုံးပြုံး။ သူ့ကိုလည်း အလင်းရောင်ကို သွားမကလိဖို့ရာ အထပ်ထပ်မှာကြားသေးသည်မှာ ဖအေကြီးလိုပင်။

“ဟော့ကောင် ဒုတိယနှစ်တောင် ရောက်လာပြီကွာ အာယာတတွေ ကျေလိုက်ပါတော့။ ဒီခရီးကို ပျော်ပျော်ရွှင်ရွှင်ပဲ ဖြစ်စေချင်တယ်ကွာ ...

ကိုယ်က ယောကျ်ားလေးပဲ သဘောထားကြီးပြီး အလျှော့ပေးလိုက်ရင် တစ်ဖက်ကလည်း မနေပါဘူးကွာ”

“ဟော့ကောင် ခဏခဏ တပ်မပြောနဲ့၊ နားငြီးတယ်၊ သဘောပေါက်တယ် မင်းသာ ရာဝင်အိုးကတစ်ဆင့် ဒေါ်စွာကျယ်ကို ပြဿနာမရှာဖို့ နားချခိုင်းထား”

“အေးပါကွာ ... အေးပါ။ မင်းတို့နှစ်ယောက်ကသာ ပြဿနာလုပ်နေကြလို့ပါ၊ ကျန်တဲ့လူတွေက အကုန်အဆင်ပြေပါတယ်”

ဒါတော့ ဟုတ်သည်။ သူနှင့် သူမကသာ တစ်ဖောင်းစေးနှင့် မျက်ချေးဖြစ်နေကြသော်လည်း ကျန်တဲ့သူတွေက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက် မဟုတ်ချေ။ ပေါက်ပေါက်ဆိုလျှင် ပပဆိုသော ရာဝင်အိုးနှင့် အပြုံးတွေဘာတွေ ဖလှယ်လျက် ခင်မင်စပြုနေပြီဖြစ်သည်။ ဒါကြောင့် သူဟာ ပေါက်ပေါက်ကို တစ်ခါတလေ၌ လောက်ထွက်ဟု ခေါ်တတ်လေသည်။

အဲဒီလိုပဲ တစ်ဖက်မှာလည်း ပပဟာ လိုက်ဒေးကို ပြဿနာမရှာဖို့၊ တော်ရုံတန်ရုံကို သည်းခံဖို့၊ အဆင်ပြေအောင်နေဖို့ အကြိမ်ကြိမ် အထပ်ထပ်ခါ အကြိမ်ကြိမ် အဖန်ဖန် အကျော့ကျော့ နားချ၍မဆုံး ဖြစ်နေသည်။

"လိုက်ဒေးရယ် ငါ နင့်ကို ကြားထဲက တောင်းပန်ထားပါတယ်ဟယ်၊ နင် နိုင်းဒီပါကို ပြဿနာမရှာပါနဲ့နော်၊ ခရီးက အားလုံးစုပြီး ပျော်ရွှင်စရာဖြစ်အောင် လာတဲ့ခရီးဆိုတော့ နင်ကို့နှစ်ယောက်ကြောင့် အားလုံး စိတ်အနှောင့်အယှက်ဖြစ်ရရင် မကောင်းဘူးပေါ့ ...

အ...ားပြောစရာလည်း ဖြစ်ကုန်မယ်၊ တစ်တန်းတည်းသ... အချင်းချင်းပဲဟာ၊ အခန့်မသင့်လို့ ဖြစ်တဲ့ကိစ္စလေး...ကို အတေးအမှတ်တွေ ထားမနေပါနဲ့တော့။ ကြည်ဖြူကျေအေးလိုက်ပါဟယ် ... နော် နော် နော်"





"ကျွတ် ... ဘယ်လိုဖြစ်နေလဲ မိပပ။ ဒီလောက်တော့ ငါလည်း နားလည်တယ်ဟဲ့ နော်။ ငါကစလို့ ဘယ်တော့မှ ပြဿနာမရှာဘူး ...

သို့သော် ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ ငါ့ကို ထိခိုက်လာပြီဆိုရင်တော့ ငြိမ်ခံမှာ မဟုတ်ဘူး...

ဒီတော့ ငါနဲ့ ဝေးရာမှာနေ၊ ရှောင်ထားရှားထားဖို့နင့် ကျူရိုးကတစ်ဆင့် မှာထား ဒါပဲ"

"အေးပါတယ်၊ သူကလည်း အဲဒါကိုပဲ စိုးရိမ်နေရှာတာပါ"

"အမလေး မိပပ၊ ညည်းနဲ့ ကျူရိုးနဲ့ကလည်း ဘာလဲ အချစ်မျက်ဝန်းတွေ လုပ်နေကြသလား ဟမ်၊ ရုတ်ရုတ်ရုတ်ရုတ်တော့ မလုပ်နဲ့နော်။ ဒါ ပျားရည်ဆမ်းခရီးထွက်တာ မဟုတ်ဘူး သိရဲ့လား"

လိုက်ဒေးကလည်း ပပကို ခပ်တင်းတင်းနှင့် မာန်မဲကာ ထားရလေသည်။ ဒီခရီးသွားအဖွဲ့ထဲတွင် အတွဲတွေရော၊ အတွဲမဖြစ်တဖြစ်တွေရော အဖြေပေးဖို့ စဉ်းစားထားကာ အချိန်မရွေး အဖြေပေးဖြစ်သွားနိုင်သော မောင်မယ်တွေပါကြလေရာ ပပကိုလည်း လိုက်ဒေးက စိတ်မချချင်ပေ။ ခရီးစဉ်တစ်ခု...



www.burmeseclassic.com

www.burmeseclassic.com



သက်တူရွယ်တူတွေ လွတ်လပ်ပျော်ရွှင်စွာ အတူထွက်လာကြတာဝယ် အုပ်ထိန်းသူ ဆရာ ဆရာမတွေ ပါသည်ဆိုသော်ငြားလည်း နှလုံးသားက လှမ်း၍ မြတ်နိုးသောကိစ္စတွေကိုတော့ ဘယ်လိုမှ တားဆီးနိုင်မှာ မဟုတ်။

စိတ်လှုပ်ရှားစရာကောင်းသော ပျော်ရွှင်ဖွယ်ခရီးကို အတူတကွ သွားနေချိန်နှင့် ကျောင်းမှာနေခဲ့သော အချိန်များဟာလည်း ဘယ်လိုမှ တူညီနိုင်မှာ မဟုတ်လေရာ နီးကပ်ချင်သူများအတွက် ပို၍ နီးကပ်သွားနိုင်မည့် အနေအထားပဲ ဖြစ်လေသည်။

ဒီလိုနှင့် လိုက်ဒေးတို့တစ်တွေ လိုက်ပါလာသော ကားကြီးများဟာ ရန်ကုန်မြို့မှ မနက်လေးနာရီခန့်တွင် စတင်ထွက်ခွာ၍လာကြသည်။ ကားစထွက်စဉ်မှာတော့ တစ်ကားလုံး ကြွက်ကြွက်ညံသလောက် နောက်ပိုင်းကျ ငြိမ်သွားကြပြန်သည်။ နောက်ဆယ်နာရီလောက်တွင် ပြန်လည်တက်ကြွလာကြကာ ကျောင်းသားတွေက ဂစ်တာတွေတီးခတ်လျက် သီချင်းတွေ ဆိုကြတော့သည်။

သူတို့ ပထမဆုံး စ,ဆိုသော သီချင်းမှာ ဒဏ္ဍာရီဇာတ်ကားထဲမှ ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်၍ သီချင်းနာမည်ကိုတောင် လိုက်ဒေး မသိတော့ချေ။ သို့သော် ထိုသီချင်းဆိုလိုက်





သောအခါ တစ်ကားလုံးက လက်ခုပ်တွေ ဝိုင်းတီးပေးကြလျက် ပျော်ရွှင်ကြသည်မှာ လိုက်ဒေးထံသို့ပင် ကူးစက်လေသည်။

"လွတ်လပ်တဲ့ မိုးသားကောင်းကင်အောက်မယ် xxx လတ်ဆတ်တဲ့ အရိုင်းသီချင်း တို့တစ်တွေဆိုမယ် xxx နေရောင်မှာ စီးဆင်းပျော်မြူးခဲ့ xxx အဖော်စုံရင် တစ်ခရီးထဲသွားကြမယ် xxx တစ်ခရီးထဲ အတူတူပေါ့ xxx ဘဝတစ်သက်တာ အမှတ်တရ ရင်ခုန်သံအတူညီဆုံး xxx အလွမ်းသီချင်းဆိုနားလိုက်တော့ကွယ် တို့တစ်တပ်လုံး မောသွားရမယ် xxx အနားမပေးဘဲ တီးခတ်ကိုယ့်လူ xxx ပျော်ရွှင်စရာ အလည်ခရီး xxx ဘဝတစ်သက်သာ အမှတ်တရ ဖြစ်စေမယ်ဝေး xxx ဟေး ဟေး xxx"

ထိုသီချင်းကို ယောကျ်ားလေးတွေက တိုက်လာသလားမှတ်ရအောင် တညီတညာတည်း ဝိုင်း၍ဆိုကြလေသည်။ ဒီလိုနှင့် လိုက်ဒေးတို့ရဲ့ ခရီးစဉ်ဟာ ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိ ဖြစ်ခဲ့သည်။

လိုက်ဒေးသည်လည်း ခရီးမထွက်တာ ကြာပြီဖြစ်လေရာ လမ်းဘေးဝဲယာ စိမ်းစိုသော ရှုခင်းများသည် လိုက်ဒေးကို



www.burmeseclassic.com

www.burmeseclassic.com



အတွေးသစ်တွေ အများကြီးပွားစေသည်။ ဒါကြောင့် စာရေးဆရာတွေဟာ ခရီးတွေကို တကူးတက ထွက်ကြတာနေမှာ။

လိုက်ဒေးတို့ ကားကြီးတွေဟာ တောင်ငူရောက်လျှင် ထမင်းစားရပ်နားကြသည်။ ထမင်းဆိုင်က လူများသည် ဩဇာသီးအဖွဲ့လည်း ပါလာမှန်းသိကြရာ လက်ဆွဲပြီး နှုတ်ဆက်သူက နှုတ်ဆက်၊ ဓာတ်ပုံတွဲရိုက်တဲ့သူတွေ တွဲရိုက်ကြလျှင် လိုက်ဒေးက အသာမဲ့ရွဲ့ပြသည်။

နိုင်းဒီပါဆိုသော ဩဇာသီးပုပ်တစ်လုံးသည် သူ့ကိုယ်သူ အတော်ကြီးအောင်မြင်နေလေဟန်ဖြင့် ဆောင့်ကြွားကြွားပဲများနေတာကို လိုက်ဒေးက ကြည့်မရဆုံး။ လိုက်ဒေးတို့ ရှိရာဘက်သို့လည်း မကြာခဏ ကြည့်ကာ သူ အောင်မြင်တာတွေ့လား၊ နင် ဒီလိုအောင်မြင်လားဟု ပြောနေတဲ့အတိုင်းပဲ ဖြစ်၏။

ဒီကြားထဲ သော်ဇင်ကိုကိုဆိုသော ငတိက MP4ကို ကိုင်လျက် စပ်ဖြီးဖြီးဖြင့် ရောက်လာကာ ...

"အလင်းရောင် ငါနဲ့ ဓာတ်ပုံတစ်ပုံလောက် တွဲရိုက်ရအောင်လေ"

"ဘာကိစ္စရိုက်ရမှာလဲ၊ ပေပေါ လာလုပ်မနေနဲ့"





"ဟာ ... နင်က စာရေးဆရာမလေ၊ ဒီလို နိုင်ငံကျော် စာရေးဆရာမလောင်း တစ်ယောက်နဲ့ ဓာတ်ပုံရိုက်ချင်လို့ပေါ့ဟ၊ ဟိုမှာ သူများတွေတောင် တွဲရိုက်နေကြတာ မမြင်ဘူးလား၊ ငါနဲ့ ဓာတ်ပုံတွဲရိုက်ပါဟာ ...

ပြီးရင် ငါ့လက်ဖဝါးမှာပါ အော်တိုရေးပေးဦးနော် ဟဲ ဟဲ"

"တောက် ... နင် မျက်နှာလာရှုးမနေနဲ့နော်၊ ငါ ငါးပိရည်နဲ့ ပက်မလွှတ်ခင် အမြန်ထွက်သွား"

"ဆရာမကလည်း မာနကြီးလိုက်တာ၊ ဒီလို စာရေးဆရာမမျိုး အားကိုမပေးတော့ဘူး အဟုတ်"

သော်ဇင်က ယောက်ျားတန်မဲ့ ရန်တွေ့ကာ ထွက်ခွာသွားလေသည်။ ဘယ်လောက်မှ မကြာ ဩဇာသီးအဖွဲ့ထဲမှပဲရဲ့ အချစ်တော် ကျူရိုးက ဗီဒီယိုကင်မရာ အသေးလေးကိုင်လျက် ထမင်းဆိုင်တစ်ဆိုင်လုံးကို လှည့်ပတ်မှတ်တမ်းတင်နေရာမှ လိုက်ဒေးတို့အနားသို့ ရောက်လာသည်။ သူ့ကင်မရာက လိုက်ဒေးတို့ စားပွဲဘက်ဝဲလာသဖြင့် လိုက်ဒေးဟာ လက်ကြီးတယမ်းယမ်းကာလျှက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် … ငါ့ကို မရိုက်နဲ့နော် … မရိုက်နဲ့"

ကျူးရိုးက ကင်မရာဖြင့် လိုက်ဒေးရဲ့ ပုံကို အမိအရ ချိန်ထားရင်းမှ …

"ငါက တို့တစ်ဖွဲ့လုံးရဲ့ ခရီးစဉ်ကို အစအဆုံး မှတ်တမ်းတင်နေတာပါကွာ။ peace (ငြိမ်းချမ်းရေး) နော်။ လီမှာတယ်"

"အင်းလေ … လိုက်ဒေးကလည်း"

မဠူကြပင်လျှင် လိုက်ဒေးကို တံတောင်နှင့် တွက်ကာ ကင်မရာဘက်လှည့်၍ လက်နှစ်ချောင်းထောင်ပြလိုက်သေးသည်။ လိုက်ဒေးကတော့ ပြောမရသဖြင့် ရှုပုပ်ပုပ်။ ပြီးလျှင် ကျူးရိုးသည် လိုက်ဒေးတို့ကို မျက်နှာလုပ်သောအားဖြင့် အချိုရည်ဘူးတွေ၊ Snacks တွေ၊ အာလူးကြော်၊ အချဉ်ထုပ် စသဖြင့် တထောကြီး လာ၍ပေးသွားလေသည်။

ပပ မျက်နှာက မှိုရသည့်မျက်နှာနယ်။ ကျူးရိုးကလည်း ဩစတေးသီးအဖွဲ့ရဲ့ အထင်ကရတစ်ဦးဖြစ်လေရာ ပပနှင့် ကျူးရိုးကို အားလုံးက အကဲတခတ်ခတ်နှင့်မို့ ပပမှာ ပေါ်ပြူလာဖြစ်လို့နေသည်။





"ပပနော် ညည်းရဲ့ သွားသုံးဆယ့်နှစ်ချောင်းလုံးလည်း တဟဲဟဲ ပြန်ကိုမပိတ်နိုင်တော့ဘူး၊ ကြည့်မရတော့ဘူး ဣန္ဒြေရရနေစမ်း"

"ဟယ် … လိုက်ဒေးကလ ; ငါက ဘာများလုပ်နေလို့လဲ"

"ဘာလုပ်ရမှာလဲ၊ ဘာကိစ္စ ကျူးရိုးပေးတဲ့ဟာတွေကို လက်ခံထားရတာလဲ၊ အစားအသောက်ဆို နွားပြာကြီး အောက်သွားမရှိသလို တဟဲဟဲနဲ့"

"ဘာဖြစ်လဲဟာ၊ နင့်တောင် ပေးမယ့်သူရှိလို့လား"

"အေး … ဖက်တီးမ၊ နင့်ကို ဟိုက အစားနဲ့ မျှားပြီး မြူဆွယ်နေတာ။ ပြီးမှ နင့်ကို ဝက်ကောင်လုံးကင် လုပ်စားသွားမှာ သိလား"

ပပသည် လိုက်ဒေး၏ ပျစ်ပျစ်နှစ်နှစ် အပြောကြောင့် မျက်စောင်းကြီးတစ်ချက်ထိုးကာ နှုတ်ခမ်းဆူ၍ စိတ်ကောက်သွားလေသည်။

"အဲဒီ လိုက်ဒေးဟာလေ သိပ်စိတ်ပုပ်တယ်၊ သူများကို ပြောလိုက်ရင် ပိသာလေးနဲ့ဘေးပစ်"



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဒေးကလည်း ပပနှင့် မဥ္ဇူကို မကျေနပ်။ တဟိဟိ တခိခိနှင့် အကဲမရဟု ယူဆကာ ပြန်၍ စိတ်ကောက်လေသည်။

❤ ✳ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၀

လိုက်ဒေးသည် လမ်းလျှောက်ရတာ အတော်ကြာလာလျှင် မောလည်းမောသလို စိတ်ကလည်း တို၍လာသည်။ ဘယ်တွေရောက်လို့ ရောက်နေမှန်းလည်း ကိုယ့်ကိုယ်ကိုယ် မသိချေ။ နောက်တော့ မောလွန်းလာသဖြင့် သစ်ပင်ကြီးတစ်ပင်အောက်မှာ ခြေပစ်လက်ပစ် ထိုင်ချပစ်တော့လျက် အမောဖြေရသည်။

သဘာဝရေတံခွန်ရှိရာ တောထဲဘက်သို့ လိုက်ဒေးတို့နှင့် ဆရာတစ်ယောက် ဦးဆောင်သောအဖွဲ့ဟာ လေ့လာရေးခရီး ထွက်လာခဲ့ကြခြင်းဖြစ်ရာ တစ်နေရာအရောက်တွင် ဘယ်လိုလုပ် လူစုကွဲသွားသလဲ မပြောတတ်။ လိုက်ဒေး တစ်ယောက်တည်း ယောင်လည်လည် ဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ဟိုဟိုဒီဒီ စမ်းတဝါးဝါးသွားကြည့်သော်လည်း လမ်းမှတွေ့၊ လူစုကို မတွေ့သည့်အပြင် ခေါင်းတွေပါ ကိုက်၍လာလေသည်။ နောက်တော့ သူတို့ လိုက်ရှာလျှင် တွေ့အောင် တစ်နေရာမှာပဲ ငြိမ်ငြိမ်သက်သက် ထိုင်စောင့်နေဖို့ စိတ်ကူးကာ ထိုင်ချလိုက်တာ ဖြစ်လေသည်။

"ချွတ် ... ချွတ် ... ချွတ်"

အဲဒီအခိုက် လိုက်ဒေးရဲ့ နားထဲတွင် ကြားလိုက်ရတာက ချိုးချိုးချွတ်ချွတ်သံဖြစ်သည်။ ထိုအသံကို ကြားလိုက်ရလျှင် ထိတ်ခနဲ ဖြစ်သွားပြီးနောက် ...

"ဘယ်သူလဲ"

တစ်ဖက်က မဖြေချေ။ လူကသာ မဖြေသော်လည်း သစ်ရွက်ခြောက်များကို နင်းမိ၍ တချိုးချိုး တချွတ်ချွတ် ထွက်လာသော အသံများဟာ လိုက်ဒေး ရှိရာသို့ တဖြည်းဖြည်း နီးကပ်လာပြီဆိုတာကို သိရလျှင် လိုက်ဒေးသည် ဇာချွေးတွေ ပျံလာကာ ချက်ချင်း ထိတ်လန့်တုန်လှုပ်လာရလေသည်။

ဘုရား ... ဘုရား ... တောကြီးမျက်မည်းထဲမှာ ဘယ်လိုလူတွေနဲ့ တွေ့ဦးမှာပါလိမ့်။ လိုက်ဒေးသည် အတုန်တုန်





အလှုပ်လှုပ်ဖြင့် နီးရာ သစ်ကိုင်းခြောက်တစ်ခုကို ဆွဲကာ မတ်တတ်ထရပ်လိုက်စဉ် ဝုန်းခနဲ အသံကြီးနှင့်အတူ တစ်စုံတစ်ရာက လေထဲသို့ မြောက်တက်ပါသွားတာကို တွေ့လိုက်ရလေသည်။

"အား ..."

"အား ..."

ထိုလူ့ထံမှ အားခနဲ အော်သံနှင့် လိုက်ဒေးရဲ့ ဘာမှန်း ညာမှန်းမသိသော အားခနဲ အော်သံကြီးနှစ်ခုဟာ တစ်တောလုံးကို ပဲ့တင်ထပ်၍ သွားလေသည်။ ထိုအက်ကိုးသံတွေပြီးတော့မှ လိုက်ဒေးက ကြောက်ကြောက်လန့်လန့်နှင့် ပိတ်ထားမိသော မျက်လုံးတွေကို အရဲစွန့်ဖွင့်ကြည့်လိုက်လျှင် ထင်မှတ်မထားသော လူတစ်ယောက်ကို လေထဲမှာ တွဲလောင်းကြီးဖြစ်နေ တာကို မြင်တွေ့လိုက်ရလေသည်။

"ဟင် ... ဩဇာသီးပုပ်"

ဩဇာသီးပုပ် နိုင်းဒီပါသည် လေထဲမှာ ဇောက်ထိုးကြီးဖြစ်ကာ ချာချာလည်၍ နေလေသည်။ တအီးအီးဖြင့် ညည်းညူကာနေပြီးမှ ...

"ဟော့ ... ဒီ ... ဒီမှာ ငါ့ကို ကူညီဦး"



www.burmeseclassic.com

www.burmeseclassic.com



"အခုနက ငါ့အနားကို ကပ်လာတာ နင် မဟုတ်လား။ ဟင် … နင် ဘာအကြံအစည်နဲ့ ငါ့အနားကို ကပ်လာရတာလဲ …

မဟုတ်တရုတ်"

လိုက်ဒေးပင် စကားမဆုံးသေး သူက ဖြတ်၍ အော်ပစ်လေသည်။

"ဟာ … ဘာတွေလျှောက်ပြောနေတာလဲ၊ ငါလည်း မင်းမှန်းမှ မသိတာ။ ဘယ်သူဘယ်ဝါမှန်း မသိလို့ အသာကပ်လာတာပေါ့။ ငါက မင်းကို ဘာလုပ်မှာမို့လို့လဲ"

"ဩော် … ဘယ်သိမလဲ။ နင်သာ ရိုးသားရင် ငါက ဘယ်သူလဲလို့ မေးနေတာ ပြန်ဖြေပါလား"

"အောင်မယ် … သူ့အသံကိုပဲ ငါက မှတ်မိရဦးမယ့်ပုံ။ ကျွတ် … ဒီမှာ ကလီစာတွေ ပြောင်းပြန်ဖြစ်ကုန်ပြီကွာ၊ ငါ့ကို တစ်ခုကူညီစမ်းပါ။ ငါ့ ကျောပိုးအိတ်ထဲက ဓားယူပေးစမ်းပါ"

"ဟဲ့ … ယူပြီးတော့ ငါက နင့်ကို ဘယ်လို လှမ်းပေးရမှာလဲ"





"ကျွတ် … တုံးလိုက်တာကွာ။ ဒီအတိုင်း လှမ်းပစ်ပေးလို့ကတော့ မင်း နဖူးကို စိုက်ပြီးသားနေမှာပေါ့။ ဝါးလုံးရှည်တစ်လုံးဖြစ်ဖြစ် ထိပ်မှာ လက်ကိုင်ပဝါနဲ့ ချည်လိုက်၊ ပြီးရင် ငါ့ကိုပေး"

အပေါ်မှာ တွဲလောင်းဖြစ်နေသော ကိုဓောက်ထိုးသည် လိုက်ဒေးကို ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားနှင့် အမိန့်ပေးနေပုံကို လိုက်ဒေးက ခါးထောက်ကာ နှုတ်ခမ်းရွဲ့လျက် တရားကျစွာ မော့ကြည့်နေမိသည်။

သူက စိတ်မရှည်တော့သည့်ဟန်ဖြင့် …

"ဟိတ် … ဘာကြည့်နေတာလဲ။ ဆပ်ကပ်ပြတယ်များထင်နေသလား၊ လုပ်လေကွာ ရှာ … ရှာ … ဝါးလုံးရှည်ရှည်ရှာ"

"ဒီမှာ အကူအညီတောင်းရင်လည်း ကောင်းကောင်းမွန်မွန်ပြောတောင်း၊ အမိန့်ပေးသလိုလို ခိုင်းသလိုလို လာမလုပ်နဲ့"

"ဟာ … ဒီမှာ ဒီလောက်ခံနေရတာတောင် မင်းကို ရှိခိုးဦးတင်ပြီး တောင်းပန်နေရဦးမှာလား … ကျွတ်"

သူက စိတ်မရှည်ဟန်ဖြင့် ကျွတ်သပ်တာကို လိုက်ဒေးက မျက်စောင်းတစ်ချက်ထိုးရင်း အနီးအနားမှာ ဝါးလုံးဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းရှည်ရှည်ဖြစ်ဖြစ်ကို စေတနာမရှိသော်လည်း ရှာပေးရသည်။ အဘယ်ကြောင့်ဆိုသော် ဒီတောထဲမှာ ကိုယ်ဟာ ဘယ်လိုမှ လမ်းရှာတတ်မှာမဟုတ်။ ပြီးတော့ ဘယ်လိုလူမျိုးနဲ့ ဆုံဦးမလဲ ဆိုတာလည်း မပြောတတ်တာမို့ ကိုယ်သိသော ယောကျ်ားလေး တစ်ယောက်ကို တွေ့လိုက်ရလျှင် အတော်ကြီး အားတက်သွားသည် ဆိုတာကိုတော့ တိတ်တဆိတ် ဝန်ခံပါမည်။

မလှမ်းမကမ်းမှာ သစ်ကိုင်းခြောက်ရှည် တစ်ခုကို ရှာတွေ့လျှင် လိုက်ဒေးက သူ့အိတ်ထဲက ဓားကို ထုတ်လျက်တုတ်မှာ ချည်ပေးရသည်။ ပြီးလျှင် သူ့ကို မြှောက်တင်ပေးလိုက်လျှင် သူက ခဲရာခဲဆစ်ယူကာ သူ့ခြေထောက်မှ ကြိုးကို ဖြတ်လေသည်။

အဲဒီနောက်မှာတော့ ကြိုးပြတ်သွားလျှင် သူ့ခန္ဓာကိုယ်ကြီးဟာ အောက်သို့ ဖုန်းခနဲ ပြုတ်ကျလို့လာလေသည်။ တအီးအီးနှင့် နာကျင်နေတာကို လိုက်ဒေးက လက်ပိုက်ကြည့်လျက် အသာအကဲခတ်နေသည်။ သူက ညည်းညူ၍ အားရလျှင် လိုက်ဒေးကို မော့်ကြည့်ကာ ...

"မင်းက ဒီနေရာကို ဘယ်လိုလုပ်ရောက်နေတာလဲ"





"နင်ကရော ဘယ်လိုလုပ် ရောက်လာတာလဲ"

စိတ်မရှည်တတ်သော ဒီပါသည် မျက်မှောင်ချက်ချင်းကုတ်သွားရင်း ...

"ငါက အရင်မေးတာလေ"

"ဘယ်သူမေးမေးပေါ့၊ ဟော့ ... သိပ်စွာမနေနဲ့နော်။ ငါ့ရဲ့ကူညီမှုကြောင့် အောက်ထိုးဘဝက လွတ်ခဲ့တယ်ဆိုတာလည်း သတိရဦး။ အောက်ကို ရောက်တာနဲ့ စွာစိလန် လာလုပ်မနေနဲ့"

"အောင်မယ် ... သူကများ ပြောရတယ်ရှိသေးတယ်။ စွာစိလန်နေတာက မင်း။ ငါ့ဟာငါဆို ဘာထောင်ချောက်မှ မိစရာမလိုဘူး၊ မင်း မေးလို့ ငါ လန့်သွားပြီး တက်နင်းမိရတာ"

"အမလေးဟယ် ... ဖြစ်မှဖြစ်ရလေ။ ဟုတ်ရှာတယ် ... ဟား ဟား ဟား"

ဒီပါသည် ရုတ်တရက် နှုတ်ခမ်းကိုမဲ့ကာ ခါးထောက်နေရာမှ လက်ခုပ်ပင်တီး၍ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သော အလင်းရောင်ကို ကြည့်ကာ အထူးအဆန်းဖြစ်သွားရသည်။ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်လျှင် ဆယ့်နှစ်ရာသီ ထာဝစဉ် စူပုပ်ကောက်ချိတ်နေတတ်သော မျက်နှာတစ်ခုဟာ ဟက်ဟက်ပက်ပက်ကြီး ပြုံးရယ်လိုက်လျှင် သူ့အတွက် အံ့သြမှင်သက်ကြည့်စရာ မျက်နှာတစ်ခု ဖြစ်၍သွားလေသည်။

အဲဒီအရယ်မျက်နှာကြောင့်ပင် သူနှင့် သူမကြားမှာရှိသော မကျေနပ်မှုတချို့ လွင့်စဉ်သွားသလိုပင် ခံစားရလေသည်။ ဒါဟာ တောကြီးမျက်မည်းထဲမှာ ခိုးကိုးရာမဲ့ ဘဝတူလူသားနှစ်ဦး ဆုံတွေ့ရခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

"ထားပါတော့၊ ငါက ဟိုကောင်တွေနဲ့ လူစုလွဲလာတာ၊ မင်းလည်း ဒီလိုပဲ နေမှာပေါ့"

"အင်းပေါ့"

သူနှင့် ဇိုက်ဒေးသည် တစ်ယောက်နှင့်တစ်ယောက် မသိမသာ အကဲခတ်နေကြရင်းမှ လိုက်ဒေးက စတင်ကာ လှည့်ထွက်ဖို့ပြင်သည်။

"ဟိတ် ... အဲဒါက ဘယ်လဲ"

"ဘယ်ရမှာလဲ၊ ဒီလိုပဲ သွားရမှာပေါ့"

"ဟ ... သွားရအောင် မင်းက လမ်းသိလို့လား"





"ဘယ်သိပါ့မလဲ"

"မသိဘဲနဲ့ ဘယ်တွေလျှောက်သွားဦးမှာလဲ၊ ဟိုး အဝေးကြီးတွေထဲရောက်သွားပြီး ပြန်ထွက်မရ ဖြစ်ကုန်မယ်၊ မသွားနဲ့"

"အောင်မယ် မသွားလို့ ငါက နင်နဲ့ နေရမှာလား"

သူက ဘာပြန်ပြောရမှန်း မသိစွာနှင့် ခေါင်းတစ်ချက်ကုတ်ကာ ...

"မင်း ငါနဲ့ မနေချင်လို့ ဘယ်သွားမှာလဲ။ တောကြီးထဲမှာ မိန်းကလေးတစ်ယောက်တည်း ကောင်းမှာလား။ မင်းကို ငါ စေတနာနဲ့ ပြောနေတာ ...

မဟုတ်ကဟုတ်ကတွေ လျှောက်တွေးထင်မနေနဲ့၊ ငါက မင်းလို စိတ်မပုပ်တတ်ဘူး"

သူမသည် ချက်ချင်းပင် သမန်းကျားဖြစ်သွားလျက် ...

"အောင်မယ် ... နင် ဘာစကားပြောတာလဲ၊ ငါက ဘာစိတ်ပုပ်ရမှာလဲ၊ နင်သာ စိတ်ပုပ်၊ အကျင့်ယုတ်"

"ဟာ ... မင်း တော်တော်စွာတဲ့ မိန်းမပဲ။ ဒီလောက်တောထဲ ရောက်နေတာတောင် ငါ့ကို စွာရဲ သေးတယ်"

"အံမယ် ... အံမယ် ... နင်က ဘာမို့လို့လဲ၊ အသက်ချင်း လဲပစ်လိုက်မယ် နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီပါသည် နောက်လို့လည်းနောက်မှန်းမသိသော ကဲကဲဆတ်ဒေါသထွက်နေသည့် သူမကို ကြည့်ကာ ပထမဆုံးအကြိမ်အဖြစ် စိတ်မဆိုးမိဘဲ ရယ်ချင်၍နေလေသည်။ ကျောလယ်မရောက်တရောက် အဝါနုရောင်သမ်းသမ်း ဆံနွယ်တွေကို ပိုနီတေးလ် စုစည်းထားသော်လည်း မောပန်းလှုပ်ရှားရ၍ထင်သည်။ ဆံနွယ်စတွေက ဟိုတစ်စ ဒီတစ်စ ကပိုကရို ဝဲဖြာကျနေသည်။ ဆံနွယ်တွေကြားထဲမှ မပြင်မဆင် မခြယ်သထားသော မျက်နှာသည် ချွေးဥလေးတွေ စိုနေလျက်ရှိတာတောင် ရေစက်တွေ ဖျန်းပက်ထားသည့်အလား လန်းဆန်းလို့နေသေးသည်။

သူသည် သူမ မျက်နှာကို အခုမှ စေ့စေ့စပ်စပ် အကဲခတ်ခွင့်ရခြင်းဖြစ်လေရာ သေချာလည်း သွားမကြည့်ရဲသေးသဖြင့် မျက်နှာလွှဲလိုက်ရသည်။

"ကျွတ် ... ဘယ်သူမှလဲ လိုက်မရှာကြဘူးလား မသိဘူး။ စိတ်ညစ်လိုက်တာ ဗိုက်ကဆာလာပြီ"

သူ့ကျောပိုးအိတ်ထဲတွင်ရှိသော ပေါင်မုန့်တစ်ထုပ်ကို သူမလည်း ဓားယူတုန်းက မြင်မှာပဲ။ သူက ဒါကို တွေးမိ၍ သူမကို ဖျတ်ခနဲ ကြည့်မိလျှင် သူမကလည်း ဘယ်လိုအခိပ္ပာယ်ပေါက်သလဲတော့ မသိချေ။





"နင့်မုန့်ကို စားချင်လို့ ပြောနေတာမဟုတ်ဘူးနော်။ လူကိုလာပြီး ကြည့်မနေနဲ့"

"ဟာ ... မဟုတ်ပါဘူး။ မင်း ဗိုက်ဆာရင်လည်း စားပါ"

"မစားပါဘူး"

သူမက ခပ်တည်တည်ပဲ ဘုတောသည်။ သူက ဒါကို အမြင်ကတ်သွားရလျက် ...

"မစားချင်လည်း နေကွာ၊ ဘယ်သူက ဖွတ်ကျွေးနေလို့လဲ"

"ဘယ်သူကရော တောင်းစားနေလို့လဲ"

"ကျွတ် ..."

"ဟွန်း ..."

ဒီလိုနှင့် သူတို့နှစ်ယောက်က တည့်လည်းမတည့်ပါဘဲနှင့် အတူတကွ ရှိဖို့ဖြစ်လာသည်။ တောထဲကလည်း သွားလေလေ မျက်စိလည်လေလေဖြစ်ရာ သူတို့နှစ်ယောက်မှာ ဘာမှ မတတ်နိုင်ကြတော့ချေ။ သူသည် မျက်နှာတစ်ခုလုံး နီရဲလျက် အတော်ကြီး ဗိုက်ဆာနေဟန်ရှိသော သူမကို သနားသွားလျက် ...

"အလင်းရောင်"



www.burmeseclassic.com

www.burmeseclassic.com



သူက တိုးဖွဖွ ခေါ်လိုက်လျှင် သူမက ပြန်တောင် မထူးနိုင်တော့ဘဲ မျက်ဝန်းအကြည့်နှင့်သာ တုံ့ပြန်နိုင်လေသည်။ အဲဒီအကြည့်တစ်ချက်သည် ဘယ်လောက်တောင် အားအင်တွေ ဖျော့တော့နေသလဲဆိုလျှင် သူမအပေါ်တွင်ထားရှိသော အမြင်ကတ်မှုများ၊ ကြည့်မရမှုများအားလုံးကို သိမ်းကျုံးယူကာ လွှင့်ပစ်လိုက်သလိုပဲဖြစ်၏။

"ဒီအတိုင်း ဆက်သွားနေရင် မိုးချုပ်တော့မယ်။ တစ်နေရာမှာ နားဖို့လုပ်ရအောင်၊ ပြီးတော့ အစာစားမှ ဖြစ်တော့မယ် ...

ကိုယ့်စကားကို နားထောင်ပါ အလင်းရောင်၊ မင်းနဲ့ကိုယ်နဲ့ ကြားမှာ ဘာမကျေလည်မှုတွေပဲ ရှိခဲ့ ရှိခဲ့ ဒီအချိန်မှာ မေ့ထားလိုက်ပါ ...

ဒီအချိန်ဟာ ကိုယ်တို့နှစ်ယောက် ကျော်ချင်းကပ်ရှိနေရမယ့် အချိန်ပါ"

သူမက ဘာမှ ပြန်မပြောဘဲ တွေတွေ ငေးငေးဖြင့်သာ ခေါင်းတစ်ချက်ညိတ်ပြလေသည်။ အစဉ်အမြဲ ဆတ်ဆတ်ကြဲ ပုံစံနှင့်သာ တွေ့ခဲ့ရသော သူမကို ဒီလိုပုံစံလေးနှင့် တွေ့ရတာဟာ သူ့ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားချက်တွေကို ဖြစ်စေသည်။





သူဟာ သက်ပြင်းကို အသာချလျက် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်မှာ နားဖို့ပြင်ရသည်။ ပြီးလျှင် သူ့ကျောပိုးအိတ်ထဲမှာပါသော ပေါင်မုန့်၊ ငါးသေတ္တာဘူးကို ဖွင့်ကာ သူမကို ကျွေးရလေသည်။ ပြီးလျှင် code တစ်ဘူးကိုပါ ချပေးလိုက်လျှင် ...

"အို ... အဲဒါ ငါ မသောက်ပါဘူး၊ နင်ပဲ သောက်ပါ"

"မဟုတ်ဘူး၊ နင်ပဲ သောက်လိုက်ပါ"

"တော်ပါပြီ"

"သောက်စမ်းပါဟာ၊ ငါက code မကြိုက်ဘူး။ ရေပဲ သောက်မှာ၊ ရေက နည်းနေလို့ နင့်ကို တိုက်တာ။ ချိုသားရဲ့ဘူး၊ ငါ့ထဲကို ထည့်ထားလို့ပါလာတာ ... သောက် ... သောက်"

သူမက သူ့ကို အားနာနေသည့်အလား ဘာမှ သိပ်မစားသဖြင့် သူ့မှာ ဇွတ်ကျွေးရသေးသည်။ တဖြည်းဖြည်းနှင့် အမှောင်ထုက ကြီးစိုး၍ အလင်းရောင် ပျောက်လာလျှင် သူမက မျက်နှာကား ထားစရာမရှိအောင် ပျက်ထွက်၍ နေလေသည်။

သူသည် သက်ပြင်းတစ်ချက်ကို အသာရှိုက်ရင်း အနီးအနားရှိ သစ်ကိုင်းခြောက်များကို စုစည်းကောက်နေလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော့လည်း သူမက ဒူးတုပ်၍ ထိုင်နေရာမှထကာ ကူ၍ ကောက်ပေးဖော်ရလေသည်။ သစ်ကိုင်းခြောက်များ အတော်အသင့် ရလာလျှင် သူက မီးမွှေးကာ မီးဖိုလိုက်သည်။

ဖြိုးဖြိုးဖြောက်ဖြောက် အလင်းရောင် အောက်တွင် သူမ မျက်နှာသည် ဆီးရွက်ခန့်သာ ရှိတော့လေသည်။ သူက လည်ချောင်းကို တစ်ချက်ရှင်းလိုက်ရင်း ...

"အဟမ်း ... အလင်းရောင်"

သူမဟာ မျက်ဝန်းများနှင့်ပဲ သူ့ကို ကြည့်၍လာလေသည်။

"မင်း အိပ်ချင်ရင်အိပ်နော်၊ ငါ စောင့်ပေးမယ်"

"မအိပ်ချင်ပါဘူး၊ နင်သာ အိပ်ချင်ရင်အိပ်"

သူမက သူ့ကို ဘောက်ဆတ်ဆတ်ဖြင့် ပြန်ပြောသည်။ သူမ တွေးနိုင်မိသော အတွေးတစ်ခုကို သူက အခုမှ သတိရသွားကာ စားမြှောင်ကို သူမဘက်သို့ လှမ်းပစ်ပေးလိုက်သည်။ အထိတ်တလန့် မော့ကြည့်လာသော သူမကို သူက ခပ်တည်တည်ကြည့်ကာ ...

"အဲဒီဓားကို ယူထား၊ မင်းကို ငါက မကောင်းတာတစ်ခုခု လုပ်ခဲ့ရင် အဲဒီဓားနဲ့ထိုး ကြားလား"





ဒီလိုကျတော့လည်း သူမက သူ့ကို မျက်စောင်း တစ်ချက်ထိုးကာ ဓားကို ခပ်တည်တည် ယူထားလိုက်သေးသည်။ သူက သူမကို ခပ်ချဉ်ချဉ်ကြည့်လျက် ...

"ဗိုက်ဆာရင်လည်း ကိုယ့်အသားကိုယ် လှီးစားလို့ရတယ်၊ ငါ့ကိုလည်း ကျွေးဦး"

ဒီတော့မှ သူမက မျက်စောင်းတစ်ချက်ပို့လွှတ်ကာ ...

"နင့်လည်ပင်းကို လှီးမယ် သိရဲ့လား"

သူက ထိုစကားကို ဟက်ခနဲ ရယ်ချလိုက်လျှင် ခဏအကြာတွင် သူမကလည်း လိုက်ရယ်မောလေသည်။ ထိုရယ်မောခြင်း တစ်ခဏတို့တွင် သူတို့နှစ်ဦးသား၌ ငြိမ်းချမ်းမှုတစ်မှု ခိုဝင်ရောက်လာသည်ဟု ထင်မိလေသည်။

တကယ်တော့ သူဟာ သူမရဲ့စိတ်တွေ တင်းကျပ် မနေအောင်၊ ထိတ်လန့်မနေအောင် တမင်နောက်ခြင်းဖြစ်ပါသည်။ ရယ်မောပြီးနောက် နှလုံးသားတို့ သက်သာရာရသွားဟန်တူသော သူမဟာ လေသံနွေးနွေးလေးဖြင့် ...

"ငါတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"အင်း ... ဒီတစ်ညတော့ ဒီနားမှာပဲ အိပ်ရမှာပေါ့၊ မနက် ကျမှပဲ လမ်းရှာရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းရှာရအောင် နင်က လမ်းသိလို့လား"

"ဘယ်သိတော့သိမလဲဟ၊ ဒါပေမဲ့ မနက်ကျရင် နေထွက်မှာပဲ၊ ဒီတော့ အရှေ့အနောက် တောင် မြောက် ခွဲလို့ရမယ်၊ ပြီးတော့ ငါ့နာရီမှာလည်း ကွန်ပတ်ပစ်ပါတယ်၊ ငါတို့ထွက်လာတာ မြောက်ဘက်ကဆိုတော့ မြောက်ဘက်ကို ဦးတည်ပြီးတော့ပဲ သွားကြရမှာပဲ ...

ဒီလိုပဲ သွားကြည့်ရမှာပေါ့။ ထိုင်နေလို့မှမရတာ၊ ဒါနဲ့ နေပါဦး မင်းက မိန်းကလေးတန်မဲ့ ဘယ်လိုလုပ်လှုစုကွဲလာရတာလဲ"

"ငါက ဟိုလမ်းချိုးထဲကို ခဏဝင်ကြည့်တာ၊ ဒီတစ်ဝိုက်ပဲ ပြန်တွေ့မှာပဲဆိုပြီးတော့လေ။ ဒါပေမဲ့ ဘယ်လိုဖြစ်သွားလဲတော့မသိဘူး၊ ပြန်ထွက်လို့မရတော့ဘူး ဖြစ်သွားတယ်"

"ကျွတ် ..."

"ငါ့ကိုသာ မေးနေတယ် နင်ကရော"

"ငါက အကောင်ပစ်တာလေ၊ အဲဒါ ချောက်ထဲ ချော်ကျလို့ မနည်းပြန်တက်လာရတယ်၊ ဟူး ,.. ကဲ နင်လည်း တစ်နေကုန်လမ်းလျှောက်လာတာ ပင်ပန်းရောပေါ့။ အိပ်ချင်အိပ်တော့လေ။ စိတ်မပူပါနဲ့ ...





နင်နဲ့ငါ မတည့်ကြပေမယ့် ငါ့မှာ ယုတ်မာပက်စက်တဲ့စိတ်တော့ မရှိဘူးဆိုတာ ယုံတယ်မဟုတ်လား"

"ကျွတ် ... ဘာတွေလာပြောနေတာလဲ"

သူမက မျက်မှောင်ကုတ်ကာ ကျွတ်ခနဲ စုတ်သတ်လိုက်ပုံလေးကို သူက သေချာစိုက်ကြည့်ကာ ဒီကလေးမနှင့် သူ ဘာကြောင့် အဆင်မပြေခဲ့တာပါလိမ့်ဟု တွေးနေခဲ့မိသည်။ မီးရောင်ဟပ်နေသော နီစွေးစွေး မျက်နှာလေးသည် အခုတော့လည်း ဘာမာန်မာနမှ မရှိဘဲ ပကတိဖြူစင်နေ၏။

"ငါ ပြောတာ နင် လက်ခံလိုက်ပါ။ အိပ်ချင်ရင် အိပ်လိုက်၊ ငါ စောင့်နေမယ်။ ငါတို့က ညဘက် မအိပ်တာများတော့ အကျင့်ဖြစ်နေပြီ ...

မအိပ်ချင်တော့ဘူး။ ဒါက တောနက်ထဲ မဟုတ်တော့ တောကောင်တွေ ဘာတွေ လာမှာတော့ သိပ်မစိုးရိမ်ရပါဘူး"

"အေးပါ"

သူမက တိုးဖွဖွပြောကာ ဒူးနှစ်လုံးကို ကျုံ့ကျုံ့လေး ပိုက်လျက်ထိုင်ရင်း တိတ်ဆိတ်သွားသည်။ သူကလည်း စကားထပ်



www.burmeseclassic.com

www.burmeseclassic.com



မဆိုဖြစ်တော့ချေ။ သူသည် မီးဖိုထဲသို့ ထင်းတစ်ချောင်း ထပ်တိုး ထည့်ရင်းမှ ထူးခြား တိုက်ဆိုင်သော ကံကြမ္မာအကြောင်းကို စဉ်းစားမိလေသည်။ သူနှင့် ထိုကလေးမသည် စတွေ့စဉ်တည်းက အဆင်မပြေခဲ့။ ပြီးခဲ့သည့် တစ်ရက်အထိလည်း အဆင်မပြေခဲ့။ သို့သော် ပျော်ရွှင်သောလေ့လာရေးခရီးဖြစ်တာမို့ ပြဿနာမရှိအောင်တော့ အတတ်နိုင်ဆုံး နေကြသည်။

အခုကျတော့ သူမနှင့်သူသည် တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ်အနေအထားမှာ ရှိခဲ့ပြီ။ အရေးကြုံလျှင် သက်လုံကောင်းရမည်ဟူသော စကားအတိုင်း သူမထံမှ စွာစိလန် ဆတ်ဆတ်ကြဲမှုများလည်း မရှိတော့။ အစဉ်အမြဲ သွေးတကြွကြွ ဖြစ်နေခဲ့သော သူမရဲ့ အားငယ်ရိပ်ဆင်နေသော ... မျက်နှာလေးသည် သူ့စိတ်တွေကို ထူးဆန်းစွာ နူးညံ့စေပါ၏။

သူမဟာ စိတ်တွေကို ဘယ်လိုပဲ တင်းတားပါစေ၊ တစ်နေကုန် လျှောက်ခဲ့ရသည့် ပင်ပန်းမှုတို့ကြောင့် ဆယ့်တစ်နာရီလောက် အရှိမှာတော့ ဘယ်လိုမှ မဟန်နိုင်တော့ပေ။ ခေါင်းလေးငုံ့စောင်းကာ ထိုင်လျက် အိပ်ပျော်သွားရှာပြီဖြစ်သော အလင်းရောင်သည် တီရှပ်တစ်ထည်တည်းနဲ့မို့ ချမ်းရှာသည်ထင့်၊ ကိုယ်





လေးကို ကျုံ့သထက်ကျုံ့လာလျှင် သူသည် ဆုံးဖြတ်ချက်တစ်ခုဖြင့် သူ့ဂျာကင်ကို ချွတ်ကာ သူမကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်တော့ပါသည်။

ဒီလိုဆိုတော့ဖြင့် သူမဟာ စိတ်ချလက်ချ နွေးထွေးသွားလို့လားတော့ မသိ။ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားတော့လျှင် သူသည် ဘယ်သူမှ မခိုင်းရပါဘဲနှင့် သူမရဲ့ အိပ်တော်စောင့်တာဝန်ကို သမိုင်းပေးတာဝန်အဖြစ် ထမ်းရွက်ခဲ့လေသည်။

❤ ✳ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ၊ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ဟာ ဘယ်လောက်တောင်များ နှစ်ခြိုက်စွာ အိပ်ပျော်သွားသလဲတော့ မသိပေ။ မနက်ခင်းမှာတောင် မနိုးသဖြင့် သူက သွားနှိုးရသည်။ ဒီတော့မှ တအင်းအင်း တအဲအဲဖြင့် နိုးလာကာ ...

"ဟင် ... ဘာ ... ဘာလဲ နိုင်းဒီပါ"

"ဘာမှ မဟုတ်ဘူး။ ထတော့လေ နေထွက်နေပြီ၊ မအိပ်ရဲလို့သာ တော်တော့တယ် ကာလနဂါးမရယ်"

သူမက နေခြည်သစ်နှင့်အပြိုင် လှပသော မျက်စောင်းနနလေးထိုးကာ ...

"မျက်နှာက ဘယ်လိုသစ်ရမှာလဲ၊ သွားပွတ်တံလည်းမရှိ စိတ်ညစ်လိုက်တာနော်"

"လုပ်မနေနဲ့ ဒီတောထဲမှာ နင့်ကိုကြည့်မယ့်သူက ငါပဲရှိတာ၊ ငါကလည်း အဲဒါတွေ စိတ်မဝင်စားဘူး"





"သေပါလားဟဲ့၊ နင့်ဟာနင် ကြည့်ကြည့် မကြည့်ကြည့် ငါက မျက်နှာမသစ် သွားမတိုက်ဘဲနဲ့ မနေတတ်လို့ ပြောနေတာ"

"မနေတတ်လည်း မသိတတ်တော့ဘူး၊ ရှိမှ မရှိတာ၊ ရေကလည်း မရှိတော့ဘူး၊ ဒီလိုပဲ သွားရင်း လာရင်းနဲ့ ရှာရမှာပဲ၊ ကဲ ... ထ ... သွားမယ်၊ ငါ့အင်္ကျီလည်း ပြန်ပေးဦး"

"ရော့ ... အဲဒါက ဘာကိစ္စ လာခြုံပေးထားရတာလဲ"

"အံမယ် ... စေတနာကို မစော်ကားနဲ့၊ မင်း ချမ်းပြီး တဟီးဟီး ဖြစ်နေလို့ ခြုံပေးထားရတာ"

သူမက အရေးမပါဟန်ဖြင့် နှုတ်ခမ်းကို မဲ့ရွဲ့ပြသည်။ ဒီလိုနှင့် သူတို့နှစ်ဦးဟာ မြောက်အရပ်ကို ဦးတည်၍ ခရီးဆက်ရပြန်လေသည်။ အစားက ကောင်းကောင်းမစားရသဖြင့် ဗိုက်တွေက ဆာလောင်လှကာ အတော့်ကို ဆိုးဝါးသောဒုက္ခပဲ ဖြစ်လာသည်။ ဒီဒုက္ခကို အတူတကွ ခံစားရသဖြင့် သူတို့နှစ်ဦးဟာ အနီးဆုံး လူတွေလိုပင် ဖြစ်လာသည်။

တစ်နေရာ အရောက်တွင်တော့ ရေတံခွန်ငယ်တစ်ခုနှင့် စမ်းချောင်းတစ်ခုကိုတွေ့လျှင် သူတို့သည် ရတနာသိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့သည့်အလား ပျော်လိုက်ကြသည်မှာ ပြောဖွယ်မရှိတော့။ ချက်ချင်းကို ချောင်းထဲခုန်ဆင်းလျက် ရေသောက်၊ မျက်နှာသစ်ကြသည်။

သူက ပျော်မြူးနေသော သူမကို နောက်ချင်စိတ်ဖြင့် ...

"ဟေး ... အလင်းရောင်၊ ဒီလိုတောထဲက ရေစိမ်းတွေက ငှက်ဖျားဖြစ်တတ်တယ်တဲ့နော်"

"ဖြစ်,ဖြစ်ပေါ့၊ သေကာမှ သေရောပဲ၊ မတတ်နိုင်တော့ဘူး၊ ခုချိန်မှာ ဒီရေမှ မသောက်ရရင် သေသွားနိုင်တယ်"

သူက သူမပြောပုံကို သဘောကျသဖြင့် ဟက်ခနဲရယ်မိလေသည်။ ထိုနေရာလေးဟာ အေးချမ်းသဖြင့် သူတို့ဟာ ကျောက်တုံးကြီးတွေပေါ်မှာ ကိုယ်စီထိုင်လျက် ရည်ရွယ်မထားသော စကားတွေ ပြောဖြစ်ကြသည်။

"ဘဝက တကယ်တရားကျဖို့ ကောင်းတယ်နော်၊ ခုနေများတော့လည်း ဟစ်ဟော့အဆိုတော် နိုင်းဒီပါ ဆိုတာ ဘာကောင်မှ မဟုတ်တော့ဘူး ...

ခုနေများ ပိုက်ဆံသိန်းတစ်ရာနဲ့ ထမင်းကြော်တစ်ပွဲဆိုရင် ထမင်းကြော်ကိုပဲ ရွေးမိမှာ ...





အရင်တုန်းက ရေသန့်မှ မဟုတ်ရင် မသောက်တတ်တဲ့ကောင်က ခုတော့ တောထဲကရေ တွေ့တာကို ထိုင်ပေါက်တာထက် ပျော်နေတယ်"

"အေးလေ ... ငါလည်း အဲဒီလိုပဲ၊ တကယ်တော့ တို့တစ်တွေ မက်မောနေတဲ့ အရာတွေဟာ အခြေအနေတွေကို လိုက်ပြီး ပြောင်းလဲတတ်နေတာပဲ ...

ခုချိန်မှာ ငါကလည်း ဘာမှမဟုတ်တော့ဘူး၊ တကယ်တော့ မာနတွေ ကြီးနေကြတာ အလကားပါပဲ ...

လူ့ဘဝမှာ တကယ်တမ်း အရေးကြီးတာ အဲဒီမာနတွေ၊ အောင်မြင်မှုတွေမှ မဟုတ်တာ၊ လူလူချင်း စာနာထောက်ထားတတ်ဖို့၊ မေတ္တာတရားရှိဖို့ပဲ မဟုတ်လား"

သူက သူမစကားကို သဘောကျစိတ်ဖြင့် ပြုံးမိသွားလေသည်။ ပြီးလျှင် မနောက်ရမနေနိုင်သည့် ထုံးစံအတိုင်း ...

"မင်းတောင် စာတတ်လာပြီပဲ၊ တရားတွေရပြီး ဈာန်လည်း ကြွမသွားနဲ့ဦး၊ ငါတစ်ယောက်တည်း ကြောက်တယ်နော်"

"စိတ်ချ၊ ငါ ဈာန်ရရင် နင့်ကို ပွေ့ချီသွားပြီး ရေတံခွန်ပေါ်ရောက်မှ ပစ်ချပေးခဲ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... အကျင့်က မပျောက်နိုင်သေးဘူး"

သူက အဲဒီလို ပြောသော်လည်း သူမက စိတ်ဆိုးဟန် မရှိတော့ပေ။ တခစ်ခစ်နှင့် ရယ်မောသဘောကျလို့သာ နေလေသည်။ ကျောက်တုံးကြီး တစ်တုံးပေါ်မှာ ခြေဆင်းထိုင်ရင်း ဘောင်းဘီရှည်ကို ဒူးလယ်ထိ ခေါက်ဝတ်ကာ၊ ခပ်ညစ်ညစ်ဖြစ်နေသော တီရှပ်နှင့် သူမသည် အခါများစွာ မြင်ဖူးခဲ့သော ရုပ်ပုံတွေနှင့် အသွေးအမွေးချင်း တခြားဆီ ဖြစ်သော်လည်း ဒီ ပေပေတူးတူးပုံစံက သူ့အတွက် ပို၍ကဗျာဆန်သည်ဟု ထင်ပါသည်။

အပေအတူးမလေးက ချစ်ဖို့တော့ ကောင်းသားပဲ၊ ဒီလိုတွေးမိလျှင် သူက အောင်စည့်ကို ဖျတ်ခနဲ သတိသွားရသည်။ အောင်စည်ရေ ... မင်း ငါနဲ့ နေရာချင်း လဲချင်နေမလား။

"ဘယ်လိုလဲဟယ်၊ ငါတို့ လမ်းရော တွေ့ဦးမှာလား၊ ဒီအတိုင်းဆို ဒုက္ခပဲနော်၊ စိတ်ညစ်လိုက်တာ"

"စိတ်မညစ်ပါနဲ့၊ တွေ့မှာပါ၊ ကဲ ... Let's Go အလင်းရောင်"

သူက ခေါ်လိုက်လျှင် သူမက မထချင် ထချင်ဖြင့် ထလာလေသည်။ ဒီလိုနှင့် ခြေဦးတည့်ရာ မှန်းစမ်းရှာဖွေနေသော





သူတို့နှစ်ဦးသည် တစ်နေရာ အရောက်မှာတော့ ကံကောင်းခြင်းများစွာဖြင့် သစ်ခွရှာသူများနှင့် သွားတွေ့ခဲ့သည်။ သူက အကျိုးအကြောင်းပြောပြ အကူအညီ တောင်းလိုက်လျှင် ထိုအဖွဲ့ထဲမှ တစ်ယောက်က ...

"ဒါဆို သူနဲ့ လိုက်သွား၊ ဒီနေရာကဆို သိပ်မလိုတော့ဘူး"

သူက ပထမတော့ ဝမ်းသာသွားခဲ့သော်လည်း ချက်ချင်းပင် အခြေအနေတစ်ခုကို တွေးမိလျက် သူမကို တစ်နေရာသို့ မျက်ရိပ်ပြ ခေါ်လာကာ ...

"အလင်းရောင် ဒီကနေ နင်နဲ့ ငါနဲ့ အတူတူသွားမယ်၊ ဒါပေမဲ့ စခန်းနား ရောက်ခါနီးရင် ငါ နောက်မှာချန်နေခဲ့မယ်၊ ညနေစောင်းမှ စခန်းကို ဝင်မယ်၊ ဘာလို့လဲဆိုတော့ နင်နဲ့ ငါနဲ့ နှစ်ယောက်တည်း တောထဲမှာ တစ်ညရှိနေခဲ့တာ လူတွေ သိကုန်ရင် နင့်သိက္ခာ ကျမှာစိုးလို့ ...

ငါပြောတာ သဘောပေါက်တယ် မဟုတ်လား၊ နင်နဲ့ ငါ ရိုးသားဖြူစင်တာ ငါတို့ပဲ သိပေမယ့် လူတွေရဲ့ အကြောင်း နင်လည်း နားလည်မှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ တောထဲမှာ ငါတို့ လုံးဝမတွေ့ခဲ့သလို မသိခဲ့သလို နေပါ၊ နင်က သစ်ခွရှာတဲ့သူတွေနဲ့ တွေ့တယ်၊ ငါက ငါ့ဟာငါ ပြန်ရောက်လာတယ်၊ ဒီလိုပဲ လုပ်မယ်၊ နင်နဲ့ ငါ အတူရှိနေခဲ့တယ်ဆိုတာ ငါ ဘယ်သူ့ကိုမှ မပြောဘူး၊ နင်လည်း မပြောနဲ့ ...

ငါပြောတာ သဘောပေါက်တယ် မဟုတ်လား"

လိုက်ဒေးသည် သူ့စကားဆုံးသွားလျှင် ဘာမှပြန်မပြောနိုင်အောင် ရုတ်တရက် နင့်သွားခဲ့သည်။ စခန်းသို့ ပြန်ရောက်တော့မှာကို တွေးကာ ဘာကိုမှ မမြင်နိုင်ဘဲ ဝမ်းသာလုံးဆို့နေလေရာ ဒီအချက်တွေကို တွေးလည်းမတွေးမိ၊ စဉ်းလည်းမစဉ်းစားခဲ့ချေ။

သူကတော့ လျှပ်တစ်ပြက်အချိန်တွင်းမှာ တွေးနိုင်ခဲ့သည်။ ပြီးတော့ ဒီအတွေးဟာ သူ့အတွက်လည်း တွေးသောအတွေးမဟုတ်။ သူ့အတွက် ဘာမှမပါ ဘာအကျိုးမှ မရှိ။

သူလိုလူတစ်ယောက်ဟာ တောထဲမှာပဲ လိုက်ဒေးအတွက် ကောင်းခဲ့သည်ဆိုရင်တောင် ဒါဟာ အလွန်ကျေနပ်ဖွယ်ကောင်းသော အနေအထား ဖြစ်ခဲ့ပြီ။ အခုတော့ ...။





လိုက်ဒေးသည် သူ့စေတနာတွေကြောင့် ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘဲ တစ်မျိုးတစ်မည် ခံစားလာခဲ့ရသည်။ လိုက်ဒေးကို ကြည့်မရဖြစ်ကာ အလွန်အမြင်ကတ်နေမှာဖြစ်သည့် လူတစ်ယောက်ထဲတွင် ဒီလိုစေတနာမျိုး ရှိနေတာဘာအကြောင်းကြောင့်တွေများပါလိမ့်။

"ဘာဖြစ်သွားတာလဲ အလင်းရောင်၊ ငါ ပြောတဲ့ စကားထဲမှာ စိတ်ဆိုးစရာများ ပါသွားလို့လား"

"မဟုတ်ပါဘူး"

"ဒါဆိုရင် သွားမယ်လေ၊ ဟိုမှာ စောင့်နေကြတယ်"

လိုက်ဒေးက ခေါင်းညိတ်ပြလျှင် သူက ရှေ့မှ ဦးဆောင်ကာ လှည့်ထွက်သွားသည်။ အဲဒီအချိန်ထိ လိုက်ဒေးဟာ ခြေစုံရပ်လျက် နေရာမှ ခွာမရသေးချေ။ တစ်စုံတစ်ရာကို ရင်ထဲမှာ ထည့်ထားရသလို ပြည့်အင့်နေ၏။

"နိုင်းဒီပါ"

လိုက်ဒေးက ခေါ်လိုက်လျှင် သူက လှည့်ကြည့်လို့လာသည်။ လက်တစ်ဖက် ကမ်းပေးနေသော လိုက်ဒေးကို ပထမတော့ အူကြောင်ကြောင်ဖြင့် ကြည့်နေလက် နောက်တော့မှ သူ့



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်ကို ကမ်းပေးလို့ လာလေသည်။ လိုက်ဒေးသည် သူ့လက်ကို အားရပါးရ ဆွဲယူနှုတ်ဆက်ရင်း ရင်ထဲက စကား တစ်ခွန်းကို တလေးတနက် ပြောမိပါသည်။

"ကျေးဇူးတင်ပါတယ်၊ တကယ်ပြောတာပါ"

❤ ✳ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၁

လိုက်ဒေးတို့ နှစ်ဦး၏ အဖြစ်အပျက်သည် လေ့လာရေးခရီးစဉ်တွင် အတော်တော့ ပြောစမှတ် ဖြစ်ခဲ့လေသည်။ ဆရာ၊ ဆရာမတွေနှင့် တစ်ဖွဲ့လုံးမှာ စိတ်တွေပူလျက် တောနင်းရှာကြဖို့ပင် ပြင်ဆင်နေပြီဖြစ်သည်။ သို့သော် ကံကောင်းစွာနှင့် လိုက်ဒေးက နေ့လယ်တွင် ပြန်ရောက်လျက် သူက ညနေမှိုးချုပ်မှာ ပြန်ရောက်လာ၍ ဖြစ်သည်။

သူပြောသည့်အတိုင်း လုပ်ခဲ့၍ လိုက်ဒေးတို့ကို ဘယ်သူကမှ သံသယမရှိချေ။ အဲဒီအဖြစ်အပျက်အတွက် လိုက်ဒေးသည် တွေးကြည့်တိုင်း သူ့ကို တစိမ့်စိမ့် ကျေးဇူးတင်ရလေသည်။ လေ့လာရေး ခရီးစဉ် ပြီးဆုံး၍ ရန်ကုန် ပြန်ရောက်တာတောင် လိုက်ဒေးက မေမေ စိတ်ပူမှာစိုး၍ ပြောမပြခဲ့။ ဒါကြောင့် ပပန်း



www.burmeseclassic.com

www.burmeseclassic.com



မဠူသည် ထိုနည်းလမ်းဖြင့် လိုက်ဒေးကို အနိုင်ယူလျက် ရှိကြသည်။ ပြီးတော့လည်း အံ့သြစွာနှင့် စုတ်တသပ်သပ် ဖြစ်ကြလေသည်။

"လိုက်ဒေးရယ် ... ဒီလို တောကြီးမျက်မည်းထဲမှာ နင်တစ်ယောက်တည်း ဘယ်လိုများ တစ်ညအိပ်ခဲ့တာလဲ၊ ငါသာဆို ကြောက်လွန်းလို့ သေမှာပဲ"

"အေးလေ ... တောထဲမှာ လမ်းပျောက်နေတဲ့ နင်တော့ မသိဘူး၊ ဒီမှာရှိတဲ့ ငါတို့တော့ အိပ်ကိုမပျော်ဘူး၊ နင်သာ တစ်ခုခု ဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ သေမတတ် တုန်လှုပ်ချောက်ချားနေတာ"

မဠူရဲ့ စကားကြောင့် လိုက်ဒေးသည် တောထဲမှာ နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ဖူးသော အဖြစ်ကိုသွား၍ သတိရမိလျှင် နှလုံးသားတစ်ခုလုံး နွေးခနဲ ဖြစ်သွားခဲ့သည်။ ဒါဆို လိုက်ဒေးဟာ သူ့အရိပ်အောက်မှာ လုံခြုံနွေးထွေးစွာဖြင့် စိတ်ချလက်ချ အိပ်ပျော်သွားမိခဲ့တာပေါ့။

"နင့်လိုပဲ နိုင်းဒီပါလည်း လမ်းပျောက်သွားခဲ့သေးတယ်နော်၊ သူကတော့ သူ့ဟာသူ ပြန်ရောက်လာလို့ တော်သေးတာပေါ့"





"အင်း"

လိုက်ဒေးက မလုံမလဲနှင့် အင်း ... တစ်ချက်သာ ဖြေဖြစ်သည်။ သူငယ်ချင်းတွေဟာ ယုံကြည်စိတ်ချရသော သူငယ်ချင်းတွေ ဖြစ်သော်လည်း သူ မှာထားသည့်အတိုင်း လိုက်ဒေးဟာ ဘယ်သူ့ကိုမှ ပြောပြဖို့ စိတ်ကူးမရှိပေ။

ဒါဟာ ကိုယ့်အပေါ် ထားရှိသော သူ့ရဲ့မေတ္တာစေတနာတွေအတွက် တုံ့ပြန်မှုတစ်ခုပဲ ဖြစ်ပါသည်။

"နင်တို့နှစ်ယောက် လမ်းပျောက်သွားတဲ့ ကိစ္စကတော့ နာမည်ကို ကြီးသွားတာပဲ လိုက်ဒေးရယ် ...

ပြောစရာကြီးကို ဖြစ်လို့၊ နိုင်းဒီပါဆို ဂျာနယ်တွေသာသိရင် တော်တော်ရေးလို့ကောင်းမယ့် ဖြစ်ခြင်း ...

တကယ် ... တကယ် ... လက်လန်တယ်"

ပပက လက်ဖျားတခါခါနှင့် ပြောလျှင် လိုက်ဒေးသည် တွေးရင်းနှင့်တောင် ကြက်သီးထရလေသည်။ သူနှင့် လိုက်ဒေး တစ်ညတာ အတူရှိခဲ့ကြချိန်များသည် အင်မတန်ကို သန့်ရှင်းဖြူစင်ကြလွန်းသော်လည်း အကယ်၍ အားလုံးကသာ အဲဒီအကြောင်းကို သိသွားခဲ့ကြလျှင် ပြောလို့ပြီးနိုင်မည့်ပါးစပ်တွေ မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို လိုက်ဒေးလည်း သတိမမူမိခဲ့။ သူက ဘယ်လိုအတွေးအခေါ်တွေနဲ့ ချက်ချင်း တွေးနိုင်စွမ်း ရှိသလဲ ဆိုတာကို လိုက်ဒေး အမှန်ပင် လိုက်မမီတော့ချေ။

သူ့ကိုတွေ့လျှင် ပြုံးပြရမှာလား၊ ရယ်ပဲ ပြရမှာလား၊ ဘယ်လို ဆက်ဆံရမလဲဆိုတာ ဝေပင်မခွဲတတ်တော့။ လိုက်ဒေးသည် ထိုခံစားမှုလေးကို ဝတ္ထုအဖြစ် အသက်သွင်းကာ ကိုယ့်ရဲ့ ပထမဆုံးလုံးချင်းအဖြစ် ရေးသားဖို့အထိပင် ခံစားချက်တွေ ရှိခဲ့ပါသည်။

❤ ❊ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





အခုတလော သူဟာ နည်းနည်းငြိမ်သက်သွားသည်ဟု သူငယ်ချင်းတွေက မှတ်ချက်ပေးကြရအောင်ပင် သူ့စိတ်တွေ ငြိမ်နေမှန်း သူ့ကိုယ်သူလည်း သိသည်။ ဒါဟာ ဘာအတွက်ကြောင့်ဟုတော့ သူကိုယ်တိုင်လည်း သေချာမသိချေ။ လူက ငြိမ်သွားလျက် တစ်ခုခုကို နက်နက်နဲနဲတွေးကာ ရေးဖြစ်သောသီချင်းတွေကလည်း အချစ်အကြောင်း အနူးအညံ့တွေပဲ ဖြစ်လို့နေသည်။

"မင်း တောထဲမှာတုန်းက သူယောင်မယ်တွေ ဘာတွေနဲ့ တွေ့ပြီး မိန်းမောသွားတာတော့ မဟုတ်ပါဘူးနော်"

သူက အဲဒီစကားကို ပြုံးမိရင်း သူမကို ချက်ချင်း သတိသွားရမိသည်။ တွေ့ခဲ့သည်။ သူယောင်မယ် တစ်ယောက်နှင့် သူ တွေ့ခဲ့ရသည်ဟု ထင်သည်။ ထာဝစဉ် စူးရှော်ဘတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာထားနှင့် မိန်းကလေးသည် အားငယ်စရာ မျက်ဝန်းများ၊ ဘာမှမပြင်ဆင် မခြယ်သထားသော ပေပေတူးတူးပုံစံနှင့် ရယ်မောနေပုံများကို ပြောင်းလဲသွားခဲ့သည်မှာ သူယောင်မယ်လေး တစ်ပါးလိုပဲ ဖြစ်ပါသည်။

"အေး ... ဒီကောင့် ကြည့်ရတာ အိတ်စကားရှင်းက ပြန်လာပြီးမှ အရမ်းထူးဆန်းနေတယ်၊ အရင်ဆို ငှက်အသွင် ပျံကြွတက်မတတ် ဖြစ်နေတဲ့ကောင်က ခုတော့လည်း တည်ငြိမ်နေလို့ပါလား ...

ဘာဖြစ်နေတာလဲ၊ ဖားသားကြီးက ပိုကျပ်လာလို့လား"

"မဟုတ်ပါဘူးကွာ၊ ဒီလိုပါပဲ၊ ငါတို့အခွေကိစ္စအတွက် အာရုံစိုက်နေလို့ပါ"

"နေဦးကွ၊ ဒီကောင် ငြိမ်နေတာ အလင်းရောင်နဲ့ ရန်မဖြစ်တော့တာလည်း ပါတယ်၊ ဟုတ်တယ်၊ မင်းတို့ကြည့်သွားကြပြီလား၊ ဒီလိုပဲကွ၊ တချို့စုံတွဲတွေက တစ်ယောက်နဲ့တစ်ယောက် ကြည့်မရဖြစ်ပြီးမှ ချစ်သွားတတ်ကြတာတွေ ရှိတယ်"





"အသာနေစမ်းပါကွာ၊ မဟုတ်တာတွေ"

"အလင်းရောင်က ချောပါတယ်ကွာ၊ ဖွာတာလေးကလွဲလို့ ဘာမှ အပြစ်ပြောစရာ မရှိပါဘူး၊ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ရင်ခုန်လို့ရတဲ့ ပုံစံမျိုးလေးပါ ...

မင်းတို့နှစ်ယောက်စလုံး တောထဲမှာ အတူတူ ပျောက်သွားကြတာ ထူးတော့ ထူးဆန်းတယ်ကွ၊ ရိုးမှ ရိုးရဲ့လား ဟဲ ဟဲ ဟဲ"

"ဟေ့ကောင် ... မင်း အဲဒီစကားကို ဒီနေရာမှာပြောတာ နောက်ဆုံးဖြစ်ပစေကွာ၊ တစ်ဖက်မိန်းကလေးက အလကားနေရင်း သိက္ခာကျတယ်ကွ"

ချိုသားသည် သူ့စကားကို ပါးစပ်အဟောင်းသားနှင့် ပြူးကြည့်နေပြီးမှ အထစ်ထစ် အငေါ့ငေါ့လေသံဖြင့် ...

"ဒီ ... ဒီစကားကို မင်းပါးစပ်က ထွက်တာ ဟုတ် ... ဟုတ်ပါတယ်နော်"

"ကျွတ် ... မပြောနဲ့တော့ကွာ"

သူက စိတ်ရှုပ်စွာနှင့် ထထွက်လာလိုက်လျှင် သူ့သူငယ်ချင်းတွေက နားမလည်သည့် ပုံစံတွေနှင့် ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဒီကိစ္စနှင့် ပတ်သက်လာလျှင် ဘာကြောင့် ဆတ်ဆတ်ထိမခံ sensitive ဖြစ်နေသလဲဆိုတာ တွေးမတတ်တော့ပေ။

သူနှင့် အလင်းရောင်ထံတွင် နှစ်ယောက်တည်းသာသိသော ငြိမ်းချမ်းရေးတစ်ခု ရရှိထားပြီ ဖြစ်သော်လည်း သူဟာ တရားဝင်ထုတ်ဖော် မပြောကြားရဲသေးတာ သူ့ကိုယ်သူလည်း နားမလည်ပါ။ သူ့ထံသို့ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်ရှိလာသော မျက်ဝန်းများ၏ အတိမ်အနက်ကို မှန်းဆရင်း သူဟာ ဘာကိုရင်မောမှန်းမသိ ရင်မောနေခဲ့သည်။

❤ ❋ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၀၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





လိုက်ဒေးသည် အခုတလောမှာ အိမ်သို့ အဝင်အထွက် စိပ်လာသော၊ ကျောင်းသို့ မကြာခဏ လာလည်လေ့ရှိသော၊ တစ်ရက်ခြား တစ်ခါလောက် ညစဉ်ညတိုင်း ဖုန်းဆက်လေ့ရှိသော ကျော်အောင်စည်ကြောင့် စိတ်တွေ အတော်ပင်ညစ်၍နေရလေသည်။

ဒီလူဟာ ဖေဖေနှင့် မေမေကိုလည်း ဘယ်လိုတွေ ဆွဲဆောင်သိမ်းသွင်းထားလဲတော့ မသိချေ။ မေမေဆိုလျှင် သူ့ကို အတော်သဘောကျနေပြီ ဖြစ်သည်။

တစ်နေ့တော့ သူက လိုက်ဒေးကို ထူးခြားသော စကားတစ်ခွန်း ပြောလာခဲ့ပါသည်။

"ကိုယ့်မိတ်ဆွေတစ်ယောက်က မိတ်ဆက်ပေးလို့ ထုတ်ဝေသူတစ်ယောက်နဲ့ သိကျွမ်းခဲ့တယ် လိုက်ဒေး၊ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လိုက်ဒေးအကြောင်း ပြောပြတော့ သူက စိတ်ဝင်စားတယ်၊ သူလည်း ကလောင်သစ်တစ်ဖို့ စိတ်ကူးရှိတယ်တဲ့ ...

အဲဒါ လိုက်ဒေးရဲ့ ဝတ္ထုတိုရှည်တွေကို ဖတ်ကြည့်ချင်တယ်တဲ့လေ၊ သူ့စာအုပ်တိုက်က ရွှေလက်ရှင်စာအုပ်တိုက်တဲ့၊ သိလား"

လိုက်ဒေးသည် မျှော်လင့်မထားသော သူ့စကားကြောင့် လူက ချက်ချင်းလိုပင် ထူထူပူပူ ဖြစ်လို့သွားသည်။ ရွှေလက်ရှင် စာအုပ်တိုက်ဟာ လက်ရှိ နာမည်ကြီး စာရေးဆရာအချို့ကို ထုတ်ဝေနေသော နာမည်ကြီး စာအုပ်တိုက်ကြီးမို့ လိုက်ဒေးမှာ မသိစရာအကြောင်း မရှိပေ။

"သိတာပေါ့၊ အခုနက ဘာပြောကယ်၊ ရွှေလက်ရှင် စာအုပ်တိုက်က လိုက်ဒေးရဲ့ စာမူတွေကို ဖတ်ကြည့်မယ် ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ သဘောကျရင် လိုက်ဒေးကို သူတို့ စင်တင်ထုတ်ဝေပေးလိမ့်မယ်၊ အဲဒါ လိုက်ဒေး အားမယ့်တစ်နေ့လောက် သူ့ဆီ သွားကြရအောင် ...





လိုက်ဒေးမှာ ရေးပြီးသား လုံးချင်း ဘယ်နှအုပ်လောက် ရှိလဲ"

"လေးအုပ်ရှိတယ် ကိုစည်၊ ဝတ္ထုတိုတွေကတော့ အပုဒ်နှစ်ဆယ်လောက် ရှိတယ်"

"အိုခေလေ ... သူ စိတ်ဝင်စားမှာပါ၊ အဲဒါ လိုက်ဒေး ဘယ်တော့လောက် သူနဲ့တွေ့မလဲ"

"အို ... ဒီတစ်ပတ် စနေဆိုရင် ရပါတယ်"

"အိုခေ ... ကိုယ် မနက်ဆယ်နာရီလောက် လာခေါ်မယ်၊ ဟုတ်ပြီလား"

သူ့ကို ဝမ်းသာအားရနှင့် ခေါင်းညိတ်ပြလိုက်သော်လည်း သူပြန်သွားချိန်အထိ အိပ်မက်တစ်ခုလို ဖြစ်၍ကျန်ခဲ့ရသည်။ ဒီလိုနှင့် လိုက်ဒေးရဲ့ ကံကြမ္မာလမ်းချိုးတစ်ခုသည် ထင်မှတ်မထားစွာနှင့် ရောက်ရှိလို့ လာခဲ့လေသည်။ ရွှေလက်ရှင် စာအုပ်တိုက်က လိုက်ဒေးရဲ့ စာမူတွေကို သုံးလလောက် အချိန်ယူ အကဲခတ် ဖတ်ရှုပြီးလျှင် လုံးချင်းတွေ ဆက်လက်ရေးသားတော့ဖို့၊ ဖြစ်နိုင်သည့်လက်ရှိ၍ ထုတ်ဝေပေးဖို့ ဆုံးဖြတ်ချက်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဒေးသည် ထိုသတင်းကောင်းကို မေမေနှင့်အတူ ပျော်ရွှင်စွာ ခံစားရင်း ဘာရယ်မဟုတ်ပါဘဲ တစ်စုံတစ်ယောက်ကို ဘာမဆိုင် ညာမဆိုင် ပြေး၍ သတိရမိလေသည်။ သူဟာ နိုင်းဒီပါ ဆိုတာတော့ အထူးပြောပြဖို့ လိုမည်မထင်တော့။ လိုက်ဒေးဟာ သူ့ကို ဘာကြောင့် မကြာခဏ သတိရနေမိသလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း အဖြေရှာမတတ်တော့ချေ။

အရင်ကမှ သူနှင့် ရန်ဖြစ်ရသဖြင့် စကားတွေ အငြင်းအခုန် ပြောခွင့်ရခဲ့သေးသော်လည်း အခုနောက်ပိုင်းမှာတော့ တစ်ယောက်နှင့် တစ်ယောက် အဝေးက လှမ်းကြည့်ရုံသာ ရှိတော့လျက် ဘာစကားမှ မပြောဖြစ်ကြတော့။

သူက စ,မခေါ်တော့လည်း လိုက်ဒေးက ဘယ်ခေါ်လို့ ကောင်းမှာတဲ့တုန်း။ ဒါကို သူက တကယ်ပဲ မသိခဲ့တာလား။ လိုက်ဒေးကို မခေါ်ချင် မပြောချင်တော့လို့ ဥပေက္ခာပြုထားလိုက်တာလား ဆိုတာတော့ ... ...။

❤ ✻ ❤





## ၁၂

ဘယ်တော့မှ ရပ်တန့်မနေခဲ့သော အချိန်ကာလတွေသည် တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သလိုပင် လိုက်ဒေးတို့ရဲ့ ဒုတိယ စာသင်နှစ်လည်း ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ အချိန်ကာလရဲ့အပြောင်းအလဲနှင့်အတူ သိပ်မကြာသော အချိန်မှာ လိုက်ဒေးရဲ့ လုံးချင်းဝတ္ထုတွေလည်း စတင်ထွက်လာတော့မည် ဖြစ်သည်။ အဲဒီထက် အပြောင်းအလဲ တစ်ခုကတော့ ကျော်အောင်စည်က လိုက်ဒေးကို လက်ထပ်ဖို့အတွက် မေမေတို့ဆီမှာ ခွင့်တောင်းခံခဲ့တာပဲ ဖြစ်ပါသည်။

သူ့ကိုဆိုလျှင် အင်မတန် သဘောကျလှသော မေမေကလည်း ထိုကိစ္စကို ငြင်းပယ်ဖို့ စိတ်ကူးမရှိချေ။ ကျောင်း-



www.burmeseclassic.com

www.burmeseclassic.com



ပြီး၍ ဘွဲ့ရလျှင် လိုက်ဒေးကို လက်ထပ်တော့ဖို့ အမြဲလိုလိုပင် နားချနေသည်မှာ အလွန်ပဲ စိတ်ညစ်ရာ ကောင်းလှပါသည်။

"ဘာကိစ္စ ငြင်းပယ်ချင်နေရတာလဲ လိုက်ဒေးရယ်၊ ငါ့ကို စိတ်ဆင်းရဲအောင် မလုပ်ချင်စမ်းပါနဲ့လားအေ"

"ဟာ ... သူများကြားရင် လိုက်ဒေးကပဲ ရည်းစားတွေ ပွထနေအောင် ထားလို့ စိတ်ဆင်းရဲနေရတဲ့ အထာကြီးနဲ့ ...

မေမေရယ် ... လိုက်ဒေး ယောကျ်ားမယူချင်ပါဘူး၊ မယူပါရစေနဲ့၊ တောင်းပန်ပါတယ်"

"ဒါဆို ဘာလဲ၊ ညည်းက ငါတို့သေမှ ညည်းယူချင်တဲ့ တွေ့ကရာအကောင်ကို ကောက်ယူမှာလား"

မေမေသည် လောကကြီးထဲမှာ သူတို့ မရှိတော့လျှင် လိုက်ဒေးတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာ၊ သူတို့စိတ်ကြိုက် မတွေ့သော သမက်မျိုးနှင့် တွေ့သွားမှာကို သေမတတ် စိုးရိမ်နေသော စိတ္တဇရှိနေသည်မှာ အတော့်ကိုပဲ ဆိုးပါသည်။

"အောင်စည့်မှာ ဘာငြင်းစရာ အချက်တွေများ ရှိနေလဲ လိုက်ဒေးရယ်၊ ရုပ်ရည်၊ ပညာ၊ ငွေကြေး၊ အသိုင်းအဝန်း၊





သူ့အရည်အချင်း၊ ဒီလိုလူမျိုးကို သမက်တော်ချင်ကြတဲ့ လူတွေ ဒီလောက် ဝိုင်းဝိုင်းလည်နေကြတာ ...

ပြီးတော့ သူ့ကိုယ်၌ကလည်း ညည်းကို နှစ်နှစ်ကာကာ ချစ်နေသေးတာ၊ ညည်းဝါသနာကိုလည်း မြေတောင်မြှောက်ပေးခဲ့တာ၊ သူနဲ့ လက်ထပ်လို့ ညည်း ဒီ့ထက် ဂုဏ်တက်ဖို့ပဲ ရှိပါတယ် လိုက်ဒေးရယ်"

မေမေ ပြောတာတွေ အားလုံးကလည်း တစ်ခုမှ မမှားချေ။ အမေတစ်ယောက်ရဲ့ ခံစားချက်ကို နားလည်သည်။ သို့သော် ခက်နေတာ တစ်ခုက လိုက်ဒေးက ဓိကျော်အောင်စည်ကို မချစ်ပေ။

ပြီးတော့ အသက်အရွယ်မှာလည်း အိမ်ထောင်ပြုချင်စိတ် အလျဉ်းမရှိ။ အောင်မြင်မှုတွေကို မြည်းစမ်းနေချိန်မှာ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ်ပဲ ရှိနေချင်ပါသည်။

ထိုကိစ္စတွေကြောင့် စာအုပ်ထွက်ခါနီးမှာတောင် အပြည့်အဝ မပျော်နိုင်ရှာသော လိုက်ဒေးသည် တစ်နေ့မှာတော့ စိတ်တွေ မွန်းကျပ်လွန်းသဖြင့် လေတံခွန် လွှတ်တင်ဖို့တာအတွက် အင်းလျားကန်ပေါင်ပေါ်သို့ တက်လာခဲ့သည်။ အဲဒီမှာပဲ ထင့်မှတ်



www.burmeseclassic.com

www.burmeseclassic.com



မထားသော သူတစ်ယောက်နှင့် တစ်ယောက်ချင်းစီ ဆုံတွေ့ခဲ့ရတာ ဖြစ်လေသည်။

လိုက်ဒေးတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မှင်သက်ကြည့်နေကြပြီးမှ မေးမယ့်မေးတော့လည်း ပြိုင်တူပင် ...

"တစ်ယောက်တည်းလား"

"တစ်ယောက်တည်းလား"

အဲဒီနောက် နှစ်ဦးသားသည် ဟက်ခနဲ ရယ်မိကြလျှင် တစ်ယောက်နှင့် တစ်ယောက် ရှိန်နေတာတွေတော့ လျော့ပါးလို့ သွားသည်။ သူက စွန်နှင့် ရစ်ဘီးကို ကိုင်ထားသော လိုက်ဒေးကို တစ်ချက်ကြည့်လျက် ...

"စွန်က လွှတ်တာလား"

"အင်း ... နင်ရော"

သူ့အပေါင်းအသင်းတွေလည်းမပါ၊ စွန်နှင့်ရစ်ဘီးကိုလည်း မတွေ့သဖြင့် လိုက်ဒေးက မေးမိတာဖြစ်သော်လည်း သူက မလုံသလို ဖြစ်သွားရင်းမှ ...

"ဒီလိုပါပဲ ပျင်းလို့ပါ"





"နင်တို့အခွေ ထွက်သွားပြီနော်၊ ငါ အားပေးပါတယ် ... ကောင်းပါတယ်"

သူက မသိမသာပြုံးလျက် ကျေးဇူးပဲဟု ပြောသည်။ ပြီးလျှင် လိုက်ဒေးကို ခပ်ဆဆကြည့်လျက် ...

"နင်လည်း စာအုပ်ထွက်တော့မယ်လို့ ကြားတယ်"

"အင်း ... ရှေ့တစ်လဆို ထွက်တော့မှာပါ"

"အောင်မြင်မှာပါဟာ၊ တစ်ခုခု ကြုံလာလည်း စိတ်ဓာတ်မကျနဲ့ပေါ့၊ တို့ အနုပညာသမားတွေဆိုတာ စိတ်ဓာတ်နဲ့ပဲ သွားရတာ"

လိုက်ဒေးက သူ့အပြောကို ခေါင်းညိတ်ကာ ပြုံးမိသည်။ တကယ့်တမ်း တွေ့ကြတော့လည်း လိုက်ဒေးတို့နှစ်ယောက်ဟာ ဘာစကားတွေ ဆိုရမယ်မှန်းမသိ။ လိုက်ဒေးသည် စွန်လွှတ်ချင်စိတ်လည်း မရှိတော့သဖြင့် အဝေးကိုသာ ငေးနေမိလေသည်။

သူက ဒါကို သတိထားမိဟန်ဖြင့် ...

"နင် စွန်မလွှတ်တော့ဘူးလား"

"ဟင့်အင်း"

သူက လိုက်ဒေးကို တစ်ချက်ကြည့်ကာ တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် စဉ်းစားနေပုံရသည်။ ပြီးလျှင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



“ဟိုဒင်း ... နင့်အတွက် အပန်းမကြီးဘူးဆိုရင် ဒီနားက မစ္စတာဘာရောင်းဒ်မှာ မုန့်လိုက်စားပါလား၊ ဖြ ်လား”

လိုက်ဒေးက သူ့ကို အသာကြည့်မိလျှင် သူက လှုပ်လှုပ်ရှားရှား ဖြစ်သွားလျက် ...

“ဟို ... နင် ဆန္ဒမရှိရင်လည်း ရတယ်နော်၊ ငါက ခင်မင်မှုအနေနဲ့”

သူ့စကားပင် မဆုံးသေး၊ လိုက်ဒေးက လက်ကာပြလျက် ဖြတ်ပြောလိုက်သည်။

“ခင်မင်မှုအနေနဲ့ ငါက ကျွေးချင်ခဲ့တာပါ”

သူက အံ့သြဟန် ဖြစ်သွားပြီးမှ နှုတ်ခမ်းတွေက နူးညံ့စွာ ပြုံးလို့သွားလေသည်။ အဲဒီနောက်မှာတော့ လိုက်ဒေးတို့နှစ်ယောက်သည် လှည်းတန်းရှိ မစ္စတာဘာရောင်းဒ်မှာ ကော်ဖီခွက်ကိုယ်စီနှင့် ထိုင်မိကြလေသည်။ သူက လိုက်ဒေးကို ပြုံးစစနှင့် ကြည့်ရင်း ...

“အခုနေများ ဟိုကောင်တွေ တွေ့သွားလို့ကတော့ တို့ကို ဘာပြောမယ် မသိဘူးနော်၊ အံ့သြစရာပဲ၊ ငါ့စိတ်ထဲမှာ ထင်ထားတာက နင်နဲ့ ငါ့ကြားမှာ ဒီတစ်သက်တော့ ပြေလည်မှု မရတော့ဘူးလို့ ထင်ထားတာ”



“ငါရောပဲ”

“တကယ်လို့ ရခဲ့တယ် ဆိုရင်တောင် တစ်ယောက်ယောက်က ကြားဝင်စေ့စပ်ပေးမှပဲ ဖြစ်နိုင်မယ်လို့ တွေးမိသေးတယ်”

“ငါရောပဲ”

သူက လိုက်ဒေး နောက်နေတယ်ဟု အထင်နှင့် မျက်လုံးပြူးကြည့်သည်။ အဲဒီအကြည့်သည် လိုက်ဒေးကို ဒေါသမဖြစ်စေဘဲ နှလုံးအိမ်ကိုပဲ ချမ်းမြေ့သွားစေပါသည်။

“ငါ နောက်နေတာ မဟုတ်ပါဘူး၊ တကယ်ပြောနေတာ၊ တို့တစ်တွေ ဘာကြောင့် အဆင်မပြေ ဖြစ်ခဲ့ကြလဲ မသိဘူးနော်”

လိုက်ဒေးရဲ့ နောင်တရသလို ညည်းညည်းညူညူ အပြောသည် နိုင်းဒီပါရဲ့ နှလုံးသားကို နွေးခနဲ ဖြစ်သွားစေသည်။ အင်မတန် လှပသော ဆံနွယ်ဝါရောင်သမ်းများသည် ဖြောင့်မထားပါဘဲ သဘာဝအတိုင်း ဖြောင့်စင်းလှပစွာ ဝဲဖြာနေတာကို ကြည့်ရင်း သူ ရင်တစ်ချက်ခုန်သွားသည်။

သူသည် ရန်စွာစွာ စကားတွေကို ဆိုတတ်ခဲ့သော ခပ်ထူထူအိအိ နှုတ်ခမ်းလေးကို တိမ်းမူးစွာဖြင့် ကြည့်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"အဓိက,ကတော့ မာန်တွေပေါ့ဟာ၊ နင်ကလည်း အဲဒီအချိန်တုန်းက ငါတော့ စာရေးဆရာမဖြစ်ပြီဟဲ့ ဆိုတဲ့ မာန်တွေနဲ့ပေါ့၊ ငါဆိုတဲ့ အစွဲလေးတွေ ကပ်နေတော့ တစ်ယောက်နဲ့ တစ်ယောက် ကိုယ်ချင်းစာပေးစိတ် မရှိတော့ဘဲ အဆင်မပြေ ဖြစ်ကြတာပေါ့"

"အံမယ် ... တရားဟောဦးမလို့လား"

"မဟောပါဘူး၊ ဒါပေမဲ့ နင်နဲ့ ရန်ဖြစ်ရတာ ပျော်ဖို့တော့ ကောင်းတယ်ဟ၊ အခုကျတော့ နည်းနည်း ပျင်းစရာကောင်းသလိုပဲ"

လိုက်ဒေးသည် သူ့ကို ဒေါသမပါသော မျက်စောင်းလေးသာ ထိုးမိလေသည်။ ဒီပါကလည်း အဲဒီမျက်စောင်းလေးကို တဟင်းဟင်းနှင့် ရယ်မောခံယူပြီးနောက် ရင်ထဲမှ တစ်စုံတစ်ခုကို သံသယဖြစ်လို့လာသည်။ အခုတလော အချိန်တိုင်းလိုလို ဒီကလေးမကို သတိရနေမိတတ်တာ၊ တွေ့ချင်လာမိတတ်တာ။ အခု အတူစကားပြောစဉ်အခိုက်၌ နှလုံးခုန်သံ မတည်မငြိမ် ဖြစ်လာတာတွေရဲ့ ရလဒ်သည် ...။

"နင့်ဆီကို ငါ ဖုန်းဆက်လို့ ရမလား အလင်းရောင်"

"အင်း ... ဆက်လေ"





သူမက မပွင့်တပွင့် ပြန်ပြောသည်။ သူက အဲဒီပုံစံလေးကို မြတ်နိုးစွာ ပြုံးကြည့်နေမိလျှင် သူမက မနေတတ်သလို မျက်နှာလွှဲ၍ သွားလေသည်။

အား ... ရှက်နေတဲ့ မိန်းကလေး တစ်ယောက်ရဲ့ မျက်နှာဟာ ကမ္ဘာပေါ်မှာ အလှဆုံးဆိုတာ တကယ့်ကို မှန်ပါလား။

အဲဒီနေ့က သူတို့နှစ်ယောက်သည် ရည်ရွယ်မထားပါဘဲနှင့် စကားတွေအများကြီး ပြောဖြစ်ခဲ့ကြသည်။ ဂီတအကြောင်း၊ စာပေအကြောင်း၊ ဝါသနာတွေအကြောင်း၊ အရင်က အဆင်မပြေမှုတွေအကြောင်း၊ သူက သူ့ဘဝရဲ့ ခံစားချက်တချို့အကြောင်း စသည်ဖြင့် ... စသည်ဖြင့် ပြောရင်း ဆိုရင်းကနေ နှစ်ယောက်တည်းသာ သိသော ငြိတွယ်မှုတစ်ခုကို စတင်ခံစားလို့ ရရှိသွားပြီး အိမ်အပြန်လက်ဆောင်အဖြစ် နူးညံ့သော မျက်ဝန်းများကို ဆောင်ယူခွင့် ရရှိခဲ့ကြသည်။

❤ ✻ ❤



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေကို မျိုသိပ်မထားတတ်သော ဟာစ်ဟော့လူငယ်ပီပီ သူက လိုက်ဒေးကို ချစ်မိသည့်အကြောင်းအား သူငယ်ချင်းတွေကို ဖွင့်ဟဝန်ခံလိုက်လေသည်။

သူ့သူငယ်ချင်းတွေက ပထမပိုင်းတော့ အံ့အားသင့်အငိုက်မိကြသော်လည်း နောက်ပိုင်းမှာတော့ သူ့ကို ဝိုင်းမြှောက်ပေးကြသည်။

"ဒါကြောင့် ငါပြောတယ် မဟုတ်လား။ အချစ်နဲ့ အမုန်းဆိုတာ ကျောချင်းကပ် အနေအထားမှာ ရှိနေပါတယ်လို့..."

"ပြောစမ်းပါဦး၊ မင်းက သူ့ကို ဘယ်လိုချစ်မိသွားတာလဲ"

"အဲဒီလိုတော့ ငါ မပြောတတ်ဘူးကွာ၊ သူ့ကို ခဏ ခဏ သတိရနေရာကနေ ချစ်သွားတာလား မသိဘူး"





"ဒါဆို ငါလည်း မင်းကို ခဏ ခဏ သတိရတာပဲလေ၊ ငါလည်း ချစ်တယ်ကွာ"

ပြောပြောဆိုဆိုနှင့် ချိုသားက သူ့ကို လာဖက်ရမ်းလျှင် သူက ရယ်မောရင်း အသာတွန်းလွှတ်ရသည်။

"မင်း ဖွင့်ပြောပြီးပြီလား"

"ဘယ်လိုလုပ် ဖွင့်ပြောရမှာလဲ၊ အခုမှ မင်းတို့နဲ့ တိုင်ပင်တာလေ"

"ပြောတော့လေကွာ၊ ဒါဆိုလည်း"

"အေး ... အဲဒါ ဘယ်လိုပြောရင် ကောင်းမလဲလို့၊ ဖုန်းနဲ့ပြောရမလား၊ လူချင်းချိန်းပြီး ပြောရမလား"

"လူချင်းချိန်းလို့ရရင် ချိန်းပြောပေါ့ကွာ၊ ဒါနဲ့ နေပါဦး၊ သူ့ဘက်က အခြေအနေကရော ကောင်းရဲ့လား၊ တော်ကြာ သွားတွေကျွတ်လာနေဦးမယ်"

သူကတောင် ဘာမှမဖြေရသေး။ ပေါက်ပေါက်က သူ့ပခုံးကို ဖက်လာလျက် သူ့ကိုယ်စား ဝင်ဖြေပေးလေသည်။

"နိုင်းဒီပါ ပါကွ၊ မပိုင်ရင် ခြင်တောင်ထဲက ခြင်တောင်မရိုက်ပါဘူး၊ ဒီကောင် ညတိုင်း လိုက်ဒေးဆီ ဖုန်းဆက်နှုးနေတာ၊ ဟိုကလည်း အေးဆေး ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆို အခြေအနေက ကောင်းပြီးသားပါ”

“ဒါဆိုလည်း လုပ်တော့လေ၊ ဗွဒ်တယ်ထင်ရင် ဒူးသာဒူး ဟဲ ဟဲ”

သူငယ်ချင်းတွေကလည်း ဝမ်းသာအားရ မြှောက်ပေးကြလျှင် သူသည် သူမနှင့်အတူ စွန့်တစ်ခုတည်းကို အတူလွှတ်တင်ဖို့ အတွေးနှင့် တစ်ကိုယ်တည်း ချမ်းမြေလာရသည်။

ဒါဆို အင်းလျားရဲ့ ညနေခင်းဟာ ပိုမိုသက်ဝင်လှပလာမှာပဲ။

❤ ✻ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၃

အခုဆိုလျှင် လိုက်ဒေးရဲ့ အခြေအနေသည် ကျဉ်းဲ့ ကျပ်ထဲသို့ ရောက်ရှိနေသည့် အချိန်အခါ ဖြစ်သည်။ မေမေင်သာမက ဖေဖေကပါ လိုက်ဒေးကို လက်ထပ်ဖို့ နားချလာသာအခါ လိုက်ဒေးမှာ ဘယ်လိုလုပ်ရမှန်း မသိအောင် မူးချာသေလျက်ရှိ၏။

မေမေတို့ရဲ့ အစီအစဉ်က ကျောင်းမပြီးခင် စေ့စပ်းထားမှာဖြစ်ပြီး ကျောင်းပြီးတာနှင့် တစ်ပြိုင်နက် လက်ထပ်းတော့မှာ ဖြစ်သည်။ လိုက်ဒေးမှာ ကျော်အောင်စည်ကို လက်ထပ်လိုပါဘူးဟု တွင်တွင်ငြင်းနေရုံမှလွဲ၍ အခြားအကြောင်းပြက်လည်း ကြီးကြီးမားမား ရှိမနေခြင်းဟာ ကံဆိုးမှုတစ်ခုလည်းလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်တစ်မျိုးပါသော မျက်ဝန်းတွေရဲ့ ပိုင်ရှင်ဟာလည်း ဘယ်လိုနားလည်ပေးရအောင်မှန်း မသိစွာဖြင့် လိုက်ဒေးကို နှိပ်စက်လွန်းလှသည်။

လိုက်ဒေးဟာ ဒီဘက်က ပြဿနာတွေကိုလည်း သူသိအောင် ထုတ်မပြောရဲချေ။ တော်ကြာ သူ့ကို ရေလာမြောင်းပေး လုပ်သည်ဟု ထင်မှာလည်း အလွန်စိုးလှပေရာ နောက်ဆုံးတော့ စာမေးပွဲပြေခါနီး တစ်ပတ်လောက် အလိုမှာ စေ့စပ်ခြင်းကို လက်ခံဖို့ ရင်နာနာနဲ့ပဲ ခေါင်းညိတ်လိုက်ရတော့သည်။

❤ ❋ ❤





နိုင်းဒီပါသည် ပျော်ရွှင်မြူးသော စိတ်ခံဖြင့် ကားမောင်းလာကာ ရင်တွေလည်း တရိပ်ရိပ်ခုန်လျက်ရှိသည်။ သူဟာ သိပ်မကြာသောအချိန်မှာ လိုက်ဒေးကို ချစ်တဲ့အကြောင်း ဖွင့်ပြောတော့မှာဖြစ်လေရာ နှလုံးသားတစ်ခုလုံးကို သိပ်မလှုပ်ရှားရအောင် အတော်ကြီး ထိန်းချုပ်ထားရသည်။

လိုက်ဒေးနှင့် အင်းလျားကန်ပေါင်ပေါ်တွင် ညနေလေးနာရီမှာဆုံဖို့ ချိန်းထားပြီးဖြစ်လေရာ အခု သုံးနာရီခွဲ ရှိပြီဖြစ်သည်။

သူက ကားကို သတိထား မောင်းနှင်လာရင်းမှ ဖုန်းမြည်သံကြားလိုက်လျှင် ဖွင့်ကာ နားထောင်လိုက်သည်။

“ဟယ်လို ပြော ... အောင်စည်”

“ဒီပါ မင်း ဘယ်မှာလဲ၊ ငါတို့ ဆုံရအောင်ကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ဘုရားသား၊ အခု ကိုယ်မအားသေးဘူး၊ အသည်းလေးနဲ့ ချိန်းထားတယ်"

"ဟား ... လက်သွက်လှချည်လား၊ ဘယ်တုန်းက ရသွားတာလဲ။ ငါ့ကိုတောင် မပြောပြဘူး။ လျှို့ထားတယ်ပေါ့လေ"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ၊ မင်းကရော ဘာကိစ္စရှိလို့လဲ၊ အသံကတော့ မြူးကြွနေတာပဲ"

"မြူးမှာပေါ့၊ မင်း မကူညီပေမယ့်လည်း ငါ့အစွမ်းနဲ့ငါ ဖြစ်ပါတယ်ဆိုတာကို ကြွားမလို့ ...

ရှေ့လထဲမှာ လိုက်ဒေးနဲ့ ငါ စေ့စပ်တော့မယ်ကွ"

သူသည် အရှိန်နှင့် ပြောနေသောကားကို ဘရိတ်နင်း ...တော့မလိုဖြစ်သွားလေသည်။ စေ့စပ်တော့မယ်တဲ့။ ဒီလောက် ...ကြီး မြန်ဆန်နိုင်လို့လား။ သူဟာ မယုံချင်သော စိတ်တို့ဖြင့် ...

"မင်း တကယ်ပြောနေတာလား"

"သြော် ... တကယ်ပါဆိုကွာ၊ စာမေးပွဲတွေပြီးရင် စေ့စပ်ထားမယ်၊ ကြားထဲမှာ ဝါတွင်းသုံးလ ခံနေတယ်လေကွာ၊ သူလည်း ဘွဲ့ယူအပြီး ဝါထွက်ရင် သူ့မိဘတွေက မင်္ဂလာဆောင်ဖို့ ခွင့်ပြုမယ်တဲ့ကွ ...





ဘယ်လိုလဲ သူငယ်ချင်း"

"လိုက်ဒေးက မင်းအချစ်ကို လက်ခံတယ်ပေါ့"

ဒီလိုမေးစဉ်မှာ သူ့လက်တွေနှင့် သူ့အသံဟာ မသိမသာ တုန်ယင်လို့နေလေသည်။

"သူက လက်ထပ်ဖို့ ခေါင်းညိတ်တယ်"

အောင်စည်ရဲ့ အဖြေက သူ မေးသောမေးခွန်းရဲ့ အဖြေ မဟုတ်ချေ။

သို့သော် ထိုအဖြေတစ်ခုကတင် အခြေအနေတစ်ခု ပြောင်းလဲဖို့အတွက် လုံလောက်ခဲ့သည်။ သူသည် အံကို တင်းတင်းကြိတ်မိရင်း ...

"ကွန်ဂရက်ကျူလေးရှင်းကွာ။ ဒါပဲ မဟုတ်လား"

"အေး ... မင်း အားတဲ့တစ်နေ့ တွေ့ရအောင်လေ။ ငါတို့ တစ်ဝိုင်းလောက် နွှဲကြရအောင်"

"အေးပါ ဘိုင့်ဘိုင်"

သူက ဖုန်းကိုပိတ်ချလိုက်ပြီးနောက် ကားရဲ့ ဦးတည်...မ်းကြောင်းကို ပြောင်းယူလိုက်သည်။ အင်းလျားဘက်သွား...လမ်း မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဆောရီး လိုက်ဒေး။ ချိန်းပြီးရောက်မလာတဲ့ကောင် တစ်ကောင်ကို ရန်စတာလား၊ သဘောထားပြီး ထပ်မုန်းချင်မုန်း လိုက်ပါ။ လောကမှာ အခြေအနေနဲ့ အချိန်အခါကို မသိတဲ့လူ ဟာ လူမိုက်တဲ့။ ကိုယ်လိုလူတစ်ယောက်အတွက် အခြေအနေဆို တာ ပေးမလာမှတော့ ဆုံစည်းဖို့ အချိန်အခါတွေလည်း နှောင်း ခဲ့ပါပြီ။

❤ ❋ ❤





အချစ်ဆိုသော ခံစားချက်တစ်ခုဟာ ကြည်နူးခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့်တော့ မကဘူးဟု လိုက်ဒေး ထင်သည်။ အချစ်ဆိုတာ နှလုံးသားကို နင့်နဲ့စေတဲ့ ရသကိုပေးသော အရာ တစ်ခုလည်း ဖြစ်သေးသည်။ အဲဒီနေ့က လိုက်ဒေးသည် သူ ချိန်း သော အင်လျားကန်ပေါင်ပေါ်ကို လေးနာရီမတ်တင်းတည်းက ရောက်ရှိနေခဲ့သော်လည်း သူဟာ ရောက်မလာခဲ့။ သူ့ကို လိုက်ဒေး လေးနာရီခွဲအထိ ထိုင်စောင့်ခဲ့ပါသည်။

သို့သော် အရိပ်အယောင်လေးသော်မျှ မမြင်ခဲ့ချေ။ နောက်တစ်ပတ် ကျောင်းတွေပြန်ဖွင့်ကာ စာမေးပွဲတွေ ဖြေကြ တော့လည်း သူ့ပုံစံဟာ သူ ဘာမှ အပြစ်မလုပ်ထားသည့်အတိုင်း ခပ်တည်တည်ပဲဖြစ်သည်။ ဘာကြောင့် ရောက်မလာတာပါဟူ သော အကြောင်းပြချက်လေးသော်မှ လာမပေး။ သူ့ကို လိုက်ဒေး ဘယ်လိုမှ နားမလည်နိုင်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ လိုက်ဒေးကို လုံးဝ မသိသူလို နေခဲ့တာ ဖြစ်၏။ ဒါပေမဲ့ ထူးဆန်းစွာ လိုက်ဒေး သူ့ကို စိတ်မဆိုးခဲ့ချေ။ စိတ်မဆိုးသည့်အပြင် သူနှင့် ပတ်သက်၍ နှလုံးသားမှာ နင့်နေအောင်ပဲ ခံစားခဲ့ရသည်။ သေချာပြီ သူလိုလူတစ်ယောက်ထံမှ လိုက်ဒေးအတွက် အချစ်ရှိမနေခဲ့။ ရှိမနေပေ။ ဒါကို တိကျစွာ သိခွင့်ရပြီးသွားလျှင် လိုက်ဒေးဟာ နောက်ကြောင်းရှင်းသွားပြီ ဖြစ်၍ သံယောဇဉ်ဖြတ်နိုင်ပါပြီ။ ရှေ့ဆက်တိုးဖို့အတွက် ဘာကိုမှ ဝန်မလေးတော့ချေ။

ဒီလိုနှင့် စာမေးပွဲတွေ ပြေပြီးသွားကာ လိုက်ဒေးတို့ ဈေးစပ်ဖို့ အကြောင်းဖန်လာသည်။ ဈေးစပ်ပွဲမတိုင်မီ တစ်ပတ်ခန့် အလိုတွင် ပပသည် လိုက်ဒေးထံသို့ ရေးကြီးသုတ်ပျာ ရောက်ချ၍ လာလေသည်။

"လိုက်ဒေး နင့်ကို ငါ အရမ်းအရေးကြီးတဲ့စကားတစ်ခွန်း ပြောစရာရှိတယ် သိလား"

"ဘာများလဲ ပပရယ်။ နင့်ပုံစံက ပြူးတူးပြဲတဲနဲ့"

"နင် စာမေးပွဲမဖြေခင် တစ်ပတ်က အင်းလျားကန်ပေါင်ပေါ်ကို ညနေလေးနာရီလောက် နိုင်းဒီပါနဲ့ တွေ့ဖို့ချိန်းထားခဲ့တယ် မဟုတ်လား"





ပပရဲ့ စကားကြောင့် လိုက်ဒေးက မျက်လုံးပြူး ဆွဲ့အ,သွားလေသည်။

ဒီကိစ္စတွေကို လိုက်ဒေးက သူငယ်ချင်းတွေကိုတောင် အသိပေးခဲ့တာ မဟုတ်ချေ။

"ကဲပါ ခုချိန်မှာတော့ ဘာမှ ငြင်းချက်ထုတ်ဖို့ စိတ်ကူးမနေနဲ့ မိန်းမ။ ညည်းက ကျုပ်တို့ကို လျှိုပေမယ့် ကျုပ်တို့က မနေနိုင်ပါဘူး။ အဲဒီနေ့က ဒီပါက နင့်ဆီကို လာခဲ့တယ်။ ဒါပေမဲ့ လမ်းမှာ ကားမောင်းနေတုန်း သူ့ဆီကို ဖုန်းဝင်လာတယ်"

"ဘာဖုန်းဝင်လာတာလဲ"

"ကျွတ် ... နင်ကလည်း ငါ ပြောတာဆုံးအောင်နားထောင်စမ်းပါ။ ဒီပါက နင့်ကို ချစ်တဲ့အကြောင်းပြောဖို့လာတာ၊ ဒါပေမဲ့ အဲဒီဖုန်းဝင်လာတော့ မပြောဖြစ်တော့ဘူး။ ဖုန်းက နင်နဲ့ လက်ထပ်မဲ့ ကျော်အောင်စည့်ဆီကဖုန်း"

ပပရဲ့ စကားတွေကြောင့် လိုက်ဒေးသည် မျက်လုံးပြူးရုံသာမက ခေါင်းတွေပင် ချာချာလည် မူးလာလေသည်။ ပါးစပ်မှ ဘာစကားမှ မထွက်နိုင်။ ထပ်မပေးနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်အောင်စည်နဲ့ နိုင်းဒီပါနဲ့က ညီအစ်ကို တစ်ဝမ်းကွဲ တော်တယ်တဲ့ဟ၊ အဲဒါ ... သူက နင့်ကို ဘယ်လိုလုပ် ပြောဖို့ ဖြစ်နိုင်တော့မှာလဲ ...

ဒါကြောင့် လမ်းတစ်ဝက်ကနေ ပြန်လှည့်သွားရတာ။ ငါ စဉ်းစားမိတာတစ်ခုက အောင်စည်ဟာ သူနဲ့ နိုင်းဒီပါ အမျိုးတော်တာကို နင့်ကို ဘာကြောင့် ဖွင့်မပြောဘဲ ထား ခဲ့တာလဲ မသိဘူးနော် ...

သူ့မှာ ဘာအကြံအစည်တွေများ ရှိနေလို့လဲမသိဘူး"

ပပစကားတွေကြောင့် လိုက်ဒေးသည် နှလုံးသား တစ်ခုလုံး ခြောင်းဆန်အောင် လှုပ်ရှားလို့လာလေသည်။ အောင်စည် ရိုးသားတာ မရိုးသားထက် ဒီပါက လိုက်ဒေးကို ချစ်နေတယ် ဟူသော အပြောကသာ ရင်ကို မွှေးနှောက်နိုင်စွမ်းရှိသွားသည်။ ထိုစကားကို သူ့ဆီက ဆတ်ဆတ်ကြားရတာ မဟုတ်ပါဘဲနှင့် တောင် ရင်ထဲမှာ ဖျိုးဖျိုးဖျက်ဖျက် လှုပ်ရှားလို့လာသည်။

"နင် ဘယ်လိုလုပ်မှာလဲ လိုက်ဒေး"

လိုက်ဒေးသည် မျက်ရည်ရစ်ဝဲသော မျက်ဝန်းအစုံ ဖြင့် ပပကို အားကိုးတကြီး ကြည့်ကာ ...





"ငါ ... ငါ ဘာလုပ်ရမှာလဲ ပပ၊ နောက်တစ်ပတ်နေရင် ငါ စေ့စပ်ရတော့မယ်၊ ဒီအချိန်မှာ သူ ချစ်တယ်ဆိုတာ သိတော့ရော ငါ ဘာဆက်လုပ်ရတော့မှာလဲ"

ပပသည်လည်း စိတ်ရှုပ်သွားသော သွင်ပြင်နှင့် ခေါင်းကုတ်ကာ ...

"ဒါတော့ ငါလည်း မပြောတတ်ဘူး။ နိုင်းဒီပါက နင့်ကို သိပ်ချစ်နေတယ်ဆိုတာတော့ သေချာတယ်။ ဘာလို့လဲ ဆို တော့ သူ အရမ်းကို ရုပ်ပျက်နေတာ၊ ဒီကြားထဲ သူ့အဖေ နဲ့လည်း အဆင်မပြေလို့ အခု ချိုသား အိမ်မှာ လိုက်နေနေ တယ် ...

တော်တော်ငေါင်နေလို့ ပေါက်ပေါက်တို့က ဖွတ်မေး မှ ဒီအကြောင်းတွေကို ပြောပြတာတဲ့၊ အဲဒါ ပေါက်ပေါက် က ခုနကတင်ပဲ ငါ့ကို ဖုန်းဆက်ပြီးပြောပြတာ"

လိုက်ဒေးသည် ထိုစကားတွေကို နားထောင်ရင်း ရင်ထဲမှာ နင့်သထက်နင့်၍လာသည်။ မျက်ဝန်းထဲတွင် တောထဲ ၌ လမ်းပျောက်စဉ်က မားမားမတ်မတ် ရပ်တည်ပေးခဲ့သော သူ့ပုံရိပ်တွေက ရုပ်ရှင်အနေးပြကွက်လို တစ်ကွက်ချင်း ပြန်ပေါ် ၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အကြီးမားဆုံးတစ်ခုက ဘယ်အချိန်က ရောက်နှင့်နေပြီမှန်း မသိသော လိုက်ဒေးရဲ့ ချစ်ခြင်းတစ်ခု။ ထိုချစ်ခြင်းသည် အရာရာကို ရင်ဆိုင်ဖို့ သတ္တိရှိသွားစေသလို သူ့ကိုယ့်ကို မချစ်လည်း ကိုယ်ချစ်တဲ့သူတစ်ယောက်ကို စွန့်ခွာကာ အခြားတစ်ယောက်ကို လက်ထပ်ဖို့အထိ လိုက်ဒေး မမိုက်မဲချင်တော့။

'လိုက်ဒေးသည် တိကျခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို နှလုံးသားနှင့်ချကာ ဖုန်းနံပါတ်တချို့ကို နှိပ်၍ခေါ်လိုက်သည်။ တစ်ဖက်မှ ထူးသံသည် ချိုလွင်စွာဖြင့် ထွက်ပေါ်လာလေသည်။

"ဟယ်လို ... လိုက်ဒေး ပြော"

"လိုက်ဒေး ပြောတာကို သေချာနားထောင်ပါ ကိုအောင်စည်။ လိုက်ဒေး ဒီစကားကို အလေးအနက်နဲ့ ပြောတာပါ ...

လိုက်ဒေး ဘဝမှာ တစ်ခါမှ မခံစားဖူးတဲ့အရာကို အခု ခံစားနေရပြီ။ အဲဒါကတော့ လိုက်ဒေး နိုင်းဒီပါကို သိပ်ချစ်တယ်ဆိုတာပါပဲ ...





လိုက်ဒေးတို့ဟာ တစ်ယောက်နဲ့တစ်ယောက် မတည့်ခဲ့ကြဘူး ဆိုပေမဲ့ သူ လိုက်ဒေးအပေါ်မှာထားခဲ့တဲ့ စေတနာတစ်ခုနဲ့တင် အဲဒီမကျေလည်မှုတွေကို ခဝါချဖို့ လုံလောက်သွားတယ် ...

စေ့စပ်ဖို့ကို လိုက်ဒေး လက်မခံပါရစေနဲ့တော့"

အောင်စည့်ထံမှ ဘာသံမှ မကြားရတော့ချေ။ လိုက်ဒေးသည် တစ်စုံတစ်ယောက်ကို ရင်ဖွင့်ခွင့်ရသွားသည့်အတွက် ကျေနပ်လို့သွားသည်။ ရင်ထဲကအချစ်ဆိုတာ ချစ်သူမဟုတ်သော အခြားတစ်ယောက်ကို ပြောပြခွင့်ရတာနဲ့တင် စိတ်ကျေနပ်စရာဖြစ်၏။

❤ ✻ ❤



www.burmeseclassic.com

www.burmeseclassic.com



ဒီပါသည် ဘောင်းဘီအိတ်ကပ်ထဲသို့ လက်နှစ်ဖက် လျှိုထည့်ရင်း လေကားထစ်များမှတစ်ဆင့် အင်းလျားကန်ပေါင် ပေါ်သို့ ခပ်ဖြည်းဖြည်း တက်လာခဲ့သည်။ ခြေခင်းလက်ခင်း သာယာလှသော ညနေခင်းဖြစ်၍ ချစ်သူစုံတွဲတွေ၊ သူငယ်ချင်း အုပ်စုလိုက်တွေ၊ စွန်လွှတ်သူတွေ အညောင်းပြေ အညာပြေ လမ်းလျှောက်သူတွေနှင့် အင်းလျားညနေဟာ ရောင်စုံသက်ဝင်လို့ နေသည်။

အားလုံးသော လူတွေတိုင်းကတော့ ပျော်နေကြသလို ပဲ။ ဇယာကြော်ရောင်းသော ကုလားကြီးကလည်း နေ့တွက်စည် သွား၍ နှုတ်ခမ်းမွှေးသပ်ကာ ပျော်နေပုံရသလို တွတ်ထိုးရယ်မော နေသော ကောင်လေးနဲ့ ကောင်မလေးကလည်း တစ်လောကလုံး တွင် သူတို့နှစ်ယောက်တည်းရှိသည့်ပုံ။





သူက လူရှင်းသော ခုံတန်းတစ်ခုမှာ ဝင်ထိုင်ရင်း တိမ်တွေ ရောင်စုံဖြစ်နေတာကို ငေးမောမိသည်။ ဒီကြားထဲမှာ သူ့ကို ဩဇာသီးဟစ်ဟော့အဖွဲ့ကမှန်း သိ၍ ကောင်မလေးတစ်စု က ငြိမ်ငြိမ်မနေကြဘဲ သူ့ပုံကို အကဲတခတ်ခတ်ဖြင့် ...

"ကိုဒီပါ ကြည့်ရတာ အသည်းကွဲနေတဲ့ပုံ။ အသည်းကွဲ နေတာလားဟင်"

သူက မသက်မသာဖြင့် ရယ်မောလိုက်လျှင် ကောင် မလေးတွေက တစ်ဆင့်တက်လာကာ ...

"ဟုတ်တယ် ထင်တယ်။ ရည်းစားနဲ့ ပြတ်လာတာလား ဟုတ်လား"

သူက ဒီလောက်ဖြစ်လှသော ကောင်မလေးတွေကို စိတ်ပေါက်ပေါက်ဖြင့် ...

"ဟုတ်တယ်၊ ကျွန်တော့်ရည်းစား ဒီနေ့ စေ့စပ်သွားတယ်၊ အဲဒါကြောင့်"

"ဟယ် ... ဟုတ်လား တကယ်လားဟင်၊ စိတ်မကောင်း လိုက်တာ၊ မေးမိတာ ဆောရီးနော်၊ ဘယ်တုန်းက ဖြစ်တာ လဲ၊ မြင်တောင်မမြင်ဖူးဘူး၊ ရှိုးပွဲတွေကို ခေါ်မလာဘူးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်မလာဖြစ်ပါဘူး၊ ပလိစ် ကျွန်တော် တစ်ယောက်တည်း နေပါရစေ"

ကောင်မလေးတွေ ထွက်သွားမှပင် သူ့မှာ စိတ်ဖြောင့်လက်ဖြောင့် ဆက်ဆွေးခွင့်ရှိသည်။ ဒါလည်း သိပ်မကြာပါချေ။

သူ့မျက်နှာရှေ့သို့ အော်တိုစာအုပ်တစ်အုပ်က ဝှေ့ခနဲ ရောက်လာပြီးလျှင် ...

"ကိုဒီပါ သမီးကိုလည်း အော်တိုရေးပေးပါဦးနော်"

သူသည် ခပ်ချွဲချွဲကြီးပြောလာသောအသံရှင်ကို စိတ်ပျက်လက်ပျက်နှင့် လှည့်ကြည့်လိုက်လျှင် အသံကြီးနှင့် မလိုက်ဖက်လှသော ဖူးဖူးစင်စင် လှပသူလေးကို အံ့အားသင့်စရာ တွေ့လိုက်ရသည်။

"လိုက်ဒေး ..."

သူမက တစ်ခါမှ မပြုံးဖူးသော အပြုံးမျိုးဖြင့် ပြောင်ချော်ချော်ပြန်ပြကာ ...

"သမီးကိုလည်း အော်ရှည်ရေးပေးဦးလေ ကိုဒီပါရဲ့"





"လိုက်ဒေး ... ဟို ... နင် ... ဈေးစပ်ပွဲ၊ ဈေးစပ်ပွဲ မသွားဘူးလား"

"ဘာဈေးစပ်ပွဲလဲ ဒီပါရဲ့။ လိုက်ဒေး ဒီမှာ အကြင်နာလာလွှင့်တာ"

"ဘာ ... ဘာရယ် ..."

လိုက်ဒေးရဲ့ လက်ထဲတွင် ရစ်ဘီးသာပါလျက် ဗွန်က မပါချေ။ ပြီးတော့ စာရေးဆရာမက အထူးအဆန်းစကားကို ဆိုသေးသည်။ အထူးအဆန်း အပြုအမူကို လုပ်သည်။ သူသိထားရသလောက် ဒီနေ့ ဒီအချိန်မှာ အောင်စည်နဲ့ လိုက်ဒေးဟာ ယုဇနဂါးဒင်းဟိုတယ်၌ ဈေးစပ်ကြမည်ဖြစ်သည်။

"မဟုတ်ဘူးလေ ဒီနေ့ နင်နဲ့ အောင်စည်နဲ့ ဈေးစပ်ကြမယ် မဟုတ်လား"

လိုက်ဒေးသည် နှာခေါင်းကိုရှုံ့ကာ သူ့ကို ညစ်ကျယ်ကျယ်ပြုံးပြလျက် သူ့နဖူးကို လက်ညှိုးနှင့်တွန်းလွှတ်ကာ ...

"ဈေးစပ်ရင် ငါ ဒီနေရာမှာ ရောက်နေပါ့မလား ငတုံးလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဒေးရဲ့ စကားကြောင့် သူ့ခေါင်းထဲတွင် လင်းခနဲဖြစ်သွားကာ နှလုံးသားတစ်ခုလုံး ဖျိုးဖျိုးဖျက်ဖျက် ခုန်လာသည်။

"ဒါ ... ဒါဆိုရင် ..."

"အကြင်နာတွေ လာလွင့်တာပါလို့။ ဒီကောင်းကင်ကြီးထဲမှာ အကြင်နာတွေ လာလွင့်တင်တာ။ အဲဒါကို ဘယ်သူက ဘယ်လိုနှလုံးသားနဲ့ ဖမ်းနိုင်မလဲဆိုတာ သိပ်အရေးကြီးတယ်"

အိုခေ ... ဒီလောက်ဆို သူ သဘောပေါက်ပြီ။ သူလည်း ဟာစ်ဟော့သီချင်းတွေ ဆိုနေ ရေးနေတဲ့လူတစ်ယောက်ပဲ။ ပြီးတော့ ရင်ခုန်သံမျက်ဝန်းတွေကို ဘာသာပြန်ဖို့ဆိုတာ မခဲယဉ်းတော့။

"အဲဒီ နင် လွင့်ထားတဲ့ အကြင်နာတွေကို ငါ ဖမ်းနိုင်တယ်ဆိုရင်ရော ဟင် လိုက်ဒေး"

သူမက တစ်မျိုးလေး ပြုံးလို့နေကာ အသာငြိမ်သက်နေ၍နေသည်။ အဲဒီအချိန်မှာ အင်းလျားလေညင်းတွေက ပို၍အေးမြလာကာ ကမ္ဘာလောကတစ်ခုလုံး အချစ်ရနံ့တွေ သင်းထုံနေသည်ဟု ထင်ရလေသည်။





သူသည် အရိုးသားဆုံး ရည်းစားစကားတစ်ခွန်းကို သူမအား ပြောမိခဲ့ပါသည်။

"နင့်ကို ငါ ချစ်တယ် လိုက်ဒေး"

"တကယ်တော့ ချစ်သူတွေဆီမှာ ဘယ်သူမှ မသိနိုင်တဲ့ လျှို့ဝှက်မှုတွေ ရှိတယ် ဒီပါ။ အဲဒါကို ချစ်သူချင်းပဲ နားလည်နိုင်တယ် ...

ပြီးတော့ ကိုယ့်ချစ်သူဟာ ကိုယ့်အတွက်တော့ ကမ္ဘာပေါ်မှာ အထူးခြားဆုံး လူတစ်ယောက် ဖြစ်နေတတ်တယ် ...

အဲဒီထူးခြားချက်ကိုလည်း ကိုယ်ကလွဲပြီး တခြားဘယ်သူမှ မသိနိုင်ဘူး"

"ကိုယ်ကတော့ မင်းရဲ့ ထူးခြားချက်ကို သိပါတယ် လိုက်ဒေးရယ်"

သူက အဲဒီလို ပြောလိုက်လျှင် လိုက်ဒေးက အဲဒါဘာလဲဟု ပြန်မမေးတော့။ တကယ်တော့ အချစ်ကို ခေတ်ဆန်ဆန်ဥပမာပေးရလျှင် ဂြိုလ်တုစလောင်းနှင့် တူလေသည်။ ကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



မှ လွှင့်နေသော ရုပ်သံလိုင်းများကို မြေပြင်က ရီဆီဗာနှင့် ဖမ်းယူမှရသကဲ့သို့ ချစ်သူရဲ့ အကြင်နာများကိုလည်း ရင်ဘတ်ထဲက နှလုံးသားအစစ်ဖြင့် ဖမ်းယူမှ ရလိမ့်မည်ဖြစ်လေသည်။

စာဖတ်ပရိသတ်များအတွက်


ထာဝရ

ဆုမြတ်မွန်မွန်

April 13th 2007

4;00 (P.M)

(မဟာသင်္ကြန်အကြိုနေ့)



BURMESE CLASSIC .com

www.burmeseclassic.com